SILVER STAR
FASHION SHOP

The VOICE Weekly




Vol.12 / No.47

Monday, December 19 - 25, 2016

http://www.thevoicemyanmar.com

# နွံနစ်ဆဲ မြန်မာ့ကုန်သွယ်ရေး




## ငြိမ်းချမ်းရေးအတွက် စတေးသူများ

တိုက်ပွဲများသည် စောဘွယ်ဖောအတွက် အိပ်မက်ဆိုးများကို သယ်ဆောင်လာသယောင်ပင်။ သေနတ်သံများကိုကြောက်သော်လည်း KNU လာလျှင် ရွာသားများက လက်ဆောင်များလာ ပေးတတ်သည်။ ချက်ကျွေးကြသည်လည်း ရှိသည်။ သို့သော် စောဘွယ်ဖောအပါအဝင် ရိုးသားသည့် ဒေသခံများက တိုက်ပွဲများကို စိုးရွံ့လှသည်။

စာ 10

## နှစ်ရာစားများ

ကိန်းဂဏန်းများ၏ အပေါင်း အနုတ်ကို တစ်စက္ကန့်ပင်မကြာဘဲ တွက်ချက်နိုင်သည့် အပေါ်တွင် ရည်ညွှန်းပြောဆိုနေခြင်းဖြစ်သည်။ သို့သော် ကြာကြာဂုဏ်မယူနိုင်အား။ စကားစ ဖြတ်ရင်း မှတ်တိုင်သို့ရောက်လာသည့် ဘတ်စ်ကားများဆီသို့ ခပ်သွက်သွက်ပြေးသွားရသည်။

စာ 12

## အွန်လိုင်းဈေးပေါ်မှ အိမ်မွေးတိရစ္ဆာန်များ

စာ 14

## အဖြေရှာဆဲ မီးလင်းရေးမူဝါဒ

စာ 34

## သမိုင်းတစ်ကျော့ ပြန်ခြင်းလော အောက်တိုဘာရာပြည့်

စာ 17



# Contents


EDITORIAL
20 ပို့ကုန်မြှင့်တင်ရေး ဖြစ်နိုင်ချေရှိသည်

MANDALAY
25 မြင့်သထက်မြင့်ဆဲ မန္တလေး အိမ်၊ ခြံ၊ မြေ

SOCIETY
16 ၅၂၈ ဖြင့် ခုခံခဲ့သည်





13 NEWS ANALYSIS
အစပ်နှင့် ဆီချစ်သူတို့အတွက် လက်ဆောင်





PERSPECTIVE
35 ကဏန်းနှင့် မိအေး

MANDALAY
24 တောင်လေးလုံးက ခြေရာများ

FOREIGN AFFAIRS
38 အရှေ့တောင်အာရှ မီးခိုးရောင်ဇုန်က ISIS


www.thevoicemyanmar.com

Like us on


The VOICE Weekly

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Chief Editor**
Kyaw Min Swe

**Deputy Chief Editor**
Zeya Thu

**Editor in-Charge**
Thu Rein Hlaing@Khunn Thu

**Managing Editor**
Kyaw Naing

**Contributor**
Nathan Maung

**Senior Executive Editors**
Khine Cho Zaw Win Tin, Zin Zin Thaw, Mya Hnin Aye

**Proof Editor**
U Nine Bu

**Photo Editor**
Moe Kyaw Lwin

**Foreign Affairs**
Aung Nyein Chan

**Editors**
Moe Khine, Zin Marlar Htay@Green, Aung Myint Htun, Naw Ko Ko, Ye Naing Oo

**Contributing Writer**
Khet Zaw, Yin Yin Hnoung

**Senior Reporters**
Sid Nyein Thu

**Graphic Editors**
Hein Tint, Ei Mon Kyaw

**Reporters**
Aung Myo Htet, Ohmar Lwin, Naing Lin Aung, Ya Lay, Khine Khine, Myat Noe Khin

**Editorial Assistant**
Swe Nyein Aye, Chan Nyein Phyu, Su Eindray Oo

**Photographer**
Tun Tun Myint

**Mandalay**
Myat (Kalay)





# နှံ့နှစ်ဆဲ မြန်မာ့ကုန်သွယ်ရေး

နိုင်လင်းအောင်

၂၀၁၆-၁၇ ဘဏ္ဍာနှစ် သုံးပုံ နှစ်ပုံခန့် ကုန်လွန်ခဲ့ပြီဖြစ်သည်။ ကုန်လွန်ခဲ့သော အချိန်များအတွင်း မြန်မာ့ပို့ကုန်မြှင့်တင်ရေးမျှော်လင့်ချက်များ အမြင့်မားဆုံး ရှိခဲ့သည့်တိုင် စိတ်သွားတိုင်းကိုယ်မပါနိုင်ခဲ့ပေ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကြွေးကြော်ထားသည့် ပို့ကုန်သုံးဆတိုးမြှင့်ရေးမှန်းဆချက် သည် လက်တွေ့နှင့် ဖီလာဆန့်ကျင်လျက်ရှိသည်။

၂နှစ်ဆက်တိုက် သဘာဝဘေးဒဏ်သင့်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ထုတ်လုပ်တင်ပို့မှု ယနေ့တိုင်နာလန်မထူနိုင်သေးသကဲ့သို့ပစ္စက္ခကုန်သွယ်ရေး အခြေအနေများကြောင့်လည်း မြန်မာ့ပို့ကုန်မြှင့်တင်ရေး မျှော်မှန်းချက်မှာဝေဝါးနေဆဲဖြစ်သည်။

ပစ္စက္ခကုန်သွယ်ရေးအခြေအနေဟုဆိုရာတွင် မတည်ငြိမ်သေးသော နယ်စပ်ကုန်သွယ်ရေး၊ ကျဆင်းနေသည့်ပြည်တွင်းကုန်ထုတ်လုပ်မှု၊ မြန်မာငွေဈေး တလိမ့်ခေါက်ကွေးကျဆင်းမှုနှင့် ကုန်စည်စီးဆင်းမှုအပေါ် ဖိအားသက်ရောက်စေသည့် မူဝါဒများ စသည့်ကိစ္စရပ်များပါဝင်သည်။

နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးခြင်းသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းများထိခိုက်စေပြီး ပို့ကုန်တိုးမြှင့်ရေး ရည်မှန်းချက်ပျက်ပြားစေခဲ့သည်။

နိုဝင်ဘာလ တတိယအပတ်ကဖြစ်ပွားခဲ့သော မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တိုက်ခိုက်ခံရမှုကြောင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးရပ်ဆိုင်းခဲ့မှု အပါအဝင် တမူး၊ မောင်တောအစရှိသည့် ကုန်သွယ်ရေးစခန်းများ ကုန်သွယ်မှုတုံ့ဆိုင်းနေခြင်းသည် နယ်စပ်ပို့ကုန်မြှင့်တင်ရေး အဟန့်အတားဖြစ်စေခဲ့သည်။

"နယ်မြေ မတည်ငြိမ်မှုကြောင့် ကုန်စည်စီးဆင်းမှုရပ်တယ်။ ဒီဘက်မှာကုန်ဈေးနှုန်း၊ ကားခ၊ ကုန်စည်စရိတ်တွေဈေးတက်တယ်။ ကုန်သွယ်မှုလည်း ထိခိုက်ခဲ့တယ်။ အခုတော့ မူဆယ်မှာကုန်သွယ်ရေးတွေပြန်စနေပါပြီ" ဟု မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း အထွေထွေအတွင်းရေးမှူး ဦးထွန်းဦးက ဆိုသည်။

မူဆယ် (၁၀၅ မိုင်) နယ်စပ်ကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏအများဆုံးစခန်း ဖြစ်ပြီး တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ကိုးသန်း



ဓာတ်ပုံ-မြတ်(ကလေး)



ဓာတ်ပုံ-မိုးကျော်လွင်

မှ ၁၀ သန်းကြား ကူးသန်းရောင်းဝယ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဓိကကျဆုံး နယ်စပ်ထွက်ပေါက်တစ်ခုဖြစ်ပြီး ဆန်၊ သစ်သီးဝလံနှင့် ရေထွက်ကုန်များ အဓိကတင်ပို့ရာ ဈေးကွက်ကြီးတစ်ခုလည်းဖြစ်သည်။

နိုဝင်ဘာလ တတိယပတ်က ကချင်လွတ်လပ်ရေးတပ် (KIA)၊ တအာင်းပလောင်လွတ်မြောက်ရေးတပ် (TNLA) နှင့် ကိုးကန့်တပ်ဖွဲ့(MNDAA) လက်နက်ကိုင်အဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ရသည်။ အစိုးရကကောက်ခံရရှိမည့် ကုန်သွယ်ရေးအခွန်အခများလည်း ဆုံးရှုံးခဲ့သည်။ လက်ရှိတွင် ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နေပြီဖြစ်သော်လည်း ပုံမှန်အခြေအနေရောက်ရန် အချိန်ယူရဦးမည်ဖြစ်သည်။

အလားတူ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာလည်း နယ်မြေမငြိမ်းချမ်းမှုကြောင့် ကုန်သွယ်မှုများ ရပ်ဆိုင်းနေသည်။ ယင်းအတွက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသိန်းချီနစ်နာလျက်ရှိသည်ဟု မောင်တော ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောဆိုသည်။

အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေး တမူးစခန်းတွင်လည်း အိန္ဒိယငွေကြေးရူးပီးငါးရာတန်နှင့် တစ်ထောင်တန်များ ဖျက်သိမ်းခြင်းကြောင့် နယ်စပ်ကုန်သွယ်မှု ကမောက်ကမဖြစ်စေခဲ့ပြီး အဆိုပါငွေကြေးပိုင်ဆိုင်ထားသော ကုန်သည်များအထိနာခဲ့သည်။ ယင်းဂယက်ကြောင့် တမူးနယ်စပ် ကုန်စည်စီးဆင်းမှုနှေးကွေးခဲ့သည်။

မြန်မာနိုင်ငံ၌ နယ်စပ်ကုန်သွယ်ရေးစခန်း ၁၅ ခုရှိသည့်အနက် အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်တို့နှင့် ကုန်သွယ်နေသော စခန်းသုံးခုမှာ ကုန်စည်စီးဆင်းမှု နှေးကွေးသွားသည်။ နယ်စပ်ကုန်သွယ်မှုသည် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် ကုန်စည်စီးဆင်းမှုတုံ့ဆိုင်းပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်ကြောင်း ကုန်သည်အသိုင်းအဝိုင်းကဆိုသည်။

ယင်းနယ်စပ်စခန်း သုံးခု၏ တန်ဖိုးမှာ နယ်စပ်စခန်းအားလုံး စုစုပေါင်း ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းကျော်ရှိသည်။ ရေကြောင်းနှင့် နယ်စပ်စုစုပေါင်း ကုန်သွယ်မှု တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ရှိသည်။

"နယ်စပ်မှာ နယ်မြေမတည်ငြိမ်မှုတွေရှိရင် ကုန်သွယ်ရေးသာ မကဘူး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကိုပါ ထိခိုက်နိုင်တယ်" ဟု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

နယ်စပ်ဒေသကုန်သွယ်မှု မြှင့်တင်ရေးအတွက် ငြိမ်းချမ်းရေးတည်ဆောက်ရန်လိုကြောင်း သူကဆိုသည်။

ယခင်ဘဏ္ဍာနှစ်နှင့် လက်ရှိဘဏ္ဍာနှစ် ကာလတူ ကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်



ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို ကြည့်လျှင် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ ကျဆင်းလျက်ရှိသည်။ ပင်လယ်ရေကြောင်းမှ အဓိကတင်သွင်းသော ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းများတင်သွင်းမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံအထိကျဆင်းသွားသည်။ သို့သော် ပို့ကုန်မကျပေ။

ရင်းနှီးမြှုပ်နှံမှုကုန်ကြမ်းများတွင် စက်နှင့် စက်ပစ္စည်း၊ သံနှင့်သံထွက်ပစ္စည်းများတင်သွင်းမှု အမေရိကန်ဒေါ်လာ ဘီလီယံချီကျဆင်းခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကျဆင်းခြင်းသည် ရန်ကုန်မြို့၏ အထပ်မြင့်တိုက်ဆောက်လုပ်ရေး လုပ်ငန်းများ ရပ်ဆိုင်းခဲ့မှုအပါအဝင် ရန်ကုန်လိုင်စင်မော်တော်ယာဉ်တင်သွင်း ကန့်သတ်ချက်များနှင့် ဆက်စပ်နေသည်။

"ဆောက်လုပ်ရေးတွေ ရပ်ဆိုင်းသွားတာရှိတယ်။ ကားဆိုလည်း ရန်ကုန်ပါကင်မပေးဘူး။ လောလောဆယ် စီးပွားရေးကျနေတယ်။ အကြမ်းဖျင်းပြောရရင် အကောင်းဘက်က ဘာမှမတွေ့ရသေးဘူး" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ဆိုသည်။

ကူးသန်းရောင်းဝယ်မှုနှင့် ချိတ်ဆက်နေသည့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းသွားသဖြင့် ကုန်သွယ်ရေးမှာ အကျဘက်ဦးတည်သွားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၈၀ ရာခိုင်နှုန်း၊ နယ်စပ်မှ ၂၀ ရာခိုင်နှုန်း ကူးသန်းရောင်းဝယ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အာဏာရလာပြီး ပထမဆုံး ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ ၃၀ ဘီလီယံကုန်သွယ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထားသည်။

ယမန်နှစ် ဘဏ္ဍာရေးနှစ် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံ ရှိခဲ့သည်။

သို့သော် လက်ရှိကုန်သွယ်မှုပမာဏမှာ ပြီးခဲ့သည့်နှစ်ဖြင့် ယှဉ်လျှင်ပင် ကျဆင်းခဲ့သည်။ အထူးသဖြင့် သွင်းကုန် ပမာဏ အဓိကကျဆင်းသွားခြင်းဖြစ်ပြီး ပို့ကုန်မှာ တိုးတက်မှုရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အမြဲတမ်း အတွင်းဝန် ဦးခင်မောင်လွင်က ဆိုသည်။

စာရင်းဇယားများအရ ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလပထမပတ်အထိ စုစုပေါင်းကုန်သွယ်မှု ပမာဏ ၁၇ ဘီလီယံ ကုန်သွယ်ထားပြီဖြစ်သည်။ ပို့ကုန်တန်ဖိုး ၇ ဒသမ ၃ ဘီလီယံရှိပြီး သွင်းကုန် ၁၀ ဘီလီယံဖြစ်သည်။ အဆိုပါ ပမာဏသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ တစ်ဘီလီယံခန့်ကျဆင်းသွားသည်။

ပို့ကုန်ပမာဏ တိုးလာသည်ဆိုသော်လည်း အမေရိကန်ဒေါ်လာ သန်းနှစ်ရာခန့်သာတိုးတက်မှုရှိသည်။ ထိုပမာဏသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှန်းဆထားသော ပို့ကုန်ပမာဏနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေဆဲဖြစ်သည်။

"(ဒီနှစ်အတွက်) မျှော်မှန်းထားတဲ့ ကုန်သွယ်မှုပမာဏ ၃၀ ဘီလီယံရောက်အောင်ဆောင်ရွက်နေပါတယ်။ ပို့ကုန်တိုးတက်ဖို့အတွက် ပြည်တွင်းထုတ်ကုန်တွေအပြင် (ပြည်ပမှ တစ်ဆင့်တင်သွင်း၊ တင်ပို့ကုန်စည်)Re-export ကိုလည်း တိုးမြှင့်နိုင်အောင်ဆောင်ရွက်နေတာရှိတယ်" ဟု ဦးခင်မောင်လွင်က ဆိုသည်။

Re-export ကုန်စည်များအနေဖြင့် သကြား၊ စက်သုံးဆီများကို ခွင့်ပြုပေးထားပြီး တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်းနှင့် ချီတင်ပို့နေခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ Re-export သည်ပို့ကုန်တိုးမြှင့်ရေးအတွက် အထောက်အကူပြုကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

သကြားကို အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ တစ်ဆင့်တင်သွင်း၍ တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်းမှ တစ်ဆင့်ပြန်လည်ရောင်းချသည်။ ပြီးခဲ့သည့်နှစ်က ဆန်ကုန်သည်များပင် သကြား Re-export လုပ်ငန်းပြောင်းလုပ်ကိုင်ခဲ့သည်။ လက်ရှိဘဏ္ဍာနှစ် ၂၀၁၆ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့သကြားတန်ချိန် ၁ ဒသမ ၉ သန်းကျော်တင်ပို့ခဲ့ကြောင်း သကြားကုန်သည်များက ဆိုသည်။

Re-export သည် တစ်ဆင့်တင်သွင်းသည့် ကုန်စည်ဖြစ်ခြင်းကြောင့် အခွန်အခရသည့်အပြင် ကုန်စည်ပို့ဆောင်ရေး၏လုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုမိုဖန်တီးပေးနိုင်သည်။

ထို့အပြင် ပို့ကုန်မြှင့်တင်နိုင်ရန် စျေးကွက်သစ်များရှာဖွေလျက်ရှိပြီး လက်ရှိတရုတ်နိုင်ငံသို့ အဓိကထားနေရသည့် ဆန်တင်ပို့မှုကိုလည်း ပင်လယ်ရေကြောင်းမှတင်ပို့နိုင်သည့်စျေးကွက်သစ်များရရှိရန် ချိတ်ဆက်နေပြီ ဖြစ်ကြောင်း ၎င်းကဆိုသည်။ ယခုဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် အာဖရိကစျေးကွက်သို့ ဆန်တန်ချိန်သုံးသိန်းတင်ပို့ရန် စီစဉ်ထားပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

ဆန်စပါးလုပ်ငန်းသည် မြန်မာလူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သော လယ်သမားများ၏ အဓိကထုတ်ကုန်တစ်ခုဖြစ်ပြီး ပြည်ပစျေးကွက်ကမကောက်ကမဖြစ်ပါက စပါးစျေးနှုန်းများကျဆင်း၍ ၎င်းတို့၏ ဝင်ငွေများထိခိုက်နိုင်သည်။

ယခုနှစ် မိုးစပါးပေါ်ချိန်တွင် တရုတ်သို့ဆန်တင်ပို့မှုကျဆင်းခဲ့သဖြင့် ပြည်တွင်းစပါးစျေးများကျဆင်းခဲ့ရာ စပါးတင်းတစ်ရာလျှင် ကျပ်သုံးသိန်းခွဲအထိပြုတ်ကျသွားခဲ့သည်။ မြန်မာဆန်တင်ပို့မှုသည် တစ်နှစ်လျှင် အကြမ်းဖျင်းအားဖြင့် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကျော်တင်ပို့လျက်ရှိပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကမူ ဆန်တန်ချိန်နှစ်သန်းကျော်အထိ တင်ပို့နိုင်ရန် ရည်မှန်းလျက်ရှိသည်။

သို့သော် သဘာဝဘေးဒဏ်ကြောင့် ဆန်တင်ပို့မှု ၁ ဒသမ ၅ သန်းထက်မပိုခဲ့ပေ။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သော်လည်း ပြည်ပပို့ကုန်အုပ်စုတွင် သဘာဝဓာတ်ငွေ့နှင့် သတ္တုသယံဇာတတင်ပို့မှုများအပေါ်တွင် အဓိကမှီခိုနေရဆဲဖြစ်သည်။ ပြီးခဲ့သည့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက် လယ်ယာထွက်ကုန်နှင့် စက်မှုထုတ်ကုန် ပြည်ပတင်ပို့မှုမြှင့်တင်နိုင်ရန် အားထုတ်ခဲ့သော်လည်း ထူးခြားသည့် တိုးတက်မှုမရှိသေးပေ။

အမျိုးသားပို့ကုန် မဟာဗျူဟာစီမံကိန်းဟုခေါ်သည့် နိုင်ငံအဆင့်မူဝါဒတစ်ခုရေးဆွဲ၍ ပို့ကုန်မြှင့်တင်ရန်ဆောင်ရွက်ခဲ့သော်လည်း တိုးတက်မှုနည်းပါးသည်။

အဆိုပါစီမံကိန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO)၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စီမံကိန်းသည် မြန်မာနိုင်ငံ၏ အလားအလာကောင်းသော ပို့ကုန်များရွေးချယ်၍ ပို့ကုန်တိုးမြှင့်တင်ပို့ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် အဆိုပါစီမံကိန်းမှာ သက်ဝင်လှုပ်ရှားမှုမရှိသည့်အပြင် အခြားပို့ကုန်မြှင့်တင်ရေးမူဝါဒများလည်း ထွက်ပေါ်လာခြင်းမရှိသေးကြောင်း ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင် ဦးထွန်းအေးကဆိုသည်။

"လုပ်ငန်းရှင်တွေ ဘာလုပ်နေလဲဆိုတာ နိုင်ငံတော်ကမသိဘူး။ နိုင်ငံတော် ဘာလုပ်နေလဲဆိုတာလည်း လုပ်ငန်းရှင်တွေက မသိဘူး။ ဒီကြားထဲမှာ ထိတွေ့မှုအားနည်းနေတဲ့ အပိုင်းလေးရှိတယ်။ အစိုးရသစ်က (ပို့ကုန်မြှင့်တင်ရန်) လေ့လာဖို့အချိန်ယူနေရတယ်ပြောတယ်။ လေ့လာနေတယ်ဆိုပေမယ့် တစ်နှစ်ဆိုတဲ့ အချိန်ကလည်း မနည်းတော့ဘူး" ဟု ၎င်းကဆိုသည်။

ရေထွက်ပစ္စည်းတင်ပို့မှုသည် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ သန်း ၅၀၀ မှ သန်း ၆၀၀ ဝန်းကျင် တင်ပို့နိုင်ပြီး လက်ရှိအခြေအနေတိုင်းရှေ့ဆက်ပါက ရေထွက်


ဓာတ်ပုံ-မိုးကျော်လွင်



ဓာတ်ပုံ-မိုးကျော်လွင်

ကုန်တင်ပို့မှု တိုးတက်မည့်အလားအလာမရှိကြောင်း သူကဆိုသည်။ မြန်မာရေထွက်ကုန်မှာ လွန်ခဲ့သည့် ငါးနှစ်ကတည်းက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ မှ ၆၀၀ ကျော်ထက်မပိုခဲ့ပေ။

အမျိုးသားပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ရေထွက်ကုန်သည် အလားအလာကောင်းမွန်သော ကုန်စည်အဖြစ်သတ်မှတ်ထားသည်။ ရေထွက်ပစ္စည်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ နိုင်ငံသားလုပ်ငန်းရှင် ဒုတိယအများဆုံးပါဝင်ပတ်သက်နေသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ ရေထွက်ကုန်ပစ္စည်းတစ်ခုဖြစ်သည့် ငါးလုပ်ငန်းကဏ္ဍ၌ လူဦးရေ ၃ ဒသမ ၅ သန်းကျော် ပါဝင်ပတ်သက်နေသည်။ မြန်မာ့ရေမြေရာသီဥတုအရ ရေလုပ်ငန်းကဏ္ဍ တိုးချဲ့ထုတ်လုပ်နိုင်ခြေမှာလည်း ကောင်းမွန်နေဆဲဖြစ်သည်။

လက်ရှိတွင် ဥရောပသမဂ္ဂ(အီးယူ) ဈေးကွက်သို့ပိုမိုပွင့်လင်းလာသည့်အတွက် ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်ပါက ဈေးကွက်အလားအလာကောင်းများရှိနေသည်။ သို့သော် ငါးထုတ်လုပ်မှုမှာ မတိုးတက်ပေ။

“Export တိုးတက်ဖို့ဆို အစီအမံတွေလုပ်ရမယ်။ အစီအစဉ်တွေဆွဲရမယ်။ ပေါ်လစီတွေချရမယ်။ ဒါတွေက အစိုးရနဲ့ဆိုင်တယ်” ဟု ဦးထွန်းအေးက ဆက်ပြောသည်။

ဒေသတွင်းရှိဗီယက်နမ်နိုင်ငံသည် တစ်နှစ်လျှင်ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာသန်း ၇၀၀၀ ခန့် တင်ပို့နေပြီး တစ်နှစ်ထက်တစ်နှစ် သန်းတစ်ထောင်ကျော် ပိုမိုတိုးမြှင့်နိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ထိုသို့တင်ပို့နိုင်ရန် ဗီယက်နမ်အစိုးရက ပံ့ပိုးသည်။ အလားတူပို့ကုန်များ တိုးတက်ရန် မြန်မာအစိုးရ၏ ပံ့ပိုးမှုများကို သူက မျှော်လင့်သည်။

အစိုးရအနေနှင့် ပို့ကုန်မြှင့်တင်ရန်၊ ပို့ကုန်လုပ်ငန်းရှင်များကို ပံ့ပိုးရန် အာရုံစိုက်နေပြီး ကူးသန်းရောင်းဝယ်ရေး ကဏ္ဍအတားအဆီးများကိုလျှော့ချသွားမည်ဖြစ်ကြောင်း ဦးခင်မောင်လွင်ကပြောသည်။ ဥပမာ-စီးပွား/ကူးသန်း၌ ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားရမည့် ကုန်စည်များကိုလည်း လိုင်စင်ကင်းလွတ်ခွင့်ဖြင့် ကူးသန်းရောင်းဝယ်နိုင်ရန် စီစဉ်နေကြောင်း သူကဆိုသည်။

နိုင်ငံတကာဈေးကွက်သစ်များ ပိုမိုချဲ့ထွင်ထားပြီး အမေရိကန်ပြည်ထောင်စုကပေးအပ်သည့်ကုန်သွယ်ခွင့်ဆိုင်ရာ အထူးအခွင့်အရေး (Generalized System of Preference-GSP) ရရှိထားပြီဖြစ်သည်၊ ဥရောပသမဂ္ဂ(အီးယူ) ဈေးကွက်များသို့ပါ ပို့ကုန်များတိုးချဲ့တင်ပို့နိုင်ပြီဖြစ်သည်။


ဓာတ်ပုံ-မိုးကျော်လွင်

သို့သော် ပို့ကုန်တိုးတက်ရန်အတွက် အဘက်ဘက်မှလိုအပ်ချက်များရှိနေပြီး ပြည်တွင်းထောက်ပံ့ပို့ဆောင်ရေး၊ လျှပ်စစ်မီးကဲ့သို့သော အခြေခံအဆောက်အဦနှင့် ကုန်ကြမ်းတိုးမြှင့်ထုတ်လုပ်မှုပါတိုးတက်လာရန်လိုသည်ဟု သူကဆိုသည်။

ယခင်အစိုးရလက်ထက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်ခဲ့သူ ဒေါက်တာမောင်အောင်ကမူ လက်ရှိပို့ကုန်များ မျှော်မှန်းသလောက်မတင်ပို့နိုင်ခြင်းမှာ ယာယီသာဖြစ်သည်ဟုဆိုသည်။ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တို့တွင် ရေကြီးရေလျှံမှု သဘာဝဘေးကြောင့် ပို့ကုန်ကဏ္ဍကျဆင်းနေခြင်းဖြစ်သည်ဟု သူကဆိုသည်။ အနာဂတ်တွင် ပို့ကုန်ပမာဏတိုးတက်နိုင်ကြောင်း ပြောသည်။

“တရုတ်-မြန်မာ ကုန်သွယ်ရေးမှာ ဟိုဘက်က အဖမ်းအဆီးရှိခဲ့တာလည်း ပါတယ်။ နယ်စပ်မတည်ငြိမ်တာတွေကြောင့်ပို့ကုန်ကကျနေတဲ့သဘောရှိတယ်။ ရေရှည်တော့ မဟုတ်ပါဘူး။ ပြန်တက်မှာပါ” ဟု ၎င်းကဆက်ပြောသည်။

ပို့ကုန်တက်လာမည့် အချိန်အတိအကျကိုပြောဆိုရန်ခက်ခဲသည်။ လက်ရှိ၌မူ ပို့ကုန်ကျဆင်းနေသည်။ အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်မားနေသော်လည်း ပို့ကုန်တင်ပို့နိုင်စွမ်း လျော့ပါးနေသဖြင့် အကျိုးအမြတ်မရှိဖြစ်နေသည်။ ပို့ကုန်ထက် သွင်းကုန်တင်သွင်းမှုပိုများနေခြင်းကြောင့် ကုန်သွယ်ရေးလိုငွေပြမှုကြီးထွားလာနေသည်။

ယင်းအခြေအနေကို ချိန်ခွင်လျှာညှိနိုင်သော ပို့ကုန်တိုးမြှင့်ရေး အားထုတ်မှုမှာလည်း ဘက်စုံလိုအပ်ချက်နှင့်၌ ရှုန်းကန်နေရဆဲ။ ယင်းအခြေအနေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဝင်းကိုယ်တိုင်ဝန်ခံထားသည်။

ဒီဇင်ဘာလ ၁ ရက် UMFCCI တွင် ပြုလုပ်သည့် ဆွေးနွေးပွဲတစ်ခု၌ ကုန်သွယ်ရေးလိုငွေပြမှုမှာ နာတာရှည်ရောဂါဖြစ်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

ယင်းအချက်များကိုကြည့်လျှင် အစိုးရသစ်လက်ထက်၌ စီးပွားရေးတိုးတက်ရန်ကြိုးစားရင်း စီးပွားရေးကျလာသည်ကိုမြင်ရကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဇော်ကဆိုသည်။ ယင်းအတွက် စီးပွားရေးတိုးတက်ရန် အားထုတ်ခြင်းထက် ဆုတ်ယုတ်မှုကို ထိန်းသိမ်းရန်လိုကြောင်း သူကဆိုသည်။

“စီးပွားရေးမှာ တိုးတက်ဖို့ပဲ ပြောကြတယ်။ ဆုတ်ယုတ်တာတွေကို ရပ်တန့်အောင်လုပ်ဖို့သိပ်မပြောကြဘူး။ ကျွန်တော်မြင်တာတော့ လက်ရှိဆုတ်ယုတ်တဲ့ဘက်ကို မကျအောင်ထိန်းနေရတယ်လို့ထင်တယ်” ■

**နိုင်လင်းအောင်**

work.com.mm
သင့်အတွက် အကောင်းဆုံးအလုပ်အကိုင်များကို ယခုပင်ရှာဖွေလိုက်ပါ။
အခမဲ့ CV ရေးဆွဲပေးမှုအတွက် ယခုပင်ဆက်သွယ်လိုက်ပါ။
More Job Details at Work.com.mm Call - 09261601096 - NOW!

**Capital Diamond Star Group**
- Deputy Chief Accountant
- Contract Manager
- Market Research Manager

**Huawei Technologies (Yangon) Co., Ltd**
- Bidding Assistant who can speak Chinese (1 Post)
- Procurement Manager
- NOC Engineer ( 2 Posts)

**Max Myanmar Holding Co., Ltd**
- Manager ( Logistics)
- Accountant
- Finance Manger

**Ruby Hill Microfinance Co.,Ltd**
- Officer / Senior Officer (Customer Service)
- Assistant Chemist
- Assistant Manager / Manager (Disbursement & Collections)

**UMG Myanmar**
- Legal Advisor Male (1 Post)
- Marketing Staff (For Healthcare) M/F (2 Posts)
- Customer Value Maximizing Manager M/F (1 Post)

**Young Investment Group**
- Procurement/Purchasing Manager for Telecom Tower
- Secretary (Female)
- Office Staff (10) Post

More Than 20,000 Jobs per year!
#BFM Build the Future of Myanmar

# "လက်ရှိစတော့ဈေးကွက်အခြေအနေက ကျေနပ်နှစ်သိမ့်ဖွယ်ရာတော့ မရှိဘူးပေါ့ဗျာ"

## ဆင္ဒမပြောက်စတော့အိတ်ချိန်းစာရင်းဝင်ဖြစ်လာမည့် ဂရိတ်ဟော်ခမ်းကုမ္ပဏီနှင့် တွေ့ဆုံခြင်း

**စစ်ငြိမ်းသူ**

**ဂရိတ်ဟော်ခမ်းမှာ ရှမ်းပြည်နယ်မှမွေးဖွားလာသည့်ကုမ္ပဏီတစ်ခုဟု ဆိုနိုင်သည်။ ယခုအခါ ရှမ်းပြည်နယ် နမ့်ပေါ်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်ရန် ပြင်ဆင်နေသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဆင္ဒမပြောက်စာရင်းဝင်ကုမ္ပဏီဖြစ်လာမည့် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီ၏ စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအကြောင်းကို အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအုန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားခြင်းဖြစ်သည်။**

**Voice - အရင်ဆုံး ဆရာတို့ အခုလုပ်နေတဲ့ နမ့်ပေါ် ရေအားလျှပ်စစ်စီမံကိန်းရဲ့အခြေအနေကို ပြောပြပါ။**

**SOM** - နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းက ကျွန်တော်တို့ကုမ္ပဏီရဲ့ ပထမဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ ဒီစီမံကိန်းကို လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ မှာ ရှမ်းပြည်နယ်အစိုးရနဲ့ MoU ရေးထိုးခဲ့တယ်။ နောက်ပိုင်းမှာတော့ လျှပ်စစ်ဥပဒေကြောင့်မို့လို့ မဟာဓာတ်အားလိုင်းကိုချိတ်ဆက်ပြီး ဓာတ်အားရောင်းမှာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရရဲ့စီမံခန့်ခွဲမှုအောက်မှာရှိရမယ် ဆိုတဲ့ ဥပဒေနဲ့အညီ ပြည်ထောင်စုအစိုးရကိုပြောင်းပြီးတော့ ပဋိညာဉ်စာချုပ် (MOA) လက်မှတ်ရေးထိုးခဲ့တယ်။ ပဋိညာဉ်စာချုပ်မှာ ရင်းနှီးမြှုပ်နှံမှုဥပဒေအရနှစ် ငါးဆယ်၊ အပေါင်းတစ်ဆယ်၊ တစ်ဆယ်၊ နောက်တိုးပေါ့ဗျာ၊ နှစ်ပေါင်း ၇၀ အထိ BOT လုပ်ပိုင်ခွင့်ရထားပါတယ်။

**Voice - ဒီစီမံကိန်းလုပ်ချိန်မှာ စီမံကိန်းအနီးတစ်ဝိုက်မှာ ထိခိုက်မှုတွေ ရှိပါသလား။**

**SOM** - ဒီလို အခြေခံအဆောက်အဦတွေလုပ်တဲ့အခါမှာ အကျိုးသက်ရောက်မှု Impact တွေရှိလာတဲ့အခါ အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်ချိန်ဆပြီးကြည့်မယ်ဆိုရင် စီမံကိန်းတိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့စီမံကိန်းက ထူးခြားပြီးတော့ အားသာချက်က ပိုများနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ESIA အပိုင်းကိုပြန်ကြည့်မယ်ဆိုရင် အသိသာဆုံးဖြစ်ပါတယ်။ စီမံကိန်းရဲ့ရေလွှမ်းဧရိယာက ဧကပေါင်း ရှစ်ရာဝန်းကျင်လောက်ရှိပြီးတော့ အဲဒီမှာ ထိခိုက်သွားတဲ့ တောင်ယာနဲ့ လယ်တွေက ၁၄၄ ဧကပဲ ရှိပါတယ်။ ပြီးတော့ ကျေးရွာတစ်ရွာမှ ထိခိုက်နစ်မြုပ်သွားတာမျိုးမရှိပါဘူး။

အဓိက ထိခိုက်တာကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်က မန္တလေး-လားရှိုး-မူဆယ်လမ်းပေါ်က နမ့်ပေါ်တံတားတစ်စင်း မြုပ်သွားတယ်။ အဲဒီတံတားက သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီးတော့ အကျယ်က နှစ်လမ်းသွား၊ အရှည်က ပေ ၁၀၀ ရှိတယ်။ ဒါကို ကျွန်တော်တို့ ပြန်လည်နေရာချထားရေး လုပ်ပေးရမှာပေ့ါ။ တံတားထိတာနဲ့ တံတားရဲ့လုံခြုံရေးကို တာဝန်ယူထားတဲ့ ရဲကင်းလည်း အလိုအလျောက် ထိခိုက်သွားတယ်။ ဒါတွေက ကျွန်တော်တို့ပြန်လည်နေရာချထားဖို့အတွက် တံတားဒီဇိုင်းတွေ၊ ရဲကင်းတွေ၊ နောက်ပြီး ပြန်လည်နေရာချထားဖို့အတွက် ဘုန်းကြီးကျောင်း တစ်ကျောင်းပါ ထိခိုက်သွားတယ်။ ဒါတွေကို ဝန်ကြီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ အထူးသဖြင့် ရဲကင်းနဲ့ ဘုန်းကြီးကျောင်းကတော့ မြို့နယ်ရဲမှူးရဲ့ကန့်ကွက်ရန်မရှိကြောင်း သဘောတူညီချက်ရယ်၊ နောက် သံဃာ့နာယကအဖွဲ့တွေရယ်၊ ကျောင်းထိုင်ဆရာတော်တွေရဲ့သဘောတူညီကြောင်း မှတ်ချက်တွေ ရရှိထားပြီးဖြစ်ပါတယ်။ တံတားကိုပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။



**Voice - ဒီစီမံကိန်းရဲ့ကုန်ကျစရိတ်နဲ့ ဘယ်အချိန်မှာ ပြီးစီးနိုင်မလဲ။**

**SOM** - ဒီစီမံကိန်းကို ၂ နှစ်နီးပါးကြာအောင် ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုတွေ၊ ဒီဇိုင်းတွေ လုပ်ခဲ့ရတယ်။ ဒါကို Hunan Hydro and Power Design Institute (HHPDI) က လုပ်ပေးတာဖြစ်ပါတယ်။ နောက်ပြီးတော့ EIA/ SIA အတွက်ကို မြန်မာနိုင်ငံသားပိုင် မြန်မာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအင်ဂျင်နီယာဝန်ဆောင်မှုကုမ္ပဏီ (MSDES) အဖွဲ့ကနေ ဆောင်ရွက်ပေးနေပါတယ်။ ဘဏ္ဍာရေးကိစ္စနဲ့ပြန်ကြည့်မယ်ဆိုရင် စီမံကိန်းရဲ့ ကုန်ကျစရိတ်က ကျပ် ၄၃ ဘီလီယံ ကုန်ကျမယ်လို့ တွက်ချက်ထားတယ်။ အရင်းကျေကာလအနေနဲ့ ၁၅ နှစ်နဲ့ ၃ လ၊ IRR အချိုးက ၇ ဒသမ ၉၉ ရာခိုင်နှုန်း ရှိပါတယ်။ တည်ဆောက်ရေးကာလက ၃၆ လ ကြာမြင့်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ဧပြီ မေလောက်ကမှ ဒီစီမံကိန်းကို စတာပေ့ါ။ အခုက အကြိုအင်ဂျင်နီယာလုပ်ငန်းပဲရှိသေးတဲ့ အတွက် စီမံကိန်းအကြီးစားစတယ်လို့တော့ ပြောလို့မရသေးဘူးပေ့ါဗျာ။ အခုက ချဉ်းကပ်လမ်း၊ စခန်းတွေ၊ ကျောက်ခွဲစက်တွေ၊ ဖျော်စက်တွေ ပြင်ဆင်နေတုန်းပဲရှိသေးတယ်။ ကျွန်တော်ထင်တယ် ဒီစီမံကိန်းကြီး အကြီးအကျယ်လုပ်ဖို့အတွက် လာမယ့် မိုးရာသီအကုန်မှာ စဖို့ ပြင်ဆင်နေပါတယ်။ လူက ၈၀၀ ကျော်လောက် နေမှာဆိုတော့ အကုန်လုံးပြင်ဆင်နေရတယ်။ ခန့်မှန်းခြေကတော့ လာမယ့် မိုးအကုန်မှာ ဒီစီမံကိန်းကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

**Voice - စီမံကိန်းကုန်ကျစရိတ်က များပြားတာကြောင့် ဒီငွေကြေးလိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းမှာပါလဲ။**

**SOM** - အဲဒီအတွက် အများပြည်သူ အစုရှယ်ယာဝယ်ယူရန် ကနဦးကမ်းလှမ်းချက် (IPO) ကိုကျွန်တော်တို့ ပြင်ထားပါတယ်။ ဒီ IPO လုပ်ငန်းစဉ်ကိုတော့ Underwriter ဖြစ်တဲ့ KBZSC နဲ့ လုပ်သွားပါမယ်။ သူကနေပြီးတော့ ပြန်ချိတ်ဆက်ပေးတဲ့ တခြားအဖွဲ့လေးဖွဲ့ရှိပါတယ်။ VDB Loi က Law Firm ၊ Deloitte က Business Valuation၊ နောက်ပြီးတော့ BDO က Internal & External Control၊ Excellence Choice က Corporate Governance အပိုင်းပေါ့။ အဓိကတော့ KBZSC ပဲ။

**Voice - ရှယ်ယာအသစ် ဘယ်လောက်ပမာဏ ထုတ်ရောင်းဖို့ စီစဉ်ထားလဲ၊ ရှယ်ယာဈေးနှုန်းကို ဘယ်လောက်ဖြစ်မယ်လို့ သတ်မှတ်ထားလဲ။**

**SOM** - ရှယ်ယာဈေးနှုန်းကတော့ Deloitte က ဈေးနှုန်းသတ်မှတ်တဲ့အပိုင်းကို အခုလုပ်ဆောင်နေဆဲဖြစ်တာကြောင့် ပြောလို့မရသေးပါဘူး။ ထုတ်ရောင်းမယ့်ငွေပမာဏကတော့ ကျပ် ဘီလီယံ ၂၀ လောက် ထုတ်သွားဖို့ရှိပါတယ်။ ဒါပေမဲ့ ဒီ ၂၀ ဘီလီယံကို လေးကြိမ်လောက်ခွဲပြီးတော့ ထုတ်ရောင်းသွားမယ်။ မဟုတ်ရင် ရင်းနှီးမြှုပ်နှံသူတွေ၊ ပြည်သူတွေက မကောင်းဘူးပေ့ါဗျာ။

**Voice - Securities ကုမ္ပဏီတွေအနက်က ဘာကြောင့် KBZSC ကို ရွေးချယ်ခဲ့တာလဲ။**

**SOM** - ၂၀၁၅ ဒီဇင်ဘာ ၉ ရက် နောက်ပိုင်း ကျွန်တော်တို့ IPO အတွက် ပြင်ဆင်တဲ့အခါမှာ ဘယ်ကုမ္ပဏီမှ လိုင်စင်မကျသေးဘူး။ KBZSC တစ်ခုပဲ လိုင်စင်ရသေးတယ်။ နောက်တစ်ခုက KBZSC နဲ့ စတင်ဆွေးနွေးချိန်မှာ သူတို့ကုမ္ပဏီနဲ့ပတ်သက်တဲ့အချက်အလက်တွေ၊ သူတို့နဲ့ပေါင်းထားတဲ့ Stirling Coleman ကုမ္ပဏီရဲ့အချက်အလက်တွေကိုကြည့်တဲ့အခါ ခိုင်မာတာတွေ့ရတယ်။ နောက်ပြီးတော့ ကမ္ဘောဇဘဏ်သည် ရှမ်းပြည်ကနေအခြေတည်ပြီးတော့ဖြစ်လာတဲ့ကုမ္ပဏီဖြစ်တဲ့အတွက် ကျွန်တော်တို့ရှမ်းပြည်ကုမ္ပဏီအချင်းချင်းကို ပံ့ပိုးစားပေးတဲ့အနေအထားကို ပုံဖော်ချင်တာလည်းပါပါတယ်။ နောက်တစ်ခု KBZ ရဲ့နောက်ခံကလည်း တကယ်တောင့်တင်းပြီး ဝန်ဆောင်မှုလည်း အကောင်းဆုံးပဲဖြစ်တာ တွေ့ရတယ်။

**Voice - လက်ရှိ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်အခြေအနေကို ဘယ်လိုမြင်မိပါလဲ။**

**SOM** - လက်ရှိစတော့ဈေးကွက်အခြေအနေက ကျေနပ်နှစ်သိမ့်ဖွယ်ရာတော့ မရှိဘူးပေ့ါဗျာ။ ဒါပေမဲ့ စတော့အိတ်ချိန်းမှာရှိနေတဲ့ နောင်တော်ကုမ္ပဏီကြီးတွေက IPO ရှယ်ယာအသစ် မထုတ်သေးတာလည်း ပါကောင်းပါပါလိမ့်မယ်။ နောက်တစ်ခုက ပြည်သူလူထုရဲ့ စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ ဗဟုသုတကို မြန်မြန်နဲ့ဖြန့်ဝေပေးဖို့လိုတယ်။ စတော့ဈေးကွက်နဲ့ပတ်သက်လို့ မသိသေးချိန်မှာ နိုင်ငံခြားသားတွေကိုပါ ပါဝင်ခွင့် ပေးလိုက်ရင်လည်း အစိုးင်းတပြင်း ကြိုးစားဆောင်ရွက်နေပါတယ်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ | ဆဋ္ဌမမြောက်စတော့အိတ်ချိန်းစာရင်းဝင်ဖြစ်လာမည့် ဂရိတ်ဟော်ခမ်းကုမ္ပဏီနှင့် တွေ့ဆုံခြင်း မှအဆက် ...

## ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီအကြောင်း အကျဉ်းချုပ်

| | |
|---|---|
| **ရင်းနှီးမြှုပ်နှံမှု** | နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း |
| **မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း** | အခြေခံအဆောက်အဦတည်ဆောက်ရေး ပင်မကန်ထရိုက်တာ။ |
| **၁၀၅ မိုင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံ ရောင်းချရေး တိုးချဲ့စီမံကိန်း** | တည်ဆောက်ရေးဒီဇိုင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း ပင်မကန်ထရိုက်တာ။ |
| **၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီများ** | (၁) ဟော်တက်ကုမ္ပဏီ (Hor-Tech)၊ (၂) အမြွှာစက်မှုလုပ်ငန်းလီမိတက် (Twin Industry Limited) |
| **အစုစပ်ကုမ္ပဏီ** | မူဆယ်ကွန်ကရစ်ကုမ္ပဏီအုပ်စု (Muse Concrete Group of Companies)၏ ၄၅ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ |

**Voice - ကုမ္ပဏီရဲ့ခွင့်ပြုမတည်ရင်းနှီးငွေနဲ့ ထုတ်ဝေပြီးရှယ်ယာအစုပေါင်း ဘယ်လောက်ရှိပါပြီလဲ။**

**SOM -** အစုရှယ်ယာက အားလုံးပေါင်း ၅၄,၀၀၀ လောက်ဖြစ်သွားပြီ။ အစုရှယ်ယာရှင်ပေါင်း ၅၂၀ ဝန်းကျင် ရှိပါတယ်။ ခွင့်ပြုမတည်ရင်းနှီးငွေက ကျပ်ငါးဘီလီယံပဲ မှတ်ပုံတင်ထားတာဆိုတော့ အခုခွင့်ပြုမတည်ရင်းနှီးငွေကို ကျပ် ၃၀ ဘီလီယံအထိတိုးဖို့ လျှောက်ထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက ရှယ်ယာတန်ဖိုးကိုလည်း ကျပ်တစ်သိန်းကနေ အစုတစ်စုကို ကျပ်တစ်ထောင်အဖြစ် လျှော့ချလိုက်ပါတယ်။ ဒီနှစ်နှစ်ပတ်လည် အစည်းအဝေးမှာ ရှယ်ယာရှင်တွေရဲ့ သဘောတူ ဆုံးဖြတ်ချက်နဲ့လုပ်ခဲ့ပါတယ်။

ဘာလို့ အခုကတည်းက ခွဲထုတ်ရသလဲဆိုရင် တစ်သိန်းတန်ရှယ်ယာသည် Book Value အရ၊ သုံးနှစ်တာအတွင်း လုပ်ငန်းအောင်မြင်မှုအရ တစ်စုကို နှစ်သိန်းတစ်သောင်းလောက် ပေါက်သွားပြီဆိုတော့ စတော့အိတ်ချိန်းမှာ သိန်းဂဏန်းကျော်သွားရင် ပြည်သူလူထု အကျိုးရှိမလားဆိုတာ မသိသေးဘူး။ ဒါပေမဲ့ အများပြည်သူ ဝယ်လို့ရနိုင်အောင် ပြင်ဆင်လိုက်တာဖြစ်ပါတယ်။

**Voice - နမ့်ပေါ်စီမံကိန်းအပြင် တခြားရင်းနှီးမြှုပ်နှံမှု လုပ်ဖို့ စီစဉ်ထားတာတွေ ရှိပါသလား။**

SOM - တခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ ကျောက်ဖြူစီးပွားရေးဇုန်မှာ ပါဝင်ဆောင်ရွက်ဖို့ စဉ်းစားထားပါတယ်။ အဲဒီမှာ အပိုင်းသုံးပိုင်းရှိတာပေါ့၊ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နဲ့ အိမ်ရာအပိုင်းပေါ့။ ကျွန်တော်တို့က ရေနက်ဆိပ်ကမ်းနဲ့ စက်မှုဇုန်အပိုင်းကို စိတ်ဝင်စားတယ်။ အိမ်ရာအပိုင်းကိုတော့ သိပ်စိတ်မဝင်စားဘူး။ အခြေခံအဆောက်အဦပိုင်းကျတော့ တိုင်းပြည်အတွက်လည်း အကျိုးရှိတယ်၊ ကိုယ့်အတွက်လည်း ပုံရိပ်ကောင်းတာပေါ့။

**Voice - ဂရိတ်ဟော်ခမ်းရဲ့အဓိကမဏ္ဍိုင်ပြုထားတဲ့ စီးပွားရေးနယ်ပယ်က ဘာလဲ။**

**SOM -** ကျွန်တော်တို့ရဲ့ အဓိကစီးပွားရေးက ရေအားလျှပ်စစ်ပဲ။ ပြောမယ်ဆိုရင်တော့ အခြေခံအဆောက်အဦ တည်ဆောက်ရေးပေါ့။ ပြီးတော့ တခြားစက်မှုလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ရေးတွေ၊ ဥပမာ ခွဲကျောက်ထုတ်လုပ်တာ၊ တည်ဆောက်ရေးလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းတွေ ထုတ်လုပ်ဖို့ပြင်ဆင်နေတာတွေ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာတော့ အိမ်၊ ခြံ၊ မြေအပိုင်းကို လုပ်ဖို့လည်း ရှိပါတယ်။

**Voice - ဒီကုမ္ပဏီရဲ့ အဓိကရှယ်ယာရှင်ထဲမှာ ဒုတိယသမ္မတဟောင်း ဒေါက်တာစိုင်းမောက်ခမ်း ပါတယ်လို့ ပြောကြတယ်။ ဟုတ်ပါသလား။ ပြီးတော့ ကုမ္ပဏီရဲ့အဓိကရှယ်ယာရှင် ဘယ်နှယောက်လောက် ရှိပါသလဲ။ အဲဒီရှယ်ယာရှင်တွေက ကုမ္ပဏီရဲ့ ဘယ်လောက်ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါသလဲ။**

**SOM -** သူ မပါပါဘူးခင်ဗျ။ ဒါပေမဲ့ ဒေါက်တာစိုင်းမောက်ခမ်းက ကျွန်တော့်ဦးလေးပါခင်ဗျ။ သူ့ရှယ်ယာတော့ မပါပါဘူး။ ကုမ္ပဏီရဲ့အဓိကရှယ်ယာရှင် ၁၅ ယောက်လောက်ရှိပါတယ်။ အဓိကရှယ်ယာရှင်တွေရဲ့ ပိုင်ဆိုင်မှုက ၇၀ ရာခိုင်နှုန်းကျော်ပါတယ်။

**Voice - ကုမ္ပဏီနဲ့ပတ်သက်လို့ ဘာများထပ်ဖြည့်ပြောချင်ပါသေးသလဲ။**

**SOM -** ဒီကုမ္ပဏီကို စထောင်ကတည်းက ငွေကြေးအရင်းအနှီးဈေးကွက်ကို သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၂၀၁၂ မှာ စခဲ့တာပါ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ မစတင်နိုင်ခင်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ပြီး ရှယ်ယာရှင်တွေကို အကျိုးအမြတ်ရရှိစေခဲ့တယ်။ အခု နမ့်ပေါ်ရေအားလျှပ်စစ်လုပ်ငန်းကို အများပြည်သူပါဝင်ပြီး ရင်းနှီးမြှုပ်နှံနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ■

**စစ်ငြိမ်းသူ**

## Cartoon Of The Week




နိုင်ငံတကာအဆင့်မီ ဒေါ်ပလိုမာ ဆင်တန်းများ
City & Guilds
* Civil Engineering Diploma
* Electrical and Electronic Engineering Diploma
* Mechanical Engineering Diploma
* IT Diploma (Software Developer and System Support)
* Air-Conditioning & Refrigeration Diploma
* Electrical Installation Diploma
* Diploma in Plumbing
A.G.T.I, B.Tech, B.E
C & G Diploma Level 3
Dec: 21
20% Off
Phone: 09 73043081,09 49541894,09 450517696
Myanmar TECH Institute

The Voice Weekly တွင် ဖော်ပြပါရှိခဲ့သော
အောင်ထွန်း ဆောင်းပါးများစုစည်းမှု
နိုင်ငံတည်ဆောက်ရေး၊
ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်
ချောတိုင်တက်သူများ
ထွက်ပြီ



# ငြိမ်းချမ်းရေးအတွက် စတေးသူများ

**ရဲနိုင်ဦး**

**နိဝင်ဘာလ၏ တစ်ခုသော လက်ကျန်ရက်တွင်ဖြစ်သည်။**


ဓာတ်ပုံ-ရဲနိုင်ဦး

မြန်မာပြည်အရှေ့မြောက်ပိုင်းတွင် တပ်မတော်၏ ဝေဟင်မှ တိုက်ခိုက်မှုကို မြောက်ပိုင်း မဟာမိတ်တပ်များက အပြင်းအထန်ခုခံနေရချိန်၌ တပ်မတော်၏ တစ်ချိန်က ရန်သူဖြစ်ခဲ့ဖူးသော KNU တပ်မဟာ (၇) တပ်ရင်း (၂၂) မှ တပ်ခွဲမှူးမောင်မြင့် တစ်ယောက်မှာ ကလေ့မိုခီးရွာရှိ သစ်တုံးပေါ်ထိုင်၍ အမောဖြေလျက်ရှိသည်။

မြန်မာ-ထိုင်းနယ်စပ်ရှိ KNU တပ်မဟာ (၇) ထိန်းချုပ်နယ်မြေအတွင်း တည်ရှိသည့်အဆိုပါရွာကလေးမှာ သစ်ရိပ်တောရိပ်နှင့် တသွင်သွင်စီးနေသည့် စမ်းချောင်းတို့ဖြင့် ပကတိအေးချမ်းလျက်ရှိသည်။

မရိတ်ဘဲထားသည့် နှုတ်ခမ်းမွှေး ကျိုးတိုးကျဲတဲနှင့်ခပ်ပိန်ပိန်ရှိသော တပ်ခွဲမှူးမောင်မြင့်မှာ နေကာမျက်မှန်ဖြင့် သစ်လုံးပေါ်တွင် ငုတ်တုတ်။ လက်ထဲတွင်မူ အမေရိကန်ထုတ် M 16 မောင်းပြန် ရိုင်ဖယ်သေနတ်ကို ဘယ်လက်ဖြင့် ကိုင်လျက်။ သို့သော်လည်း ယင်းသေနတ်မှ ယမ်းခိုးမဝေခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။

သမ္မတဦးသိန်းစိန်လက်ထက်မြန်မာ့တပ်မတော်နှင့် KNU တို့၏ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အသီးအပွင့်ကြောင့် တပ်ခွဲမှူးမောင်မြင့်ထံသို့ တိုက်ပွဲခေါ်သံများ ထပ်မံမရောက်လာနိုင်တော့ချေ။

သို့သော်လည်း ယင်းတဒင်္ဂငြိမ်းချမ်းရေးအတွက် စတေးခဲ့ရသည်များကတော့ ရှိသည်။

တပ်ခွဲမှူးမောင်မြင့်၏ ဇာတိမှာ ကရင်ပြည်နယ် ရေပူရွာဖြစ်သည်။ စစ်အာဏာရှင် အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက် ၎င်းရွာကလေးသို့ တပ်မတော်စစ်ကြောင်း ရောက်အလာ KNU နှင့် တိုက်ပွဲများဖြစ်ကြတော့သည်။ မောင်မြင့်အပါအဝင် ရွာသူရွာသားများမှာ ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။ ကြောက်အားလန့်အားဖြင့် ပုန်းအောင်းကြပြန်သည်။ သေနတ်သံများက မစဲချေ။ စစ်ကြောင်းများ ပြန်လည်ထွက်ခွာသွားချိန်တွင် ရွာ၌မနေရဲတော့ပေ။ ထို့ကြောင့် သူငယ်ချင်းနှစ်ယောက်နှင့်အတူ KNU ထဲသို့ ဝင်ခဲ့သည်ဟုဆိုသည်။

နိုင်ငံရေးလှိုင်းလေထန်သည့် ၁၉၉၄ ခုနှစ်၌ မော်ဖိုးကေသည် ကံကြမ္မာဆိုးများဖြင့် မောင်မြင့်ကို စောင့်ကြိုလျက်ရှိသည်။ သို့သော် သူကမသိချေ။ တစ်နေ့တွင် KNU စစ်ကြောင်း၏ ပွိုင့်အဖြစ် ရှေ့ဆုံးမှ ခရီးနှင်ခဲ့သည်။ ထိုအခါတွင် DKBA (ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်) ထောင်ထားသည့် မိုင်းကို နင်းမိခဲ့သည်။ DKBA ဆိုသည်က ၁၉၉၄ ခုနှစ်တွင် ခရစ်ယာန်များကြီးစိုးသော KNU အဖွဲ့မှ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများက ခွဲထွက်၍ တည်ထောင်ထားခဲ့ခြင်းဖြစ်သည်။

မောင်မြင့်တစ်ယောက် ဒဏ်ရာကို ထိုင်းနိုင်ငံ၊ မဲဆောက်ဆေးရုံကြီးတွင် ကုသမှုခံယူခဲ့သည်။ သို့သော် အကောင်းပကတိဖြစ်မလာခဲ့၊ မိုင်းဒဏ်ကြောင့် ညာလက်ကို တတောင်ဆစ်မှ ဖြတ်လိုက်ရသည်။ ၎င်းမျှသာမက ညာဘက်မျက်လုံးကိုလည်း ဆုံးရှုံးခဲ့ရပြန်သည်။

စစ်ရေးကျွမ်းကျင်သူအချို့ကမူ ယင်းသို့သော ဒဏ်ရာမျိုးမှာ မိုင်းထောင်ရာမှရလေ့ရှိသည့် ဒဏ်ရာမျိုးဖြစ်ကြောင်း ဆိုကြသည်။) မည်သို့ပင်ဖြစ်စေ တပ်ခွဲမှူးမောင်မြင့်တစ်ယောက် ပျက်စီးသွားသည့် ညာဘက်မျက်လုံးကို ထိုင်းငွေဘတ် ၁၀၀ တန် Ray Ban နေကာ မျက်မှန်အတုဖြင့် ဖုံးကွယ်ထားလိုက်သည်။

"တစ်ခါတလေကျ ဒဏ်ရာက ပြန်ကိုက်တယ်" ဟု ၎င်းကဆိုသည်။

၁၉၈၉ ခုနှစ်က ဖြစ်ပွားခဲ့သော ဝမ်ခ တိုက်ပွဲနှင့် KNU ဌာနချုပ် မာနယ်ပလောကို ကာကွယ်ခဲ့ရသည့် တိုက်ပွဲများမှာ သူ့အတွက် မမေ့နိုင်စရာ။ ယင်းတိုက်ပွဲများမှ အတွေ့အကြုံကောင်းများကို ရရှိခဲ့သည်ဟု ၎င်းက အမှတ်တရပြန်ပြောသည်။

ဝမ်ခဆိုသည်မှာ ထိုင်း-မြန်မာ နယ်စပ်ရှိ အိုမီဂါပုံစံသဏ္ဌာန်ရှိသော KNU ၏ အမာခံစခန်းတစ်ခုဖြစ်သည်။ ယင်းစခန်းကို တပ်မတော်က ခက်ခက်ခဲခဲသိမ်းယူခဲ့ရသည်။ ကမ္ဘာကျော်တိုက်ပွဲဟု အမွန်းတင်သူများလည်းရှိသည်။

မာနယ်ပလောကမူKNU၏နာမည်ကျော်ဌာနချုပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် တပ်မတော်၏ ချေမှုန်းခြင်းကို ခံခဲ့ရပြီးနောက် KNU မှာ စစ်ရေးအရနာလန်ထူနိုင်ခြင်းမရှိတော့ချေ။ ယင်းတိုက်ပွဲများတွင် ထမင်းငတ်သည်ကိုပင်ကြုံခဲ့ရသည်ဟု ၎င်းက သတိတရဆိုလိုက်သေးသည်။

လက်ရှိတွင်KNU ထဲ၌လည်းအနေအစားချောင်လှသည်မဟုတ်။ လစဉ်ရိက္ခာခွဲတမ်း အနည်းငယ်သာရသည်။ တစ်နှစ်လျှင် ယူနီဖောင်းက တစ်စုံသာရသည်။ ထို့ကြောင့် အပိုမရှိချေ။ ကျည်ကပ်တွင်ပင် ကျည်အပြည့်မပါဟု ကျည်ကပ်မှ ကျည်ဆန်များကို လက်ဝါးပေါ်ထုတ်ပြလိုက်သေးသည်။

KNU ထဲရောက်ရှိခဲ့သည့်နှစ်ပေါင်း ၃၀ နီးပါးအတွင်း ဇာတိရွာသို့တစ်ခေါက်မှ မပြန်။ ဇာတိရွာတွင် ခင်တွယ်စရာက အဖေနှင့် အစ်မတို့သာ ကျန်ရှိနေတော့သည်။ အကြောင်းက တပ်ခွဲမှူးမောင်မြင့်သည် မိန်းမမရှိ ကလေးမရှိသည့်တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သောကြောင့်ပင်။

"အိမ်ထောင်မပြုတော့ဘူး။ လက်မသန်တော့ မိန်းမကိုလည်း ပြုစုနိုင်မှာ မဟုတ်ဘူးလေ။ ဒဏ်ရာမရခင်က ကြိုက်တဲ့လူရှိဖူးတယ်" ဟု ၎င်းက အတိတ်ကိုသတိတရဖြင့်ဆိုသည်။ "ခုတော့ကလေးတွေတောင် အများကြီးရနေပြီ" ဟု ၎င်းက ရယ်ကျဲကျဲလုပ်လိုက်သေးသည်။

ယခုအချိန်တွင် KNU သည်ပင် တပ်ခွဲမှူးမောင်မြင့်၏ အိမ်။ ရဲဘော်ရဲဘက်များသည်ပင် သူ၏ သွေးရင်းသားရင်းပမာ ခင်တွယ်စရာဖြစ်ခဲ့ပြီ။ ထို့ကြောင့် ရွာသို့ မပြန်လိုတော့။ စစ်ကိုလည်း မလိုချင်တော့။

"ရွာသားတွေလို လွတ်လွတ်လပ်လပ်ပဲ နေချင်တော့တယ်" ဟု ၎င်းက ဆိုသည်။

ကလေ့မိုခီးရွာရှိတပ်ခွဲမှူးမောင်မြင့် ထိုင်နေသည့်နေရာနှင့် တစ်ခေါ်စာလောက် အကွာတွင်မူ ညစ်ထေးနေသော အဝါရောင်တီရှပ်နှင့် ပုဆိုးခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည့် လူတစ်ယောက်ထိုင်လျက်ရှိသည်။ တီရှပ်လက်တို၏ အင်္ကျီလက်များကို ဖြတ်ထားသောကြောင့် အနားစများမှာ ဟိုတစ်စ ဒီတစ်စ ဖွာထွက်လျက်ရှိချေသည်။

သူ့လက်ထဲတွင် တပ်ခွဲမှူးမောင်မြင့်မှာကဲ့သို့ လူကိုသေစေသည့် လက်နက်မရှိချေ။ သို့သော်လည်း တပ်ခွဲမှူးမောင်မြင့်ကဲ့သို့ပင် ကိုယ်လက်အင်္ဂါချို့ယွင်းနေသူ။

အသက် ၄၅ နှစ်အရွယ် ကရင်တိုင်းရင်းသား စောဘွယ်ဖောသည် ကလေ့မိုခီးရွာသားတစ်ဦးဖြစ်သည်။ အသက် ၁၉ နှစ်အရွယ် သမီးတစ်ဦး၊ ဇနီးနှင့်အတူ ၎င်းရွာလေးတွင်ပင် နေထိုင်ခဲ့သည်မှာ ဆယ်စုနှစ်များစွာကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ ယခုဆိုလျှင် သူ၏ အသက်သည်ပင် ၄၅ နှစ်ကျော်ပြီဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က မနက်ဝေလီဝေလင်းတွင် ရွာခလေ့ထုံးစံအတိုင်း စောစောထ၍ မိတ်ဆွေ တစ်ဦးနှင့်အတူတောင်ယာသွားခဲ့သည်။ တောင်ယာအသွားတွင် မြေမြှုပ်မိုင်းက ဘုရားပေးထားသော ၎င်း၏ခြေတစ်ဖက်ကိုယူဆောင်သွားခဲ့တော့သည်။

"ဝုန်းဆိုပြီး အကျယ်ကြီးမြည်တာ" ဟု လက်ကိုမြှောက်ပြ၍ မြေမြှုပ်မိုင်းနင်းမိခဲ့စဉ်က အဖြစ်အပျက်ကို စောဘွယ်ဖောက ပြန်လည်ပြောပြသည်။

စောဘွယ်ဖောကဲ့သို့ပင် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရသူ ၂၀၀ ကျော်ရှိပြီး ၆၀ ကျော်မှာ သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UN OCHA)၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာများအရ ဖော်ပြထားသည်။

စောဘွယ်ဖောက ဒဏ်ရာကိုမဲဆောက်တွင် သွားကုသော်လည်း ခြေထောက်က မကောင်းလာပေ။ ခြေတစ်ဖက်ကို ဒူးဆစ်မှ ဖြတ်ပစ်လိုက်ရသည်။ စောဘွယ်ဖောအတွက် လိုအပ်သောခြေတုကို မယ်လဒုက္ခသည်စခန်းမှပင် ရရှိခဲ့သည်။ မယ်လဒုက္ခသည်စခန်းသည်ကား မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းတစ်ခုပင်။

လက်ရှိအချိန်တွင် မြေမြှုပ်မိုင်း၏ ဒဏ်ရာကြောင့် နေ့တဓူဝ ရေခပ်ရသည်ကပင် စောဘွယ်ဖောအတွက် ကြီးမားသော အခက်အခဲသဖွယ်ဖြစ်လာသည်။ တောရိပ်တောင်ရိပ်ဖြင့် အအေးပိုလှသည့် ဆောင်းရာသီတွင် ဒဏ်ရာက နှိပ်စက်ကလူပြုပြန်သည်။

"တစ်ခါတလေကျ စိတ်ညစ်တယ်။ ခြေထောက်က သိပ်မကောင်းဘူးလေ" ဟု၎င်းက မြေပြင်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း ဆိုသည်။

တောထဲတောင်ထဲမှ သဘာဝအတိုင်းရှိနေသော ကလေ့မိုခီးရွာသည် ဖွံ့ဖြိုးမှုနတ္ထိ။ အလုပ်အကိုင်က မရှိ၊ အလုပ်ရှိမှရောက်လာတတ်သော ဝင်ငွေသည် အလုပ်မရှိသောကြောင့် မျက်စိလည်လမ်းမှား၍ပင် ရောက်မလာတတ်ချေ။

"ဘာလိုချင်လဲဆိုရင်တော့ ငွေပေါ့။ ပိုက်ဆံပဲလိုချင်တယ်" ဟု ၎င်းက ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

တိုက်ပွဲများသည် စောဘွယ်ဖောအတွက် အိပ်မက်ဆိုးများကို သယ်ဆောင်လာသယောင်ပင်။ သေနတ်သံများကို ကြောက်သော်လည်း KNU လာလျှင် ရွာသားများက လက်ဆောင်များ လာပေးတတ်သည်။ ချက်ကျွေးကြသည်လည်း ရှိသည်။ သို့သော် စောဘွယ်ဖောအပါအဝင် ရိုးသားသည့် ဒေသခံများက တိုက်ပွဲများကို စိုးရွံ့လှသည်။

"တိုက်ပွဲတွေကို ကြောက်တယ်" ဟု စောဘွယ်ဖောက ဆိုသည်။

မြေမြှုပ်မိုင်းများကြောင့် တပ်ခွဲမှူးမောင်မြင့်၏လက်တစ်ဖက်နှင့်စောဘွယ်ဖော၏ ခြေတစ်ဖက်ကား ပျက်သုဉ်းသွားရသည်။ ထို့အတူပင် တပ်မတော်သားများ၏ အသက်နှင့် ခန္ဓာတို့သည်လည်း မြေမြှုပ်မိုင်းများကြောင့် စက္ကန့်မလပ်ပျက်သုဉ်းနေရပြန်သည်။

၁၉၉၃ ခုနှစ် ပြည်တွင်းစစ်အရှိန်မြင့်နေဆဲကာလတွင် ခလရ ၁၄ (ပြည်) မှ တပ်မတော်ယာဉ်တန်းမှာ ကရင်ပြည်နယ် ဖာပွန်မြို့သို့တရွေ့ရွေ့ဖြတ်သန်းလာခဲ့သည်။

ခလရ ၁၄ (ပြည်) မှ ရဲဘော်လှသန်း တစ်ယောက် တပ်မတော်ယာဉ်တန်းနှင့်လိုက်ပါလာစဉ် KNU ထောင်သည့် ကားမိုင်းကြောင့် ခြေထောက်နှစ်ဖက်လုံး

အချပ်ပို B သို့

စာမျက်နှာ ၁၀ | ငြိမ်းချမ်းရေးအတွက် စတေးသူများ မှအဆက် ...

ကျိုးသွားရရှာသည်။ အခြားသော ရဲဘော်ရဲဘက်များသည်လည်း ဒဏ်ရာရသူမနည်းလှချေ။

နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက်တွင် ရဲဘော်လုသန်းမှာ ဦးလုသန်းဖြစ်လာသည်။ ခြေထောက်နှစ်ချောင်းကျိုးသည့် ဒဏ်ရာကြောင့် တပ်မတော်မှ အငြိမ်းစားယူလိုက်ရသည်။ တပ်မတော်မှ ထောက်ပံ့ပေးမှုက ၁၉၉၃ ခုနှစ်တွင်တစ်လ ၂၆၅ ကျပ်။ သမ္မတဦးသိန်းစိန်တက်ပြီးနောက် ပင်စင်လစားများ တိုးမြှင့်ခံစားခဲ့ရပြီး လက်ရှိတွင် တစ်လ လေးသောင်းကျပ်ရရှိနေသည်။

"အဆင်မပြေပါဘူးဗျာ။ ကျွန်တော်တို့က မိသားစုများတယ်" ဟု ၎င်းကဆိုသည်။

အမှန်ဆိုရလျှင် ရန်ကုန်ကဲ့သို့မြို့ကြီးပြကြီး၌ လူတစ်ဦးတည်းအတွက်ပင်တစ်လအသုံးစရိတ်က ကျပ်သိန်းကျော်ရှိနိုင်သည်။ ထို့ကြောင့်သောင်းဂဏန်းမျှသော ထောက်ပံ့ကြေးသည် ဦးလုသန်းတို့မိသားစုအတွက် မဖူလုံ။ တပ်မတော်မှ ပင်စင်ပေးလိုက်သည့်တိုင် အရပ်ဘက်တွင် ပင်ပန်းစွာရုန်းကန်နေရဆဲ။ ထိုနည်းတူ မလုံလောက်သော ထောက်ပံ့ကြေးများကြောင့် ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် ဥဒဟိုထွက် စာအုပ်လိုက်ရောင်းသည့်တပ်မတော်သားများကိုလည်း မကြာခဏတွေ့ရတတ်သည်။

အချို့မှာ ချိုင်းထောက်တစ်ဖက်၊ စာအုပ်တစ်ပွေ့ဖြင့်။ တစ်ခါတစ်ရံအဝေးပြေးကားဝင်းများတွင်လည်း မြင်ရတတ်သည်။ ခြေပြတ်လက်ပြတ်ဖြစ်၍ အတိဒုက္ခရောက်ချိန်တွင်ပင် နိုင်ငံတော်၏ ထောက်ပံ့မှုကို လုံလောက်စွာမရခဲ့သည့်ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်၏ သားကောင်များပင်ဖြစ်သည်။

"ကျွန်မမှာ လူနာတစ်ယောက်ရှိတယ်။ လက်တစ်ဖက် ထိသွားတယ်။ မိုင်းရှင်းတဲ့အချိန်မှာ ဒီလိုဖြစ်သွားတာ။ ကော့ကရိတ်မှာနေတာ။ တကယ့်တကယ်တော့ သူလည်းမလုပ် (စစ်မတိုက်) ချင်ဘူး" ဟု Burma Children Medical Fund တွင် ကျန်းမာရေးဝန်ထမ်းအဖြစ်





ဓာတ်ပုံ-ရဲနိုင်ဦး

လုပ်ကိုင်နေသည့် ဆရာမလေး မုဝါးက ဆိုသည်။

Burma Children Medical Fund သည် မဲဆောက်တွင် အခြေစိုက်ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ စစ်ဘေးဒုက္ခသည်များကိုကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနေသည့်အဖွဲ့ဖြစ်သည်။

ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသူများမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် သိန်းနှင့်ချီရှိနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းတွင်မူ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ငါးနှစ်တာ တိုက်ပွဲများကြောင့် တစ်သိန်းနီးပါးရှိလာပြီဖြစ်သည်။ စစ်ဘေးဒုက္ခသည်များ နေရပ်ပြန်ရေးအတွက် အခက်အခဲများစွာရှိပြီး မြေယာပြဿနာ၊ အလုပ်အကိုင်ရှားပါးမှု၊ မြေမြှုပ်မိုင်းနှင့် တိုက်ပွဲများ မရပ်ဆိုင်းခြင်းတို့မှာ အဓိကပြဿနာဖြစ်လာသည်။

ပြည်တွင်းစစ်ကို ရပ်စဲရန် ပြည်သူအားလုံးက တောင်းဆိုနေကြသည်။ တိုက်ပွဲများကို ငြီးငွေ့သူများလည်း ကေန်အမှန်ထုတ်ဖော်ပြောနေကြပြီဖြစ်သည်။ ၎င်းတို့အနက် KNU တပ်မဟာ (၇)၊ တပ်ရင်း (၂၂) မှ ဒုတိယဗိုလ်မှူးကြီး ဒီခွေလည်း အပါအဝင်ဖြစ်သည်။

"အေး ဟုတ်တယ်။ တစ်ခါတလေတော့လည်း ငြီးငွေ့တာဖြစ်တယ်။ ဒါပေမဲ့ ကိုယ်ဆုံးဖြတ်ထားတာကိုတော့ ဆက်ပြီးလုပ်ရမယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ဘာညာပေ့ါ။ ဘယ်လိုပြောရမလဲ သစ္စာရေသောက်ထားရတာ။ ကိုယ်ဆုံးဖြတ်ထားတဲ့အတိုင်း မပြီးမချင်းတော့ သွားရမှာပေ့ါ" ဟု ဒုတိယဗိုလ်မှူးကြီး ဒီခွေက ဆိုသည်။

ဒုတိယဗိုလ်မှူးကြီးဒီခွေတစ်ယောက် အသက် ၂၃ နှစ်ကတည်းကပင် KNU ထဲဝင်ရောက်ခဲ့ရာ ယခုအသက် ၄၇ နှစ်သို့ရောက်ပြီ။ ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တိုက်ပွဲများကား သူ့အတွက် အမှတ်ရစရာ။ ၎င်းကာလများသည် မြန်မာ့နိုင်ငံရေးလှိုင်းကြီးလေထန်ကာလများ။ တပ်မတော်နှင့် KNU တို့ သူတစ်ပြန်ကိုယ်တစ်ပြန် သဲကြီးမဲကြီးတိုက်ခိုက် နေချိန်လည်းဖြစ်သည်။

ဗိုလ်တဲဆန်ဆန်ဆောက်လုပ်ထားသည့် သစ်သားအိမ်လေးတွင် သတင်းထောက်များကို ပြောသည်မှာ တရားကျစရာပင်။ အသက်အရွယ်ကြီးမြင့်ချိန်တွင် အေးဆေးစွာနေလိုသည့်သူ့ဟန်က ပေါ်လွင်လှသည်။ မည်သူသည် မိမဲ့၊ ဖမဲ့၊ သားမဲ့၊ မယားမဲ့ ဖြစ်စေသော စစ်ပွဲများကို ဆင်နွှဲချင်မည်နည်း။

"တိုက်ပွဲကိုတော့ လူတိုင်းက မလိုချင်ဘူး။ အေးအေးချမ်းချမ်းနဲ့နေချင်တယ်။ ကျွန်တော်တို့တိုက်လာတာ နှစ်ပေါင်း ၆၀ ကျော်ပြီ။ ဘယ်လိုပြောမလဲ ဟိုကလည်းမကုန်၊ ဒီကလည်းမကုန်ဆိုတော့ နိုင်ငံရေးအရပဲ ဆက်သွားရမှာပဲ။ ဘယ်လောက်ကြာကြာပေ့ါ" ဟု ဒုတိယဗိုလ်မှူးကြီး ဒီခွေက ဆိုသည်။

တပ်ခွဲမှူးမောင်မြင့်၊ စောဘွယ်ဖော၊ ဒုတိယဗိုလ်မှူးကြီးဒီခွေနှင့် ခြေပြတ်လက်ပြတ် တပ်မတော်သားများ၊ ကြွေလွင့်ခဲ့ရသည့် မြန်မာနိုင်ငံသားများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် စစ်ဘေးဒုက္ခသည်များ ဖြစ်ပေါ်လာခြင်း၏ အကြောင်းတရားမှာ တစ်ခုတည်းသာ။

အရင်းစစ်လျှင်အမိမြေက။ ပြည်တွင်းစစ်သက်ဆိုးရှည်နေသောကြောင့်ပင်။

ပြည်တွင်းစစ်သည် မိမဲ့၊ ဖမဲ့၊ သားမဲ့၊ မယားမဲ့များကို မွေးထုတ်ပေးနေသည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ သက်ဆိုးရှည်လွန်းလှသည်။ နှစ် ၆၀ အတွင်း ကြွေလွင့်ခဲ့သော သွေးရင်းသားရင်းများ၏အလောင်းကိုပုံလျှင် တောင်ပုံယာပုံ။ သုသာန်များပင် ထပ်ဆောက်ကောင်း ဆောက်ရနိုင်သည်။

တပ်မတော်သည်လည်း စစ်ကို မတိုက်ချင်။ လက်နက်ကိုင်များကလည်း မတိုက်ချင်ဟုဆိုကြသည်။ ပြည်သူအားလုံးကလည်း စစ်ပွဲရပ်စဲရန် တောင်းဆိုနေကြသည်။ ဤသို့ဆိုလျှင် ဘုံရည်ရွယ်ချက်တူပါလျက် စစ်ပွဲများဖြစ်ရသည့်အကြောင်းကို ရှာဖွေရန်သာ။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစုပင်လုံညီလာခံသည် အဖြေဖြစ်မည်လား။ သို့မဟုတ် အခြားနည်းလား။

တပ်ခွဲမှူးမောင်မြင့်၊ စောဘွယ်ဖောနှင့် အညတရစစ်သည်ပေါင်းများစွာသည် ငြိမ်းချမ်းရေးအတွက် စတေးခဲ့သူများ...။ သို့သော် ကိုယ်ကျိုးအတွက် ငြိမ်းချမ်းရေးကို စတေးသူများလည်း ရှိကောင်းရှိနိုင်သေးသည်။

နေလုံးမှာ တဖြည်းဖြည်းမြင့်တက်လာသည်။ ဖုန်းအလိမ်းလိမ်းတက်နေသည့် မော်တော်ကားများထံမှ စက်နှိုးသံကိုကြားရသည်။ တပ်ခွဲမှူးမောင်မြင့်အပါအဝင် KNU စစ်သားများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ ခရီးတစ်ထောက်နားသည့် ဤရွာကလေးမှပင် ခရီးဆက်ရပေဦးမည်။ တာဝန်ကိုယ်စီပြီးဆုံးသွားဟန်ရှိသော တပ်ခွဲမှူးမောင်မြင့်လိုက်ပါလာသည့် ကားလေးမှာ ကလေ့မိုခီးရွာမှ တရွေ့ရွေ့ထွက်ခွာသွားချိန်တွင် စောဘွယ်ဖောမှာ ခြေတုတစ်ဖက်အားပြုရပ်၍ လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်သည်။

သွားနှင့်သူနှင့် ကျန်ရစ်သူ မည်သူပင်ဖြစ်ဖြစ်... မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံသားအားလုံးမှာ ငြိမ်းချမ်းရေးခရီးအတွက် ဆက်လက်ခရီးနှင်ရပေဦးမည်။ ■

**ရဲနိုင်ဦး**

# အပူပိုင်းကျေးလက်ဒေသ ကျန်းမာရေးပြဿနာများ

ရလေး

**ရာသီအကူးအပြောင်းကာလ အပူပိုင်းဒေသကျေးလက်ဒေသတွင် ဖြစ်လေ့ရှိသည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်ပြီး အပူပိုင်းဒေသတစ်ခုဖြစ်သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သင်းမရွာရှိ မကျည်းကန်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသူ သားဖွားဆရာမ ဒေါ်ဉမ္မာအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**Voice : ကျေးလက်ကျန်းမာရေးဌာနခွဲက ဆရာမအနေနဲ့ အတွေ့ရများတဲ့ရောဂါတွေ သိပါရစေ။**

**DOMA :** အေးတဲ့ရာသီရောက်ရင် ဝမ်းလျှောဝမ်းပျက်က တစ်လကို သုံးယောက်လောက်ရှိတယ်။ ဆောင်းအကုန်နွေအကူးမှာလည်း ဝမ်းလျှောဝမ်းပျက်ဖြစ်လေ့ရှိတယ်။ နွေရာသီရောက်ရင် တစ်ယောက်စ၊ နှစ်ယောက်စ ဖြစ်လေ့ရှိတယ်။ အရင်က တစ်လကို ကလေးသုံးယောက်လောက် ဖြစ်ခဲ့တယ်။ ဒီလမှာတော့ တစ်ယောက်မှမရှိသေးဘူး။ ဒီနှစ်ဆိုရင် ဇူလိုင်ကနေ ဒီဇင်ဘာအထိ ခြောက်လကိုမှ နှစ်ယောက်ပဲရှိတယ်။

**Voice : ဒီဒေသအနေနဲ့ဆိုရင် ဝမ်းလျှောဝမ်းပျက်က ရေရှားပါးမှုကြောင့်လို့ ယူဆလား၊ တစ်ကိုယ်ရေသန့်ရှင်းရေးကြောင့်လား။ ဆရာမအနေနဲ့ ဘယ်လိုယူဆလဲ။**

**DOMA :** ကျွန်မကတော့ တစ်ကိုယ်ရေသန့်ရှင်းရေးကြောင့်လို့ ယူဆတယ်။ သောက်သုံးရေကြောင့်ဆိုရင် အများဖြစ်နေမှာလေ။ နေထိုင်မှုမသန့်ရှင်းတာ။ စားသုံးတဲ့ အစားအစာကြောင့်ဖြစ်တာပေါ့နော်။ ၂၀၀၅ ခုနှစ်ကဆိုရင် မုန့်ဟင်းခါး အခမဲ့ကျွေးတာ လာစားလှည့်ဆိုတာကို သွားစားပြီးပြန်လာတော့ အဲဒီရောဂါပိုး (ကာလဝမ်းရောဂါ) ကို သယ်လာတာ။ ရေစကြိုဘက်က ဘုရားပွဲကနေစားရင်း ပါလာတာ။ သူတို့သွားလိုက်တဲ့ဝမ်းကို ယင်နားပြီး ယင်ကနေတစ်ဆင့် ကူးတာ။ ဒီနှစ်ပိုင်းမှာကကျတော့ ယင်ကနေရောဂါဖြစ်တာထက် ခြင်နဲ့ပတ်သက်ပြီး ဖျားနာတာတွေ ခါတိုင်းထက်ပိုများတယ်။

**Voice : ခြင်ကြောင့်ရောဂါဖြစ်တာကရော ဘယ်လောက်များနေလဲ။**

**DOMA :** ခြင်ရောဂါကြောင့်က မနှစ်က သွေးလွန်တုပ်ကွေးတစ်ဦးဖြစ်ခဲ့တယ်။ ဒီနှစ်က သွေးလွန်တုပ်ကွေးမဟုတ်ဘူး။ အဖျားတွေတအားကြီးပြီးတော့ အဖျားကျရင် အနီစက်တွေထွက်တာ။ သွေးလွန်တုပ်ကွေးအဆင့်အထိ မရောက်ဘူး။ ဒီနှစ်က အဖျားတွေအရမ်းပြင်းတာ။ ဇွန်၊ ဇူလိုင်က ကလေးများတယ်။ ဩဂုတ်၊ စက်တင်ဘာက လူကြီးများတယ်။ ကျွန်မ ကလေးလို့ သတ်မှတ်တာက ၁၅ နှစ်အတွင်းကို သတ်မှတ်တာ။ ဒီဇင်ဘာမှာတော့ တော်တော်လျော့သွားတယ်။ ကျွန်မကတော့ ခြင်ကြောင့်လို့ သတ်မှတ်တယ်။

**Voice : ဒီဒေသမှာက ရေမရှိတော့ ဘယ်လိုမျိုး ခြင်ကဘယ်လိုပေါက်လဲ။**

**DOMA :** ဒီမှာက ရေမရှိတော့ မိုးရေလှောင်ကန်တွေနဲ့ ရေလှောင်တယ်။ အဲဒီထဲမှာ ခြင်ပေါက်ဖွားပြီးကာမှ အဲဒီလိုဖြစ်တာ။

**Voice : ပညာပေးတာကို ဆရာမ ဘယ်လိုလုပ်နေလဲ။**

**DOMA :** တစ်လတစ်ခါ ကျောင်းတွေမှာ ပညာပေးလိုက်လုပ်တယ်။ တစ်ပတ်တစ်ခါ ကျောင်းတွေမှာ ရေရှိတဲ့အိုးတွေမှာ ပိုးလောက်လန်းမပေါက်ဖွားအောင် အိုးတွေမှောက်ပေးဖို့၊ ရွာထဲမှာလည်း ပတ်ဝန်းကျင်ကို ပိုးလောက်လန်းတွေ လိုက်စစ်တယ်။ တချို့ရွာကတော့ တောနေတဲ့သူများတယ်။ ဒီမှာက တောနေနဲ့ ရွာနေရှိတယ်။ တောနေဆိုတာက သနပ်ခါးခြံတွေရှိတော့ ရွာထဲက အိမ်မှာမနေကြဘူး။ တောမှာနေကြတာ။

**Voice : အဲဒါဆို တောနဲ့ရွာနဲ့ဆိုရင် ဘယ်မှာက ခြင်ပိုများမလဲ။**

**DOMA :** ကျွန်မတွေ့ခဲ့တဲ့ဒေသတွေ မှာတော့ တောမှာက ခြင်နည်းတယ်။ ရွာမှာက ခြင်ပိုများတယ်။ တောမှာက ဟင်းလင်းပြင်ကို အကာအကွယ်မရှိဘူးလေ။ ရွာမှာက သန့်ရှင်းရေးမလုပ်နိုင်ဘူးဆိုရင်တောင် အပေါက်တွေ လုပ်ထားဖို့၊ ခြင်ထောင်တွေ မထောင်ထားဖို့၊ အဝတ်တွေ တွဲလောင်းမထားဖို့၊ ခြင်တွေက အမှောင်ကြိုက်တော့ အလင်းရအောင်ထားခိုင်းတယ်။ ရွာမှာတော့ ကျွန်မ အဘိတ်လိုက်ခပ်တယ်။ အဖျားများတဲ့နေရာမှာ ပိုလုပ်တယ်။ သွေးလွန်တုပ်ကွေးမဟုတ်ဘဲနဲ့ အဖျားများကြတယ်။ ၁၀၂၊ ၁၀၃၊ ၁၀၄ လောက်ရှိတယ်။ အဖျားကျသွားရင် အနီစက်တွေထွက်တယ်။

**Voice : ဆရာမရဲ့ကျေးလက်ကျန်းမာရေးဌာနခွဲအောက်မှာရှိတဲ့ ရွာလေးရွာမှာဆိုရင် ဘယ်ရွာက ကျန်းမာရေးအသိပိုနည်းလဲ ဆရာမ။**

**DOMA :** ကျန်းမာရေးအသိနည်းတာ နှစ်ရွာရှိတယ်။ ဒါပေမဲ့ မာရီစတုပ်၊ ကြက်ခြေနီနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတွေက ဟောပြောပွဲတွေ လာလုပ်ပေးနေတော့ ၂၀၁၆ မှာဆိုရင် အသိတွေက ရှိလာတယ်။ နဂို ၂၀၁၀ လောက်ထိ ကာကွယ်ဆေးထိုးဖို့ ခေါ်ရခက်တဲ့ရွာကတောင် သူတို့အသိကိုက ကာကွယ်ဆေးထိုးရမယ့်အသိတွေရှိလာတယ်။ အရင်တုန်းက အဘိုးကြီး၊ အဘွားကြီးတွေလက်ထက်က ကာကွယ်ဆေးထိုးဖို့ ကလေးတွေ၊ ကိုယ်ဝန်ဆောင်တွေကို ခေါ်ရင်တောင် ခေါ်နေတာပဲလို့ပြောကြတယ်။ အခုဆိုရင် ဆိုင်ကယ်တွေလည်းရှိလာတော့ ကာကွယ်ဆေးထိုးဖို့ သူတို့ကတောင် ထိုင်စောင့်နေကြပြီ။

**Voice : ကျန်းမာရေးအသိရှိလာတယ်ဆိုတာကို ရာခိုင်နှုန်းအနေနဲ့ဆိုရင် ဘယ်လောက်ရာခိုင်နှုန်းက ကျန်းမာရေးအသိရှိတာလဲ ဆရာမ။**

**DOMA :** တစ်ရွာလုံးအတိုင်းအတာနဲ့ပြောမယ်ဆိုရင် ၃၀ ရာခိုင်နှုန်းလောက်ပဲ ရှိမယ်။ ဘာလို့လဲဆိုတော့ အသိတွေကတော့ရှိလာပြီ၊ လူတိုင်းတော့ မရှိသေးဘူးပေါ့နော်။ ■

# ဆောင်းရာသီမှာ စားသင့်တဲ့အသီးအနှံသုံးမျိုး

**ရာသီအကူးအပြောင်းကာလမှာ ကျန်းမာရေးကို အထောက်အကူဖြစ်စေဖို့ ဆောင်းအတွက်ရာသီစာတွေထဲက အသီးအနှံသုံးမျိုးကို ဖော်ပြပေးလိုက်ပါတယ်။**

## မုန်လာဥနီ

မျက်လုံးအတွက် အလွန်အထောက်အကူပြုတဲ့အသီးအနှံက မုန်လာဥနီပါ။ ခန္ဓာကိုယ်အတွက် ဗီတာမင်အေကို ထောက်ပံ့ပေးတဲ့ မုန်လာဥနီဟာ ကိုယ်ခံအားစနစ်ကိုသာမက မျက်လုံးကျန်းမာရေး၊ အသားအရေနဲ့ ခန္ဓာကိုယ်ရဲ့တခြားအစိတ်အပိုင်းတွေအတွက်ပါ အားဖြည့်ပေးပါတယ်။ ဆောင်းရာသီမှာ လတ်ဆတ်တဲ့ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေ စားပေးဖို့ကလည်း လိုအပ်တာကြောင့် ဗီတာမင်စီလည်း ကြွယ်ဝတဲ့ လိမ္မော်ရောင်အသီးအနှံဖြစ်တဲ့ မုန်လာဥနီကို ဆောင်းတွင်းအစားအစာတစ်ခုအဖြစ် စားသုံးသင့်ပါတယ်။ မုန်လာဥနီကို ပလတ်စတစ်အိတ်နဲ့ ရေခဲသေတ္တာထဲ သိမ်းမယ်ဆိုရင်တော့ ရက်ပေါင်းများစွာ အထားခံပါတယ်။

## ကမ္ဗလာသီး

ဗီတာမင်စီကြွယ်ဝတဲ့ လိမ္မော်ရောင် ကမ္ဗလာသီးဟာ ဆောင်းတွင်းသာမက နွေရာသီမှာပါ စားသင့်တဲ့ အသီးအနှံတစ်ခုဖြစ်ပါတယ်။ ဒီအသီးဟာ ကင်ဆာဖြစ်စေမှုကိုလည်း လျော့ကျစေပါတယ်။ တခြား ဗီတာမင်စီကြွယ်ဝတဲ့ သံပုရာသီး၊ ရှောက်သီး၊ လိမ္မော်သီးတို့လိုပဲ ဆောင်ရာသီမှာစားသင့်တဲ့ အသီးအနှံတစ်ခုဖြစ်ပါတယ်။ ကဗ္ဗလာသီးကို ရေခဲသေတ္တာနဲ့သိမ်းထားမယ်ဆိုရင် တစ်ပတ်၊ နှစ်ပတ်ခံမှာဖြစ်ပြီး သာမန်အခန်းအပူချိန်မှာဆိုရင်တော့ လေးရက်လောက်ပဲ ကြာရှည်ခံပါတယ်။

## သလဲသီး

အာဟာရဓာတ်ပြည့်ဝတဲ့အပြင် အရည်ရွှမ်းတဲ့ သလဲသီးဟာ နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။ သွေးပေါင်ချိန်တက်တာ၊ နှလုံးခုန်မြန်တာနဲ့ နှလုံးခုန်နှုန်းနှေးတာတွေအတွက်ပါ စားသင့်တဲ့ အသီးအနှံတစ်ခုဖြစ်ပါတယ်။ သလဲသီးကိုတော့ ရေခဲသေတ္တာထဲမှာ သိမ်းထားမယ်ဆိုရင် နှစ်လလောက်သိမ်းထားနိုင်မှာဖြစ်ပြီး သာမန်အပူချိန်မှာဆိုရင်တော့ တစ်ပတ်၊ နှစ်ပတ် အထားခံပါတယ်။ ■

**Ref: http://greatist.com**

## ကျန်းမာရေးသတင်းတိုများ

- နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများကို ဆာကူရာဆေးရုံတွင် အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိသည့်အတွက် ခွဲစိတ်ကုသမှုခံယူလိုသူများသည် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၉ နာရီမှ ၄ နာရီအတွင်း အမှတ် ၂၃၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် ဖုန်း-၀၁ ၅၁၂၆၆၈ တွင် အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်သည်။ ■

- ကလေးအာဟာရမှုန့်များဖြန့်ချိသည့် Dutch Lady ကစီစဉ်သော ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၁၇၊ ၁၈ ရက်တွင် စံရိပ်ငြိမ် ဂမုန်းပွင့်၊ ဒီဇင်ဘာ ၁၄၊ ၁၅ ရက်တွင် လှည်းတန်းစင်တာ၊ ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၁၇ ဇန်နဝါရီ ၁ ရက်နေ့တို့တွင် Ocean (ရွှေဂုံတိုင်) တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ■

- မြန်မာနိုင်ငံတွင် လက်ရှိဆက်တိုက်လို ဖြစ်ပေါ်နေသော သက်ငယ်မုဒိမ်းမှုများ ပပျောက်သွားစေရန်ရည်ရွယ်၍ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သော ကိစ္စရပ်များကို ကန့်ကွက်ရှုတ်ချမည့် အဖြူရောင် ပူဖောင်းလှုပ်ရှားမှု (White Balloon Movement) ကို ဒီဇင်ဘာ ၁၈ ရက်နေ့၌ ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ■

# နှစ်ရာစားများ

မြတ်နိုးခင်

**“ဒီအလုပ်က တော်ရုံလူလုပ်လို့ မရဘူး။ သင်္ချာတော်မှ ...” ဟု ဦးကျော်စွာမင်းက ပခုံးထက်တွင်သိုင်းထားသည့် ဘေးလွယ်အိတ်ကို တစ်ချက်ပင့်လိုက်ရင်း ဂုဏ်ယူသည့်လေသံဖြင့် ဆိုလိုက်သည်။**

ကိန်းဂဏန်းများ၏ အပေါင်းအနုတ်ကို တစ်စက္ကန့်ပင်မကြာဘဲ တွက်ချက်နိုင်သည့်အပေါ်တွင် ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်သည်။

သို့သော် ကြာကြာဂုဏ်မယူနိုင်အား။ စကားစဖြတ်ရင်း မှတ်တိုင်သို့ရောက်လာသည့် ဘတ်စ်ကားများဆီသို့ ခပ်သွက်သွက်ပြေးသွားရသည်။

အောက်ကြည့်မြင်တိုင်လမ်း ညဈေးမှတ်တိုင်သည် ဦးကျော်စွာမင်း၏ အလုပ်တည်နေရာဖြစ်သည်။ ဆိုင်ခန်းမလို၊ ရောင်းကုန်မလိုသော်ငြား နေ့စဉ်တစ်သောင်းကျော် ဝင်ငွေရှိသည်။

ဒစ်ဂျစ်တယ်နာရီအနီရောင်နှင့် ကိန်းဂဏန်းများ အစီအရီရေးမှတ်ထားသည့် ဗလာစာအုပ် ခပ်နွမ်းနွမ်းသည်သာ သူ၏ အဓိက အသက်မွေးဝမ်းကျောင်း ပစ္စည်းများဖြစ်သည်။

သူက မှတ်တိုင်ဆီသို့ ရောက်လာသည့် ဘတ်စ်ကားများ၏ နံပါတ်နှင့် ရောက်ချိန်ကို ရေးမှတ်ရသည်။ ယင်းမှာ သူ၏ ပထမအလုပ်ဖြစ်သည်။

တာဝန်ယူထားသည့် ယာဉ်လိုင်း ငါးလိုင်းကို ခေါင်းစဉ်သီးသန့်ခွဲထားပြီး သူကမှတ်ထားသည်။ ယာဉ်လိုင်းအောက်တွင်ပြေးဆွဲနေသည့် ကားနံပါတ်များနှင့် မှတ်တိုင်ကို ရောက်ရှိသည့် နာရီနှင့် မိနစ် အတိအကျ။

ဒုတိယအလုပ်မှာ မှတ်တိုင်မှထွက်ခွာသွားသည့် ပထမကားနှင့် မှတ်တိုင်သို့ ဆိုက်ရောက်လာသည့် ဒုတိယကားအချိန်ကွာဟချက်ကို ဒုတိယကား၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ပြောပေးရခြင်းဖြစ်သည်။

“ပြောတဲ့အချိန်ပေါ်မှာ ကွာဟချက်ကိုချိန်ထိုးပြီး သူတို့သွားတယ်။ ရပ်ပျက်ဆင်းပျက်မဟုတ်တော့ဘဲ တစ်စီးနဲ့ တစ်စီး ဝင်ငွေမျှမျှတတဖြစ်အောင် ဒိုင်လိုမျိုး Moderation (စိစစ်ခြင်း) လုပ်ပေးရတာပေါ့” ဟု ဦးကျော်စွာမင်းက ဆိုလိုက်သည်။

ဦးကျော်စွာမင်းမှာ ယခင်က ဈေးရောင်းသူတစ်ဦးဖြစ်ခဲ့သော်လည်း အချိန်မှတ်သူအဖြစ် ပြောင်းလဲလုပ်ကိုင်ခဲ့သည်မှာ အချိန်ငါးနှစ်ကျော်ရှိနေပြီဖြစ်သည်။

ရန်ကုန်မြို့တော်တွင် ပြေးဆွဲနေသည့် ဘတ်စ်ကားခုနစ်ထောင်ကျော်အတွက် မှတ်တိုင်အချို့တွင် ဦးကျော်စွာမင်းကဲ့သို့ ဘတ်စ်ကားလိုင်းများကို အချိန်မှတ်ပေးနေသူများ အများအပြားရှိနေသည်။

ထိုသူတို့မှာ လမ်းကြောင်းတူနှင့် လိုင်းတူဘတ်စ်ကားတစ်စီးနှင့် တစ်စီး အကြား အချိန်ကွာဟမှုကို သိရန်အတွက် အချိန်မှတ်ပေးရသည်။

ထိုအချိန်ဇယားကို ခန့်မှန်း၍ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့က မှတ်တိုင်တွင် ရပ်စောင့်ရန် သို့မဟုတ် ရှေ့ကားကို အမီလိုက်ရန် ဆုံးဖြတ်ကြသည်။ ယင်းကို ကားကွက်ချသည်ဟု ခေါ်ကြသည်။

ကားသမားများ၏ ရည်ရွယ်ချက်မှာ ရှေ့ကား၊ နောက်ကားဖြင့်ယှဉ်၍ ကားပေါ်ကို ခရီးသည်ရနိုင်သလောက် တင်ရန်သာဖြစ်သည်။

“ကားအစီးရေများတဲ့ ယာဉ်လိုင်းကတော့ ထိုင်(ရပ်)စရာမလိုဘူး။ ခုရောက် ခရီးသည်တင်ပြီး ထွက်တာပဲ။ ကားနည်းတဲ့လိုင်းကတော့ ကျွန်တော်တို့ကိုအပ်တယ်” ဟုကိုကျော်စွာမင်းက ဆိုလိုက်သည်။

မူလဂိတ်က ဘတ်စ်ကားများကို ဆယ်မိနစ်၊ ခုနစ်မိနစ် အချိန်ခွာ၍ ထွက်ခွာစေသော်လည်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် မှတ်တိုင်များသို့ရောက်ရှိမှုမှာ အချိန်မမှန်ကြပေ။ ထို့ကြောင့်ပင် အချိန်မှတ်သူများကို ကားသမားများက အားကိုးလာရခြင်းပင်။

ထို့ပြင် လမ်းကြောင်းတူသည့်အခြား ဘတ်စ်ကားများနှင့်လည်း ဂိတ်လွှတ်ချိန် မတူညီသဖြင့် ယှဉ်ပြိုင်၍ ခရီးသည်များများတင်နိုင်ရေးအတွက် နှစ်ရာစားတို့၏ နှုတ်ထွက်စကားအပေါ် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က စီမံခန့်ခွဲမှု ပြုကြပြန်သည်။

“ငါးမိနစ်လောက် ရှေ့ကားနဲ့ကွာရင်တော့ ကျွန်တော်တို့က အမီလိုက်တာပဲ” ဟု (၃၃) ယာဉ်လိုင်းမှ ယာဉ်နောက်လိုက် တစ်ဦးကဆိုသည်။

သို့မဟုတ် ရှေ့ကားနှင့် အချိန်ကပ်နေပါက မှတ်တိုင်တွင် ကျောက်ချ၍စောင့်ပေတော့သည်။ အချိန်မှတ်ပေးသူများကတော့ ယာဉ်မောင်း၏ ဆုံးဖြတ်ချက်ကို ပါဝင်စွက်ဖက်ခြင်းမရှိကြချေ။

ထိုအချိန်မှတ်သူများကို အချို့က မ.ထ.သ ၏ ဝန်ထမ်းများဟု အထင်ရှိကြသည်။ သို့သော် -

“ကျွန်တော်တို့လူတွေ မဟုတ်ဘူး” ဟု မ.ထ.သ ဥက္ကဋ္ဌ ဦးလှအောင်က ယတိပြတ်ဆိုသည်။

ယခင်က ဘတ်စ်ကားလမ်းကြောင်း၏ အလယ်ဂိတ်တွင် မ.ထ.သ ဝန်ထမ်းများက ကားရောက်ချိန်နှင့် ထွက်ချိန်ကို မှတ်တမ်းတင်ခဲ့ကြပြီး အချိန်မှတ်ရုံသာမက ဘတ်စ်ကား ပြေးဆွဲမှုများကို စီမံခန့်ခွဲပေးခဲ့ဖူးသည်။

“ရှေ့ကားနဲ့ နီးတယ်ဆိုရင် ခဏနေဦးဆိုပြီး ဝေဘယ်လ်(အချိန်မှတ်တမ်း)ကို ယူထားလိုက်တယ်။ ဒီဟာပါမှ ဆီထည့်ရတာ၊ ခေါက်ရေတွက်လို့ရတော့ ဒါမပါရင် တွက်လို့မရဘူး။ နားမထောင်ဘဲ ထွက်တယ်ဆိုရင် အရေးယူခံရတာ” ဟု လိုင်ဒဂုံယာဉ်လိုင်း နာယက ဦးမျိုးဝင်းက မ.ထ.သ ဝန်ထမ်းများ ကြီးကြပ်စဉ်က အခြေအနေကို နှမြောစွာ ဆိုလိုက်သည်။

အလယ်ဂိတ်များ ဖျက်သိမ်းလိုက်သော်လည်း ယင်းအရှိန်မှာ ဆက်လက်ကျန်ရှိနေသေးသည်၊ သို့သော်မ.ထ.သ ဝန်ထမ်းများအစား ဘတ်စ်ကားသမားများနှင့် ဆက်နွှယ်နေသူများ ဝင်ရောက်လာကြသည်။

လူတိုင်းတော့ ဝင်လုပ်လို့မရ။ ကားသမားများနှင့် ခင်မင်ရင်းစွဲရှိသူများ ဖြစ်ရမည်။

ထို့ကြောင့်ပင် မှတ်တိုင်ရှိ ကွမ်းယာသည်၊ ရေသန့်ရောင်းသူတို့မှ အစ မ.ထ.သ ဝန်ထမ်းအငြိမ်းစားများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ဟောင်းများပါ ဝင်ရောက်လုပ်ကိုင်ခွင့်ရကြသည်။ တစ်ခါတစ်ရံလည်း စည်းကမ်းဖောက်ဖျက်သဖြင့် အရေးယူခံရသည့် ယာဉ်မောင်း၊ စပယ်ယာတို့လည်း အလျဉ်းသင့်သလို အချိန်မှတ်ကြသည်။

အချိန်မှတ်သူ ဦးကျော်စွာမင်း ကိုယ်တိုင် ယင်းနေရာအတွက် မ.ထ.သ ဝန်ထမ်း အငြိမ်းစားတစ်ဦးထံမှ လက်ပြောင်းလွှဲယူခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေး မကောင်းသည့် အငြိမ်းစားထံ ထောက်ပံ့ကြေးအနည်းငယ် ပေးလိုက်ရကြောင်း သူကဆိုသည်။ သမိုင်းဘာသာဖြင့် ဘွဲ့ရထားသူ ဖြစ်လင့်ကစား ဝမ်းရေးအတွက် ပြေလည်သည့် ယင်းအလုပ်ကို ရွေးချယ်ထားရသည်။

ယခင်ကတော့ ကွမ်းဖိုး၊ ဆေးဖိုးရရုံဆိုသည့် အခြေအနေမှ လိုအပ်ချက်အရ ကွမ်း၊ ဆေးလိပ်ဖိုးတို့မှသည် ဘတ်စ်ကား တစ်စီးလျှင် ၂၀၀ ကျပ်အထိ လိုင်းကြေးပေါက်လျက်ရှိသည်။

“ဘာမှ မပြောပလောက်တဲ့ပိုက်ဆံ၊ သူတို့အတွက်က အကျိုးအမြတ်ရှိတယ်။ ဆင်ကန်းတောတိုး မသွားဖြစ်ဘဲ အချိန်ကြည့်ပြီး ဆင်ခြင်နိုင်စွမ်းရှိသွားတယ်” ဟု ဦးကျော်စွာမင်းက ဆိုသည်။

မပြောပလောက်သည့် ပိုက်ဆံများကို ဘတ်စ်ကားတိုင်းဆီက ရသောအခါတွင် ဦးကျော်စွာမင်းကဲ့သို့ နှစ်ရာစားများမှာ တွက်ခြေကိုက်သည်။ ထို့အတွက် နံနက် ၇ နာရီခွဲမှ ည ၈ နာရီကျော်သည်အထိ အလုပ်လုပ်ပေးရသည်။

နှစ်ရာစားတို့အထဲတွင် ဦးအောင်ကျော်မင်းသည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ကားမောင်းသူတစ်ဦး ဖြစ်သော်လည်း ဗိုက်ကို ခွဲစိတ်ကုသရသဖြင့် ကားမမောင်းနိုင်တော့ဘဲ သံလမ်းမှတ်တိုင်တွင် နှစ်ရာစားအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ နှစ်ရာစားဘွဲ့ကို ခံယူထားသည်မှာ ရှစ်နှစ်ပင် ကျော်ချေပြီ။

ဦးအောင်ကျော်မင်း၏ ဝင်ငွေမှာလည်း မနည်းလှ။ တစ်လလျှင် သုံးသိန်းကျော်ခန့် ဝင်ငွေရှိသည်။ ၎င်းသည် သံလမ်းမှတ်တိုင်မှ ဖြတ်သန်းပြေးဆွဲနေသည့် ၁၂၄၊ ၄၈၊ ၂၁၃၊ ၁၅၇၊ ရွှေညီနောင်ယာဉ်လိုင်းတို့ကို အချိန်မှတ်ပေးရသူပင်။

“ကြမ်းကြမ်းတမ်းတမ်း မလုပ်နိုင်တော့ဘူး။ ဒါလေးက တွက်ချေကိုက်တော့ လုပ်ဖြစ်နေတာ” ဟုဦးအောင်ကျော်မင်းက ရင်ဖွင့်သည်။

သို့ရာတွင် အချိန်မှတ်ပေးသည့် ယာဉ်လိုင်းရှိ ဘတ်စ်ကားအားလုံးက ပေးသည်တော့ မဟုတ်ချေ။ အချို့ဘတ်စ်ကားများက ကျပ် ၂၀၀ တန်သည်၊ ကျပ်၃၀၀ တန်သည်ဖြစ်စေ ပေးကြသည်။ အချို့ ဘတ်စ်ကားများကတော့ မပေးကြချေ။

နှစ်ရာစားများကတော့ ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ နောက်ကားများအတွက် အချိန်မှတ်နေဆဲပင်။

အချို့ အချိန်မှတ်သူများကတော့ လူရေလည်သည်။ ခန့်မှန်း၍ ပြောဆိုတတ်ကြသည်။ ယင်းအပေါ်တွင် စီမံ၍ မောင်းနှင်ကြသည့် ကားသမားများမှာ ဒုက္ခရောက်ပေတော့သည်။



ဓာတ်ပုံ-မြင့်မိုးညို

**အချပ်ပို C သို့**

စာမျက်နှာ ၁၂ | နှစ်ရာစားများ မှအဆက် ...



ဓာတ်ပုံ-မြင့်မိုးညို

"ပိုက်ဆံမပေးတဲ့ကားကျ တစ်မျိုး ပြောမယ်။ ပိုပေးတဲ့ကားကျ ပိုပြောတာမျိုး တွေ ဖြစ်နိုင်တယ်။ သမာသမတ်မကျနိုင်ဘူးဆို အန္တရာယ်ရှိတယ်" ဟု လှိုင်ဒဂုံယာဉ်လိုင်းမှ ဦးမျိုးဝင်းက စိုးရိမ်တကြီး ဖွင့်ဟသည်။

ယနေ့ ရန်ကုန်မြို့တော်ရှိ နှစ်ရာစားတို့၏ နှုတ်ထွက်စကားသည် ယာဉ်မောင်းသူတို့၏ မောင်းနှင်အားနှင့် တိုက်ရိုက် အချိုးကျလျက်ရှိသည်။ နှစ်ရာစားတို့ အပေါ်ယုံကြည်မှုမှ မြစ်ဖျားခံလာသော ယာဉ်မောင်းသူ အချင်းချင်းကြား ပြိုင်ဆိုင်မှုများက ရန်ကုန်မြို့လမ်းမများထက်တွင် အပြင်းအထန်။

"အချိန်မှတ်တဲ့သူအလုပ်က သမာအာဇီဝကျပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ အခြေခံပြီး အရှိန်ပြင်းပြင်း မောင်းကြတယ်၊ ပုံမှန်ပဲမောင်းတယ်။ ဆက်ဆံရေး ကောင်းရင် ဒီကားကိုမှတ်ထားပြီး ခရီးသည်က လာမှာပဲ"ဟု (၄၈) ယာဉ်လိုင်းပိုင်ရှင် ကိုတရုတ်လေးက သူ့အမြင်ကိုပြောဆိုသည်။

နေ့စဉ်ရန်ကုန်မြို့ပြ လူထု၏ ၂ ဒသမ ၅ သန်းသော ခရီးသည်များမှာ ဘတ်စ်ကားများကို အဓိကအားထား အသုံးပြုရလျက်ရှိသည်။ ထိုသန်းနှင့်ချီသော ရန်ကုန်လူထု အားထားရာ ဘတ်စ်ကားများ၏ ပြေးဆွဲချိန်တို့က နှစ်ရာစားတို့ ပါးစပ်တွင်သာ။

ငွေကုန်ကြေးကျများသည့်အင်တာနက်၊ GPS စနစ်တို့ကို ယာဉ်လိုင်းများက စိတ်မဝင်စား။ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များသည်လည်း နှစ်ရာစားရှိလျှင် အလုပ်ဖြစ်သည်ပင်။

ထို့ကြောင့်-

"ကားက စီးနင်းမှု မမှန်ဘူးလေ။ ရှေ့ကား ဘယ်လောက်ကပ်တယ်ဆိုရင် ဒီမှာ ကျောက်ချတယ်။ ကွာတယ်ဆိုရင် အတင်းမောင်းသွားတာ။ လမ်းကြောင်းတူ နေတဲ့နေရာမှာ ယာဉ်လိုင်းမတူတာတွေ ရှိနေတဲ့အတွက် ဒီပြဿနာက ရှိနေမှာပဲ" ဟု မ.ထ.သ ဥက္ကဋ္ဌ ဦးလှအောင်က မှတ်ချက်ပြုသည်။

ယာဉ်လိုင်းမတူသော်လည်း လမ်းကြောင်းတူ ပြေးဆွဲနေသည့် ဘတ်စ်ကားများ၏ ခရီးသည်အပြိုင်လုနေရသည့် ယနေ့ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ်သည်လည်း အချိန်မှတ်သူ နှစ်ရာစားများ အသက်ရှုချောင်စေမည့်အခြေအနေ တစ်ခုအလား။

နေညိုသန်း၍ မှောင်ရီပျိုးလာချိန်တွင် ဦးကျော်စွာမင်း၏ လွယ်အိတ်တွင်း၌ ငွေစတို့နှင့် ဖောင်းပွစပြုလာပြီဖြစ်သည်။

ဦးကျော်စွာမင်းတစ်ယောက် အချိန် ၁၂ နာရီကျော်သည့်တိုင် မတ်တတ်ရပ်ရင်း လာသမျှ ကားနောက်ပြေးလိုက် စာရင်းမှတ်ဖြင့် ဗျာများခဲ့သည့်အတွက် ပင်ပန်းညောင်းညာမှုကိုပင် မတွေးမိခဲ့။ အခုတော့ ည ၈ နာရီကျော်လာချိန် ကားတို့ ရှင်းစပြုလာသည်မို့ တစ်နေ့တာ ပင်ပန်းမှုများကို သယ်ပိုးရင်းလှိုင်သာယာရှိ မိသားစု အိမ်လေးရှိရာသို့ ပြန်ရန် ပြင်ခဲ့ပြီ။

သို့သော်- မိသားစု ထမင်းအိုးကို နှပ်မှန်မှန် ဖြည့်ပေးနိုင်သည့် နှစ်ရာစားအလုပ်ကိုတော့ ဦးကျော်စွာမင်း တစ်ယောက် ပင်ပန်းသည့်တိုင် ဂုဏ်ယူမိသည်က အမှန်။

"တော်ရုံလူတော့ လုပ်လို့မရဘူး။ ရှစ်တန်းတုန်းက သင်္ချာဂုဏ်ထူးပါထားတယ်လေ။ ဒါကြောင့် မြန်မြန်ဆန်ဆန် တွက်နိုင်တာ..." ဟူ၏။

ဂုဏ်ယူမည်ဆိုက ဂုဏ်ယူလောက်သည်ပင်။ ထိုသူတို့သည် အစိုးရ၊ အဖွဲ့အစည်းတို့၏ အောက်တွင် မပါရှိမနေသည့်တိုင် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးတွင် တစ်နည်းတစ်ဖုံဖြင့် ပါဝင် ပတ်သက်နေသူများပင် မဟုတ်ပါလား။

ဤသို့ တကွဲတပြားဖြင့် ပြန့်ကျဲနေသည့် ထိုနှစ်ရာစားတို့၏ အားသည်သာ စနစ်ကောင်းတစ်ခု အောက်တွင် သေသေသပ်သပ်ရှိနေမည်ဆိုလျှင် ရန်ကုန်မြို့လမ်းမများထက် ဘတ်စ်ကား ပြိုင်ပွဲများက တစ်နည်းတစ်ဖုံပြောင်းလဲကာ ဝမ်းလည်းဝ၊ မြို့လည်းလှနိုင်ကောင်းမည်ပင်။ ■




# အစပ်နှင့် ဆီချစ်သူတို့အတွက် လက်ဆောင်

**The Voice**

**အစပ်ကလေးနှင့်မှ၊ ဆီရွှဲရွှဲလေးနှင့်မှ ဆိုသူများအတွက် လက်ဆောင်များရှိသည်။**

ပြီးခဲ့သည့်လက မှိုပါ ငရုတ်သီးမှုန့်နှင့် ကျန်းမာရေးညီညွတ်မှုမရှိသော ဆီထုတ်လုပ်သူအချို့ကို အစိုးရက သတိပေးထားသည်။

မြန်မာနိုင်ငံက နာမည်ကြီးတံဆိပ် ငရုတ်သီးမှုန့်ထုပ်များတွင် Aflatoxin B1 တွေ့ရှိကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က ပြီးခဲ့သည့် နိုဝင်ဘာလ ၂၂ ရက်နေ့က ထုတ်ပြန်ထားသည်။ ထိုလုပ်ငန်းများတွင် ဒေါ်တင်ဆင်ဖြူကျွန်း၊ OK ထွန်း၊ မြို့မဆင်ဖြူတော်၊ ဖိုးဝ၊ မြန်မာရန်နုံ၊ ဒေါ်ထွေး၊ မခင်အေး (မော်လမြိုင်)၊ KSS၊ ဘုတ်ဆုံမတို့ ပါဝင်သည်။ ၎င်းတို့ ထုတ်ကုန်များကို ဈေးကွက်အတွင်းမှ တစ်ပတ်အတွင်း ပြန်သိမ်းရန်ပါဝင်သည်။

စားသုံးသည့် ငရုတ်သီးမှုန့်များတွင် Aflatoxin B1 ပါဝင်မှုကြောင့် အူနှင့်အသည်းတို့အတွင်း မှိုအဆိပ်များရောက်ရှိကာ အူကင်ဆာ၊ အသည်းကင်ဆာတို့ဖြစ်စေသည့်အပြင် အသည်းရောင်အသားဝါရောဂါကိုလည်း ဖြစ်စေနိုင်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဘရွှေ ကရှင်းပြသည်။

Aflatoxin ပါသည့် မှိုကြောင့် အသည်းထိကြောင်း၊ အသည်းတွင်အရွတ်ဖြစ်ခြင်း၊ အသည်းခြောက်ပြီး မာလာခြင်းဖြစ်ပြီး အဆုံးတွင် အသည်းကင်ဆာဖြစ်စေကြောင်း အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ သမားတော်ကြီးပါမောက္ခ ဒေါက်တာမျိုးသွင်က ဆိုသည်။

"ငရုတ်သီးမှာ အရင်ကတည်းက မှိုပါရင်တော့ ကျွန်တော်တို့ထုတ်တဲ့အပိုင်းမှာလည်း မှိုပါသွားနိုင်ပါတယ်။ ရောင်းတဲ့သူနဲ့ စားသုံးတဲ့သူက အထားအသိုမမှန်ရင် မှိုဝင်နိုင်တယ်။ အဲဒီလိုဖြစ်လို့ ကိုယ့်ဘာသာ ကြိတ်စားမယ်ဆိုရင်လည်း ငရုပ်သီးမှာကိုက မှိုပါနေတဲ့အတွက် စားသုံးသူကိုထိမှာပါပဲ" ဟု ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်းမှ တာဝန်ရှိသူ ဦးဇာနည်အောင်က ဆိုသည်။

လက်ရှိအချိန်တွင် ပြည်တွင်းငရုတ်သီးများ မှိုပါ၍ စိတ်မချရသည့်အတွက် အိန္ဒိယက ငရုတ်သီးမှာထားပြီး နောက်ပိုင်းတွင် ယင်းငရုတ်သီးမှ ငရုတ်သီးမှုန့်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း The Voice နှင့် တွေ့ဆုံခဲ့သည့် လုပ်ငန်းရှင်လေးဦးက ပြောကြားသည်။ တွေ့ဆုံခဲ့သော လုပ်ငန်းလေးခုမှာ မြန်မာရန်နုံ၊ OK ထွန်း၊ ဘုတ်ဆုံမနှင့် ဒေါ်ထွေးတို့ဖြစ်သည်။

"အခု အဲဒီငရုတ်သီးကိုလည်း FDA ကိုတင်ထားတယ်။ သူတို့စစ်ဆေးပြီးရင် အိန္ဒိယငရုတ်သီးနဲ့ ငရုတ်သီးမှုန့်ကို စထုတ်မယ်။ ဈေးတော့ နည်းနည်းကြီးသွားနိုင်တယ်" ဟု ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်းမှ ဦးဇာနည်အောင်က ဆိုသည်။ သူ့အဆိုအရ ယခင် ၁၀၀ ကျပ်တန်ကို ၁၅၀ အထိ ဈေးတက်သွားနိုင်သည်။

တောင်သူလက်ထဲတွင် မှိုမကင်းသည့် ငရုတ်သီးများသာရှိမည်ဖြစ်သောကြောင့် ငရုတ်စိုက်ပျိုးသည့် တောင်သူများလည်း ဒုက္ခရောက်နိုင်သဖြင့် စိုက်ပျိုးရေးဌာနအနေနှင့် ငရုတ်သီးစိုက်တောင်သူများအား ပိုးမဝင်သည့် ငရုတ်စိုက်နည်း သင်ကြားပေးဖို့လိုအပ်ကြောင်း ငရုတ်သီးမှုန့်ထုတ်လုပ်သူများက ဆိုသည်။

သို့သော် အစိုးရ တာဝန်ရှိသူကမူ စားသုံးသူကို ကာကွယ်ရန် ထုတ်လုပ်သူများ၏ တာဝန်ဟုဆိုသည်။

ထုတ်လုပ်မှုအဆင့်တိုင်းမှ စားသုံးသူထံရောက်သည်အထိ စားသုံးသူကို ကာကွယ်ရမည်မှာ ထုတ်လုပ်သူများ၏ တာဝန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ဥက္ကဋ္ဌ ဒေါက်တာဝင်းလွင်က တုံ့ပြန်ပြောဆိုသည်။

"ဒါတွေက လုပ်ငန်းလိုင်စင်ချထားပေးကတည်းက စားသုံးသူကို ကာကွယ်ရမယ်။ ထုတ်လုပ်တာ၊ ထုပ်ပိုးတာ၊ ဖြန့်ဖြူးရောင်းချတာကနေ စားသုံးသူလက်ထဲရောက်တဲ့အထိ တာဝန်ယူရမယ်။ ဒါက ကိုယ့်အမှတ်တံဆိပ်ကို ထိန်းသိမ်းတာလည်းဖြစ်တယ်" ဟု ဒေါက်တာဝင်းလွင်ကပြောသည်။

နောက်ထပ် မီးဖိုချောင်ထုတ်ကုန်တစ်မျိုးမှာ ဆီဖြစ်သည်။

စားသောက်ကုန်တွင် မပါမဖြစ်သော ဆီနှစ်မျိုးကိုလည်း ပြီးခဲ့သည့် နိုဝင်ဘာလက ကျန်းမာရေးနှင့် မညီညွတ်သော ထုတ်ကုန်အဖြစ် တပ်လှန့်လိုက်သည်။ ပဲဆီ၊ နှမ်းဆီပေါ်များ၍ ယင်းဆီများကို တန်ဖိုးထားစားသုံးသည့် မြန်မာနိုင်ငံ၏ ဆီဈေးကွက်တွင် အရောအနှောဆီများ၊ ကျန်းမာရေးနှင့် မညီညွတ်သည့် ဆီများကို ရန်ကုန်မြို့တွင် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တွေ့ရှိရသည်ဟု စားသုံးသူရေးရာဦးစီးဌာနက ဆိုသည်။

သီဟအောင်နှင့် ရွှေမြား ပဲဆီသန့် ထုတ်လုပ်သည့် ကုမ္ပဏီနှစ်ခုက ထုတ်လုပ်သောဆီများသည် စံချိန်စံညွှန်းမပြည့်ဟုဆိုကာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က နိုဝင်ဘာ ၁၆ ရက်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ခေါ်ယူသတိပေးခဲ့သည်။

ဆီနှင့် ပတ်သက်သည့်အသံက ကွဲပြားသည်။

ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ပြန်ကြော်ဆီရောသည်ဆိုသော်လည်း စားသုံးသူရေးရာဦးစီးဌာနကမူ ထောက်ခံချက်မဲ့ဆီများဟု ဆိုသည်။

သို့သော်လည်း လက်လီလက်ကားဆိုင်ကြီးများတွင် စားအုန်းဆီ၊ စားအုန်းဆီနှင့် ပဲအရော၊ ပဲဆီ၊ နှမ်းဆီ၊ ပဲနှမ်းဆီတို့ကို ဆီပေပါပုံးများထဲမှ ကန်တော့ဆီခွက်ကြီးများဖြင့် ချိန်တွယ် ရောင်းချနေဆဲ။

"FDA က ဆီတွေကိုစစ်ပြီး ဆီကုန်သည်တွေကိုပါခေါ်စစ်တယ်။ နာမည်ကြီး ကုန်သည်တွေ။ ပြန်ကြော်ဆီတွေရောပြီးရောင်းတဲ့ကိစ္စကိုခေါ်ပြီး ပြောတယ်။ ပြုပြင်ပါ ပြန်စစ်မယ်ဆိုပြီး ပြောထားတယ်" ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ဥက္ကဋ္ဌ ဒေါက်တာဝင်းလွင်က ဆိုသည်။

စားသုံးသူကာကွယ်ရေး ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ တွန်းအားလည်း ပါသည်။ သို့သော် ထိုသို့သော အဖွဲ့အစည်းများသည် ဌာနဆိုင်ရာများလုပ်ဆောင်ရမည့် စစ်ဆေးခြင်း၊ ဖျက်သိမ်းခြင်း၊ အရေးယူခြင်းများပြုလုပ်နေခြင်းမှာ အစိုးရအလုပ်ကို ဝင်ရှုပ်နေကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူအချို့က မြင်ကြလေ့ရှိသည်။

"လုပ်ပိုင်ခွင့်ကို စွက်တာမဟုတ်။ ပြည်သူအတွက်မဖြစ်သင့်လို့ ကာကွယ်တာ။ သူတို့မကာကွယ်လို့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်။ ပြည်သူနဲ့ဖွဲ့ထားလို့ ပြည်သူမှာလုပ်ပိုင်ခွင့် အာဏာရှိတယ်။ ဒီအဆိပ်တွေစားပြီး ဒီတိုင်းတော့ ထိုင်

စာမျက်နှာ ၃၅ သို့



ဓာတ်ပုံ-မြင့်မိုးညို

# အွန်လိုင်းဈေးပေါ်မှ အိမ်မွေးတိရစ္ဆာန်များ

ခိုင်ခိုင်

## လူသားတို့၏ အချစ်တော်မိတ်ဆွေလေးများ ရှိသည်။

ထိုမိတ်ဆွေလေးများကို အွန်လိုင်းဟုခေါ်သော အင်တာနက်ပလက်ဖောင်းပေါ်မှတစ်ဆင့် လွယ်လင့်တကူ မိတ်ဆွေဖွဲ့နိုင်ပြီဖြစ်သည်။ ခွေးကလေးပါပီ၊ ကြောင်ကလေး ရွှေဝါမှအစ လူသားတို့နှင့်အတူ မွေးလေ့မွေးထမရှိသော မြွေများ၊ ဖြူများမှသည် အာဖရိကမှ ကြက်တူရွေးအဆုံး တိရစ္ဆာန်မျိုးစုံ ဝယ်ယူမွေးမြူနိုင်မည်ဖြစ်သည်။

တစ်စထက်တစ်စ ပိုမိုကျယ်ပြန့်လာသည့် အိမ်မွေးတိရစ္ဆာန်ဈေးကွက်ကျေးဇူးပင်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးမှစီးပွားဖြစ်တွက်ခြေကိုက်လုပ်ငန်းအဖြစ် ပြောင်းလဲလာသည့် အိမ်မွေးတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှုမှာ လူမှုကွန်ရက်စာမျက်နှာများပေါ်အထိပါ ရေပန်းစားလာသည်။

၂၀၁၁ ခုနှစ်တွင် အိမ်တွင်း စီးပွားရေးလုပ်ငန်းအဖြစ်မှ ယခု ၂၀၁၆ ခုနှစ်တွင် ဈေးကွက်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လုပ်ကိုင်လာကြသည်။ တစ်နိုင်တစ်ပိုင် အပိုဝင်ငွေရှာသူများအဖို့ တွက်ခြေကိုက်သည့် အိမ်တွင်းလုပ်ငန်းတစ်ခုဖြစ်လာသည်။

ဈေးကွက်တွင် ရန်ကုန်နှင့် မန္တလေး ဝယ်လိုအားကိုအဓိကထားကြသော်လည်း နယ်ဝယ်လက်များလည်း တစ်နေ့ထက်တစ်နေ့ ပိုများလာသည်။

လူကုံထံ အသိုင်းအဝိုင်းမှ ဝယ်လိုအားနှင့် သာမန် တိရစ္ဆာန်ချစ်သူများ၏ ဝယ်လိုအားမှာ ခြားနားသည်။ အချို့မှာ ခွေးတစ်ကောင်လျှင် သိန်းရာချီသုံးနိုင်သော်လည်း အချို့မှာလေးသောင်း၊ ငါးသောင်းမှ လေးသိန်း၊ ငါးသိန်း ဝန်းကျင်ကို မှာယူမွေးကြသည်။

### ဈေးကွက်အနေအထား

အလှမွေးတိရိစ္ဆာန်ရောင်းဝယ်ရေးလုပ်ငန်းမှာ ယခင်က မြေပြင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်းသာ ရှိသော်လည်း လူမှုကွန်ရက်ကို ကျယ်ပြန့်စွာအသုံးပြုလာချိန်မှစ၍ အွန်လိုင်းစာမျက်နှာမှတစ်ဆင့် ရောင်းချလာကြသည်။

ရောင်းသူနှင့် ဝယ်သူအကြား လိုချင်သည့် အမျိုးအစားကိုဖုန်းဆက် ကြိုတင်မှာယူကာ ဝယ်ယူမှုများရှိသကဲ့သို့ရောင်းချသည့်နေရာအရောက် လာရောက်ရွေးချယ်ဝယ်ယူမှုများလည်း ရှိသည်။

“တချို့ကတော့ Preorder (ကြိုတင်မှာယူမှု) ရှိမှ ရောင်းကြတယ်။ အမှာမရှိရင် မယူလာရဲဘူး။ အရောင်းမထွက်ရင် ကိုယ့်ဆီမှာ အိပ်နေမှာလေ။ အဲဒီအတွက် အစာစရိတ်ကရှိသေးတယ်။ ထိုင်းအေးဂျင့်ကတစ်ဆင့်မှာရတာ။ ငွေလည်း အဲဒီလောက် မထားနိုင်တာပါတယ်” ဟု အွန်လိုင်းမှတစ်ဆင့် ခွေးနှင့် တန်ဖိုးကြီးငှက်များ ရောင်းချနေသည့် ကိုဖြိုးအောင်ကဆိုသည်။

စီးပွားဖြစ် သီးသန့်ရောင်းဝယ်သည့် အရောင်းဆိုင်ကြီးများရှိနေပြီး အများစုမှာ နိုင်ငံခြားမျိုး ခွေး၊ ကြောင်နှင့် တန်ဖိုးကြီး ငှက်များကိုသာ ရောင်းချလေ့ရှိသည်။ ငှက်များကိုမူ သေချာပေါက်ယူမည့်သူအတွက်သာ မှာယူရောင်းချပေးသည်။

ပြည်ပမှတင်သွင်းသည့် အာဖရိကကြက်တူရွေးတစ်ကောင်လျှင် ၁၀ သိန်းမှ သိန်း ၃၀ အထိ ပေါက်ဈေးရှိသည်။ သို့သော် ပြည်တွင်းတွင် တိရစ္ဆာန်ကျန်းမာရေးကုသရန် အခက်အခဲရှိခြင်း၊ အစာဈေးနှုန်း ကြီးမြင့်ခြင်းတို့ကြောင့် ဝယ်ယူမှုနည်းပါးကြောင်း မင်္ဂလာဒုံမြို့နယ်ရှိ BGL PET SHOP ဆိုင်ပိုင်ရှင် ကိုသန်းထွဋ်တင်က ဆိုသည်။

အိမ်မွေးခွေးနှင့် ကြောင်၊ အလှမွေးငါးများမှာ အရောင်းအဝယ် အများဆုံးဖြစ်ပြီး အခြားသားငှက် တိရစ္ဆာန်များကိုလည်း နောက်ပိုင်းတွင် မှာယူမွေးမြူသူများ ရှိလာသည်။

ယုန်နားရွက်ရှည်၊ မြွေအမျိုးမျိုး၊ ငှက်အမျိုးမျိုး၊ ကြက်အမျိုးမျိုး၊ ရှဉ့်၊ တောက်တဲ့၊ ပုတ်သင်ညို၊ Hamstar ၊ ဖြူ စသည့် တိရစ္ဆာန်များကိုလည်းရောင်းဝယ်သည်။ ခွေးကဲ့သို့သော အိမ်မွေးတိရစ္ဆာန်များသည် ပြည်တွင်းတွင်သားဖောက်၍ ပြန်လည်ရောင်းချခြင်းများရှိသကဲ့သို့ ပြည်ပမှ တိုက်ရိုက်မှာယူရောင်းချမှုလည်းရှိသည်။

အခြားအလှမွေး အိမ်မွေးတိရစ္ဆာန်များမှာမူ ပြည်တွင်းတိရစ္ဆာန်များကိုရောင်းချခြင်းကပို၍ ဈေးကွက်ကျယ်ပြန့်လာသည်ဟုဆိုရမည်။ ယခင်ကအထမ်းဖြင့် လိုက်လံရောင်းသည့်သူများပင် အွန်လိုင်းမှတစ်ဆင့် ဝယ်သူကို ရှာဖွေလာကြသည်။

“အကောင်တွေကတော့ အစုံပဲ။ သာလိကာ၊ ကြက်တူရွေး၊ အမြီးသုံးထပ်နဲ့ ဒေါင်း၊ ခို၊ စွန်ရဲ၊ သိမ်းငှက် ဒါတွေကတော့ ပြည်ပက မှာစရာမလိုဘူး။ ကိုယ်က တစ်နိုင်တစ်ပိုင်ပဲလုပ်တာ။ ကိုယ်မွေးရင်းက ပွားလာတာမနိုင်လို့ပြန် ရောင်းရင်းက တွက်ခြေကိုက်တော့ ဆက်လုပ်ဖြစ်တာ” ဟု ဒလမြို့နယ်မှ ကိုအောင်က ဆိုသည်။

ပြည်တွင်းအလှမွေး၊ အိမ်မွေးတိရစ္ဆာန်များမှာ ငါးထောင်၊ တစ်သောင်းဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ပြည်ပမှ တင်သွင်းရောင်းချသည့် တိရစ္ဆာန်များမှာ နှစ်သောင်းမှ သိန်းဂဏန်းဝန်းကျင်အထိ ဈေးရကြောင်း ရောင်းချသူများထံမှ သိရသည်။

“ပြည်တွင်းက ယုန်လေးတွေဆို ထောင်ဂဏန်းပဲ ဈေးကရှိတယ်။ ထိုင်းကမှာတဲ့ ယုန်နားရွက်ရှည်လေးတွေဆို အနည်းဆုံး လေးသောင်းလောက်ပေါက်တယ်။ ဒါလည်း ဝယ်မွေးကြတာပဲ” ဟု ကိုအောင်က ဆိုသည်။

ရန်ကုန်အခြေပြု အွန်လိုင်းဈေးကွက်တွင် ဝါသနာတူအချင်းချင်း ပစ္စည်းအလဲအထပ်ဖြင့် ပြန်လည်ရောင်းချခြင်းများရှိပြီး အချို့မှာသားပွားလာသည့်အတွက် အရောင်းဆိုင်များကို ပြန်သွင်းရောင်းချသူများလည်းရှိသည်။

“ကျွန်တော်က အများအားဖြင့် ပြည်တွင်းမှာပဲရောင်းတယ်။ တချို့အကောင်ဖောက်ပြီးပြန်ရောင်းတယ်။ ဝယ်လက်က အဓိကအွန်လိုင်းပေါ်ကသွားတာပေါ့။ ယုန်၊ ပူးနဲ့ ငှက်လေးတွေလည်း ရောင်းတယ်။ ဆိုင်ဖွင့်ထား တယ်။ တချို့ကို ဒိုင်ကြီးတွေဆီကနေပြီး တစ်ဆင့်သွားယူရောင်းတယ်။ နောက်ပိုင်းတော်တော်လေးလာကြတယ်” ဟု အွန်လိုင်းမှတစ်ဆင့် အိမ်မွေးတိရစ္ဆာန်များရောင်းချသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်တွင် နေထိုင်သူ ကိုမင်းခန့်သူက ဆိုသည်။

တစ်နိုင်တစ်ပိုင် အွန်လိုင်းဈေးကွက်ကျယ်ပြန့်လာခြင်းကြောင့် အိမ်မွေးတိရစ္ဆာန် သီးသန့်ရောင်းဝယ်သူအချို့မှာ အရောင်းအဝယ်ပါးလာကြောင်း ညည်းညူကြရသည်။ အိမ်မွေးတိရစ္ဆာန်အများစုကို ထိုင်းမှ မှာယူရသည့်အတွက် ထိုင်းနိုင်ငံသုံးငွေကြေးဘတ်ဈေး မြင့်တက်လာခြင်းကလည်း အကြောင်းရင်းတစ်ရပ်ဟု ဆိုကြပြန်သည်။

“အရင်ကဆိုအွန်လိုင်းက တော်တော်အလုပ်ဖြစ်တယ်။ အခုနောက်ပိုင်း တစ်နိုင်တစ်ပိုင် လုပ်လာတဲ့သူတွေကများတော့ အရောင်းပါးလာတယ်။ အွန်လိုင်းက လူတိုင်းနီးပါး သုံးတတ်နေတာလေ။ နယ်စပ်ကဝင်ဖို့လည်း တအားလွယ်သွားတာပါတယ်” ဟု The Standard Pets Shop မှ မဖူးသွင်က ဆိုသည်။

“ထိုင်းဘတ်ဈေးကလည်းတက်တယ်။ ဒါကြောင့် ထိန်းပြီးရောင်းနေရတယ်”

ယင်းဈေးကွက်မှာ ရန်ကုန်မြို့တွင်း အခြေပြုထားသော်လည်း မန္တလေး နေပြည်တော်နှင့် ပြင်ဦးလွင် စသည့်မြို့နယ်များတွင်ပါ ဝယ်လိုအားကရှိနေသည်။ သို့သော် အများစုကိုရန်ကုန်မှ မှာယူလေ့ရှိကြသည်။ နယ်ဝယ်လက်များအတွက်မူ တိရစ္ဆာန်လေးများကို နယ်ကားဂိတ်များမှတစ်ဆင့် အများစုက တင်ပို့လေ့ရှိကြပြီး ကုန်ကျစရိတ်နှင့် ပို့ဆောင်ခကိုပါ တစ်ပြိုင်တည်းပေးချေရသည်ဟု ရောင်းချသူက ဆိုသည်။

တန်ဖိုးကြီးအိမ်မွေးခွေးများကိုမူ အွန်လိုင်းမှ ဓာတ်ပုံကြည့်ကာမှာယူသည့် ဝယ်လက်မှာနည်းပါးပြီး ကိုယ်တိုင်လာရောက်ကြည့်ရှုဝယ်ယူကြသည်။ သို့သော် အခြားသော တိရစ္ဆာန်များကိုမူအွန်လိုင်းမှတစ်ဆင့်ဝယ်ယူမှုက ပိုများသည်။

ရောင်းချသူကထိုင်းမှ တိရစ္ဆာန်ပုံများကို ကိုယ်ပိုင်စာမျက်နှာဖွင့်ကာ ဓာတ်ပုံများတင်ထားသည်။ ဝယ်လက်က ပုံကြည့်ကာ ကြိုက်နှစ်သက်သဖြင့် မှာယူသည့်အခါမှ နယ်စပ်မှ တစ်ဆင့်တင်သွင်းရောင်းချလေ့ရှိသည်။



ဓာတ်ပုံ-မြင့်မိုးညို

စာမျက်နှာ ၁၅ သို့

## တစ် ပတ် အ တွင်း ရွှေ ဈေး

| ရက်စွဲ | မြန်မာ့ရွှေဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (ဒေါ်လာ) | |
|---|---|---|---|---|
| | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၁၂.၁၂.၂၀၁၆ | ၈၅၇,၀၀၀ | ၈၅၇,၀၀၀ | ၁၁၆၀ | ၁၁၅၅ |
| ၁၃.၁၂.၂၀၁၆ | ၈၅၈,၀၀၀ | ၈၅၈,၅၀၀ | ၁၁၆၂ | ၁၁၆၂ |
| ၁၄.၁၂.၂၀၁၆ | ၈၅၈,၂၀၀ | ၈၅၈,၉၀၀ | ၁၁၅၈ | ၁၁၆၁ |

Source ။ ။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

## အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာပေါက်ဈေး

| ရက်စွဲ | အမေရိကန်ဒေါ်လာ (ကျပ်) | ယူရို (ကျပ်) | စင်ကာပူဒေါ်လာ(ကျပ်) |
|---|---|---|---|
| ၁၂.၁၂.၂၀၁၆ | ၁၃၃၁ | ၁၄၀၂ | ၉၂၈ |
| ၁၃.၁၂.၂၀၁၆ | ၁၃၄၁ | ၁၄၂၇ | ၉၄၂ |
| ၁၄.၁၂.၂၀၁၆ | ၁၃၅၁ | ၁၄၃၇ | ၉၄၉ |

အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။

စာမျက်နှာ ၁၄ | အွန်လိုင်းဈေးပေါ်မှ အိမ်မွေးတိရစ္ဆာန်များ မှအဆက် ...

### ဝယ်သူအကြိုက်

လူမှုကွန်ရက်တွင် အိမ်မွေးတိရစ္ဆာန် ရောင်းဝယ်ရေး စာမျက်နှာများမှတစ်ဆင့် စိတ်ကြိုက်ရှာဖွေရသည်ကိုအချို့ကြိုက်နှစ်သက်ကြသည်။ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူရခြင်းမှာ ပို၍ လွယ်ကူလာခြင်းနှင့် ကျန်းမာရေးအရ ယုံကြည်စိတ်ချရခြင်းတို့ကြောင့်ဝယ်သူများ သဘောတွေ့ကြသည်။

ယခင်ကခွေး ၁၅ ကောင်ခန့်ကို အပြင်ဆိုင်များမှ ဝယ်ယူမွေးခဲ့သော်လည်း ကျန်းမာရေးမကောင်းသည့်အတွက် တစ်လခွဲအကြာတွင် အချို့သေဆုံးကုန်သဖြင့် မမွေးဖြစ်တော့ကြောင်း၊ ပြီးခဲ့သည့်တစ်နှစ်ကျော်တွင်မှ အွန်လိုင်းမှ တစ်ကျော့ပြန်မှာယူ မွေးမြူခဲ့ရကြောင်း ခွေးချစ်တတ်သူ မယမင်းကျော်သူက သူ့အတွေ့အကြုံကို ပြောပြသည်။

"အစ်မတော့ အွန်လိုင်းမှာရှာပြီး လိပ်စာအတိုင်းမှာပြီးမှ သွားကြည့်ပြီး ယူတယ်။ ရှီဇူးသားစပ်ခွေးလေးကိုတစ်သိန်းသုံးသောင်းပေးရတယ်၊ ကျန်းမာရေးလည်း ကောင်းတယ်။ ဈေးလည်းသင့်တင့်တယ်။ မျိုးရင်းတော့မဟုတ်ဘူးပေါ့" ဟု မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်နေ မယမင်းကျော်သူက ဆိုသည်။

အချို့ဝယ်လက်များကမူ ပြည်တွင်းသားစပ်ဖောက်ခွေးမျိုးစိတ်များထက် ပြည်ပမှ တိုက်ရိုက်တင်သွင်းသည့် ခွေးမျိုးစိတ်များကိုသာ နှစ်သက်ကြသည်၊ အွန်လိုင်းမှ တစ်ဆင့်နိုင်ငံခြားသို့ တိုက်ရိုက်မှာကြရင်း တစ်ခါတစ်ရံတွင် ငွေလိမ်ခံရသည့် အခါမျိုးလည်းရှိသည်၊ ထို့ကြောင့်ပြည်တွင်းမှ အဆက်အသွယ်ရှိပြီးသား အချိတ်အဆက်ဖြင့် ဝယ်ယူသည်က ပိုမိုစိတ်ချရသည်။

"ကျွန်တော်ကတော့ ခွေးကိုချစ်ကိုချစ်တာ၊ ဒါကြောင့် နိုင်ငံခြားမျိုး အစစ်ကို ဝယ်တယ်။ သိန်းရာချီတာ လည်း ရှိတယ်။ သိန်း ၅၀ ကျော်လည်းဝယ်တယ်။ ထိုင်းချန်ပီယံနဲ့ ဆာဘီးယားချန်ပီယံ Rottweiler နှစ်ကောင် ဝယ်ထားတယ်။ ခွေးကသစ္စာရှိလို့ အကျင့်ကောင်းလို့ကိုချစ်တာ" ဟု နိုင်ငံခြားခွေးမျိုးများကို ဝယ်ယူလေ့ရှိသူ မင်္ဂလာဒုံမြို့နယ်တွင်နေထိုင်သူ ကိုဘင်အောင်ကဆိုသည်။

တန်ဖိုးသင့်တင့်သည့် တိရစ္ဆာန်များအဖို့ အွန်လိုင်းမှဝယ်ယူရေးမှာ အဆင်ပြေသော်လည်း ပြည်တွင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် အလှမွေးတိရစ္ဆာန်များမှာမူ ဝယ်ယူသည့်ဈေးအပြင် အပိုထပ်ပေးရသည့် ထပ်ဆောင်းစရိတ်ကနယ်မှဝယ်ယူသူများအဖို့ တွက်စရာဖြစ်ရသည်။

"အကောင်လေးတွေကတန်ဖိုးကြီးရင် ပြဿနာမရှိဘူး။ Hamstar တစ်ကောင် နှစ်သောင်းခွဲလောက်အတွက် ပို့ခ ၃၀၀၀ လောက်ပေးရတယ်။ သုံးသောင်းနီးပါးကျတယ်။ နယ် အနီးအဝေးပေါ်လိုက်ပြီး ယူတာ လည်းရှိတယ်" ဟု မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ကိုထွန်းထွန်းကဆိုသည်။


ဓာတ်ပုံ-မြင့်မိုးညို

### လမ်းကြောင်း

ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်သွက်နေသည့် အိမ်မွေးတိရစ္ဆာန် အများစုမှာထိုင်း၊ တရုတ်စသည့် နိုင်ငံများမှ နယ်စပ်မှတစ်ဆင့် မှာယူရောင်းချနေခြင်းဖြစ်သည်၊ တန်ဖိုးကြီးအယ်ဇေးရှင်းခွေး၊ Rottweiler စသည့် တန်ဖိုးကြီးခွေးမျိုးများကို ဆာဗီးယား၊ ဘော့စနီးယား၊ ခရိုနီးရှားစသည့် နိုင်ငံများမှ မှာယူတင်သွင်းသည်များလည်း ရှိနေသည်။ ယင်းနိုင်ငံများမှ ထိုင်းနိုင်ငံ၊ ယင်းမှတစ်ဆင့် မြန်မာသို့ တင်သွင်းကြခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံခြားမှတိုက်ရိုက်မှာယူတင်သွင်းသည့် ခွေးများသည် သိန်း ၄၀ မှ သိန်းရာနှင့်ချီကာ တန်ဖိုးရှိသည့်အတွက်မှာယူသည့်ဝယ်လက်နှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိမှသာ တင်သွင်းမှုများကြောင်း BGL PET SHOP ဆိုင်ပိုင်ရှင် ကိုသန်းထွဋ်တင်ကပြောသည်။

တင်သွင်းသူအချို့မှာတန်ဖိုးကြီးခွေးများကိုဝယ်ယူကာ ပြန်လည်သားဖောက်ရောင်းချသည်များလည်းရှိသည်။ ငွေကြေးတတ်နိုင်သည့်ဝယ်လက်များကမူ သားဖောက်ရောင်းချသည့် ခွေးမျိုးစိတ်များကို ကြိုက်နှစ်သက်မှုနည်းကြောင်း ခွေးတစ်မျိုးကိုသာ အဓိကရောင်းဝယ်သည့် ကိုသန်းထွဋ်တင်ကဆိုသည်။

နိုင်ငံခြားခွေးများကိုသားဖောက်မွေးမြူရောင်းချသည့် ဈေးကွက်တွင် ဈေးနှုန်းမှာ လေးသိန်းမှ ၁၅ သိန်းအထိ ပေါက်ဈေးရရှိသည်။ သို့သော် ကျန်းမာရေးထောက်ခံချက်မရှိပေ။ နိုင်ငံခြားမှ တိုက်ရိုက်မှာယူရောင်းချသည့် အိမ်မွေးခွေးများမှာ ကျန်းမာရေးထောက်ခံချက်၊ မျိုးရိုးထောက်ခံချက် အပြည့်အစုံပါရှိသည့်အတွက် ယုံကြည်စိတ်ချစွာရောင်းချနိုင်ကြောင်း ခွေးသီးသန့်ရောင်းဝယ်သူများထံမှ သိရသည်။

ထိုင်း နိုင်ငံချင်းမိုင်၊ ချင်းယိုင်၊ ကန်ချနာဘူရီ၊ ဘန်ကောက် စသည့်နေရာများမှမှာယူသည့် တိရစ္ဆာန်များကို မြဝတီ၊ တာချီလိတ်၊ ထားဝယ် စသည့်နယ်စပ်ဒေသများမှ တင်သွင်းပြီး တရုတ်နိုင်ငံမှ မှာယူရောင်းချသည့် အကောင် များကိုမူ မူဆယ်လမ်းကြောင်းမှ တင်သွင်းရောင်းချခြင်းဖြစ်သည်။

ယင်းအတွက် အခွန်အခ မပေးရသော်လည်း နယ်စပ် အကောက်ခွန်နှင့် တိမွေးကုထောက်ခံချက်တို့အတွက် ပစ္စည်းအမယ်အလိုက်ပေးရခြင်းမျိုးရှိကြောင်း အွန်းလိုင်းအရောင်းအဝယ် ဆောင်ရွက်သူများထံမှ သိရသည်။

### တရားဝင်၊ မဝင်

အိမ်မွေးတိရစ္ဆာန်များကို ကုန်သွယ်ရေးမှ ခွင့်ပြုထားသည့် အချက်များတွင် ပါဝင်သည့် တိရစ္ဆာန်ပင်ဖြစ်စေကာမူ သစ်တောဦးစီးဌာနထံ ခွင့်ပြုချက်တောင်းခံပြီး စိစစ်ထောက်ခံချက်ဖြင့်သာ သွင်းယူရောင်းချခွင့်သည်။ ရောင်းချနေသည့် အိမ်မွေးတိရစ္ဆာန်များတွင် တောရိုင်းတိရစ္ဆာန်များ ပါဝင်ပါက တရားဥပဒေနှင့် ငြိစွန်းမည်ဖြစ်သည်။

"ကာကွယ်တားဆီးထားတဲ့တိရစ္ဆာန် အမျိုးအစားထဲမှာပါ၊ မပါဆိုတာတွေလည်း ရှိတယ်။ တချို့အကောင်တွေကို CITES (မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း) က ကန့်သတ်ထားတာရှိတယ်။ အဲဒီလိုတိရစ္ဆာန်မျိုးဆို နိုင်ငံတွေက ရောင်းချခွင့်ပိတ်ထားတာရှိတယ်။ အခုရောင်းနေတဲ့ အကောင်တွေအားလုံးကတော့ တရားမဝင်ရောင်းနေတယ်လို့ပဲပြောရမယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းကပြောသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်တင်သွင်းခွင့်ကို သတ်မှတ်ပြီး ခွင့်ပြုချက်တောင်းခံထားသည့်လုပ်ငန်းများ ယနေ့အချိန်အထိမရှိသေးချေ။ သို့သော် အိမ်မွေးအလှမွေးတိရိစ္ဆာန်ရောင်းချသည့်ဈေးကွက် အနေအထားမှာရောင်းသူ ဝယ်သူအကြားတစ်စစကြီးမား လာနေသည်။

အစိုးရက ခွင့်ပြုထားသော တိရစ္ဆာန်အမျိုးအစားထဲတွင် သစ်တောဦးစီးဌာနထောက်ခံချက်ယူပြီး နိုင်ငံခြားသို့ တရားဝင်ပို့ခွင့်ရသောအမယ်မှာ ကြယ်လိပ်တစ်မျိုးသာရှိသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့ချင်သော တိရစ္ဆာန်သည် သားပေါက်ပွားမှုကောင်းခြင်း၊ တတိယမျိုးဆက်ဖြစ်ခြင်း စသည်တို့နှင့် ကိုက်ညီလျှင် ခွင့်ပြုပေးသော်လည်း ကာကွယ်ထားသည့် တိရစ္ဆာန်ဖြစ်ပါက ခွင့်ပြုပေးခြင်းမရှိပေ။

တင်သွင်းခွင့်နှင့်ပတ်သက်၍လည်း လက်ရှိကျင့်သုံးနေသည့်ဥပဒေတွင် ပြည်ပမှ ပြည်တွင်းသို့ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်၊ ပန်းပင်များကို တင်သွင်းခွင့်ပေးထားခြင်း မရှိချေ။

အိမ်မွေးအလှမွေးတိရစ္ဆာန်မျိုးစုံကိုသံလွင်လမ်းနေအိမ်မှတစ်ဆင့် အွန်လိုင်းတွင် ချိတ်ဆက်ရောင်းချနေသည့် The Standard Pets Shop မှ မဖူးသွင်ကမူ ရောင်းချမည့် အိမ်မွေးတိရစ္ဆာန်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် မှတ်ပုံတင်ပြီးမှသာ ရောင်းချခြင်းဖြစ်သည်ဟု ရှင်းပြသည်။

ယင်းရောင်းချမှုပုံစံသည် လက်ရှိမြန်မာပြည်အိမ်မွေးတိရစ္ဆာန်ဈေးကွက်အတွက် အဆင်အပြေဆုံးရောင်းချမှုပုံစံတစ်ခုဖြစ်သည်။ ရောင်းချသူအများစုကမူ အိမ်မွေးတိရစ္ဆာန်ဈေးကွက် လက်ရှိထက်ပိုမိုဖွံ့ဖြိုးလာရန် ဆန္ဒရှိနေသည်။

ယင်းအတွက် လိုအပ်ချက်များစွာရှိနေပြန်သည်။ ပြည်တွင်းအိမ်မွေးတိရိစ္ဆာန်များအတွက် နိုင်ငံတကာ အသိ အမှတ်ပြုကျန်းမာရေးထောက်ခံချက်၊ မျိုးရိုးထောက်ခံချက်များ၊ တိကျသေချာသည့် တရားဝင်လမ်းကြောင်းနှင့် ဈေးကွက်တစ်ခု တို့ဖြစ်သည်။

လက်ရှိအိမ်မွေးတိရစ္ဆာန်ဈေးကွက်မှာ အရောင်းအဝယ်ကောင်းမွန်နေဆဲ။ ဝယ်ယူ၊ ရောင်းသူ ပိုများလာနေဆဲ။ သို့သော် အိမ်မွေးတိရိစ္ဆာန်ဈေးကွက် ခိုင်ခိုင်မာမာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးမှာမူများစွာကြီး ရှုန်းကန်နေရဦးမည်။ ထိုအခြေအနေကို BGL PET SHOP ပိုင်ရှင် ကိုသန်းထွဋ်တင်က ယခုကဲ့သို့မှတ်ချက်ပြုသည်။

"လက်ရှိ ပြည်တွင်းမှာ ဝယ်လိုအားရှိနေလည်း ကိုယ့်နိုင်ငံက အိမ်မွေးတိရစ္ဆာန်တွေအတွက်တော့ ခိုင်မာတဲ့ဈေးကွက်တစ်ခုရဖို့က အများကြီးလိုသေးတယ်" ■

# ၁၂၈ ဖြင့် ခုခံခဲ့သည်

ခက်ဇော် (KZ)

**"ညီမလေး..စိတ်ထဲတော့ ဘာမှမဖြစ်ပါနဲ့...။ ညီမလေးမှာ HIV ရောဂါပိုးရှိနေပြီ"**

တာဝန်ကျသူနာပြုဆရာမ၏ စကားသံက ခပ်တိုးတိုးဆိုသော်လည်း ကိုယ်ဝန်ဆောင်တစ်ယောက်ဖြစ်သည့် သူမအဖို့ ထိုအသံက ဒူးတို့ကို ခွေခနဲ ညွတ်ကျသွားစေလောက်သည်။

သို့သော်...သူမ ဒူးညွှတ်ခွေကျခဲ့လျှင် မှီခိုတွဲထားပေးဖို့ရာ လက်မောင်းတစ်စုံတစ်ရာမရှိ၊ ရင်ခွင်တစ်ဖက်တစ်ခြမ်းမရှိ။

ထို့ကြောင့်...သူမသည် စိတ်နှင့် ခန္ဓာကိုယ်ကို မြဲမြဲသာခိုင်အောင်ထားပြီး သူနာပြုဆရာမရှေ့တွင် ရပ်မြဲရပ်နေလိုက်သည်။

"လက်ထပ်တာလပိုင်းပဲရှိသေးတဲ့ ယောကျ်ားကလည်း ဘယ်မှာမှန်းမသိဘူး။ နောက် သူ့ကိုယ်ဝန်က ကျန်ခဲ့တယ်။ ကိုယ်ဝန်အပြင် ဘယ်ကမှန်းမသိတဲ့ ဒီရောဂါဆိုးကြီးက ကျွန်မဆီ ကျန်နေရစ်တယ်ဆိုတာ သိလိုက်ရတဲ့အဲဒီအချိန်မှာ ကျွန်မ ဆုံးဖြတ်လိုက်တာက ဒီဆေးခန်းကထွက်သွားပြီးတာနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်ဖို့ပါပဲ" ဟု အသက် ၂၄ နှစ်အရွယ် မဖြူဖြူခိုင် (အမည်လွှဲ) ကဆိုသည်။

ထိုစဉ်အခါက အသက် ၁၈ နှစ်အရွယ်သာရှိသေးသော မဖြူဖြူခိုင်အဖို့ ကြုံနေရသောအခြေအနေသည် အမှန်တကယ်လည်း တုန်လှုပ်ချောက်ချားဖွယ်ကောင်းလွန်းလှ၏။

မဖြူဖြူခိုင်၏ ဇာတိမွေးရပ်မြေမှာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ထဲမှ တံငါရွာကြီးတစ်ရွာ ဖြစ်သည်။

သူမတို့ မိသားစုစီးပွားရေးမှာ ကုန်စုံဆိုင်ဖွင့်လှစ်ခြင်းဖြစ်သည်။

အကိုသုံးယောက်၏ လက်အောက်တွင် အထွေးဆုံးအဖြစ် နေခဲ့ရသော မဖြူဖြူခိုင်သည် အသက် ၁၆ နှစ်အရွယ်အထိ အနေအထိုင်ပိပြားသော အိမ်တွင်းပုန်းကောင်မလေးတစ်ယောက်သာဖြစ်သည်။

"ညီမ ဆယ်တန်းတစ်နှစ်ကျပြီးတဲ့နောက်မှာ အိမ်ကဆိုင်မှာ ဝိုင်းကူရောင်းခွင့်ရတယ်။ အဲဒီမှာ သူနဲ့စတွေ့တာပဲ။ သူက ညီမထက် ဆယ်နှစ်ကြီးတယ်။ သူက ပင်လယ်သားလုပ်တယ်လေ။ ကြမ်းကြမ်းတမ်းတမ်းကြီး။ ညီမကို အစ်ကိုတွေမသိအောင် ရည်းစားစာခိုးပေးတယ်၊ ညီမဘဝမှာလည်း ယောကျ်ားတစ်ယောက်က ရည်းစားစာပေးတာ ဒါ ပထမဆုံးကြုံဖူးတာကိုး" ဟု မဖြူဖြူခိုင်က ပြောပြသည်။

မဖြူဖြူခိုင်၏ ခင်ပွန်းဖြစ်လာမည့် ကိုမျိုးဝင်း (အမည်လွှဲ) မှာ ပင်လယ်ထဲရှိ ငါးဖမ်းလှေများတွင် လုပ်ကိုင်သော ဒေသအခေါ် ပင်လယ်သား ခေါ်ရေလုပ်သားတစ်ဦးဖြစ်သည်။

နှစ်လသုံးလမှ တစ်ကြိမ်ကမ်းကပ်တိုင်း မဖြူဖြူခိုင်ရှိရာ ဈေးဆိုင်သို့ ဈေးလာဝယ်ရာမှ သူတို့နှစ်ယောက် ရည်ငံကြတော့သည်။

"ညီမတို့သမီးရည်စားဖြစ်တာ တစ်နှစ်အကြာ ပထမဆုံး ချိန်းတွေ့ကြတဲ့နေ့မှာပဲ သူက ကျွန်မကို အတင်းခိုးပြေးတယ်။ အဲဒီမှာ ကျွန်မဘယ်လိုမှ မတွေးထားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာတော့တာပါပဲ" ဟု မဖြူဖြူခိုင်က ဆိုသည်။



ကိုမျိုးဝင်းသည် မဖြူဖြူခိုင်ကို ခိုးပြေးပြီး တစ်လကြာသည့်နောက် မိဘများထံ ပြန်အပ်ပြီး မင်္ဂလာဆောင်ရန် စီစဉ်ခဲ့သော်လည်း မဖြူဖြူခိုင်တို့၏ မင်္ဂလာပွဲမှာ အထမမြောက်ခဲ့။

အဘယ့်ကြောင့်ဆိုသော် မဖြူဖြူခိုင်တို့မင်္ဂလာပွဲကျင်းပရန် တစ်လခန့်အလိုတွင် ကိုမျိုးဝင်းမှာ ကျန်းမာရေးချို့တဲ့လာသည်။

HIV လက္ခဏာများ ပြသလာသော်လည်း ရိုးသားသည့်တောသူတောင်သားများဖြစ်သော မဖြူဖြူခိုင်တို့ မိသားစုမှ မရိပ်မိခဲ့။

ထို့ကြောင့် သတို့သား၏ ကျန်းမာရေးအခြေအနေအရ မင်္ဂလာပွဲကို မကျင်းပတော့ဘဲ အကျဉ်းရုံးသာ မင်္ဂလာဆွမ်းကျွေးလိုက်ရသည်။

မင်္ဂလာဆွမ်းကျွေးပွဲပြုလုပ်ပြီး မကြာမီပင် ကိုမျိုးဝင်းသည် ရန်ကုန်တွင် ဆေးကုရန်ဟုဆိုကာ ထွက်ခွာသွားပြီး မဖြူဖြူခိုင်အား အဆက်အသွယ်မလုပ်တော့ပေ။

"သူက အဆက်အသွယ်မလုပ်တော့ဘူး။ ညီမမှာလည်း ရွာမှာ ကိုယ်ဝန်ရတဲ့ လက္ခဏာကပြနေပြီ။ အဲဒါနဲ့ ဘိုကလေးက ဆေးခန်းမှာ သွားပြတော့.. ဆေးပါစစ်ရတယ်။ အဲဒီမှာ ကျွန်မဘဝမှာ ဘယ်တုန်းကမှ ရလိမ့်မယ်လို့ မတွေးထားခဲ့တဲ့ ဒီရောဂါကြီး ကူးစက်ခံနေရပြီဆိုတာ သိလိုက်ရတာပဲ" ဟု မဖြူဖြူခိုင်က ဆိုသည်။

ဆန့်ကျင်ဘက်လိင်များနှင့်ပတ်သက်ပြီး မည်သည့်အတွေ့အကြုံမှမရှိသော ရိုးသားသည့် ဆယ်ကျော်သက်အရွယ်ကျေးတောသူလေးသည် သူမ၏ ပထမဆုံး အိမ်ထောင်ရေးကာလ နှစ်လတာကာလတွင်ပင် HIV ရောဂါပိုးကူးစက်ခံနေရသော ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်ဆိုသည့် အဖြစ်ဆိုးကို ရုတ်တရက်ပြောင်းလဲခြင်းခံလိုက်ရသည်။

ထို့အတွက် ပတ်ဝန်းကျင်မှ ပေးသောဖိအားများမှာလည်း သူမအတွက် မထောင်းသာလှ။

"တစ်ရက် ရွာထဲကမုန့်ဆိုင်တစ်ခုမှာ ညီမ မုန့်သွားစားတယ်။ ညီမ ဝင်ထိုင်လိုက်တော့ ကျန်တဲ့လူတွေက အလျှိုလျှိုထပြန်ကုန်တယ်။ ဆိုင်ရှင်ကဆို ညီမကို သူတို့ဆိုင်က ပန်းကန်နဲ့ မစားစေချင်ဘူး။ ပါဆယ်ပဲ ရောင်းနိုင်မယ်လို့ ပြောပြန်တယ်။ ညီမ အရမ်းရှက်သွားတာ။ ညီမက ဒီရောဂါရှိတယ်ဆိုပေမယ့် မကောင်းတာလုပ်လို့ဒီရောဂါဖြစ်တာမှမဟုတ်တာ" ဟုမဖြူဖြူခိုင်က ဆိုသည်။

ထို့ထက် ပိုမိုဆိုးရွားသောဖိအားမှာ သူမ၏ ဗိုက်ထဲတွင်ရှိနေသော ကလေးငယ်လေး ရှေ့ရေးပင်။

"ညီမ ဗိုက်ထဲက ကလေးအကြောင်းကိုပြန်စဉ်းစားမိတော့ ကျွန်မသေရတော့မယ် ဆိုတာထက်.. အပြစ်မရှိတဲ့ ညီမကလေးလေးမှာ ဒီရောဂါဆိုးကြီး ပါလာမှာကိုတွေးပြီး ပိုခံစားရတယ်။ ကျွန်မ နှစ်ရက်လောက် အိမ်ခန်းတံခါးပိတ်ပြီး ငိုတယ်။ ဒီကလေးဟာ ဒီရောဂါကြီးနဲ့ လူ့လောကကို ရောက်လာရင် သူ့ကိုပိုပြီး ထိခိုက်စေလိမ့်မယ်လို့ ကျွန်မတွေးမိတယ်.. အဲဒီတော့ကျွန်မကိုယ်ကျွန်မ သတ်သေဖို့ဆုံးဖြတ်လိုက်တယ်" ဟူသော စကားကို ပြောနေစဉ် မဖြူဖြူခိုင်၏ အသံများက ဆို့နင့်စွာတိမ်ဝင်သွားသည်။

အမှန်တကယ်ပင် မဖြူဖြူခိုင်သည် မိမိကိုယ်ကိုယ် သတ်သေရန် ကြိုးစားခဲ့သည်ဟု ဆိုသည်။

"အိပ်ဆေးတွေအလုံး ၂၀ လောက်ညီမသောက်တယ်။ ဒါပေမဲ့ ကျွန်မရော ကလေးရဲ့ ကုသိုလ်ကံလို့ပြောရမလား။ အိမ်က အချိန်မီသိသွားလို့ ဆေးခန်းပို့တယ်။ ဆေးခန်းရောက်တော့ ဘာလို့ဒီလိုလုပ်တာလဲလို့ ဆရာမတွေက မေးကြတယ်။ ကျွန်မအကြောင်းလည်း သူတို့က သိထားတော့ ...ART ဆေးပုံမှန်သောက်ရင် ကလေးကို မကူးစက်နိုင်ဘူး။ ကိုယ်တိုင်လည်း အချိန်အကြာကြီးအသက်ရှင်သွားနိုင်တယ်လို့ ရှင်းပြတယ်..ကျွန်မ ဆုံးဖြတ်လိုက်တယ်" ဟု မဖြူဖြူခိုင်က ဆိုသည်။

သို့သော် မဖြူဖြူခိုင်အတွက် အခက်အခဲတစ်ခုမှာ ရွာရှိလက်သည်များက သူမအား AIDS ဝေဒနာရှင်တစ်ဦးဖြစ်သဖြင့် ကလေးမမွေးပေးရဲကြ။

ထို့အပြင် အနီးဆုံးမြို့လေးရှိ ဆေးရုံမှ ဆရာဝန်ကလည်း သူမကို ကလေးမမွေးပေးနိုင်၊ ရန်ကုန်တွင်သာ သွားမွေးရန် ပြောလာ၏။

"ကျွန်မ စိတ်အရမ်းညစ်သွားတယ်။ ဒီကလေးကို မွေးမယ်လို့ ဆုံးဖြတ်ထားခါမှ ကံကြမ္မာ၏ မျက်နှာသာပေးမှုလားဟု ဆိုရမည်လားမသိ"။

မကြာမီပင် အဆက်အသွယ်ဖြတ်သွားခဲ့သော မဖြူဖြူခိုင်၏ ခင်ပွန်းသည် မဖြူဖြူခိုင်အား ဆက်သွယ်လာသည်။

ထိုအခါကျမှ ခင်ပွန်းသည် ရန်ကုန်ရှိ AIDS ပရဟိတဂေဟာတစ်ခုတွင် နေထိုင်ပြီး ဆေးကုသမှုခံယူနေခြင်းဖြစ်ကြောင်း သိရသည်။

ခင်ပွန်းသည်မှာ AIDS ၏ နောက်ဆုံးအဆင့်ရောက်လုနီးမှ ဂေဟာ၏ဆေးကုသပေးမှုကြောင့် ပြန်လည်ကျန်းမာလာခဲ့ပြီး ယခုအခါ ပရဟိတဂေဟာမှ စီစဉ်ပေးသော အလုပ်ကိုပင် လုပ်ကိုင်နေကြောင်းသိရသည်။

"သူက ကျွန်မကို ကိုယ်ဝန်ရှိနေတာမသိဘူး။ ရန်ကုန်မှာ ဆေးလာကုဖို့ လှမ်းခေါ်တယ်။ ဟိုမှာဆို ဆေးမှန်မှန်သောက်ပြီး ကလေးလည်း မွေးနိုင်မယ်ဆိုတော့ ကျွန်မလည်း ပတ်ဝန်းကျင်အသစ်လည်းဖြစ်တဲ့ ရန်ကုန်ကိုလိုက်တက်ဖို့ ဆုံးဖြတ်လိုက်တယ်" ဟု မဖြူဖြူခိုင်က ဆိုသည်။

အသက် ၁၈ နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်သည် ဧရာဝတီတိုင်း တံငါရွာလေးမှ ရန်ကုန်မြို့ကြီးသို့ ကုရာနတ္ထိဟူသောရောဂါဆိုးကြီးနှင့် ရင်သွေးတစ်ဦးကို လွယ်ကာ ရောက်ရှိလာခဲ့သည်။

ရန်ကုန်သို့ရောက်သောအခါ မင်္ဂလာတောင်ညွန့် လှုတ်တော်အမတ် မဖြူဖြူသင်း၏ AIDS ပရဟိတဂေဟာရှိ အိမ်ထောင်သည်ဂေဟာတွင် သူမခင်ပွန်းနှင့်အတူနေခွင့်ရခဲ့သည်။

ဂေဟာတွင်နေထိုင်ရင်း ခင်ပွန်းဖြစ်သူက ဂေဟာမှ စီစဉ်ပေးသော အလုပ်လုပ်ကာ ဝင်ငွေရှာသည်။

မဖြူဖြူခိုင်ကတော့ နာရေးကူညီမှုအသင်းဆေးရုံ၊ မဖြူဖြူသင်းတို့၏ ပရဟိတအဖွဲ့ အကူအညီများဖြင့် ဆေးကိုပုံမှန်သောက်သည်။ ကလေးမီးဖွားနိုင်ရေးအတွက် ကြိုးစားခဲ့သည်။

စာမျက်နှာ ၂၀ သို့

# သမိုင်းတစ်ကျော့ပြန်ခြင်းလော အောက်တိုဘာရာပြည့်

ကျော်ဝင်း



## ရာပြည့်နှစ်များ

နှစ်ဆယ့်တစ်ရာစု၏ ဒုတိယဆယ်စုတစ်ဝက်မှာ 'ရာပြည့်နှစ်များ' နှင့် ပြည့်လျှမ်းနေသည်ဟုဆိုရမလိုရှိသည်။ ကြည့်ပါ ...၊ ၂၀၁၄ ခုနှစ်မှာ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သည့် နှစ်တစ်ရာပြည့်ဖြစ်သည်။ ဤစစ်ကြီးကပင် စစ်ကြိုခေတ် 'လစ်ဘရယ်ကမ္ဘာ့အစီအစဉ်' ကို ဆုံးခန်းတိုင်စေခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၆ ...၊ 'စုန်မီ ထိုးစစ်' ခေါ် စုန်မီတိုက်ပွဲ နှစ်တစ်ရာပြည့်။ ပထမကမ္ဘာစစ်ကြီးအတွင်း ဖြစ်ပွားခဲ့သော ဤစစ်ပွဲမှာ ကမ္ဘာ့စစ်သမိုင်းတစ်လျှောက် သွေးချောင်းအစီးဆုံးစစ်ပွဲအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ ဟော - အခု ၂၀၁၇ ...။ ကမ္ဘာပေါ်တွင် ပထမဆုံး 'ဆိုရှယ်လစ်နိုင်ငံတော်ကြီး' ကို မွေးဖွားပေးလိုက်သည့် 'ရုရှားအောက်တိုဘာတော်လှန်ရေး ရာပြည့် ...။' ကမ္ဘာအရပ်ရပ်မှ လက်ဝဲဝါဒီများကတော့ 'မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး' ဟု ဝိဂြိုဟ်ပြုကြလိမ့်မည်။

ရုရှား၊ ဘော်ရှီဗစ်ခေါင်းဆောင် လီနင်ဦးဆောင်ခဲ့သည့် အင်အားသုံးနိုင်ငံတော်အာဏာသိမ်းပိုက်မှုမှာ လူ့သမိုင်းအတွက် ဝမ်းနည်းဖွယ်ရာဇာတ်ကွက်များစွာကို ဆက်တိုက်ဆိုသလို မွေးထုတ်ပေးလိုက်သည်။ စတာလင် အာဏာရလာခြင်း ...၊ စိုက်ပျိုးရေးကဏ္ဍတွင် စုပေါင်းဝါဒကျင့်သုံးမှု (တစ်နည်း စုပေါင်းလယ်ယာ) နှင့် အတင်းအကျပ် စက်မှုထူထောင်မှုတို့၏ အကျိုးဆက်အဖြစ် လူပေါင်း သန်း ၂၀ မျှ အသက်ဆုံးရှုံးခဲ့ရခြင်း၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ကွန်မြူနစ်ဝါဒကို တန်ပြန်ရာမှ ဟစ်တလာ၊ မူဆိုလီနီနှင့် ဖရန်ကိုတို့ အာဏာရလာခြင်း ... စသည်တို့ဖြစ်ပါသည်။ ဆိုရလျှင် လက်ဝဲဘက်ရော လက်ယာဘက်မှပါ အများကြိုက်ပေါ်ပြူလာဝါဒများ အပြိုင်းအရိုင်းပေါ်ထွက်လာခြင်းဖြစ်ပါသည်။ နောက်ခံ အိုင်ဒီအိုလိုဂျီ ခြေခြေမြစ်မြစ်မရှိလှသော လက်ယာပေါ်ပြူလာဝါဒ (ဖက်ဆစ်ဝါဒ) မှာ အချိန်တိုအတွင်း ပြိုကျသွားခဲ့သော်လည်း အိုင်ဒီအိုလိုဂျီတစ်စုံတစ်ရာအားကောင်းသော လက်ဝဲပေါ်ပြူလာဝါဒကား ကာလအတန်ကြာ သက်ဆိုးရှည်ကျန်ရစ်သည်။

သည်လိုနှင့် ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးနေ့များအလွန်တွင် 'စစ်အေးတိုက်ပွဲ' ဆိုသော နောက်ထပ် ကမ္ဘာလုံးချီစစ်ပွဲကြီးတစ်ပွဲနှင့် ရင်ဆိုင်လိုက်ရပြန်သည်။ စစ်အေးတိုက်ပွဲအတွင်း အနောက်၏ ပေါ်လစီအဓိကရည်မှန်းချက်မှာ လက်ဝဲလက်ယာအာဏာရှင်စနစ်မျိုးစုံ သမိုင်းဇာတ်ခုံပေါ်တက်မလာစေရေးဖြစ်သည်။ ဤရည်ရွယ်ချက်အတွက် ကမ္ဘာလုံးအတိုင်းအတာ၊ 'အင်စတီကျူးရှင်း' သုံးရပ်ကို တည်ထောင်ခဲ့သည်။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ဖြစ်သည်။ ဤအဖွဲ့ကြီးသုံးခုအနေနှင့် ကမ္ဘာ့စီးပွားရေးကို တစ်စုံတစ်ရာ ထိန်းသိမ်းနိုင်ခဲ့သလို ကမ္ဘာကြီးကိုလည်း ဆိုးဝါးသော ပဋိပက္ခကြီးများမှ အတော်အတန်ကာကွယ်နိုင်ခဲ့ပါသည်။ နိုင်ငံတော်တော်များများဆိုလျှင်လည်း 'ရွှေပြည်သာ နိုင်ငံလမ်းကြောင်း' (Welfare State) ကို ထူထောင်ပြီး 'လူမှုလုံခြုံရေးပိုက်ကွန်များ' (Social Safety Nets) ချမှတ်နိုင်ခဲ့သလို အခွင့်အလမ်းများစွာအတွက် လမ်းကြောင်းသစ်များ ဖော်ထုတ်နိုင်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုဦးဆောင်ပြီး 'ကန့်သတ်ထိန်းချုပ်မှုပေါ်လစီ' (Containment Policy) ဖြင့် ဆိုဗီယက်သြဇာနယ်ပယ်ချဲ့ဝါဒကို ထိန်းချုပ်နိုင်ခဲ့သလို နောက်ဆုံးအပြီးတိုင် ဖြိုချနိုင်ခဲ့ပါသည်။ ပြောရလျှင် ဤသည်ပင် 'စစ်ပြီးခေတ် လစ်ဘရယ်ကမ္ဘာ့အစီအစဉ်သစ်' အကြောင်း အနှစ်ချုပ်ဟုဆိုနိုင်ပါလိမ့်မည်။

## လစ်ဘရယ်အစီအစဉ်ရဲ့ကံကြမ္မာ

၁၉၁၇ ရုရှား အောက်တိုဘာတော်လှန်ရေးမတိုင်မီ အနှစ် ၄၀ ကာလကို တစ်ချက်မျှ ပြန်ကြည့်စေလိုသည်။ ဤကာလမှာ ဗြိတိသျှတို့ဦးဆောင်ခဲ့သော ပထမအကြိမ် လစ်ဘရယ်ကမ္ဘာ့အစီအစဉ်ခေတ်ဖြစ်သည်။ ဗြိတိသျှတို့ဦးဆောင်မှုဖြင့် 'လွတ်လပ်သော ကုန်သွယ်ရေး' အားကောင်းလာရာမှ ကမ္ဘာကြီးမှာ တစ်စုတစ်စည်းတည်း သဘောဆောင်လာသည်။ လစ်ဘရယ်ဒီမိုကရေစီမှာလည်း ဗြိတိသျှနှင့် အမေရိကတို့၏ အုပ်ချုပ်ရေးစနစ်ဖြစ်လာပြီး အခြားကမ္ဘာနိုင်ငံများကိုလည်း ကောင်းကောင်းဆွဲဆောင်နိုင်ခဲ့သည်။ ပြောရလျှင် ဤကာလမှာ လစ်ဘရယ်ဒီမိုကရေစီ၏ အောင်ပွဲနှစ်များဟု ဆိုရပါလိမ့်မည်။ ဤကာလနှင့် မနီးယိုးစွဲနှိုင်းယှဉ်နိုင်လောက်သည်မှာ ၁၉၈၀ ပြည့်လွန်နှစ်များပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမေရိကဦးဆောင်သော လစ်ဘရယ်ကမ္ဘာ့အစီအစဉ်ခေတ်ဖြစ်သည်။

ဤကာလအတွင်း အမေရိကဦးဆောင်မှုဖြင့် 'ဂလိုဘယ်လိုက်ဇေးရှင်း' ဖြစ်စဉ်ကြီးမှာ မရပ်မနား ဆက်လက်ချီနိုင်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးရန် အဆင့်မီသော နိုင်ငံများ၏ အရေအတွက်မှာလည်း သိသိသာသာ တိုးပွားလာသည်။ နိုင်ငံပေါင်းစုံမှ လက်ဝဲလက်ယာနိုင်ငံရေးသမားမျိုးစုံသည်လည်း 'ဝါရှင်တန်သဘောတူအမြင်' ကို သစ္စာခံကြောင်းပြသနိုင်ရန် အပြိုင်ကြိုးပမ်းလာကြသည်။ သို့နှင့်တိုင် စစ်ကြိုခေတ် ပထမအကြိမ် လစ်ဘရယ်ကမ္ဘာ့အစီအစဉ်မှာ နိုင်ငံကြီးများ အပြိုင်နယ်ချဲ့ကြရာမှ ပျက်စီးခဲ့ရသလို ယခုစစ်ပြီးခေတ် လစ်ဘရယ်ကမ္ဘာ့အစီအစဉ်မှာလည်း ဇီဝိန်ကြွေတော့မည့် လက္ခဏာတွေပြလာသည်။ တစ်ခုတော့ရှိသည်။ ယခုတစ်ကြိမ် လစ်ဘရယ်အကြိုကား ပို၍ဘက်စုံထောင့်စုံသည်။ အမေရိက၏ ဆူပါ ပါဝါ ဝန်ပိမှုလည်းပါသည်။ သို့နှင့်အမျှ ကုလသမဂ္ဂအတွက် 'စပွန်ဆာ' ကို ရေနံပဒေသရာဇ်နိုင်ငံများသို့ လက်လွှဲပေးရသည်လည်းရှိသည်။ တရုတ်အမေရိကအားပြိုင်မှုနှင့်လည်းဆိုင်သလို 'လစ်ဘရယ် ကမ္ဘာ့အစီအစဉ်' ကိုယ်တိုင်၏ အားနည်းချက်များနှင့်လည်း ပတ်သက်နိုင်ပါသည်။

စစ်ကြိုခေတ် လစ်ဘရယ်အယိုင်တွင် လက်ဝဲလက်ယာပေါ်ပြူလာဝါဒများ အပြိုင်းအရိုင်းပေါ်ထွက်လာသလို ယခုတစ်ကြိမ် ပထမဆုံးသေနတ်ဖောက်လိုက်သူများမှာကား လက်ဝဲဘက်မှမဟုတ်၊ လက်ယာဘက်မှဖြစ်သည်။ ဤအချက်ကို ဗြိတိန်က အီးယူမှ ထွက်ပြလိုက်သလို အမေရိကတွင် ဒေါ်နယ်ထရမ့်၏ အောင်ပွဲဖြင့်ဖော်ပြလိုက်သည်။ ဒေါ်နယ်ထရမ့်၏အောင်ပွဲမှာ ဥရောပမှ 'လီပန်' လိုလူမျိုးကို အားတက်စေသလိုအနောက်ဆန့်ကျင်ရေး အစဉ်အလာရှိသူ ပူတင်၏အနေအထားကိုလည်း ခိုင်မာစေသည်။ ယနေ့ လက်ယာအများကြိုက်ပေါ်ပြူလာဝါဒက အမျိုးသားရေးဝါဒအလံကိုလည်း မြင့်မြင့်မားမားလွှင့်ထားရာ လစ်ဘရယ်ဝါဒ၏ အားနည်းချက်တစ်ခုဟု ဆိုနိုင်သော လူ့အခွင့်အရေး

စာမျက်နှာ ၂၀ သို့

## Cartoon Of The Week



# ဆက်၍တင်ပြချင်သော ဥပဒေရေးရာများ

## 'ပုဒ်မ ၃၇၆ ကို ပြင်ဆင်ရန် ကြိုးပမ်းခြင်း'

မောင်သိန်းညွှန့်(ကော့ကရိတ်)



၅-၁၂-၂၀၁၆ ရက်နေ့ထုတ် The Voice Daily သတင်းစာ မျက်နှာဖုံးတွင် 'စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မူလတန်းကျောင်းတစ်ခုတွင် ဒီဇင်ဘာလ ၃ ရက်နေ့က ယင်းကျောင်းမှ ကျောင်းဆရာက ၁၀ နှစ်အရွယ်ကျောင်းသူကို အချိန်ပိုခေါ်ယူကာ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရကြောင်း' သတင်းကို ဖတ်ရပါသည်။

အလားတူ ၄-၁၂-၂၀၁၆ နေ့ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာတွင် ထပ်ဆင့်အကယ်ဒမီ မေသန်းနုက "ကျွန်မတို့နိုင်ငံမှာ မလုံခြုံတော့ဘူး။ အထူးသဖြင့် မိန်းကလေးတွေရဲ့ဘဝ မိန်းကလေးတွေ မိကောင်းဖခင် သားသမီးတွေဘဝပေါ့။ ပြည်သူတွေအနေနဲ့လည်း ဒီကိစ္စတွေ ရှုံ့ရှာတဲ့လုပ်ရပ်လို့ယူဆရင် ကိုယ့်ပတ်ဝန်းကျင်က အသက်မပြည့်သေးတဲ့ ကလေးတွေကို ကိုယ့်သားသမီးလို ကြည့်ရှုစောင့်ရှောက်ပါ။ ဆုံးမပါ။ သွားသတိ။ လာသတိရှိကြပါ ဒီလိုလုပ်တဲ့သူတွေကို နိုင်ငံတော်က သေမိန့်ချပါလို့ မဆင့်က တောင်းဆိုချင်ပါတယ်" ပြောဆိုလာပါသည်။

ယနေ့မြန်မာနိုင်ငံတွင် အချို့သောဖခင်က သမီးကို၊ ဦးလေးက တူမကို၊ ပထွေးက မယားပါသမီးကို၊ ဖအေတူ မအေကွဲ အစ်ကိုက ညီမကိုသက်ငယ်မုဒိမ်းမှုများကိုနေရာတော်တော်များများတွင် ကျူးလွန်နေကြပါသည်။ ဆွေမျိုးရင်းချာများသာမက ဘာသာရေးခေါင်းဆောင် အမည်ခံအချို့က မိမိဘာသာဝင်ကလေးသူငယ်တွေကို မုဒိမ်းမှုကျူးလွန်သလို ကျောင်းဆရာအချို့ကလည်း မူလတန်းကျောင်းသူကိုပင် မရှောင်ဘဲ သားမယားအဖြစ် ပြုကျင့်နေကြပါသည်။ မိဘဝတ်၊ ဆရာဝတ်ကို ချိုးဖောက်နေကြသူများနှင့်ပတ်သက်၍ ယနေ့မြန်မာ့လူ့အဖွဲ့အစည်းသည် ဂုဏ်သိက္ခာထိခိုက်ပြီး ကလေးသူငယ်များ၏ ဘဝသည်လည်း အသက်ရှင်လျက်နှင့် ဘဝသေနေကြပြီဖြစ်ပါသည်။

ကလေးသူငယ်မုဒိမ်းမှုသည် တစ်ခေတ်တစ်ခါက လွန်စွာရှားပါးသောမှုခင်းများဖြစ်ပါသည်။ သို့သော် ပထမအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း၌ပင် စိတ်ဓာတ်ရေးရာ အဆင့်အတန်းနိမ့်ပါးသူများက ကလေးသူငယ်များအပေါ် မုဒိမ်းမှုများကျူးလွန်လာမှုနှင့် ရှေ့အလားအလာများကို သတိပြုမိလာသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနှင့် ဥပဒေအရ အရေးယူနိုင်ရန် ကျွန်တော် စတင်ကြိုးပမ်းခဲ့ပါသည်။ ပထမအဆင့်အနေနှင့် တည်ဆဲရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာမတရားပြစ်မှုကျူးလွန်နေသူများအတွက် သေဒဏ်ပေးနိုင်ရေး အချက်ပေးခဲ့ပါသည်။

**သို့ကလိုပြစ်မှုထိုက်သင့်သော ပြုလုပ်မှုအတွက် သေဒဏ်ပေးရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ၂၀၁၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဥပဒေကြမ်းပေးပို့ခဲ့ပါသည်။ ၅-၇-၂၀၁၃ ရက်နေ့တွင် ပုဒ်မ ၃၇၆ ကို သေဒဏ်အထိ ပြင်ဆင်နိုင်ရန် '၁၈၆၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း' ကို ဆွေးနွေးခွင့်ရသဖြင့် အောက်ပါအတိုင်း အသံထွက်ခဲ့ပါသည်။**

××× 'နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကလေးသူငယ်တွေနှင့် ပတ်သက်ပြီးတော့ အကာအကွယ်တွေ ပေးထားတာရှိပါတယ်။ ဒီအကာအကွယ်တွေမှာ ကလေးသူငယ်တွေ ခံစားနိုင်ကြဖို့လိုပါတယ်။ အလားတူပဲ ကျွန်တော်တို့နိုင်ငံက လက်မှတ်ရေးထိုးခဲ့တဲ့ ၁၉၉၁ ခုနှစ် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်အပိုဒ် ၃၄ မှာလည်း ကလေးသူငယ်အားလုံးသည် လိင်မှုကိစ္စစော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ လက်မှတ်ထိုးခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အပိုဒ် ၃၄ အရ ထိရောက်တဲ့အကာအကွယ်တွေပေးနိုင်ဖို့ဆိုရင် ဟန့်တားတဲ့ပြစ်ဒဏ်တွေ ချမှတ်နိုင်ဖို့ ရာဇသတ်ကြီးပုဒ်မ ၃၇၆ မှာ ကလေးသူငယ်ကို ကျူးလွန်တဲ့သူတွေကို သေဒဏ်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်ဆိုတဲ့အချက်ကို ပြင်ဆင်ဖို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော်တင်သွင်းပါတယ်" ×××

"တည်ဆဲရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ တွင် 'မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်ရန် အသက်တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သောထိုလင်ကို ၂ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက မေးခွန်းများထုတ်လာပါသည်။ သူ့အမေးနှင့်ကျွန်တော့်အဖြေကိုလွှတ်တော်မှတ်တမ်းအရ အောက်ပါအတိုင်းကောက်နုတ်ဖော်ပြပါသည်။

××× ဒုတိယဥက္ကဋ္ဌ - "ဦးသိန်းညွှန့်ကိုယ်တိုင်လည်း တရားရုံးချုပ်ရှေ့နေကြီးတစ်ယောက်ဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ လက်ရှိပြဋ္ဌာန်းထားတဲ့ဥပဒေသည် အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ဥပဒေလား၊ မြန်မာလိုပြဋ္ဌာန်းထားတဲ့ ဥပဒေလား။"

ဦးသိန်းညွှန့် (သဃ်္ဃန်းကျွန်းမဲဆန္ဒနယ်) - "မြန်မာလိုရေးထားပါတယ်။ အဲဒီလိုပဲ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်တဲ့ရာဇသတ်ကြီးမှာ အင်္ဂလိပ်လိုရော၊ မြန်မာလိုရော ရေးထားပါတယ်။"

ဒုတိယဥက္ကဋ္ဌ - "အင်္ဂလိပ်လို၊ မြန်မာလို ရာဇသတ်ကြီး သူ့ဟာသူပြည်ထဲရေးဌာနက ထုတ်တာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံဘာသာပြန်အသင်းက ထုတ်တာပဲဖြစ်ဖြစ် ဒါဟာ ဥပဒေပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်၊ မဖြစ် ကျွန်တော်က ဒါလေးမေးတာပါ။ ဦးသိန်းညွှန့်အနေနဲ့ ကျွန်တော်တို့ သိထားပြီးသား ဦးသိန်းညွှန့်ရဲ့ရှေ့နေကြီးတစ်ယောက်ရဲ့အတွေ့အကြုံနဲ့ ကျွန်တော်တို့လက်ရှိ ဒီကနေ့ကျင့်သုံးနေတဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေမူရင်းသည် အင်္ဂလိပ်လိုလား၊ မြန်မာလိုလား။"

ဦးသိန်းညွှန့် (သဃ်္ဃန်းကျွန်းမဲဆန္ဒနယ်) - "ဒေါက်တာအေးမောင် ဘာသာပြန်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ရာဇသတ်ကြီးကတော့ မြန်မာလို ဘာသာပြန်ပြထားတာပါ။"

ဒုတိယဥက္ကဋ္ဌ - "ဘယ်နှုခုက ဘယ်လွှတ်တော်မှာ ဘယ်လိုအမိန့်နှင့် ပြဋ္ဌာန်းခဲ့တယ်ဆိုတာ ကျွန်တော့်ကိုပြောပြပေးပါ။"

ဦးသိန်းညွှန့် (သဃ်္ဃန်းကျွန်းမဲဆန္ဒနယ်) - "အဲဒါကတော့ စာအုပ်မှာတော့ ဒါ တရားဝင်ထုတ်ပြန်တာပဲ။ ကျွန်တော်လည်း ဒီစာအုပ်ပါမလာဘူး။"

ဒုတိယဥက္ကဋ္ဌ - "ဒါဆို စာအုပ်မှာ ထုတ်ပြန်တယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတလက်မှတ်ရေးထိုး ထုတ်ပြန်တာကို ပြောဆိုတာလား၊ ဒါမှမဟုတ် ဒီလိုပဲ နိုင်ငံတော်နာယက အေးချမ်းဖြိုးရဲ့ဥက္ကဋ္ဌကြီးအနေနဲ့ထုတ်ပြန်တဲ့ဥပဒေမျိုးကိုပြောတာလား။"

ဦးသိန်းညွှန့် (သဃ်္ဃန်းကျွန်းမဲဆန္ဒနယ်) - "အင်္ဂလိပ်ခေတ်က ထုတ်ပြန်ပေမယ့် ၄၇ ဖွဲ့စည်းပုံမှာရော၊ ၇၄၊ ၄၇ ဖွဲ့စည်းပုံမှာလည်း ဒီဥပဒေတွေကို အစိုးရက ကျင့်သုံးတယ်ဆိုတာ အခြေခံဥပဒေရဲ့ နောက်ဆက်တွဲဇယားတွေမှာ ဖော်ပြထားပါတယ်။"

**လွှတ်တော်နိုင်ငံရေး ရာသီဥတုအခြေအနေအရ ရှေ့ဆက်တိုးရန် မလွယ်ကူတော့ပါ။ သို့ဖြစ်ရာ ဥပဒေကြမ်းကို ကျွန်တော် ယာယီရုပ်သိမ်းခဲ့ပါသည်။ ထို့နောက်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ 'ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၉၃) ကို ပြင်ဆင်သည့်ဥပဒေကြမ်း' ကိုတင်သွင်းပြီး ဆက်လက်တိုက်ပွဲဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ အထူးဥပဒေအသစ်ရေးဆွဲပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ '၂၀၁၅ ခုနှစ် ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့်ဥပဒေ' တင်ပြပြီး တတိယအကြိမ်ကြိုးပမ်းခဲ့သော်လည်း ပြင်းထန်သော ထိုးနှက်မှုများ ရင်ဆိုင်ရသောကြောင့် ထောက်ခံသူပင်မရှိခဲ့ပါ။**

မည်သို့ပင်ဖြစ်စေ ယနေ့အမျိုးအစားစုံလင်သော ကလေးသူငယ်မုဒိမ်းမှုများ ကြောက်ခမန်းလိလိများပြားလာသည့်အချိန်တွင် လွယ်ကူရှင်းလင်းသောလမ်းကြောင်းမှ ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် ပုဒ်မ ၃၇၆ ကို ပြင်ဆင်ပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်ပေးရန် လိုအပ်လာပါသည်။ အသက်တစ်ဆယ့်ခြောက်နှစ်အောက် မိန်းကလေးအား တစ်ဦးချင်းကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ သို့မဟုတ် သေဒဏ်ဖြစ်စေချမှတ်ပြီး အုပ်စုဖွဲ့ကျူးလွန်သူများကို သေဒဏ်ချမှတ်နိုင်ရန် ပြင်ဆင်ခြင်းသည်သာ အသက်ရှင်လျက် ဘဝသေနေသည့်ကလေးသူငယ် ဖြစ်ရပ်များကို ဥပဒေအကာအကွယ်ပေးနိုင်ရန်ဖြစ်ပါသည်။

တစ်ဆက်တည်းတွင် ပုဒ်မ ၃၇၆ ပြင်ဆင်ရန် ဆွေးနွေးစဉ်က ကျွန်တော်ယူမလာခဲ့သော ၁၉၈၂ ထုတ် ယခင်မူအတိုင်း ပြန်လည်ပုံနှိပ်သော ရာဇသတ်ကြီးဥပဒေပါအမှာကို ဤဆောင်းပါး၏ နိဂုံးချုပ်အနေနှင့်ဖော်ပြပြီး မြန်မာလိုဥပဒေပြဋ္ဌာန်းနိုင်ကြောင်း မိမိရည်မှန်းချက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

"မြန်မာဘာသာသည် ရုံးသုံးဖြစ်ရမည်ဟူသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၆ ပါ ပြဋ္ဌာန်းချက်နှင့်လျော်ညီစွာ လက်ရှိဥပဒေများကို မြန်မာဘာသာပြန်ဆိုခြင်း၊ အချို့သော ဝေါဟာရများအတွက် မြန်မာဘာသာတွင် အဓိပ္ပာယ်တူညီသော ဝေါဟာရထားရှိခြင်း၊ ဥပဒေပုံစံများကို မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာခြင်းတို့ကို ဥပဒေကိစ္စအလို့ငှာ ပြုလုပ်နိုင်ရန် ပြည်ထောင်စုပါလီမန်သည် ၁၉၄၈ ခုနှစ် မြန်မာဘာသာပြန်တရားဥပဒေနှင့် ဝေါဟာရများအက်ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၂၇) ကို ပြဋ္ဌာန်းခဲ့လေသည်။

ထိုသို့ပြဋ္ဌာန်းခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရသည် တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးသတိုးသီရိသုဓမ္မ ဦးဇမောင် သဘာပတိအဖြစ် ဆောင်ရွက်သော မြန်မာဘာသာပြန် ဥပဒေကော်မတီကို ၁၉၄၈ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့လေသည်။ ကော်မတီသည် အများပြည်သူနှင့် သက်ဆိုင်ရမည်ဖြစ်သော ရာဇဝတ်ဥပဒေ၏ ရာဇသတ်ကြီးကို စတင်ဘာသာပြန်ဆိုခဲ့ရာ ယခုအခါ ရာဇသတ်ကြီး၏ မြန်မာဘာသာ ပြန်ဆိုချက်ကို အစမှအဆုံးအထိ နှစ်ကြိမ်တိုင်တိုင် ပြန်ဆိုစိစစ်ခဲ့ပြီးဖြစ်လေသည်။ ထို့ကြောင့် ထိုရာဇသတ်ကြီး၏ မြန်မာဘာသာပြန်ဆိုချက်ကို တရားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အစိုးရပုံနှိပ်တိုက်တွင် ပုံနှိပ်ပါသည်။' ××× ■

မောင်သိန်းညွှန့်(ကော့ကရိတ်)

မြန်မာ့အလင်းသတင်းစာ (၃-၁၂-၂၀၁၆ ရက် စနေနေ့ထုတ်) မှာ ဦးနေဝင်းဆိုသူက မိုးပြာဦးဉာဏရဲ့ ပစ္စုပ္ပန်ကမ္မဝါဒ အယူဝါဒရေးရာဆိုင်ရာ စာအုပ်စာတမ်း အသံသွင်းခွေများ ထုတ်ဝေမယ်၊ ကန့်ကွက်နိုင်တယ်ဆိုပြီးတော့ ကြေညာခဲ့တယ်။ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး)က ဥပဒေနဲ့အညီ ကန့်ကွက်ခဲ့တယ်။ လွှတ်တော်မှာ သာသနာရေးဝန်ကြီးကိုယ်တိုင်ကလည်း မိုးပြာဦးဉာဏကို တရားစွဲမယ်လို့ သတင်းထောက်တွေကို ထုတ်ပြောခဲ့တယ်။ ဒီအခါမှာ လစ်ဘရယ်သမားလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားသူအချို့နဲ့ မိုးပြာဂိုဏ်းသားများက ဒီမိုကရေစီခေတ်မှာ လွတ်လပ်စွာ ပြောရေးဆိုခွင့်မရှိဘူးလို့ အသံထွက်လာကြတယ်။ ဒါကြောင့် မိုးပြာဦးဉာဏနဲ့ သူ့အယူဝါဒနဲ့ပတ်သက်ပြီး ပြောပြချင်တာလေးတွေ ရှိလာတယ်။

သာသနာတော်နှစ် ၁၂၀၀ ကျော်သောအခါ အိန္ဒိယနိုင်ငံ ကေရလာပြည်နယ်တွင် ရှုံကရအမည်ရှိ ဗြဟ္မဏပဏ္ဍိတ်တစ်ယောက် ပေါ်ပေါက်ခဲ့တယ်။ ရှုံကရဟာ ဗုဒ္ဓဘာသာရဟန်းတော်များဖြစ်ကြတဲ့ ဒိန္နာဂနဲ့ ဓမ္မကိတ္တိတို့ ရေးသားစီရင်ထားတဲ့ တက္ကဗေဒကျမ်းများကို တစ်ဖက်ကမ်းခတ် လေ့လာတတ်မြောက်ထားသူဖြစ်တယ်။ ဒါကြောင့် ရှုံကရဟာ တက္ကဗေဒနည်းကျ စကားစစ်ထိုးရာမှာ ကျွမ်းကျင်လိမ္မာသူဖြစ်တယ်။

ရှုံကရဟာ ဗုဒ္ဓဘာသာဂိုဏ်းကွဲများဖြစ်တဲ့ ယောဂါစာရဂိုဏ်းနဲ့ မဇ္ဈိမိကဂိုဏ်းတွေက အတွေးအခေါ်သဘောတရားများကို ကူးယူပြီး အတ္တဝါဒဗြဟ္မဏဝါဒ ဖန်ဆင်းရှင်ဝါဒများကို ယုတ္တိရှိအောင် ပြုပြင်ရေးသားပေးခဲ့တယ်။ အချင်းချင်းဆန့်ကျင်ဘက်ဖြစ်နေတဲ့ အတ္တဝါဒဆိုင်ရာ ကျမ်းများကို ရှေ့နောက်ညီညွတ်အောင် ဖွင့်ဆိုချက်ကျမ်းများ ရေးသားပေးခဲ့တယ်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကို အတုယူပြီးတော့ ဟိန္ဒူဘုန်းကြီးများကို ကျောင်းတိုက်များနဲ့ တစ်စုတဝေးတည်းနေစေပြီး စနစ်တကျ အယူဝါဒဆိုင်ရာ စာပေများ သင်ကြားပေးစေခဲ့တယ်။

ရှုံကရဟာ အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်ရှိ ဘုရင်များကို သာသနာ့ဒါယကာအဖြစ် သိမ်းသွင်းပြီး သာသနာပိုင်ရဟန်းမင်းအဖြစ် ဟိန္ဒူဘုန်းကြီးကျောင်းများကို ကွပ်ကဲအုပ်ချုပ်ခဲ့တယ်။

ရှုံကရဟာ ဗုဒ္ဓဘာသာရဟန်းတော်များနဲ့ အယူဝါဒယှဉ်ပြိုင်ပွဲများ မကြာခဏပြုလုပ်ဆင်နွှဲလေ့ရှိတယ်။ ရှုံကရဟာ စကားပြောကျွမ်းကျင်သူဖြစ်တာကြောင့်ရယ်၊ ထိုအချိန်အခါက စာပေကျမ်းဂန်ကျွမ်းတတ်မြောက်တဲ့ရဟန်းတော်များ အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်များမှာ မရှိတော့တာကြောင့် ရှုံကရကသာ အမြဲအနိုင်ရရှိတယ်။ ရှုံကရဟာ သူအနိုင်ရရှိတဲ့အခါမှာ ရှုံးတဲ့ရဟန်းတော်များကို ဗုဒ္ဓဘာသာကို စွန့်လွှတ်စေပြီး ဟိန္ဒူဘာသာကို ကိုးကွယ်ခိုင်းခဲ့တယ်။ ဟိန္ဒူဘာသာကို မကိုးကွယ်ပါက ပွက်ပွက်ဆူနေတဲ့ ထောပတ်အိုးကြီးထဲ နှစ်သတ်စေခဲ့တယ်။

ရှုံကရဟာ ဘာကြောင့် ဗုဒ္ဓဘာသာအပေါ် ဒါလောက် ရက်ရက်စက်စက် ပြုလုပ်ခဲ့ရတာပါလဲ။ ရှုံကရဟာ တစ်ချိန်က ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးဖြစ်ခဲ့တယ်။ သူဟာ ပါရာဇိကကျတာကြောင့် ရဟန်းကောင်းများက သူ့ကို လူဝတ်လဲစေပြီး သာသနာ့ဘောင်ကနေနှင်ထုတ်ခဲ့တယ်။ ဒါကြောင့် ရှုံကရဟာ ဗုဒ္ဓဘာသာအပေါ် အငြိုးတကြီးချေမှုန်းတိုက်ခဲ့တာ ဖြစ်တယ်။

မြန်မာနိုင်ငံ သာသနာ့သမိုင်းမှာလည်း ဒုတိယရှုံကရတွေ အများအပြားပေါ်ပေါက်ခဲ့တယ်။ အထူးသဖြင့် ပါရာဇိကကျလို့သာသနာတော် မောင်းထုတ်ခံရသူများ၊ ပါရာဇိကကျပြီး စိတ်မလုံမခြုံဖြစ်နေသူများဟာ ထေရဝါဒပိဋကစာပေများကို ပုံဖျက်ပြီး ထေရဝါဒဗုဒ္ဓဘာသာကို အငြိုးတကြီး တိုက်ခိုက်တတ်ကြတယ်။ ယနေ့အချိန်မှာ ဒုတိယရှုံကရအဖြစ် ထင်ရှားကျော်ကြားနေသူကတော့ မိုးပြာဦးဉာဏပဲဖြစ်တယ်။

မိုးပြာဦးဉာဏကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဂေါင်းကွဲကျေးရွာနေ ဦးမြဒင်+ဒေါ်လှထွန်းတို့က ၁၃၀၀ ပြည့်နှစ် နယုန်လဆန်း ၃ ရက် အင်္ဂါနေ့မှာ မွေးဖွားခဲ့တယ်။ ၁၃၁၄ ခုနှစ်မှာ ဂေါင်းကွဲရွာတောင်ကျောင်းဆရာတော် ဦးပညာထံမှာ ကိုရင်အဖြစ် သာသနာ့ဘောင်ဝင်ရောက်ခဲ့တယ်။ ဦးဉာဏဟာ စာပေကျမ်းဂန်များကို မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ဂန္ဓကုဋီရကျောင်းမှာ သင်ယူခဲ့တယ်။ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းများ အောင်မြင်ခဲ့တယ်။ ဓမ္မာစရိယတန်းကို မအောင်မြင်ခဲ့ပါ။ အသက် ၂၅ နှစ်ထိ ပညာသင်ယူပြီး အသက် ၂၅ နှစ် ကျော်တဲ့အခါမှာ တောထွက်ပြီး မန္တလေးတစ်ဝိုက်ရှိ တောရများမှာ တရားအားထုတ်ခဲ့တယ်။

မိုးပြာဦးဉာဏဟာ မင်းကွန်းရွာအနီး ရွှေမြင်တင်တောင်ထိပ်မှာ




တစ်ပါးတည်းနေပြီး တရားအားထုတ်တယ်။ ၁၉၈၃ ခုနှစ်မှာ ရဟန္တာဖြစ်ပြီလို့ ကိုယ်တိုင်ကြေညာခဲ့တယ်။ ဒါကြောင့် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့က ဝိနည်းဓိုရ်အဖွဲ့နဲ့ စစ်ဆေးတဲ့အခါမှာ ရဟန္တာမဟုတ်ကြောင်း စစ်ဆေးပေါ်ပေါက်လို့ စတုတ္ထပါရာဇိကကျတယ်ဆိုပြီး လူဝတ်လဲစေခဲ့တယ်။ တိုင်းဝိနည်းဓိုရ်အဖွဲ့နဲ့ ဗဟိုဝိနည်းဓိုရ်အဖွဲ့ကလည်း စတုတ္ထပါရာဇိကကျတယ်လို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့တယ်။

ဒါကြောင့် မိုးပြာဦးဉာဏက "အဝါဝတ်မှ ဘုန်းကြီးမဟုတ်ဘူး။ အပြာဝတ်လည်းဘုန်းကြီးဖြစ်တယ်ကွ" လို့ကြွေးကြော်ပြီး အပြာရောင်ဝတ်စုံကိုဝတ်ဆင်ကာ ထေရဝါဒဗုဒ္ဓဘာသာကို စတင်တိုက်ခိုက်ခဲ့တယ်။ ဒါကြောင့် ၁၉၈၃ ခုနှစ်မှာ သာသနာတော်ဆိုင်ရာဥပဒေများနဲ့ စစ်ကိုင်းတိုင်းသာသနာရေးမှူးရဲ့ တရားစွဲဆိုခြင်းခံရပြီး ထောင်ကျခဲ့တယ်။ ၁၉၈၆ ခုနှစ်မှာ တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာရပ်ခံပေးမှုအရ အစိုးရက ထောင်ကနေလွှတ်ပေးခဲ့တယ်။ ထောင်ကနေလွတ်တဲ့အခါမှာလည်း မိုးပြာဦးဉာဏဟာ ထေရဝါဒဗုဒ္ဓဘာသာကို အငြိုးတကြီးဆက်လက်တိုက်ခိုက်နေခဲ့တယ်။

မိုးပြာဦးဉာဏဟာ ထေရဝါဒပိဋကစာပေကျမ်းဂန်များကို လိုသလိုပုံဖျက်ပြီး ဗုဒ္ဓအလိုအရ ရှေ့ဘဝ၊ နောက်ဘဝ မရှိ၊ သံသရာမရှိ၊ နိဗ္ဗာန်မရှိ၊ ကုသိုလ်ကောင်းမှုမပြုရ၊ ဥပုသ်သီလဆောက်တည်ခြင်းသည် အလကားအလုပ်၊ သုံးဆယ့်တစ်ဘုံမရှိ၊ အဘိဓမ္မာသည်ဘုရားဟောမဟုတ်၊ လူကလွဲရင် ဘယ်သူ့ကိုမဆို သတ်ကောင်းတယ်၊ အများပိုင်ပစ္စည်း နိုင်ငံပိုင်ပစ္စည်းကို ခိုးကောင်းတယ် သီလမပျက်ဘူး၊ စေတနာကောင်းနဲ့ လိမ်ပြောရင် မုသာဝါဒကံ မထိုက်ဘူး၊ ဘယ်အမျိုးသမီးကိုမဆို အလိုတူ ကျူးလွန်ဆက်ဆံရင် ကာမေသုမိစ္ဆာစာရကံမမြောက်ဘူး၊ ကုသိုလ်တောင်ရတယ်၊ အရက်ကိုတန်သင့်ရုံ ဆေးဖြစ်ဝါးဖြစ်သောက်တာ သုရာမေရိယကံမထိုက်ဘူး စသဖြင့်ဟောပြောပြီး ထေရဝါဒဗုဒ္ဓဘာသာကို တိုက်ခိုက်ခဲ့တယ်။

ဦးဉာဏဟာ ထောင်ကျလိုက်၊ ပြန်လွှတ်လိုက်၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကို တိုက်ခိုက်လိုက်နဲ့ ချာလည်လိုက်ရင်း အချိန်ကုန်နေခဲ့တယ်။ မိုးပြာဦးဉာဏဟာ သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ယခုအခါမှာ ထောင်ထဲကနေ ပြန်လွတ်လာခဲ့ပြန်ပြီဖြစ်တယ်။ မိုးပြာဦးဉာဏဟာ ဒီမိုကရေစီထီးရိပ်ခိုပြီး သူ့အယူဝါဒကို ထပ်မံအသက်သွင်းဖို့ ကြိုးစားလာပြန်တယ်။

ဘဒ္ဒန္တအဂ္ဂဉာဏဦးဆောင်တဲ့ ဆရာတော်ခြောက်ပါးက မိုးပြာအယူဝါဒကို ဓမ္မအဓမ္မအဖြစ် စိစစ်ဆုံးဖြတ်ပေးဖို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို တိုင်ကြားခဲ့တာကြောင့် ၁၃၇၃ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် (၂၈-၁-၂၀၁၀) သောကြာနေ့မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇/၂၀၁၀)ကို ဖွဲ့စည်းပေးပြီး မိုးပြာဝါဒကို ဓမ္မ အဓမ္မဝါဒအဖြစ် စိစစ်ဆုံးဖြတ်စေခဲ့တယ်။ တည်ဆဲဥပဒေအရ ဝိနည်းဓိုရ်ရုံးမှာ စုဒိတက (စွပ်စွဲသူ)များရဲ့ စွပ်စွဲချက်များကို ပြန်လည်ဖြေရှင်းခွင့်ပေးခဲ့သော်လည်း လာရောက်ဖြေရှင်းခြင်း မပြုခဲ့ဘူး။

မိုးပြာဦးဉာဏဟာ အဓမ္မဝါဒအဖြစ်ကနေ ရှောင်လွှဲဖို့အတွက် သူ့အယူဝါဒသည် ထေရဝါဒ ဗုဒ္ဓဘာသာအယူဝါဒမဟုတ်၊ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဖြစ်တယ်လို့ ကြေညာပြီး ဗုဒ္ဓဘာသာဂိုဏ်းခွဲတစ်ခုအဖြစ် တည်ထောင်လိုက်တယ်။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြဋ္ဌာန်းထားတဲ့ သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်းဥပဒေ အခန်း (၂) အပိုဒ် (၄)အရ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဂိုဏ်းခွဲအသစ် ထပ်မံထူထောင်ခွင့် လုံးဝမရှိတော့ဘူး။ ဥပဒေကို လိုက်နာခြင်းမပြုပါက ထောင်ဒဏ်ကျခံရမှာဖြစ်တယ်။

မိုးပြာဦးဉာဏအနေနဲ့ သူ့အယူဝါဒဟာ ထေရဝါဒဗုဒ္ဓဘာသာအယူဝါဒ မဟုတ်ဘူး။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဖြစ်တယ်လို့ ဂိုဏ်းသီးခြားအဖြစ် ထမင်းရည်လျှာပူလွှဲ ကြေညာခဲ့သော်လည်း ထေရဝါဒဗုဒ္ဓဘာသာ ပိဋကစာပေများကို လိုသလိုပုံဖျက်ပြီးတော့ ဝါဒဖြန့်ချိနေခြင်းသာဖြစ်တယ်။

အကယ်၍ မိုးပြာဦးဉာဏအနေနဲ့ သင်္ဂါယနာတင် ထေရဝါဒဗုဒ္ဓဘာသာ ပိဋကစာပေကျမ်းဂန်များကို ပုံဖျက်ပြီး အသုံးမပြုဘူးဆိုရင်၊ ဗုဒ္ဓဘာသာဂိုဏ်းခွဲမဟုတ်ဘဲ ကိုယ်ပိုင်အယူအဆအဖြစ် ရပ်တည်မယ်ဆိုရင် တည်ဆဲဥပဒေများနဲ့ ကင်းလွတ်ခွင့်ရမှာပဲဖြစ်တယ်။ ရှင်းရှင်းပြောရမယ်ဆိုရင် မိုးပြာဦးဉာဏအနေနဲ့ ကရင်ပြည်နယ်က ဖိုးတခေတ်လို ဘာသာအယူဝါဒအသစ်တစ်ခု ထူထောင်လိုက်မယ်ဆိုရင် ထေရဝါဒသံဃအဖွဲ့အစည်းက မည်သို့မှုပြုလုပ်မှာ မဟုတ်တော့ဘူး။ သို့သော် မိုးပြာဦးဉာဏအနေနဲ့ ဖိုးတခေတ်လောက်တောင် သွေးရှိဟန် မတူပါ။

လစ်ဘရယ်ဆိုသူများက လွတ်လပ်စွာပြောရေးဆိုခွင့်ဟုဆိုကာ တစ်စခန်းထကြပြန်ပါတယ်။ မိုးပြာဦးဉာဏသည် လွတ်လပ်စွာပြောဆိုနေတာ မဟုတ်ပါ။ အဖွဲ့အစည်းအတွင်းနေပြီး အဖွဲ့အစည်းရဲ့စည်းကမ်းကို ဖောက်ဖျက်နေခြင်းသာဖြစ်တယ်။ အဖွဲ့အစည်းအပြင်ကရပ်တည်နေသူဟု ဆိုပြန်ပါရင်လည်း သူတစ်ပါးအဖွဲ့အစည်းကို ဖျက်ဆီးတိုက်ခိုက်နေတဲ့သူသာ ဖြစ်တယ်။

နောက်ထပ် လစ်ဘရယ်သမားဆိုသူများ သတိမထားမိတာ တစ်ခုရှိတယ်။ အဲဒါကတော့ နိုင်ငံရေးကြောင့် ကွဲပြဲနေတဲ့နိုင်ငံကို ဘာသာရေးအကွဲနဲ့ ကွဲကြောင်းဆက်သွားရင် ဘယ်လောက်ထိ အန္တရာယ်ကြီးတယ် ဆိုတာကိုပါပဲ။ တချို့ကလည်း သတိထားတော့ ထားမိပါလိမ့်မယ်။ သို့သော်လည်း အကျိုးစီးပွားတစ်ခုခုကြောင့် မျက်စိမှိတ်ပြီး ပြောနေကြတာ ဖြစ်ပါလိမ့်မယ်။

ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့အစည်းမှာသာမဟုတ် အဖွဲ့အစည်းတိုင်းမှာ သတ်မှတ်ချက်မူဘောင်စည်းကမ်းဆိုတာ ရှိတယ်။ မဟာယာနဗုဒ္ဓ ဘာသာအဖွဲ့အစည်းမှာ မူဘောင်စည်းကမ်း ငါးချက်ရှိတယ်။

၁။ အာလယဝိညာဉ် - ပြုသမျှသော ကုသိုလ်ကံ၊ အကုသိုလ်ကံမျိုးစေ့များ၏ သိုမှီးသိမ်းဆည်းရာဌာနဖြစ်သော အာလယဝိညာဉ်ခေါ် ခုနစ်ခုမြောက်သတ္တမဝိညာဉ်ရှိ သဘောတရား။

၂။ တထတာ - အာလယဝိညာဉ်၏တည်မှီရာ မူရင်းအကြောင်းတရား တထတာကို ပရမတ္ထသစ္စာဟုခေါ်သည်။ နိဗ္ဗာန်ဆိုသည်မှာ တည်ငြိမ်နေသော တထတာကိုပင်ခေါ် သည်။

၃။ တထာဂတ - သတ္တဝါသည် တထတာ၏အသွင်ပြောင်းမှုဖြစ်၍ တထတာမှ ပေါ်ထွက်လာ၍ တထာဂတမည်၏။ တစ်နည်းအားဖြင့် သတ္တဝါသည် တထတာအဖြစ်သို့ပြန်လည်ရောက်ရှိသွားသောကြောင့် တထာဂတမည်၏။ (လောကကြီးတစ်ခုလုံး ဆိတ်ငြိမ်၍ တထတာအဖြစ်သို့ ရောက်သောအခါ သတ္တဝါသည်လည်း တထတာအဖြစ်သို့ ရောက်သွားသည်။)

၄။ တထာဂတဂဗ္ဘ - တထတာသည်ပင်လျှင် တထာဂတခေါ်သော သတ္တဝါ၏ မူလအစကိန်းအောင်ရာ တိုက်ခန်း(ဝမ်းဗိုက်)ဖြစ်သောကြောင့် တထာဂတဂဗ္ဘလည်းမည်၏။

၅။ ဓမ္မဓာတု - တထတာမှ အသွင်းပြောင်းရန် လှုပ်ခတ်ချောက်ချားလာသောအခါ ပေါ်ထွက်လာသော လှုပ်ရှားမှုတစ်ခုစီ တစ်ခုစီတို့၏ လှုပ်ရှားမှုအားလုံးကို စုပေါင်းခေါ်ဝေါ်သော စကြဝဠာလောကဓာတ်ကြီးသည် ဓမ္မဓာတုမည်၏။

အထက်ပါ မူဘောင်စည်းကမ်းချက်ငါးခုကို လိုက်နာလက်ခံမှ မဟာယာနဗုဒ္ဓဘာသာအဖြစ် မဟာယာနဗုဒ္ဓဘာသာအဖွဲ့အစည်းက အသိအမှတ်ပြုလက်ခံတာဖြစ်ပါတယ်။ ထိုမူဘောင်စည်းကမ်းချက်များနဲ့ မကိုက်ညီဘဲ မဟာယာနဗုဒ္ဓဘာသာ အဖွဲ့အစည်းအဖြစ် ကြေညာရင် မဟာယာနဗုဒ္ဓဘာသာအဖွဲ့အစည်းက ထိုက်သင့်သလို တုံ့ပြန်သွားမှာပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ သို့

# Editorial

## ပို့ကုန်မြှင့်တင်ရေး ဖြစ်နိုင်ချေရှိသည်

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေသည် လွန်ခဲ့သည့်နှစ်ပေါင်းလေးငါးဆယ်ခန့်က အခြေအနေနှင့် သိသာထူးခြားစွာ ပြောင်းလဲမှုမရှိသေးဘဲ ဆန်၊ ပဲအမျိုးမျိုး၊ ကျောက်မျက်ရတနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အပါအဝင် စိုက်ပျိုးရေးနှင့် မြေပေါ်၊ မြေအောက် သဘာဝသယံဇာတများ အကြမ်းထည်နီးပါးအတိုင်း ထုတ်ယူတင်ပို့ရောင်းချနေရသည့်အပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုဟုဆိုလိုက်လျှင် စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများ ချို့နဲ့လှသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် သယံဇာတပို့ကုန်တိုးမြှင့်ရေးကိုသာ တစ်စိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့ရသည်။

၁၉၉၀ ပြည့်လွန်နှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးဆန်ဆန် တံခါးဖွင့်ခဲ့သည့်အတွက် အထည်ချုပ်၊ ဖိနပ်ချုပ်ကဲ့သို့ လက်ခစားစက်မှုလုပ်ငန်းတစ်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာခဲ့သည်မှအပ အခြားနည်းပညာအခြေပြုလုပ်ငန်းများ သိသာစွာ ဖွံ့ဖြိုးမှု မရှိခဲ့ပေ။

ပို့ကုန်မြှင့်တင်ရေးဆိုသော စကားရပ်သည် မြန်မာနိုင်ငံအစိုးရအဆက်ဆက် လက်ကိုင်ပြုပြောဆိုလာသော စကားလုံး ဖြစ်ဖြစ်သော်လည်း ယနေ့အချိန်အထိ ကုန်သွယ်မှု လိုငွေပြနေဆဲဖြစ်နေခြင်းမှာ ပို့ကုန်မြှင့်တင်နိုင်ခြင်း မရှိသေးသောကြောင့်ဟု ကောက်ချက်ချနိုင်သည်။

ပို့ကုန်မြှင့်တင်ရေးသည် မြန်မာနိုင်ငံအတွက်သာမက နိုင်ငံတိုင်းလက်ကိုင်ပြု အကောင်အထည်ဖော်နေသော ရည်မှန်းချက်တစ်ခုဖြစ်သည့်အတွက် ထူးခြားလှသည့် လုပ်ငန်းစဉ်မဟုတ်သော်ငြား အကောင်အထည်ဖော်ပုံ နည်းနာနှင့် စီမံခန့်ခွဲမှုပုံစံများ ခြားနားသွားခြင်းကြောင့် နိုင်ငံတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ ရှိနေခြင်းဖြစ်သည်။

ယနေ့အချိန်အထိ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးသော ဆန်စပါးနှင့် ပတ်သက်သော အသင့်စား၊ ဆန်ပြုတ်ထုပ်၊ ဆန်မှုန့်ကဲ့သို့ ကုန်ချောပစ္စည်းများပင် ထိုင်းနိုင်ငံမှ အများအပြားတင်သွင်းနေရပြီး အခြားသော မြန်မာ့ပို့ကုန်အများစု ယနေ့အချိန်အထိ ကုန်ကြမ်းအဆင့်နှင့် ကုန်ကြမ်းသာသာ အဆင့်မျိုး သာရှိနေခြင်းကို ဖွေဆော်ဦးပြုပြင်ရန် လိုအပ်မည်ဖြစ်သည်။

အစိုးရအဆက်ဆက် ၎င်းတို့နှင့် အလွန်းသင့်ပေါင်းသင်းခဲ့သော လုပ်ငန်းရှင် အမည်ခံ ပါမစ်၊ လိုင်စင်နှင့် တင်ဒါအခွင့်ထူးခံ၊ အခွင့်ရေးသမားများသာ မြန်မာ့စီးပွားရေးတွင် နေရာရခဲ့သဖြင့် အတန်ငယ် အလုပ်ရှုပ်၊ အဆင့်များကာ ချက်ချင်းအမြတ်မရနိုင်သော ထုတ်လုပ်ရေးလုပ်ငန်းများထက် ဆူလွယ်၊ နပ်လွယ် ကုန်ပစ္စည်းများ ပြည်ပမှ တင်သွင်းရောင်းချခြင်းကဲ့သို့ သာမန်ကုန်သွယ်မှုမျိုးသာ လုပ်ကိုင်မှုများနေပေသည်။

ပြောရမည်ဆိုလျှင် လက်ရှိအစိုးရလက်ထက်သည် ယခင်အာဏာရှင်အစိုးရအဆက်ဆက်က လျစ်လျူရှုထားခဲ့သည့် စိုက်ပျိုးရေးတစ်ဆင့်မြှင့်ကုန်ချောထုတ်လုပ်ငန်းများအတွက် ရေခံ၊ မြေခံများ၊ အခြေခံအဆောက်အအုံများ ခိုင်မာစွာ တည်ဆောက်အစပျိုးပေးရမည့် အချိန်အခါဟု ဆိုနိုင်သည်။

သို့မှသာ နယ်စပ်မှတစ်ဆင့် တရားဝင်နည်းလမ်းဖြင့်ရော၊ တရားမဝင်လမ်းကြောင်းများဖြင့်ပါ အရည်အသွေး၊ အဆင့်အတန်း အစစ်အဆေးမရှိ အလုံးအရင်းဝင်ရောက်နေသော စိုက်ပျိုးရေးအခြေပြု လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများကို နည်းလမ်းတကျတားဆီးနိုင်မည့်အပြင် ပို့ကုန်မြှင့်တင်ရေး ရည်မှန်းချက်ကိုလည်း ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

ထိုအတွက် တစ်ဆင့်မြှင့် ကုန်ချောနှင့် အရည်အသွေးမြင့် စားသောက်ကုန်များ၊ အခြားလူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များ စိတ်ပါဝင်စား ရင်းနှီးမြှုပ်နှံလာစေရန် အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်၊ ကာလတို ချေးငွေရရှိရေး၊ ကာလတစ်ခုအထိ အခွန်သက်သာခွင့်၊ အခွန်လျှော့ပေါ့မှု ရရှိရေး၊ ကုမ္ပဏီမှတ်ပုံတင်မှစကာ သဘော်တင်သည့်အဆင့်အထိ လုပ်ငန်းစဉ်အဆင့်ဆင့် လွယ်ကူချောမွေ့လျင်မြန်ရေးအတွက် အစိုးရဌာနဆိုင်ရာ လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ဝန်ဆောင်မှုပေးနိုင်ရေး စသည့် ရေခံ၊ မြေခံများ အသင့်ပြင်ဆင်ထားခြင်းအားဖြင့် ပို့ကုန်မြှင့်တင်ရေး တစ်နည်းအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ ကူညီပေးနိုင်ကြောင်း အကြံပြုလိုရင်းဖြစ်သည်။ ■

**အယ်ဒီတာ (၁၄-၁၂-၂၀၁၆)**

စာမျက်နှာ ၁၇ | သမိုင်းတစ်ကျော့ပြန်ခြင်းလော အောက်တိုဘာရာပြည့် မှအဆက် ...

အကြောင်းပြချက်ဖြင့် အမျိုးသားလက္ခဏာ ထိပါးခံနေရသော နိုင်ငံများ အထူးသတိထားဖို့ လိုပါလိမ့်မည်။

### အသစ်အသစ်သော တော်လှန်ရေးများ

၁၉၁၇ ရုရှားတော်လှန်ရေးက မွေးဖွားပေးလိုက်သော 'ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံတော်' ဆိုသည်ကား ယခုအခါ မရှိလေတော့ပါ။ နှစ်တစ်ရာအထိမခံဘဲ နှစ်ပေါင်း ၇၀ မျှဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ပြီဖြစ်ပါသည်။ ရုရှားနိုင်ငံမှ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူတစ်ဦးဖြစ်သူ 'မာရီယာအယ်လ်ယိုခီနာ' က သူမ၏ဇာတိနိုင်ငံနှင့် ပတ်သက်ပြီး ယခုလိုပြောဖူးသည်။ "ကျွန်မရဲ့ နိုင်ငံကူးလက်မှတ် မွေးဖွားရာနိုင်ငံဆိုတဲ့ ကွက်လပ်မှာ 'USSR' လို့ ဖြည့်ထားတယ်။ တကယ်တော့ USSR ဆိုတာ အခုမရှိတော့တဲ့နိုင်ငံပါ။ ၂၀ ရာစု အစောပိုင်းလောက်က ပညာတတ်အချို့ရဲ့ပျက်ပြယ်သွားတဲ့အိပ်မက်တစ်ခုထက် ဘာမှ မပိုလောက်တော့ပါဘူး" ... ဟူ၏။

သူမ၏ ဇာတိနိုင်ငံကို မွေးဖွားပေးလိုက်သော 'တော်လှန်ရေး' ဆိုသည်နှင့်ပတ်သက်၍လည်း သူမက ယခုလို တွေးတွေးဆဆ ပြောပါသည်။ "အခုခေတ်လူငယ်တွေက တော်လှန်ရေးဆိုတာကို 'ပရောဂျက်' တစ်ခုလိုများ နားလည်နေကြမလားမသိဘူး။ တကယ်တော့ တော်လှန်ရေးမှာ ပရောဂျက်တစ်ခုလို ဘယ်မှာစလို့ ဘယ်မှာဆုံးရမယ်လို့ ဘောင်ခတ်လို့မှမရတာ ...။ ပြောရရင် တော်လှန်ရေးဆိုတာ ဘဝပဲ။ တော်လှန်ရေးတိုင်းမှာ လူတိုင်းဟာ ရွေးချယ်စရာတစ်ခုခုနဲ့ ရင်ဆိုင်ကြရတယ်။ ပါဝင်မလား၊ ဒါမှမဟုတ် ဘေးထွက်ထိုင်မလား ...။" သူမ၏စကားမှာ ရာသက်ပန်တော်လှန်ရေးသမားကြီး 'ထောမတ်ဂျက်ဖာဆင်' ၏ အိုမင်းတွင်းဆုံးအရွယ်တွင် ပြောခဲ့သောအမှာစကားနှင့် ခပ်ဆင်ဆင်တူလိမ့်မည်ထင်ပါသည်။ သူ့စကား ... "မျိုးဆက်တိုင်းတွင် အသစ်အသစ်သော တော်လှန်ရေးများ လိုအပ်သည်" ဟူသတတ်။

စစ်အေးခေတ်က အလွန်ရေပန်းစားခဲ့သော ဝါဟာရတစ်ခုနှင့် ပတ်သက်၍လည်း သူမက ယခုလိုဝေဖန်သည်။ 'တကယ်တော့ သံကန့်လန့်ကာဆိုတာ ၂၀ ရာစုရဲ့နိုင်ငံရေးဝေါဟာရမဟုတ်ပါဘူး။ ကျွန်မတို့ ရင်ဆိုင်ခဲ့ရတာက 'သံသယတံတိုင်းကြီး' ပါ။ ဒီတံတိုင်းကြီးက 'ငါတို့' (us) နဲ့ 'သူတို့' (them) ကို ခွဲထားတယ် ...။'

မည်သို့ပင်ရှိစေ အချိန်ကာလ၏ တိုက်စားမှုအောက်တွင် အရာရာမှာ ပြောင်းလဲနေမည်မှာ သေချာသည်။ လွန်ခဲ့သော ရာစုတစ်ခုက နှုန်းစံတစ်ခုကို ယခုအခါ 'လူမျိုးခွဲခြားဆက်ဆံရေးဝါဒ' (Tacism) ဟုခေါ်နေကြချေပြီ၊ လွန်ခဲ့သော ရာစုဝက်က နှုန်းစံတစ်ခုကိုလည်း ယခုအခါ 'အကြွင်းမဲ့အာဏာရှင်ဝါဒ' (Totalitarianism) ဟု နားလည်နေကြချေပြီ။ နောင်တစ်ချိန် သမိုင်းစာအုပ်များတွင် ယနေ့ကျွန်တော်တို့တစ်တွေ၏ ပြုမူလုပ်ကိုင်ပုံများကို မည်သို့ ဖော်ပြကြမည် နည်း ...။ ■

**ကျော်ဝင်း**
**၁၃ ဒီဇင်ဘာ ၂၀၁၆**

စာမျက်နှာ ၁၉ | ဒုတိယ ရှုံကရ သို့မဟုတ် မိုးပြာဦးဉာဏ မှအဆက် ...

ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့အစည်းမှာလည်းပဲ အခြေခံမူဘောင် စည်းကမ်းသုံးချက် ရှိပါတယ်။ အဲဒါတွေကတော့ ၁။ ဘုရားရှင် ဟောကြားတာကိုလည်း မပယ်ရဘူး။ ၂။ ဘုရားရှင် မဟောကြားတာကိုလည်း ထည့်သွင်းခြင်းမပြုရဘူး။ ၃။ ဘုရားရှင်ဟောကြားချက်ကို မူလအရှိ ပကတိအတိုင်း လိုက်နာလက်ခံရမယ်။ ဒီသုံးချက်နဲ့ မကိုက်ညီဘဲ ထေရဝါဒဗုဒ္ဓ ဘာသာအဖြစ် ကြေညာခဲ့ရင် ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့အစည်းက ထိုက်သင့်သလို တုံ့ပြန်သွားကြမှာပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် မိုးပြာဦးဉာဏ အနေနဲ့ ထေရဝါဒ ပိဋကစာပေများ ဖျက်လိုဖျက်ဆီးမပြုလုပ်ရင်၊ ဗုဒ္ဓဝါဒထီးရိပ်မှာ မခိုတော့ဘဲ ကိုယ်ပိုင်ဘာသာ အသစ်တစ်ခုအဖြစ် ရပ်တည်လိုက်မယ်ဆိုရင် ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့အစည်းနဲ့ ထိပ်တိုက်မတွေ့တော့ဘူး ဆိုတာပါပဲ။ ■

**မိုးသု (မန္တလေး)**

စာမျက်နှာ ၁၆| ၅၂၈ ဖြင့် ခုခံခဲ့သည် မှအဆက် ...

မကြာမီပင် ကိုမျိုးဝင်းနှင့် မဖြူဖြူခိုင်တို့အတွက် ရင်ခုန်စိတ်အလှုပ်ရှားရဆုံး အချိန်တစ်ခုရောက်လာသည်။

ထိုအချိန်က AIDS ဝေဒနာရှင် မိဘနှစ်ပါးဖြစ်သော သူတို့နှစ်ဦးမှ ရင်သွေးလေးမွေးဖွားပြီးနောက် HIV ပိုး ရှိမရှိ ဆေးစစ်ချက် ထွက်လာမည့်အချိန်ပင်။

"သူကလုံးဝနားမထောင်ရဲတာနဲ့ အဲဒီနေကဆေးရုံမလာဘူး။ ဆရာဝန်ကြီးက ဆေးစစ်ချက်အဖြေကို ကိုင်လာတဲ့အချိန် ညီမဘေးက ကလေးလေးကို ညီမ မကြည့်ရဲဘူး။ မျက်စိမှိတ်ထားရတယ်။ ကလေးမှာ ရောဂါမပါလာဘူးဆိုတာလည်းသိရော.. ညီမငိုချလိုက်တယ်..ပျော်လွန်းလို့" ဟု မဖြူဖြူခိုင်က ဆိုသည်။

ယခုအခါ ကိုမျိုးဝင်း၊ မဖြူဖြူခိုင်တို့၏ သမီးငယ်လေးမှာ လာမည့်နှစ်တွင် သူငယ်တန်းစတက်တော့မည်ဖြစ်သည်။

"ကလေးကိုဂေဟာမှာ မထားပါဘူး။ ရွာက အဘွားတွေဆီပို့ထားတယ်။ ရွာမှာပဲ ကျောင်းတက်ခိုင်းမယ်။ ညီမတုန်းက ဆယ်တန်းမအောင်ပေမယ့် သူ့အလှည့်ကျ ဘွဲ့ရပညာတတ်ဖြစ်ရမယ်။ အဲဒီအတွက်လည်း ဒီရန်ကုန်မှာ ညီမတို့ လင်မယားနှစ်ယောက်အလုပ်လုပ်ပြီး ငွေရှာနေကြတယ်။ ညီမသမီးလေးဟာ ပညာတတ်ကြီးဖြစ်မှာ" ဟု မဖြူဖြူခိုင်က တက်တက်ကြွကြွဆိုလာသည်။

အမှန်တကယ်လည်း သူမတို့ လင်မယားနှစ်ယောက်မှာ ယခုအခါ သန်သန်မာမာ၊ ကျန်းကျန်းမာမာဖြင့် သူတို့ကလေး အနာဂတ်ရေးအတွက် အလုပ်လုပ်ကိုင်ကာ ငွေစုနေကြသည်။

ခင်ပွန်းဖြစ်သူက ကြက်ခြင်းများလိုက်ပို့သည့် အထမ်းသမားအလုပ်ကိုလုပ်ပြီး ဇနီးဖြစ်သူ သူမက လက်မှုအနုပညာပစ္စည်းလေးများကို နေ့စားအလုပ်ဖြင့် လုပ်ကိုင်လျက်ရှိသည်။

အရိုက်အပုတ်ကြမ်းလှသော ကံကြမ္မာလက်နက်ကြီးကျည်ဆံများကြားတွင် မဖြူဖြူခိုင်မှာ သူမ၏ မိခင်ဘဝကို လက်နက်ချပစ်ဖို့ ကြိုးစားခဲ့ဖူးသည်။

သို့သော် သူမသည် လောကစံဆူးချွန်ပေါ်တွင် မတ်မတ်ရပ်တည်နိုင်ခဲ့သည်။

ခုခံအားကျဆင်းမှုရောဂါတည်းဟူသော ကြောက်မက်ဖွယ်ရောဂါဆိုးကြီးကိုဖြတ်ကျော်နိုင်ခဲ့သော မိခင်တစ်ယောက်အဖြစ် သူမသည် မည်သည့် စိတ်ဓာတ်၊ မည်သည့်မျှော်လင့်ချက်တို့ဖြင့် ရပ်တည်ခဲ့သနည်း။

အသက် ၁၈ နှစ်အရွယ်ဖြင့် လောကစံဆိုးကြီးကို ကြုံခဲ့ရသော သူမကတော့ ယခုလို ကဗျာဆန်ဆန် အဖြေပေးပါသည်။

"ခုခံအားကျဆင်းတယ်ဆိုတဲ့ ဒီရောဂါကြီးကို ရင်သွေးလေးအပေါ်ထားတဲ့ ၅၂၈ ဆိုတဲ့ မိခင်မေတ္တာ တစ်ခုထဲနဲ့ ကျွန်မ ရင်ဆိုင်ခုခံနိုင်ခဲ့တာ" ■

**ခက်ဇော်**



## စျေးနှုန်းသင့်တဲ့ RM-515 နားကြပ်

နားကြပ်အတွက် ပိုက်ဆံလည်း အများကြီး မသုံးချင်ဘူး အရည်အသွေးလည်း မဆိုးလှတဲ့ နားကြပ်တစ်ခုလောက် ဝယ်ချင်သူတွေအတွက် Remax ထုတ် RM-515 Earphone ကို ညွှန်ပေးချင်တယ်။ Microphone ပါလို့ ဖုန်းပြောတာ၊ ဖုန်းအဝင် လက်ခံတာ၊ ဖုန်းချတာအပြင် သီချင်းအဖွင့်အပိတ်၊ အပုဒ်ကျော်တာတွေကိုပါ ပြုလုပ်နိုင်မှာပါ။ နားကြပ်ရဲ့ထိပ် ခေါင်းကို ၉၀ရာခိုင်နှုန်းအထိ ကွေးပေးထားလို့ အိတ်ထဲခေါက်ထည့်ထားရင်တောင် ကြိုးကို ထိခိုက်မှုမဖြစ်စေတဲ့ အားသာချက် ရှိပါတယ်။ စျေးနှုန်းက ၅၀၀၀ ကျပ်ဖြစ်ပြီး Remax အမှတ် ၃၅၄ ၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းနဲ့ ၃၉ လမ်းကြား၊ ကျောက်တံတားနဲ့ နီးစပ်ရာ Remax ဆိုင်တွေမှာ သွားဝယ်နိုင်မှာပါ။ ■



## Google ထုတ် အသစ်ထွက် Allo Chat

ထူးထူးခြားခြား Android ဖုန်းတွေအတွက် အရင်ထွက်လာပြီး iPhone တွေအတွက် ဒီဇင်ဘာလ ၈ ရက်နေ့ကမှ ထွက်ရှိလာတဲ့ Google ထုတ် Google Allo ဆိုတဲ့ ဆော့ဖ်ဝဲလေးကို ညွှန်ပေးချင်တယ်။ တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်စာတွေနဲ့ Chat ကြတဲ့အခါမှာ စာတွေ အများအပြားရိုက်စရာမလိုအောင် ဒီ App လေးမှာ Text တွေ Emoji လေးတွေ အလိုအလျောက် ရွေးသုံးနိုင်မယ့် အားသာချက်ရှိပြီး ကိုယ်ပို့နေကျ Emoji လေးတွေကိုလည်း မှတ်သားထားပြီးနောက် Chat တဲ့အခါမှာ ဖော်ပြပေးနေမှာပါ။ ဓာတ်ပုံတွေ ပို့တဲ့အခါမှာ စာသားတွေ၊ ဆေးပန်းချီတွေ ပေါင်းထည့်ပြီး ပို့နိုင်မှာဖြစ်သလို စတစ်ကာလေးတွေလည်း အတော်စုံစုံပါတာတွေ့ရပါတယ်။ ထူးခြားချက်အနေနဲ့ Google ကနေ အကြောင်းအရာတစ်ခုရှာချင်တဲ့အခါမှာ လင့်ခ်သတ်သတ် သွားစရာမလိုဘဲ Chat Conversation ထဲမှာပဲ Google Assiastant ကို လှမ်းမေးလိုက်လို့ ရတာပါ။ ဒီ Google Allo ဆော့ဖ်ဝဲလေးကို ရယူလိုတယ်ဆိုရင် Google Play နဲ့ iTune ကနေ အခမဲ့ရယူနိုင်ပါတယ်။ ■

## အားအဝင်များမှာ စိတ်ပူဖို့မလိုတဲ့ Power Bank

ခရီးသွားတဲ့အခါမှာ အချိန်နေရာ မရွေးဖုန်းအားပြန်ဖြည့်နိုင်ဖို့ Power Bank တစ်လုံးလောက်ဝယ်ဖို့ စိတ်ကူးနေတယ်ဆိုရင် Yoobao ထုတ် PL5 5000mAh ကို ညွှန်ပေးမယ်။ ဒီ Power Bank က ဖုန်းအားပြည့်အလိုအလျောက် အားဝင်မှုကို ဖြတ်တောက်ပေးမယ့် Short Circuit Protection ပါဝင်လို့ ဖုန်းအားပြည့်တဲ့အခါ အားသွင်းတာဖြုတ်ဖို့ မေ့သွားရင်တောင် စိတ်ပူဖို့ မလိုတော့ပါဘူး။ ပါးလွှာတဲ့ ဒီဇိုင်းနဲ့ iPhone နဲ့ Android ဖုန်းနှစ်မျိုးလုံး အားသွင်းနိုင်ဖို့ ကြိုးနှစ်မျိုးလုံးနဲ့ Power Bank ကို အလွယ်တကူ အားပြန်သွင်းနိုင်ပါတယ်။ စျေးနှုန်းက ၁၄,၀၀၀ ကျပ်ဖြစ်ပြီး Swan Pyae Distribution အမှတ် ၁၄ဘီ၊ လမ်းမတော်သံစျေး၊ စီဘီဘဏ်ရှေ့ လမ်းမတော်လမ်း (အလယ်)၊ရန်ကုန်၊ ဖုန်း ၀၉ ၄၂၈၁၁ ၂၂၃၃ မှာသွားဝယ်နိုင်ပါတယ်။ ■



## ကွန်ပျူတာ နှစ်လုံးချိတ်သုံးနိုင်မယ့် Mi Mouse

လက်ရှိသုံးနေတဲ့ Mouse က သိပ်သုံးလို့မကောင်းဖြစ်နေလို့ အသစ်ဝယ်ချင်သူတွေအတွက် Mi Mouse ကို ညွှန်ပေးချင်တယ်။ ဒီ Mouse ရဲ့ ထူးခြားချက်က ကွန်ပျူတာနှစ်လုံးနဲ့ ချိတ်ဆက်သုံးနိုင်မှာဖြစ်ပြီး Dual-Mode အဖြစ် Bluetooth နဲ့ ကွန်ပျူတာတစ်လုံးကို ချိတ်ထားနိုင်သလို Wifi နဲ့ တခြား ကွန်ပျူတာနဲ့ ချိတ်ပြီး နှစ်လုံးတစ်ပြိုင်တည်း ချိတ်သုံးနိုင်မှာပါ။ Wireless Coverage Range က ၁၀ မီတာအတွင်းမှာရှိပြီး Mi TV , Mi ဖုန်းတွေနဲ့လည်းချိတ်ပြီး သုံးနိုင်မှာ ဖြစ်ပါတယ်။ စျေးနှုန်းက ၂၈,၀၀၀ ကျပ်ဖြစ်ပြီး Telefono Mobile House အမှတ် C-5 ၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဖုန်း ၀၉ ၉၇၃၁ ၂၃၉၆၃ ကို ဆက်သွယ်နိုင်ပါတယ်။ ■





## စက်ရုပ်တိုက်ပွဲ နွှဲမလား

အတိုက်အခိုက်ဂိမ်းတွေ ကြိုက်ရင်တော့ Robots War 3D ဂိမ်းကို ကစားကြည့်လိုက်ပါ။ စက်ရုပ်တွေ အချင်းချင်း တိုက်ခိုက်မှုမှာ ကိုယ့်ရဲ့အတိုက်အခိုက် စွမ်းရည်ကို ပြသပေးရမှာဖြစ်ပြီး သနားညှာတာမှုမရှိဘဲ တိုက်ခိုက်ရမှာဖြစ်ပြီး ကိုယ်က ညှာလိုက်တာနဲ့ အသေအကျေပြန်ပြီး တိုက်ခိုက်ခံရမှာပါ။ စက်ရုပ်အပြင် ကားအဖြစ်လည်းပြောင်းနိုင်မှာဖြစ်ပြီး ကိုယ့်ရဲ့ ပြိုင်ဘက်စက်ရုပ်ကလည်း ကိုယ်နဲ့အလားတူပါ။ ရုပ်ထွက်ကောင်းမွန်မှုရှိတဲ့ ဂိမ်းဖြစ်ပြီးရယူလိုတယ်ဆိုရင် Google Play ကနေ အခမဲ့ရယူလိုက်ပါ။ ■



## ၁၅ မိနစ်အားသွင်းတာနဲ့ ခုနစ်နာရီလောက် အသုံးပြုနိုင်မယ့် Moto Z

Motorola အမှတ်တံဆိပ်ကြိုက်သူတွေအတွက် နိုဝင်ဘာလကုန်ကမှ အသစ်ထွက်လာတဲ့ Moto Z ဖုန်းကိုညွှန်ချင်တယ်။ ဖုန်းအရွယ်အစားခပ်ပါးပါးကြိုက်သူတွေအတွက် ၅ ဒသမ ၁၉ မီလီမီတာအထူရှိပြီး Water- repellant Coating သုတ်လိမ်းထားတာမို့ မိုးရွာထဲမှာပဲဖြစ်ဖြစ်၊ ရေကန်ထဲမှာဖြစ်ဖြစ် ရေစိုခံ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Moto Z ဖုန်းရဲ့ထူးခြားချက်က ကြိုးမဲ့ Power Pack ခလုတ်နဲ့ Zoom ဆွဲလို့ရတဲ့ ကင်မရာ၊ အသံအရည်အသွေးက JBL SoundBoost Speaker ပါဝင်ပြီး ဖုန်းဒေတာအချက်အလက်အများကြီး သိပ်ထားချင်သူတွေအတွက် 64 GB Internal Storage ပါကာ ထပ်တိုးအသုံးပြုချင်သူတွေအတွက် 2TB အထိ ထောက်ပံ့ပေးနိုင်တဲ့ Micro SD Card Slot ပါဝင်တာဖြစ်ပါတယ်။ ဒါ့အပြင် ဖုန်းအားပြန်သွင်းရာမှာလည်း ၁၅ မိနစ်သွင်းပေးတာနဲ့ ခုနစ်နာရီလောက် ပြန်လည်အသုံးပြုနိုင်မှာဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ USA ထုတ်ဖြစ်ပြီး စျေးနှုန်းက ၈၉၀,၀၀၀ ကျပ်ဖြစ်ပါတယ်။ အရောင်တွေက အမည်းရောင်၊ အဖြူရောင်၊ Lunar Grey နဲ့ Fine Gold တို့ကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် KMD ဖုန်းအရောင်းစင်တာဆိုင်တိုင်းမှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■







# ၁၅၄ မိုင် ၄ ဖာလုံက ကြက်သားကာလသားဟင်းဆိုင်

ရန်ကုန် - နေပြည်တော်၊ ရန်ကုန် - မန္တလေးနဲ့ တခြားမြန်မာပြည်အထက် ပြည်ဘက်ကိုသွားရင်ဖြစ်စေ၊ ရန်ကုန်ကိုလာရင်ဖြစ်စေ ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ် ၁၅၄ မိုင် ၄ ဖာလုံမှာ ဖွင့်ထားတဲ့ ကြက်သားကာလသားဟင်း ဆိုင်လေးကို နေ့လယ်စာစားလို့ကောင်းတဲ့နေရာလေး အဖြစ် ညွှန်ပေးချင်ပါတယ်။ ရန်ကုန်ကသွားမယ်ဆိုရင်တော့ ၁၁၅ မိုင်ယာဉ်ရပ်နားစခန်းမှာ ဈေးကြီးကြီးဆိုင်တွေမှာ နေ့လယ်စာမစားချင်ဘူး၊ ဒါမှမဟုတ် ဗိုက်မဆာသေးဘူးဆိုရင်တော့ မိနစ် ၃၀ လောက်ဆက် ကားဆက်မောင်းသွားရင် ၁၅၄ မိုင် ၄ ဖာလုံမှာ ကြက်သားကာလသားဟင်းဆိုင်လေးရှိပါတယ်။ ဆိုင်ရဲ့အခင်းအကျင်းက အညာဓလေ့၊ မြန်မာ့ဟန်လေးပါပဲ။ ရိုးရိုးရှင်းရှင်း သစ်သားခုံလေးတွေနဲ့ သက်ကယ်မိုးထားတဲ့ တဲအောက်မှာ အေးအေးလူလူ ထမင်းထိုင်စားနိုင်မှာဖြစ်ပါတယ်။ ထမင်းဆိုင်မှာတော့ အသားအမျိုးမျိုးစုံလင်လှသလို ဆိုင်ရဲ့နာမည်ကြီးကတော့ ကြက်သားကာလသားဟင်းပါ။ အချိုကြိုက်တဲ့သူအတွက် အချိုမှာလို့ရသလို အစပ်ကြိုက်တဲ့သူတွေအတွက်လည်း ပူပူစပ်စပ်လေး အတော်သောက်လို့ ထမင်းနဲ့စားလို့ အဆင်ပြေပါတယ်။ ကြက်သားဆိုရင် ငွေးတောက် ရွက်နဲ့ လိုက်ဖက်တဲ့ အတိုင်း ကြက်သားကာလသားဟင်းကို ငွေးတောက်ရွက်၊ ပင်စိမ်းရွက်လေးတွေနဲ့ မွှေးမွှေးခါးခါး အရသာမျိုးလေးပါ။ ကြက်သားကာလ သားဟင်းတစ်ပွဲကို ကြက်သားတုံး လေးတုံးလောက်ပါတဲ့အတွက် လူနှစ်ယောက်လောက် စားနိုင်မှာဖြစ်သလို ဟင်းရည်ထပ်လိုရင်လည်း သောက်နိုင်သလောက် ဟင်းရည်ပူပူလေးကို ထပ်ဖြည့်ပေးပါတယ်။ လူတစ်ယောက် ထမင်းနဲ့ဟင်း အဝစားကို ကျပ် ၂၅၀၀ ကျသင့်မှာဖြစ်ပြီး တော့ အရန်ဟင်းသုံးမျိုးလောက်လည်း ပါပါသေးတယ်။ တို့စရာလတ်လတ်ဆတ်ဆတ်ကို ငပိရည်၊ ငပိထောင်း၊ ငရုတ်သီးထောင်းတို့နဲ့ တို့မြုပ်စားနိုင်မှာ ဖြစ်ပါတယ်။ ၁၅၄ မိုင် ၄ ဖာလုံကို နေ့လယ်စာအတွက်သွားရင်း မြန်မာ့မြေက သေရည် သေရက်ဖြစ်တဲ့ ထန်းရည်ကြိုက်တဲ့ သူတွေဆိုရင်တော့ ၁၅၂ မိုင်မှာတော့ ထန်းရည်နဲ့ လယ်ကြွက်ကြော်ရောင်းချတဲ့ ဆိုင်လေးတစ်ဆိုင်ရှိပါသေးတယ်။ ထန်းတောကြီးလည်းရှိတာကြောင့် ထန်းရည်အစစ်ကို မြည်းစမ်းနိုင်မှာဖြစ်ပါတယ်။ ■



# မွေးကင်းစအရွယ်ကနေ ခြောက်နှစ်အထိ ကလေးအသုံးအဆောင် ပစ္စည်းမျိုးစုံရနိုင်တဲ့ Sweet & Child

ကလေးနဲ့ပတ်သက်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို တစ်နေရာတည်း မှာ ဝယ်ယူချင်တဲ့သူတွေအတွက် မကြာခင်ကအသစ်ဖွင့်လိုက်တဲ့ Sweet & Child ကလေးအသုံးအဆောင်ပစ္စည်းဆိုင်လေးကို ညွှန်ချင်တယ်။ ဒီဆိုင်မှာ အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ဖိနပ်၊ ခြေအိတ် စတဲ့ မွေးကင်းစအရွယ်ကနေ အသက် ၆ နှစ်အရွယ်အထိ အသုံးပြုနိုင်မယ့် ကလေးအသုံးအဆောင်ပစ္စည်းတွေနဲ့ ကလေးတစ်ယောက်လိုအပ်နိုင်မယ့် ပစ္စည်း အစုံအလင်ကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ကလေးတွေအတွက် ၁၀၀ ရာခိုင်နှုန်း ချည်သားတွေနဲ့ ကလေးအသားအရေအတွက် သင့်တော်မယ့်အဝတ်အထည်တွေကိုပဲ ထုတ်လုပ်ရောင်းချတာမို့ ကလေးငယ်တွေဝတ်ဆင်တဲ့အခါ အန္တရာယ်မဖြစ်စေဘူးလို့ ရောင်းချသူကဆိုပါတယ်။ ကလေးအသုံးအဆောင်ပစ္စည်းတွေကို USA ကဒီဇိုင်း ထုတ်ထားတာဖြစ်ပြီး အိန္ဒိယနိုင်ငံက ထုတ်လုပ်ထားတာဖြစ်ပါ တယ်။ Sweet & Child ကလေးအသုံးအဆောင်ပစ္စည်းဆိုင်ကို နံနက် ၁၀ နာရီ ကနေ ည ၉ နာရီအထိ ဖွင့်ထားတာဖြစ်ပြီး အမှတ် ၅၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှာ ကြည့်ရှုဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■



# H&M နဲ့ Forever 21 တွေ သီးသန့် ရွေးဝယ်နိုင်မယ့် ဖက်ရှင်ဆိုင်

ကမ္ဘာမှာလူကြိုက်များတဲ့ အဝတ်အစားအမှတ်တံဆိပ်တွေထဲမှာ H & M နဲ့ Forever 21 Brand တွေလည်း အပါအဝင်ပါ။ မြန်မာနိုင်ငံမှာလည်း အဲဒီအမှတ်တံဆိပ်တွေကို ကြိုက်နှစ်သက်ပေမယ့် တရားဝင်ဖွင့်လှစ်ထားတဲ့ အရောင်းဆိုင်တွေ မရှိတာမို့ H&M နဲ့ Forever 21 ကြိုက်သူတွေအနေနဲ့ Online ကနေရောင်းချတဲ့ ဆိုင်တွေကနေ ကိုယ့်ရဲ့ ဆိုဒ်အတိုင်းကို ပြောပြီး မှာတာမျိုး၊ Instock ဝယ်ထားတဲ့ တချို့ဆိုင်တွေကနေ အထည်အနည်းငယ်ထဲကနေ ကိုယ်နဲ့ ဆိုဒ်တော်ရာ ကိုယ်နဲ့လိုက်တာမျိုးကို ရွေးဝယ်တာမျိုး၊ နိုင်ငံခြားသွားတုန်းဝယ်တာမျိုးနဲ့သာ အများစုက ကျေနပ်နေရတာပါ။ အခုပြောပြပေးချင်တဲ့ဆိုင်လေးကတော့ UK Direct Fashion Network ဆိုတဲ့ ဆိုင်လေးဖြစ်ပြီး ဒီဆိုင်လေးမှာ H&M နဲ့ Forever 21 ထုတ် အမျိုးသား၊ အမျိုးသမီးဝတ် ဒီဇိုင်းအမျိုးမျိုးကို သီးသန့်ရောင်းပေးနေတာပါ။ အင်္ကျီ၊ ဘောင်းဘီ၊ ဂျာစီနဲ့ အနွေးထည်တင်မဟုတ်ဘဲ လတ်တလော ခေတ်စားနေ တဲ့ Croptop လေးတွေ ၊ ဂါဝန်လေးတွေ၊ စကတ်လေးတွေ၊ One Piece လေးတွေ နဲ့ H&M နဲ့ Forever 21 ထုတ် အိတ် လေးတွေပါ ရရှိနိုင်ပါတယ်။ ဒီဇိုင်းတစ်မျိုးကို ကိုယ်နဲ့ အဆင်ပြေရာ ဆိုဒ်ရွေးဝယ်နိုင်သလို ကိုယ်နဲ့လိုက်ဖက်မှု

ရှိ မရှိ စိ
The B
အနေအ
တွေအ
ရနိုင်တ
Netw
ထားပြီး
သုံးရက်
တစ်ဆ
အရော
မှာပါ။ h




# ဆွစ်မိတ်နာရီတွေ လျှော့ဈေးနဲ့ ရောင်းပေးနေတဲ့ SWISS Time Square

မြန်မာနိုင်ငံမှာဆိုရင် နာရီနဲ့ပတ်သက်လို့ မကြာသေးခင်က ပွဲဆူခဲ့ပြီး လက်ရှိအချိန်အထိ မပြီးပြတ်သေးတဲ့ အမှုကိစ္စဖြစ်နေတာမို့ အရင်ကနာရီကို စိတ်မဝင်စားသူတွေတောင် နာရီကို အနည်းနဲ့အများဆိုသလို စိတ်ဝင်စားမှုများလာကြပါပြီ။ နာရီဟာအချိန်သိရရုံတင်မကဘဲ နာရီ ကောင်းကောင်း တစ်လုံးကို အဆင်တန်ဆာတစ်ခုအနေနဲ့ တပ်မက်သူတွေ၊ နာရီမဝတ်ရရင်တစ်ခုခုလိုနေတယ်လို့ ခံစားရသူတွေ၊ လက်မှာ တခြားဘာမှမဝတ်ထားရင်တောင် နာရီကောင်းကောင်းတစ်လုံးနဲ့ ကိုယ့်ရဲ့ကြွယ်ဝမှုကို ပြသချင်သူတွေအတွက် SWISS Time Square ကပြုလုပ်တဲ့ ခရစ်စမတ်အထူးအစီအစဉ်ကို ညွှန်ပေးချင်တယ်။ ဒီဇင်ဘာလ ၁၈ ရက်နေ့အထိ ပြုလုပ်မှာဖြစ်ပြီး ကမ္ဘာကျော် နာရီအမှတ်တံဆိပ်တွေဖြစ်တဲ့ TUDOR, OMEGA, MONT BLANC, LONGINES, BREITLING, RADO, RAYMON WEIL, TISSOT, ORIS, OGIVAL, CALVIN KLEIN (CK) စတဲ့ အမှတ်တံဆိပ်နာရီတွေကို ၂၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းလျှော့ဈေးနဲ့ ဝယ်နိုင်မှာပါ။ ဒီဇင်ဘာလ ၁၇ နဲ့ ၁၈ ရက်နေ့ နှစ်ရက်တည်း အထူးဈေးနှုန်းနဲ့ ရောင်းချပေးသွားမှာပါ။ နာရီချစ်သူတွေ သွားရောက်ကြည့်လိုတယ်ဆိုရင် SWISS TIME SQUARE Fine Luxury Watches အမှတ် ၉၉၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၅၄၀၁၈၉ မှာသွားရောက် ကြည့်ရှုနိုင်ပါတယ်။ ■



ဘ်ကြိုက်ဝတ်ကြည့်ပြီးမှ ဝယ်နိုင်တဲ့ အားသာချက်ရှိတာမို့ ညွှန်ပေးလိုက်တာပါ။ ဒါ့အပြင် ody Shop ထုတ် Skincare တွေကိုလည်း ရောင်းချပေးနေတာတွေ့ရပါတယ်။ ဆိုင် ထားက သိပ်အကျယ်ကြီး မဟုတ်ပေမယ့် H&M နဲ့ Forever 21 Brand ကြိုက်သူ ာွက် တစ်နေရာထဲမှာ အမျိုးအစားစုံကို ရွေးဝယ်နိုင်မှာဖြစ်ပြီး အသစ်ထွက် ဒီဇိုင်းတွေပါ တွေ့ရပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ရွေးဝယ်ချင်သူတွေအတွက် UK Direct Fashion ork ဆိုင်ရဲ့ လိပ်စာ အမှတ် ၄ ၊ မြေညီ၊ အရှေ့ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်မှာ ဖွင့်လှစ် ရန်ကုန်မြို့တွင်းက အိမ်အရောက်ပို့ ဝန်ဆောင်မှုနဲ့ မှာချင်သူတွေကို နှစ်ရက်ကနေ အတွင်း အိမ်အရောက်ပို့ဆောင်ပေးပြီးနယ်က မှာချင်သူတွေကိုတော့ ကားဂိတ်ကနေ င့်ပို့ပေးတယ်လို့ ဆိုပါတယ်။ ကျပ် ၂၅,၀၀၀ ဖိုးနဲ့အထက် ဝယ်သူတွေကို အိမ်နဲ့ ကားဂိတ် ာ် အခမဲ့ပို့ပေးတယ်လို့ဆိုထားပြီး ဖုန်း ၀၉ ၇၇၈၀၉၉၄၆၆ ကို ဆက်သွယ်စုံစမ်းနိုင် ttps://m.facebook.con/ukdirectfn မှာလည်း ဝင်ရောက်ကြည့်ရှုနိုင်မှာပါ။ ■

# New Books



နတ်မောက်ထွန်းရှိန်

## [ ယဥ်ကျေးမှုမြို့တော်မှ မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း ]

ဘုရားမတင် နတ်မဝင် လူတွင် ဆယ်ပွင့်ပန်းဆိုတဲ့စကားအတိုင်း မန္တလေးမြို့တော်က မြန်မာ့ရိုးရာပန်းဆယ်မျိုးရဲ့အကြောင်းကို ထဲထဲဝင်ဝင်လေ့လာပြီး ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။

စာအုပ်ထုတ်ဝေရတဲ့ရည်ရွယ်ချက်က လုပ်ငန်းတွေမတိမ်ကောရေးနဲ့ မျိုးဆက်သစ်တွေပညာအမွေခံနိုင်ဖို့အတွက် မှတ်တမ်းပြုစုရခြင်းဖြစ်တယ်လို့ စာရေးသူက ဆိုထားပါတယ်။

တမ္ပဝတီရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်နဲ့ မဟာမုနိဘုရားကြီးဝန်းကျင်က ရပ်ကွက်တွေမှာ အဓိကထား လုပ်ကိုင်နေတဲ့ ပန်းဆယ်မျိုးအကြောင်းကို မန္တလေး နေ့စဥ်သတင်းစာမှာ ၂၀၁၅ ခုနှစ်က စတင်လို့ အပိုင်း ၄၁ ပိုင်းထိ အသေးစိတ် ရေးသားထားပါတယ်။

၁၉၇၉ ခုနှစ်က မန္တလေးလမ်းညွှန်သဘောမျိုးနဲ့ မန္တလေးယဥ်ကျေးမှုအနုပညာဆိုတဲ့စာအုပ်ကို ထုတ်ဝေခဲ့ဖူးပြီး အခုစာအုပ်ဟာ အဲဒီစာအုပ်ကိုပြန်ဆင်ဖြည့်စွက်ထုတ်ဝေထားတာလို့ ဆိုပါတယ်။ မြန်မာမှုအနုပညာတွေကို မြတ်နိုးတဲ့သူ၊ လေ့လာလိုတဲ့သူတွေ ဝယ်ထားသင့်တဲ့စာအုပ်ဖြစ်ပြီး ထွန်းဦးစာပေက တန်ဖိုး ကျပ် ၃၀၀၀ နဲ့ ဖြန့်ချိပါတယ်။



ဇကလေး

## [ မျက်ခွက်ဘုတ်အုပ်ပေါ်က ဟာသများ ]

Facebook သုံးတဲ့သူတွေနဲ့ မစိမ်းတဲ့ ဆရာစိုးဝင်းငြိမ်း ခေါ် ဇကလေးရဲ့ လူမှုကွန်ရက် ဖေ့စ်ဘွတ် စာမျက်နှာပေါ်မှာ ရေးသားထားတဲ့ ဇကလေးရဲ့ ပုံပြင်များကို ပြန်လည်တည်းဖြတ်ပြီး တင်ဆက်ထားတဲ့ ဟာသများဖြစ်ပါတယ်။

ခုံးကျော်တံတားဆိုတာ ကားတွေ စီတန်းရပ် စောင့်နေရတဲ့ နေရာ၊ မီးပွိုင့်ဆိုတာ ယာဥ်ကြောပိတ်ဆို့စေတဲ့အရာ စသဖြင့် နိုင်ငံရေးရာ၊ စီးပွားရေးရာ၊ လူမှုဝန်းကျင်ရေးရာ စတဲ့ ပတ်ဝန်းကျင်က ထိတွေ့မိတဲ့အကြောင်းအရာတွေကို သူမြင်တဲ့အတိုင်းတို့ထိရေး သားထားတဲ့ သရော်စာတွေပါ။

လမ်းဘေးတောင်းရမ်းစားသောက်နေတဲ့ သူတောင်းစားများ ပပျောက်ရေးအတွက် ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ၊ သူတို့ကို ပရိုပိုဇယ် (Proposal) ရေးတတ်အောင်သင်ကြားပေးလိုက်ပါဗျာ (သင်ကြားပေးပါ ...မှ)

ဟဲ့ ဇကလေး၊ ဖျာလိပ်တွေထမ်းလို့ပါလား၊ ပွဲသွားကြည့်မလို့လားကွ၊ ဘိုးညီတင့်ရေ၊ ခါတော်မီ နိုင်ငံရေးသမားတွေက ပွဲလန့်လို့ဖျာခင်းနေကြတယ်ဆိုလို့ ဖျာတွေ သွားပို့မလို့ပါ ဟဲ့ ဇကလေးရဲ့ သူတို့က ဖျာမခင်းကြတော့ဘူး၊ ဖျာမလိုကြတော့ဘူးကွ၊ မွေ့ယာတွေ ဆိုဖာတွေပဲ ခင်းကြတာကွဲ့ (ဖျာခင်းတယ် ... မှ)

ဆွမ်းဆန်ထဲ ကြွက်ချေးရောတဲ့ခေတ် မဟုတ် တော့ဘူး၊ ကြွက်ချေးထဲ ဆွမ်းဆန်အရောခံရတဲ့ခေတ်ဟဲ့ ဇကလေးရဲ့ (ခေတ်ကိုက ... မှ)

စာရေးသူ ဇကလေးက သူ့ရဲ့စာအုပ်ဖတ်ပြီးရင် ရယ်ရမရယ်ရ အာမမခံပေမယ့် ဆရာကြီးဦးဝင်းဖေကတော့ ဇကလေး ပုံပြင်တွေ သိပ်ရယ်ရကြောင်း သူ့ရဲ့ အမှာစာမှာ အာမခံထားပါတယ်။

ချိုးချိုးစာအုပ်တိုက်က စာအုပ် တစ်အုပ်ကို ၂၃၀၀ ကျပ်နဲ့ ဖြန့်ချိထားပါတယ်။






## နိုင်ငံတကာဇာဒီဇိုင်းမျိုးစုံရွေးချယ်ဝယ်ယူနိုင်မယ့် The Lace

အဝတ်အထည်တွေကို ကိုယ်တိုင် ဒီဇိုင်းချုပ်ဝတ်ဆင်ချင်တဲ့သူတွေအတွက် အသစ်ထပ်ဖွင့်လိုက်တဲ့ The Lace ဆိုင်လေးကို ညွှန်ချင်တယ်။ ဒီဆိုင်လေးမှာ ဇာချစ်သူတွေအတွက် ပွဲထိုင်ဇာမျိုးစုံအပြင် ဇာတွေနဲ့ တွဲဖက်ဝတ်ဆင်နိုင်မယ့် ပိုးထည်မျိုးစုံ၊ ဘရိုကိတ်၊ ဇင်းမယ်နဲ့ အမေရိကနေ တိုက်ရိုက်မှာယူရောင်းချပေးတဲ့ ရက်ကန်းချိတ်ဒီဇိုင်းမျိုးစုံကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ The Lace ဆိုင်ကိုဝင်သွားတာနဲ့ အရင်ဆုံးတွေ့ရ မှာက ဝယ်သူတွေအေးအေးဆေးဆေး ထိုင်ဖို့ ဧည့်ခန်းနဲ့ ငွေရှင်းကောင်တာကို တွေ့ရမှာဖြစ်ပြီး ဒုတိယထပ်မှာတော့ ပိတ်စမျိုးစုံကို ခင်းကျင်းပြသထား၊ အပေါ်ဆုံးထပ်မှာတော့ အသင့်ချုပ်လုပ်ထားတဲ့ အင်္ကျီဒီဇိုင်းတွေကို မြင်တွေ့ရမှာဖြစ်ပါ တယ်။ အမျိုးသမီးအဝတ်အထည်တွေအပြင် အမျိုးသားတွေအတွက် ပုဆိုး၊ တိုက်ပုံအင်္ကျီ ဒီဇိုင်းမျိုးစုံကိုလည်း အော်ဒါ မှာယူနိုင်မှာဖြစ်တယ်လို့ ရောင်းချသူက ဆိုပါတယ်။ ဒါအပြင် ကိုယ့်စိတ်ကြိုက်ဒီဇိုင်း အပ်ချင်သူတွေအတွက် ဒီဇိုင်နာတွေက စိတ်တိုင်းကျ ဖန်းတီးချုပ်လုပ်ပေးနေတယ်လို့ ထပ်ဆင့်ဆိုပါတယ်။ The Lace ဆိုင်က ပစ္စည်းတွေကို ပြင်သစ်၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ အင်ဒိုနီးရှား စတဲ့နိုင်ငံတွေကနေ တိုက်ရိုက်မှာယူရောင်းချနေတာဖြစ်ပြီး တစ်လတစ်ခါ ဒီဇိုင်းသစ်တွေကို တင်သွင်း ရောင်းချနေတာဖြစ်ပါတယ်။ ဈေးနှုန်းတွေက ထောင်ကျော်ကနေ သိန်းကျော်အထိ ရှိပြီး အမှတ် ၉၃(အေ)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်မှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■

## အသားအရေထိန်းသိမ်းချင်သူတွေအတွက်

## Miss Crown

အလှအပကို စိတ်ဝင်စားတဲ့ပျိုမေတွေပဲဖြစ်ဖြစ်၊ အလှကုန်တံဆိပ်သစ် စမ်းသုံးကြည့်ချင်တာပဲဖြစ်ဖြစ် အခုညွှန်ပေးချင်တာတော့ Miss Crown ဆိုတဲ့ အလှကုန်ပစ္စည်းပါ။ Miss Crown က ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေက မျက်နှာပေါ်မှာရှိနေတဲ့ အမည်းစက်တွေ၊ ဝက်ခြံတွေနဲ့ အမာရွတ်တွေကို Spa ဆိုင်တွေအထိတကူးတကသွားစရာမလိုတဲ့ ပျောက်ကင်းစေမှာ ဖြစ်တယ်လို့ရောင်းချသူကဆိုပါတယ်။ နေရောင်ခြည်နဲ့ ထိတွေ့တာများလို့ ပျက်စီးနေတဲ့ အသားအရေတွေအတွက်လည်း သိသိသာသာ ပျောက်ကင်းလာမှာဖြစ်ပြီး သဘာဝ ထွက်ကုန်ပစ္စည်းတွေကိုပဲ အဓိကထုတ်လုပ်ထားတာမို့ ဘေးထွက်ဆိုးကျိုး လုံးဝမဖြစ်စေရဘူးလို့ရောင်းချသူကဆိုထားပါသေးတယ်။ ခုသီးသန့်ညွှန်ချင်တာက Whitening Day Cream နဲ့ Night Cream ဖြစ်ပြီး Day Cream ကို နံနက်ပိုင်း မိတ်ကပ်တွေ မလိမ်းခင် မျက်နှာပြင်ပေါ်ကို လိမ်းပေးရမှာ ဖြစ်ပါတယ်။ အသားအရေ ကြည်ချင်တဲ့သူတွေအတွက် Night Cream ကို ညဘက်မှာ ထပ်အသုံးပြုပေးတာနဲ့ အသားအရေကို ကြည်လင်လာပြီး နုးညံ့လာမှာဖြစ်တယ်လို့ ဆိုတယ်။ ထိုင်းနိုင်ငံထုတ်ဖြစ်ပြီး ဈေးနှုန်းက တစ်ဘူးကို ၁၅၀၀၀ ကျပ် ဖြစ်ပါတယ်။ FDA approved ရယူထားပြီးဖြစ်တယ်လို့လည်း ပစ္စည်းရောင်းချသူက ဆိုထားပါသေးတယ်။ အသေးစိတ်သိလိုတယ်ဆိုရင် အမှတ် ၂၃၆၊ ၇ လွှာ (ဘီ)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း ၀၉-၇၇၉၉၉၄၄ ၇၇ နဲ့ ၂၅၀၁၅၄၄၉၉ ကို ဆက်သွယ်နိုင်ပါတယ်။ ■



# တောင်လေးလုံးက ခြေရာများ

ယဉ်ယဉ်နှောင်း

**မန္တလေးကိုအလည်လာရောက်သူတိုင်း အမရပူရဦးပိန်တံတားကိုသွားရောက်လည်ပတ်ကြမြဲပင်။ အမရပူရတွင် ဦးပိန်တံတားအပြင် လည်ပတ်စရာနေရာများ ရှိနေသေးသည်။ မယ်ဇယ်တန်း၊ မဟာဂန္ဓာရုံကျောင်း၊ လက်ရက်ကန်းစင်များ စသည်တို့အပြင် စာပေဝါသနာရှင်တို့ မဝင်မဖြစ်ဝင်တတ်ကြသည်က တောင်လေးလုံးကျောင်းဖြစ်သည်။**


ဓာတ်ပုံ-ယဉ်ယဉ်နှောင်း

တောင်လေးလုံးကျောင်းသည်ဦးပိန်တံတားအနောက်ထိပ်ရှိ တောင်မင်းကြီးဘုရားနှင့် နောက်ကျောကပ်လျက်တွင်ရှိသည်။ တောင်မြင့်၊ တောင်ပုံ၊ တောင်ကြီး၊ တောင်သမန်ဟူသော တောင်လေးတောင် အပိုင်စား ဘီလူးလေးကောင်အမည်ကို အစွဲပြု၍ တောင်လေးလုံးကျောင်းဖြစ်လာသည်။

တောင်လေးလုံးကျောင်းသည်ပျံလွန်တော်မူပြီးဖြစ်သော တောင်လေးလုံး ဆရာတော် ဦးပညာကြောင့်လည်း လူသိများသည်။ ဆရာတော်၏ သုတပဒေသာ (အမျိုးသားစာပေဆုရ) တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများစာအုပ်သည်လည်း သမိုင်းနှင့် ယဉ်ကျေးမှုကို လေ့လာလိုသူတွေအတွက် အဖိုးမဖြတ်နိုင်သော စာအုပ်ဖြစ်ခဲ့သည်။

ဆရာတော်သည် စာပေနှင့်သုတေသနလိုက်စားသူဖြစ်သည့်အလျောက် မန္တလေးမြို့ခံ စာပေအသိုင်းအဝိုင်းနှင့် ရင်းနှီးသည်ဟုပြောရမည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာဒဂုန်တာရာ၊ ဟံသာဝတီဦးဝင်းတင်၊ လူထုဦးလှ၊ လူထု ဒေါ်အမာတို့နှင့်လည်း စာပေမိတ်ဆွေများ ဖြစ်ခဲ့သည်။

မန္တလေးမြို့ခံ စာပေအသိုင်းအဝိုင်း ကကျင်းပသော စာပေပွဲများကို တောင် လေးလုံးကျောင်းဝင်းအတွင်းရှိ သူဌေး ဘုရားရင်ပြင်ပေါ်မှာ ကျင်းပခွင့်ပြုသည်။ ခေတ်အဆက်ဆက်အာဏာရှင်ကိုတော်လှန် ခဲ့သော ကလောင်သူရဲကောင်းတို့အတွက် တောင်လေးလုံးသည် စင်မြင့်ဖြစ်ခဲ့သည်။ သည်ကျောင်းလေးကနေ စာပေအသိတို့ ပြန့်ပွားစေခဲ့သည်။ စာပေအသိုင်းအဝိုင်း ကြားရင်းနှီးချစ်ကြည်စေခဲ့သည်။

နှစ်စဉ် နိုဝင်ဘာလကုန် ၂၉ ရက်နေ့ တွင် တောင်လေးလုံးကျောင်းမှာ အမေ လူထုဒေါ်အမာ မွေးနေ့အထိမ်းအမှတ်ပွဲ လုပ်လေ့ရှိသည်။ ၁၉၈၅ ခုနှစ် အမေမာ အသက် ၇၀ ပြည့်ကစကျင်းပခဲ့ပြီး ယခု တိုင် နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ ထိုပွဲ ရောက်တိုင်း ရပ်ဝေးရပ်နီးက စာပေချစ်သူ တွေ၊ မန္တလေးချစ်စိတ်တူသူတွေ လာရောက် စုရုံးကြသည်။ စာတမ်းတွေဖတ်၊ ကဗျာ တွေရွတ်၊ အမှတ်တရစကားတွေပြောကြ သည်။

အမေမာ့ပွဲတိုင်း မပါမဖြစ် နာမည် ကြီးကတော့ တောင်လေးလုံးကျောင်းက ဝက်သားဟင်းလေးချက် ဖြစ်သည်။ ကသည်းလူမျိုးအစားအစာဖြစ်သော ဝက်သားဟင်းလေးချက်သည် အဆီ အခေါက်ပါသော ဝက်သားသုံးထပ်သားကို သရက်သီးခြောက်နှင့် အိနေအောင်ချက် ထားသော ဟင်းတစ်မျိုးဖြစ်ပြီး တစ်ခါ စားဖူးရုံနှင့် တောင်လေးလုံးကျောင်းကို ပြန်သတိရစေနိုင်သည်။

တောင်လေးလုံးချစ်သူတွေအတွက် ကတော့ တောင်လေးလုံးဟုဆိုလိုက်သည် နှင့် မန္တလေး၊ အမရပူရ၊ မန္တလေးစာပေ အသိုင်းအဝိုင်း၊ ဆရာတော်ဦးပညာ၊ အမေ


ဓာတ်ပုံ-ယဉ်ယဉ်နှောင်း

လူထုဒေါ်အမာ၊ ဝက်သားဟင်းလေးချက် နှင့်စာပေပွဲများအပြင် သူဌေးဘုရားရင်ပြင် ပေါ်က အနုပညာလက်ရာမြောက်လှသော အမှတ်တရကျောက်တုံးတွေကို ပြေးမြင် ကြပေဦးမည်။

ခေတ်ဝန်ကိုထမ်း၍ ခေတ်လမ်းကို လျှောက်သူဆိုသောစာသားနှင့်ကျောက်တိုင် ကိုသံကြိုးခတ်ထားသည့်ဟန်ကျောက်တိုင် သည် ဆရာကြီး ဟံသာဝတီဦးဝင်းတင် အထိမ်းအမှတ်ကျောက်တိုင်ဖြစ်သည်။ ဆီမီးခွက်ပုံစံ အပေါက်ငယ်နှင့်ကျောက်တိုင် က ဆရာကြီးမြသန်းတင့် အထိမ်းအမှတ် ဖြစ်သည်။ ချိုးငှက်ပုံစံနှင့် ကျောက်တိုင် က ဆရာဒဂုန်တာရာ အထိမ်းအမှတ် စသော ကျောက်တိုက်တွေအပြင် ဆရာ မောင်ချောနွယ်၊ ဆရာလှသန်း၊ ဆရာ တင်မိုးစသော ကဗျာဆရာကြီးများ၏ အမှတ်တရ ကျောက်တိုင်တွေလည်း ရှိသေးသည်။

ကျောက်တိုင်တွေအပြင် အမှတ် တရ ရေအိုးစင်၊ မုခ်ဦးတို့လည်း ရှိသေး သည်မို့တောင်လေးလုံးကျောင်းဝင်းတစ်ခု လုံးသည် ကွယ်လွန်ပြီးသော စာပေပညာ ရှင်တို့၏ အမှတ်တရများပြည့်နှက်နေ သည်။ တောင်လေးလုံးတွင် ကျောက်ထက် အက္ခရာတင်နိုင်ခဲ့သော စာပေပညာရှင် တို့သည် အာဏာရှင်လက်ထက် ပြည်သူ့ ဘက်က မားမားမတ်မတ်ရပ်တည်ခဲ့သော စာပေသူရဲကောင်းများသာဖြစ်သည်။ အမှန်တရားကိုဆုပ်ကိုင်သော၊ ပြည်သူ့ ဘက်ကရပ်တည်သော စာပေသူရဲကောင်း တို့အတွက် ပြည်သူက ပြန်လည်ချီးမြှင့် သော နေရာဟုဆိုလျှင်လည်းမမှားချေ။

တောင်လေးလုံးကျောင်းတိုက်သူဌေး ဘုရားရင်ပြင်တွင် အမှတ်တရမော်ကွန်း တည်ပြီးခါမှ အာဏာရှင်တို့အမိန့်ကြောင့် ပြန်လည်ဖျက်ချခဲ့ရသော ကျောက်တိုင် တစ်ခုရှိသည်။ ထိုကျောက်တိုင်က ‘သမိုင်း ကိုသင်ရတယ်ဆိုတာ မအအောင်လို့’ ဟု ပြောခဲ့သော ဆရာကြီးဒေါက်တာ သန်းထွန်း အထိမ်းအမှတ်ကျောက်တိုင် ဖြစ်သည်။

ဘုရားရင်ပြင်ပေါ်တွင်အထိမ်းအမှတ် မော်ကွန်းတိုင် မရှိတော့သောလည်း တောင်လေးလုံးကျောင်းအနောက်ဘက် ထဲတွင်တော့ဆရာကြီးဒေါက်တာသန်းထွန်း အုတ်ဂူကိုယခုတိုင်တွေ့မြင်နိုင်သေးသည်။ ဗိသုကာဒီဇိုင်းပညာရှင် ဦးမော်လင်းနှင့် ကျောက်ပြားအတွက် ဦးမျိုးခင် (ထန်းရိပ် ညို) တာဝန်ယူစီစဉ်ထားသော ဒေါက်တာ သန်းထွန်းအုတ်ဂူသည် ခြုံပုတ်တွေနှင့် လူနေအိမ်ခြေ အဝတ်တန်းတွေကြား ရောက်နေသည်။ နံဘေးမှာတော့ဆရာတော် ဦးပညာ၏ အရိုးအိုးစေတီအသစ်ကို တွေ့ရမည်။

တောင်လေးလုံးကျောင်းသည်လေ့လာ သူတွေအဖို့ အမှတ်ရစရာသမိုင်းတွေ၊ အထိမ်းအမှတ်တို့နှင့် ပြည့်နှက်လို့နေ သည်။ သည်ကျောင်းဝင်းထဲမှာ စာပေ အကြောင်းတွေ ဆွေးနွေးခဲ့ကြဖူးမည်။ ပညာအကြောင်းတွေ မျှဝေခဲ့ကြဖူးမည်။ လူထုအကျိုးအတွက် အင်တိုက်အားတိုက် လုပ်ခဲ့ကြဖူးမည်။

တောင်လေးလုံးဆရာတော်ဦးပညာ မရှိတော့သော်လည်း ကျောင်းဝင်းလေး သည် ယခင်လိုပင် စာပေချစ်သူတို့ကိုကြိုဆို မြဲကြိုဆိုလျက်သာ။ ယခုဆိုလျှင်ကျောင်းဝင်း ရှေ့မှာ မယ်ဇယ်ရန့်ဖတ်ပြီးပြန်ထားစာကြည့် တိုက်ကလေးတစ်ခုတိုးလာပြီဖြစ်၍ မယ်ဇယ် ရန့်ရှူရှိုက်ရင်း၊ မော်ကွန်းကျောက်တိုက် တွေ လေ့လာရင်း စာပေ၏ငြိမ်းအေးသော အရိပ်မှာ ခိုနားနိုင်သည်။ တောင်လေးလုံး ကျောင်းလေးမှာ မယ်ဇယ်ရန့်တွေ ထာဝရ သင်းပျံ့နေပါလိမ့်ဦးမည်။ ■

# မြင့်သထက်မြင့်ဆဲ မန္တလေး အိမ်၊ ခြံ၊ မြေ


ဓာတ်ပုံ-မြတ်(ကလေး)

**မြတ်(ကလေး)**

**မြန်မာပြည်အထက်ပိုင်း၏ စီးပွားရေးမြို့တော်မန္တလေးတွင် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ် ခေတ်မကောင်းတော့သည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီ။**

"အခုအနေအထားက ပိုက်ဆံရှိတဲ့သူက ဈေးနှိမ်ပြီး ဝယ်လို့ရတဲ့အနေအထားပဲ၊ သူတို့က အထက်စီးကပဲ" ဟု အိမ်၊ ခြံ၊ မြေ ဈေးကွက်တွင် ၂၅ နှစ်ဝန်းကျင် လုပ်ကိုင်ခဲ့ပြီးသည့် ဝသုန္ဓြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်မှ ဦးမျိုးမြင့်အောင်က ဆိုလေသည်။

ကျရိပ်မရှိခဲ့သည့် အိမ်၊ ခြံ၊ မြေ ဈေးမှာ ငွေရှင်ကြေးရှင်တို့အတွက် ဈေးနှုန်းသက်သာသည်ဟုဆိုနိုင်သော်လည်း သာမန်ပြည်သူများအတွက်မူ မြင့်သထက် မြင့်မားနေဆဲ ဖြစ်သည်။

မန္တလေး၏ အိမ်၊ ခြံ၊ မြေ ဈေးကွက်တွင် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မြေဈေးတရှိန်ထိုး တက်လာခဲ့ပြီး အရောင်းအဝယ်ကောင်းမွန်ခဲ့သော်လည်း ယင်းကာလက သုံးနှစ်ခန့်သာ ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင်အရောင်းအဝယ်မှာပြန်လည်၍ကျဆင်းခဲ့သည်။

"လက်ရှိအနေအထားက ကျတယ်လို့ပဲ ပြောချင်တယ်။ မြို့သစ်မှာ ၁၂၀၀ လောက်နဲ့ရောင်းတဲ့ဟာက အခုသိန်း ၈၀၀ နဲ့ ဝယ်မယ့်သူ မရှိဘူး။ မကျပါဘူးဆိုရင်တောင် ၂၅ ရာခိုင်နှုန်းလောက် ပြုတ်ကျတယ်။ အားလုံးကျတယ်လို့တော့ မပြောလိုဘူး။ တကယ့်ကိုနေရာကောင်းတဲ့နေရာတွေဆိုရင်တော့ မကျဘူး" ဟု ရွှေမန္တလေး အိမ်၊ ခြံ၊ မြေ အကျိုးဆောင်မှ ဦးနေလင်းအောင်က ဆိုသည်။

ပြန်မရနိုင်တော့သည့် နေရာများ၊ ဥပမာ အဓိကလမ်းမကြီးများနှင့် မြေကွက်ကျယ်များဆိုလျှင် ဈေးခိုင်မာကြောင်း၊ ၂၆ ဘီလမ်းပေါ် ကျုံးအနီးတွင် ရှေ့မျက်နှာစာ ပေ ၁၀၀၊ နောက်အရှည် ပေ ၂၀၀ ကျယ်သည့် မြေကွက်များ မရှိတော့သလောက်ဖြစ်ကာ ယင်းမြေကွက်မျိုးများဆိုလျှင်တော့ ရောင်းသူတောင်းသည့်ဈေးကို ပေးတတ်ကြကြောင်း ၎င်းက ပြောပြသည်။

"နိုင်ငံခြားက (ရင်းနှီးမြှုပ်နှံမှုတွေ) လာမယ်ဆိုရင်လည်း မိန်းလမ်းမကြီးမှာ လာမယ်။ ခုနပြောတဲ့ မြေကွက်ကျယ်တွေမှာ လာမယ်။ သူတို့ ရှော့ပင်းစင်တာကြီးတွေ ဆောက်မယ်။ ကားပါကင်တွေ ရှိရမယ်။ လူမြင်တဲ့နေရာ ဖြစ်ရမယ်။ မြေကွက်ကျယ်မယ်။ မိန်းပေါ် တင်မယ်ဆိုရင်တော့ ကျဈေး မရှိဘူး။ တက်ဈေးပဲရှိတယ်။ ကျန်တဲ့ဟာတွေကတော့ ရွေးချယ်ခွင့်ရှိသလို ရွေးကျနေဦးမှာပဲ" ဟု ဦးနေလင်းအောင်က ရှင်းပြသည်။

ရွေးချယ်ခွင့် ရှိသည့် မြေကွက်များဆိုသည်က ပေ ၄၀ x ၆၀ ပုံစံများဖြစ်ပြီး ထိုမြေကွက်များက မည်သည့်နေရာဖြစ်စေ အလွယ်တကူ ဝယ်ယူနိုင်သည့်အတွက် ဈေးကစားမှုကိုခံရခြင်းဟု ၎င်းကဆိုသည်။

အိမ်၊ ခြံ၊ မြေ ဈေးကွက် အဘယ့်ကြောင့်အေးရသနည်း။ မန္တလေးမြို့သည် ကျောက်လောကသားများ၊ သစ်သမားများ၊ စိုက်ပျိုးရေးသမားများ၊ သတ္တုတူးဖော်သူများစသည်စီးပွားရေးလောကသားများ စုဝေးရာနေရာ ဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် လုပ်ငန်းလုပ်ကိုင်နေသူများ ရှိသည်။ ယခင်အစိုးရလက်ထက်က ငွေမည်းပိုင်ဆိုင်သူများစွာ ရှိခဲ့သည်။ ထိုငွေမည်းများကို ခဝါချနိုင်ရန်အတွက် မြေဈေးကစား၍ဝယ်ကြသည်။ အခွန်နှုန်းထား မည်မျှများစေကာမူ ဆောင်နိုင်ကြသည်။ ထို့ကြောင့် မြေဈေးများတက်လာခြင်း ဖြစ်သည်။

"သူတို့က ပြန်ရောင်းပြီဆိုရင် ၁၀ ရာခိုင်နှုန်း ပြန်ဆောင်တယ်ဆိုရင် သူတို့က အော်တို ငွေဖြူ ဖြစ်သွားပြီ။ အခုက အဲဒီလုပ်ငန်းတွေအကုန်လုံးက ရပ်သလောက်ဖြစ်သွားပြီ။ ကျောက်ဆိုလည်း ဈေးကွက်က ပျက်သလောက်ဖြစ်နေတာ လူတိုင်းသိတယ်။ သစ်ကလည်း အဆင်မပြေတော့ဘူး။ အစိုးရအာဏာပိုင်အဖွဲ့အစည်းကလည်း ချိန်းလိုက်ပြီဆိုတော့ အရင်လိုမဟုတ်တော့တဲ့အခါကျတော့ ငွေမည်းကလည်း တို့ဆီမှာ မဝင်လာတော့ဘူး။ မူးယစ်ဆေးဝါးကလည်း နိုင်ငံတော်က ကြပ်မတ်လုပ်ဆောင်နေတော့ငွေမည်းက သိပ်မထွက်လာတော့ဘူး။ နောက်ပြီးတော့ ကောက်ပဲသီးနှံသမားတွေဘက်မှာလည်း အလိမ်အညာတွေက တအားများနေတယ်။ အဲဒီအကြောင်းတွေကြောင့် အိမ်၊ ခြံ၊ မြေ ဈေးကွက်ကိုအေးစေတယ်" ဟုရွှေမန္တလေး အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီမှ ဦးနေလင်းအောင်က ရှင်းပြသည်။

အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ဆိုသည်က လုပ်ငန်းတိုးချဲ့မှု ဝယ်ယူကြခြင်းဖြစ်ပြီး နေထိုင်ရန်နေအိမ်မှာမူ (စီးပွားရေးလုပ်ငန်းရှင်များအတွက်) ရှိနှင့်ပြီးသားဖြစ်၍ လက်ရှိတွင် မြေကို မည်သူမျှ မဝယ်ရကြသေးကြောင်း အိမ်၊ ခြံ၊ မြေ အကျိုးတော်ဆောင်များက တူညီစွာ ဆိုကြသည်။

"၂၀၁၀ တုန်းကလို ဟော့ဖို့ မဖြစ်နိုင်တော့ဘူး။ ပေါက်ဈေးရဲ့ သုံးပုံတစ်ပုံလောက် လျှော့ပြီးတော့ ရောင်းနေရတယ်။ ဒါပေမဲ့ လျှော့တိုင်းလည်း မသွက်ဘူး" ဟု လက်ရှိမန္တလေး၏ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်အနေအထားက ဦးမျိုးမြင့်အောင်(ဝသုန္ဓြေ အိမ်ခြံမြေအကျိုးဆောင်)က ပြောပြသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ ဝင်ငွေရလမ်း မဖော်ပြနိုင်လျှင် ယင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကို ကောက်ခံရမည်ဟု ဆိုထားသည်။

နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်း မရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း သတ်မှတ်အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်ဟု ယင်းဥပဒေပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားသည်။

သတ်မှတ်နှုန်းထားအရ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ငွေ (ငွေမည်း) ဖြစ်ပါက ကျပ်သိန်း ၃၀၀ ထိဆိုလျှင် ဝင်ငွေခွန် ၁၃ ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်ထောင်အထိဆိုလျှင် ဝင်ငွေခွန် ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်ထောင်အထက်ဆိုလျှင် ၃၀ ရာခိုင်နှုန်းဟု သတ်မှတ်ထားသည်။

၂၀၁၄ ခုနှစ်ကမူ ကျပ်သိန်း ၅၀၀ အထိဆိုလျှင် ၃ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၅၀၀ အထိဆိုလျှင် ၁၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀ အထိဆိုလျှင် ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀ အထက်ဆိုလျှင် ၃၀ ရာခိုင်နှုန်းဟု သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဝင်ငွေ ကျပ်သိန်းတစ်ထောင်အထိဆိုလျှင် ၃ ရာခိုင်နှုန်း၊ ကျပ်သိန်း ၅၀၀၀ အထိဆိုလျှင် ၅ ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်သောင်းထိဆိုလျှင် ၁၀ ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်သောင်းခွဲထိဆိုလျှင် ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်သောင်းခွဲနှင့် အထက်ဆိုလျှင် ၃၀ ရာခိုင်နှုန်းဟူ၍ အသီးသီး သတ်မှတ်ခဲ့သည်။

နှစ်အလိုက် ဝင်ငွေခွန်ပေးဆောင်ရမည့်နှုန်းကို သတ်မှတ်ခဲ့ရာတွင် ၂၀၁၆ ခုနှစ်တွင် သတ်မှတ်ခဲ့သည့် နှုန်းထားအရ ပေးဆောင်ရမည့် အခွန်နှုန်းထား မြင့်မားနေခြင်းကြောင့်လည်း အရောင်းအဝယ် အေးခဲ့ခြင်းဖြစ်ကြောင်း အကျိုးဆောင်တို့က ဆိုသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတည်းကပင် ရောင်းတဲ့သူနှင့် ဝယ်သည့်သူပါအခွန်ဆောင်ကြရပြီး ရောင်းသူမှာ ၁၀ ရာခိုင်နှုန်းပင် ဆောင်ကြရကြောင်း။ ထိုသို့ ဆောင်ပြီးလျှင် နောက်ထပ် ဝယ်ယူသည့်အခါ ငွေဖြူဖြစ်သည့်အတွက် အခွန်ဆောင်စရာ မလိုတော့သဖြင့် ဝယ်သူတို့က ဆောင်ကြကြောင်း၊ သို့သော်တော်တော်များများမှာ မသိသည့်အတွက် မဆောင်ကြကြောင်း အကျိုးဆောင်တစ်ဦးကပြောသည်။

"ဥပမာ အမွေဆိုင်အိမ်ကို သိန်း ၁၀၀၀ နဲ့ ရောင်းတယ်။ တစ်ယောက်ကို ၂၀၀ စီနဲ့ အမွေတွေခွဲကြတယ်။ အိမ်ပေါက်စတွေ ဝယ်လိုက်တယ်။ အလှူတွေ လှူ၊ ကားတွေ၊ ဆိုင်ကယ်တွေ စီးကြတယ်။ အခွန်ကျတော့ မဆောင်ချင်ကြတော့ဘူး။ တော်တော်များများက မြို့သစ်တွေမှာ ဒီပုံစံအတိုင်းတွေဖြစ်ကုန်တယ်" ဟု၎င်းက ဆိုလေသည်။

အခွန်မဆောင်ချင်သဖြင့် မြေစာရင်းရုံးသို့သွားကာ ပါဝါလွှဲလျှင် ကျပ်လေးငါးသောင်းဖြင့် ပြီးစီးနိုင်ပြီး အခွန်ဆောင်မည်ဆိုပါက ကျပ်သိန်း ဆယ်ချီ၊ ရာချီကုန်ကျမည်ဖြစ်၍ အခွန်မဆောင်ကြခြင်း ဖြစ်ကြောင်း၊ မိမိဝယ်ယူလိုက်သည့် ပစ္စည်းအတွက် ပိုင်ဆိုင်မှုမှာ အခွန်ဆောင်ပြီးအမည်ပေါက်မှသာ ပိုင်ဆိုင်မှု အပြည့်အဝရခြင်းဖြစ်သည်ကို နားလည်သူနည်းပါးကြောင်း ဦးနေလင်းအောင်က ဆိုသည်။

"အကောင်းဆုံး အကြံဉာဏ်ပေးချင်တာကတော့ အခွန်သာ ဆောင်လိုက်ပါ။ ဒီအခွန်မှာ နိုင်ငံတော်က အများပြည်သူအကျိုးပြုလုပ်ငန်းတွေမှာ ပြန်အသုံးချရတာ။ အကျိုးဆောင်တစ်ယောက်အနေနဲ့ အခွန်ကို ဆောင်စေချင်တယ်။ ပိုင်ဆိုင်မှုလည်း ပြည့်ပြည့်ဝဝ ရတယ်" ဟု ၎င်းက တိုက်တွန်းပြောဆိုသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အိမ်၊ ခြံ၊ မြေ အခွန် ၃၈ ဘီလီယံကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇၆ ဘီလီယံကျော် ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွက် ၁၆ ဘီလီယံကျော် ရရှိထားကြောင်း တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနထံမှ သိရှိရသည်။

မန္တလေးမြို့တော်တွင် မြေကွက်ပေါင်း ရှစ်သောင်းကျော်ရှိပြီး လစဉ်အကွက်ပေါင်း ၁၀၀ မှ ၂၀၀ အတွင်း အရောင်းအဝယ်ပြုလုပ်မှုများ ရှိနေသော်လည်း အခွန်ဆောင်သူ နည်းပါးကြောင်း၊ လက်ရှိအရောင်းအဝယ်၏ ၅ ရာခိုင်နှုန်းကိုသာ အခွန်ပေးနေကြသည်ဟု ဆိုနိုင်ကြောင်း ဝသုန္ဓြေအိမ်၊ ခြံ၊ မြေအကျိုးဆောင် ဦးမျိုးမြင့်အောင်က သုံးသပ်ပြောဆိုသည်။

အခွန်နှုန်းထား မြင့်မားသဖြင့် အရောင်းအဝယ် ဈေးကွက်ကို ထိခိုက်မှုများ ရှိလာသည်ဟု ဆိုကြသော်လည်း ယင်းအချက် တစ်ခုတည်းသာမဟုတ်၊ အထက်တွင် ဆိုခဲ့ပြီးသည့် လုပ်ငန်းရှင်ကြီး၏စီးပွားရေးအနေအထားနှင့်သာ သက်ဆိုင်သည်ဟု ဝါရင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်တို့က ဆိုကြသည်။

"အစိုးရကတော့ အခွန်တစ်ခုနဲ့ မြေဈေးကို(ကျဆင်းအောင်) ဖိတဲ့သဘောပေ့ါ။ သူတို့ရည်ရွယ်ချက် အောင်မြင်သလားဆိုရင်တော့ အောင်မြင်တယ်လို့ပဲ ပြောရမှာပေ့ါ။ အထိုက်အလျောက်တော့ အောင်မြင်တယ်ပေ့ါ။ နဂိုကတည်းက စီးပွားရေးအနေအထားလည်း ရှိတော့ အစိုးရမလုပ်ခင်ကတည်းကိုက ဒီဟာက ကျချင်ချင် ဖြစ်နေတာ။ နဂိုတည်းက အရောင်းအဝယ်က အေးတာ၊ အခွန်စံနှုန်းရဲ့ ပြစ်ချက် တစ်ခုတည်းတော့ မဟုတ်ဘူး" ဟု အကျိုးဆောင်သက် နှစ် ၃၀ ဝန်းကျင်ရှိပြီဖြစ်သည့် ဦးနေလင်းအောင်က သူ့အမြင်ကို ပြောဆိုသည်။

အစိုးရဟောင်းလက်ထက်ကတည်းက အနိမ့်ပိုင်းသို့ရောက်လာသည့်ဈေးကွက်မှာ လက်ရှိအစိုးရသစ်လက်ထက် ဆက်လက်ကျဆင်းနေကြောင်း အကျိုးဆောင်အသိုင်းအဝိုင်းမှ သိရှိရသည်။

၂၀၁၇ ခုနှစ် ပထမလေးလအတွင်းထိလည်း ဈေးကွက်မှာ အတက်ပိုင်းသို့မမြင်ရသေးဘဲ လက်ရှိအတိုင်းသာ ဖြစ်နိုင်သေးကြောင်း ဦးနေလင်းအောင်က သုံးသပ်သည်။

မြေဈေးမှာ အခွန်၊ ကျုံးကဲ့သို့သော အရှုပ်အရှင်း၊ ဂရန်အတုကဲ့သို့သော ပြဿနာများကြောင်း ကောင်းလာရန်မရှိသေးကြောင်း၊ မြေပွဲစားတစ်ယောက်ဖြစ်သော်လည်း မြေဈေးကြီးမြင့်သည်ကို မကြိုက်ကြောင်း ဦးမျိုးမြင့်အောင်က ဆိုသည်။

"လူတန်းစားအားလုံး ဝယ်နိုင်မှ ဈေးကွက်ကောင်းတယ်လို့ ပြောရမယ်။ တည်ငြိမ်တဲ့ဈေးနှုန်းနဲ့ အရောင်းအဝယ် လုပ်ချင်ပါတယ်။ လုပ်ကြံပြီး ဈေးတက်တာ၊ ဈေးကွက်အတုအယောင်နဲ့ ဈေးကြီးမြင့်တာမျိုး မလိုချင်ပါဘူး" ဟု ၎င်းက သူ၏ ဆန္ဒကို ပြောဆိုလေသည်။ ■

**မြတ်(ကလေး)**


ဓာတ်ပုံ-မြတ်(ကလေး)

မန္တလေး

## ပုဂံဘုရားများပြင်ရန် မူလအလှူရှင်များကို ဒီဇင်ဘာ ၂၀ ထိ စောင့်ဆိုင်းမည်

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဘုရားများ ပြင်ဆင်ရန်အတွက် မူလအလှူရှင်များကို ဆက်သွယ်လျက်ရှိပြီး မိမိတို့လှူဒါန်းခဲ့သည့် စေတီပုထိုးများ ပျက်စီးမှု ရှိမရှိကို ဒီဇင်ဘာလ ၂၀ ရက်နေ့ နောက်ဆုံးထားကာ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

ပျက်စီးခဲ့သည့် စေတီပုထိုးပေါင်း ၃၈၉ ဆူအနက် အနုပညာတန်ဖိုး၊ ဗိသုကာလက်ရာတန်ဖိုး ကြီးမားသည့် ဘုရားများကို ပထမအဆင့် ၃၆ ဆူ၊ ဒုတိယအဆင့် ၅၃ ဆူ၊ စုစုပေါင်း ၈၉ ဆူကို အစိုးရကဦးဆောင်ကာ ပြည်တွင်းပြည်ပပညာရှင်များဖြင့် တစ်ဆူချင်း အချိန်ယူပြုပြင်သွားမည်ဖြစ်ကြောင်း၊ တတိယအဆင့် အဆူ ၃၀၀ အနက် ထပ်မံစိစစ်ရန်လိုအပ်သည့် ၇၆ ဆူကို ချန်လှပ်၍ ကျန် ၂၂၄ ဆူကို ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနထံမှ သိရှိရသည်။

မူလအလှူရှင်များအနေနှင့် ဦးဇော်ဇော်ထွန်း (ညွှန်ကြားရေးမှူး) ၀၆၇-၄၀၈၄၁၈ (နေပြည်တော်)၊ ဒေါ်ဥမ္မာအောင် (ညွှန်ကြားရေးမှူး) ၀၁-၅၁၅၀၇၄ (ရန်ကုန်)၊ ဦးအောင်အောင်ကျော် (ညွှန်ကြားရေးမှူး) ၀၆၁- ၆၀၅၅၆ (ပုဂံ)၊ ဦးစိုးတင့် (ခရိုင်အုပ်ချုပ်ရေးမှူး- ညောင်ဦး) ၀၆၁-၆၀၂၆၁၊ ၆၀၂၆၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။ ■

ကချင်

## လမ်းပြင်ရန် တရုတ် ၂၀၀ ကျော်ကို ခေတ္တနေခွင့်ပြုသည်

ကချင်ပြည်နယ်အတွင်းရှိ နာမည်ကျော် လီဒိုလမ်းမကြီးကို ပြုပြင်ရန်အတွက် တရုတ်လုပ်သား ၂၀၀ ကျော်ကို ပြည်နယ်အစိုးရက ခေတ္တနေထိုင်ခွင့်ပြုထားသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမှ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်း၊ ပန်ဆောင်အထိ လမ်းပိုင်းကို ပြုပြင်မည့် စီမံကိန်းဖြစ်သည်။

လီဒိုလမ်းမကြီး၏ အထက်ပါလမ်းပိုင်းမှာ မိုင် ၂၀၀ ကျော်ရှည်လျားပြီး တရုတ်ယွမ်ငွေ သန်းခြောက်ထောင် သုံး၍ ပြုပြင်မည်ဖြစ်ကြောင်း၊ လမ်းလုပ်ငန်းကို မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီတစ်ခုတို့ ခြောက်နှစ်ကြာ စီမံကိန်းအဖြစ် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရက ဆိုသည်။

လီဒိုလမ်းမကြီးမှာ မြန်မာနိုင်ငံမြောက်ပိုင်းကိုဖြတ်သန်း၍ တရုတ်နှင့် အိန္ဒိယကို ချိတ်ဆက်ရန် စစ်ရေးရည်ရွယ်ချက်ဖြင့် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် လမ်းပိုင်းနေရာအများစုမှာ မြေသားသက်သက်ဖြစ်၍ မိုးရာသီတွင် သွားရေးလာရေးခက်ခဲကြောင်း ကချင်ပြည်နယ် ဒေသခံများကဆိုသည်။ ■


ဓာတ်ပုံ-မိုးကျော်လွင်

ကရင်

## BGF နယ်မြေတွင် မူးယစ်ဆေးစဖမ်းမည်

ကရင်ပြည်နယ်ရှိ နယ်ခြားစောင့်တပ် BGF လက်အောက်ခံနယ်မြေများတွင် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါး စတင်ဖမ်းဆီးမည်ဖြစ်သည်။

မူးယစ်ဆေးဝါး ကင်းစင်နယ်မြေဖြစ်စေရန် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အစိုးရတို့နှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း BGF မှ ပြောရေးဆိုခွင့်ရှိသူ စောဝင်းစိုးက ပြောကြားသည်။ မြဝတီမြို့နယ် ရွှေကုက္ကိုမြိုင်နယ်မြေတွင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် သုံးစွဲမှုတို့ကို ဖမ်းဆီးမည် ဖြစ်သည်။ ကရင်ပြည်နယ်ရှိလက်နက်ကိုင်အဖွဲ့များကို ၂၀၁၀ ပြည့်နှစ်က BGF အဖြစ် အသွင်ပြောင်းဖွဲ့စည်းခဲ့ပြီး အဖွဲ့ခေါင်းဆောင်များကို ဗိုလ်မှူးကြီးရာထူးပေးကာ နိုင်ငံတော်က လစာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ထားသည်။■

ရှမ်း

## တပ်သားသစ် စုဆောင်းခံရသူများကိုပြန်လွှတ်ပါ

ရှမ်းပြည်နယ် ကျောက်မဲနှင့် နမ္မတူမြို့နယ်တို့မှ ကျေးရွာသား ၃၆ ဦးကို တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA) က တပ်သားသစ်အဖြစ် စေခိုင်းရန် ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပြန်လွှတ်ရန် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက တောင်းဆိုလိုက်သည်။

ကျောက်မဲမြို့နယ် ပန်ကွမ်ရွာမမှ ရွာသား ၂၄ ဦးကို TNLA က တပ်သားသစ်အဖြစ် အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားရာ ယင်းတို့အထဲတွင် ပါတီဝင်ငါးဦးလည်း ပါဝင်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဆိုသည်။ မြို့နယ်နှစ်ခုမှ ရွာသား ၃၆ ဦးကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်းက တပ်သားသစ်အဖြစ် ခိုင်းစေရန် TNLA က ဖမ်းဆီးသွားခြင်းဟုဆိုသည်။

ယင်းတို့အနက်မှ နမ္မတူမြို့နယ် မိုင်းတက်ရွာသား ၁၁ ဦးကို ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် TNLA က ပြန်လွှတ်လိုက်သော်လည်း ကျန်နေသူများ မလွှတ်သေးကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီထံမှ သိရသည်။ ■

ရောဝတီ

## ရေဘေးအလှူငွေ သိန်းလေးထောင်နီးပါးပို

ရောဝတီတိုင်းတွင် ရေဘေးအလှူငွေ ကျပ်သိန်းလေးထောင်နီးပါး ပိုလျှံနေသည်။

ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ထောက်ပံ့ရန် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက တိုင်းအစိုးရအဖွဲ့ထံ ကျပ် ၅,၂၈၉ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၂၁,၅၀၀ လှူဒါန်းခဲ့သည်။ ယင်းအနက် ကျပ်သိန်း ၃၇၀၀ ကျော်နှင့် ဒေါ်လာ ၂၁၅၀၀ မှာ ကျန်ရှိနေသေးသည်။

ယင်းပိုလျှံအလှူငွေများကို ရေဘေးဒေသများ ပြန်လည်ထူထောင်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရှိရသည်။ ■

မွန်

## သာသနာရေးမှူး ဆန္ဒပြခံရ

ဘုန်းတော်ကြီးကို တရားစွဲဆိုသည့် မွန်ပြည်နယ် သာသနာရေးဦးစီးမှူး ဦးမင်းရွှေလွင်ကို ရာထူးမှ ထုတ်ပယ်ပေးရန် ဒေသခံ ၂၀၀ခန့်က ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ကျိုက်မရောမြို့နယ် ဓမ္မသတ်စံပြကျေးရွာဘုန်းတော်ကြီးကျောင်းဟောင်းမြေနေရာနှင့် ပတ်သက်ပြီး ကျောင်းထိုင် ဆရာတော်ကို တရားစွဲဆိုခြင်း၊ ကျေးမြေအနီးရှိ စေတီ ထီးတော်တင်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ မော်လမြိုင်မြို့တွင် ဒီဇင်ဘာလ ၁၂ ရက်နေ့က ဆန္ဒပြခြင်းဖြစ်သည်။

နိုင်ငံတော်နှင့် ပြည်နယ်သံဃနာယကအဖွဲ့တို့ထံသို့ အဆင့်ဆင့်တင်ပြကာ ညွှန်ကြားချက်အတိုင်း ဥပဒေဘောင်အတွင်းက လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပြီး ဆန္ဒပြမှုမှတ်ချက်မပေးလိုကြောင်း ဦးမင်းရွှေလွင်က ပြောဆိုသည်။ ■



ဓာတ်ပုံ-မိုးကျော်လွင်

ရောဝတီ

## မုဒိမ်းမှုများ မြင့်တက်နေသည့် ရောဝတီ

ရောဝတီတိုင်းတွင် မုဒိမ်းမှုဖြစ်ပွားမှုမှာ ယခုနှစ်တွင် မြင့်တက်လာသည်။ မုဒိမ်းအမှုများအနက် သုံးပုံတစ်ပုံခန့်မှာ သက်ငယ်မုဒိမ်းမှုဖြစ်နေသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း မုဒိမ်းမှု ၁၃၆ ခု ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် ကမူ တစ်နှစ်လုံးတွင် ၁၁၆ မှုဖြစ်ပွားခဲ့သည်။ ယခုနှစ်တွင်ဖြစ်ပွားသည့် မုဒိမ်းမှုတွင် သက်ငယ်မုဒိမ်းမှု ၃၇ မှု ပါဝင်နေသည်။

"အများစုကတော့ အရက်သောက်ပြီးမှုဖြစ်ပွားတာ တွေ့ရတယ်။ လူအများစုမရှိတဲ့၊ အသွားအလာနည်းပါးတဲ့ နေရာမှာဖြစ်တာတွေ့ရတယ်" ဟု ရောဝတီတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်းက ပြောဆိုသည်။ ■


ဓာတ်ပုံ-မိုးကျော်လွင်

ရခိုင်

## ရခိုင်အစိုးရ လယ်ယာမြေအရေး လက်နှေး

အစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ်လွှတ်တော်သို့ လယ်ယာမြေအရေး တိုင်ကြားစာ ၃၀၀ ကျော် ရောက်ရှိနေသော်လည်း အစိုးရက ဖြေရှင်းပေးမှုအားနည်းနေသဖြင့် ဝေဖန်သံများထွက်ပေါ်နေသည်။

အစိုးရသစ်လက်ထက်တွင် သိမ်းဆည်းခံ လယ်ယာမြေအရေးဖြေရှင်းရန် အစိုးရနှင့် လွှတ်တော်ပူးပေါင်း၍ ကော်မတီတစ်ရပ် ဖွဲ့စည်းထားသော် လည်း စိစစ်မှုအားနည်းနေကြောင်း ပြည်နယ်လွှတ်တော် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောကြားသည်။

"လယ်ယာမြေကိစ္စကို အစိုးရဆောင်ရွက်တာ နှောင့်နှေးတယ်။ တချို့စွန့်လွှတ်လိုက်တဲ့မြေဟာ ကာယကံရှင်လက်ထဲကိုမရောက်ဘဲ ကြားမှာပျောက်နေတာတွေ အများကြီးရှိတယ်" ဟု ၎င်းကဆိုသည်။ ■

# News in Brief

## ကမ္ဘာကျော်အမှတ်တံဆိပ် Emporio Armani အရောင်းဆိုင် မြန်မာတွင်ပထမဆုံးဖွင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

အီတလီနိုင်ငံထုတ် ကမ္ဘာကျော်အမှတ်တံဆိပ် Giorgio Armani ၏ အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Emporio Armani အရောင်းဆိုင်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ရန်ကုန်မြို့ Sule Square ဈေးဝယ်စင်တာ မြေညီထပ်တွင် ဖွင့်လှစ်ခဲ့ကြောင်း Emporio Armani မှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။

၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Giorgio Armani ၏ အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Emporio Armani Store တွင် အမျိုးသား၊ အမျိုးသမီးဝတ် Armani Jeans ဖက်ရှင်ဒီဇိုင်းမျိုးစုံရောင်းချပေးနေပြီး Emporio Armani ထုတ် နာရီများ၊ မျက်မှန်များနှင့် လက်ဝတ်ရတနာများ ရောင်းချပေးနေကြောင်း၊ Armani Group အနေနှင့် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၆၀ ကျော်တွင် ဆိုင်ခွဲပေါင်း ၂၇၀၄ ခု ဖွင့်လှစ်ထားကြောင်း ၎င်းထံမှသိရသည်။ ■

ပဲခူး

## စံချိန်တင်ဖမ်းမိသည့် စိတ်ကြွဆေး

ပဲခူးတိုင်း ပန်းတောင်းမြို့နယ်တွင်ဖမ်းမိသည့် စိတ်ကြွဆေးပြား ၁၄သန်းကျော်မှာ အစိုးရသစ်လက်ထက် အများဆုံးဖမ်းမိသည့်ပမာဏအဖြစ် စံချိန်တင်သွားသည်။

ဆီပီပါ ၁၅ လုံးအတွင်း ထုပ်ပိုးသယ်ယူလာသည့် WY စိတ်ကြွဆေးပြား ၁၄ သန်းကျော်ကို ပန်းတောင်းမြို့နယ် ညောင်ကျိုးမြို့တွင် ဒီဇင်ဘာလ ၁၀ ရက်နေ့က ဖမ်းမိခဲ့သည်။ ရခိုင်ပြည်နယ်သို့ သယ်ဆောင်လာစဉ် ပြည်-တောင်ကုတ်ကားလမ်း ညသျှစ်ပင် ညောင်ကျိုးဂိတ်တွင် ဖမ်းမိခြင်းဖြစ်သည်။ ယင်းအမှုတွင် ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလာသူနှစ်ဦးကို ဖမ်းဆီး စစ်ဆေးနေပြီး ကွင်းဆက်တရားခံများကို ဖော်ထုတ်နေကြောင်း ပဲခူးတိုင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ယခင်အစိုးရလက်ထက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း တန်ဖိုးရှိစိတ်ကြွဆေးပြား စံချိန်တင်ဖမ်းမိမှု၊ မန္တလေးတိုင်းတွင် ကွန်တင်နာယာဉ်ဖြင့် သယ်ဆောင်သည့် စိတ်ကြွဆေးပြားဖမ်းမိမှုတို့မှာ ပမာဏအများဆုံးဖြစ်ခဲ့သည်။ ■

မန္တလေး

## ပြင်ဆင်ရန် နည်းလမ်းနှစ်မျိုး အကြံပြုထားသည့် ဦးပိန်

အမရပူရမြို့နယ်တောင်သမန်အင်းကိုဖြတ်၍ ဆောက်လုပ်ထားသည့် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိ ဦးပိန်တံတားကို လက်ရှိအသုံးပြုနေမှုကို ကန့်သတ်၍ ရှေးဟောင်းအမွေအနှစ်အဖြစ်ထားရှိရန်နှင့် လက်ရှိအတိုင်း အသုံးပြုနေပြီး ပြုပြင်ထိန်းသိမ်းရန် အချက်နှစ်ချက်ကို မြန်မာဗိသုကာပညာရှင်များကောင်စီက အကြံပြုခဲ့သည်။

ယင်းအချက်နှစ်ချက်အနက် တစ်မျိုးကိုသာ ရွေးချယ်အသုံးပြုရန်အတွက် အဖွဲ့အစည်းအသီးသီး၏ အကြံပြုချက်များလိုအပ်ကြောင်း အဆိုပါကောင်စီက ဆိုသည်။

လက်ရှိအသုံးပြုမှုကို ကန့်သတ်လိုက်ပါက ဒေသခံများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်နိုင်ပြီး ကန်ပတ်လမ်း ဖောက်လုပ်ပေးရန် လိုအပ်ကာ ပြည်တွင်းပြည်ပခရီးသွားများကို ဝင်ကြေးသတ်မှတ်ကောက်ခံကာ တံတားထိန်းသိမ်းရန် ဝင်ငွေရရှိနိုင်ကြောင်း၊ အသုံးပြုခွင့်ဆက်လက်ထားရှိပါက ရှေးဟောင်းအမွေအနှစ်ကို ထိခိုက်လာပြီး အခါကြီးရက်ကြီးများတွင် လူအများ ဖြတ်သန်းမှုကို မထိန်းချုပ်နိုင်လျှင် တံတားပျက်စီးမှုနှင့် ကြုံတွေ့နိုင်သည်ဟု ဆိုထားသည်။ ■

# နိုင်ငံ ၁၁ နိုင်ငံက ထိပ်တန်းတက္ကသိုလ်များမှာ မဟာဘွဲ့လျှောက်ထားနိုင်မည့် ကမ္ဘာ့ဘဏ်နှင့် ဂျပန်အစိုးရ ပူးတွဲပေးအပ်မည့်ပညာသင်ဆုများ

အုန်းဇင်လင်း (ပညာရေး)

**ဂျပန်အစိုးရနဲ့ ကမ္ဘာ့ဘဏ်တို့ ပူးတွဲပြီး ဆင်းရဲမွဲတေမှု လျှော့ချရေးအစီအစဉ်တစ်ရပ်အနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံက လူငယ်၊ လူလတ်ပိုင်းတွေအတွက် ပြည်ပပညာသင်ဆုတွေကို နှစ်စဉ်ချီးမြှင့်လျက်ရှိပါတယ်။ Joint Japan /World Bank Graduate Scholarship (JJ/WBGS) Program အနေနဲ့ အသက် ၄၅ နှစ်အောက် လူငယ်၊ လူလတ်ပိုင်းများအတွက် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျပန်၊ ဩစတေးလျ၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယမ်၊ အာဂျင်တီးနား၊ ချီလီ၊ ကော်စတာရီကာနှင့် ထိုင်းနိုင်ငံများမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်များမှာ ဘွဲ့လွန်ပညာသင်ကြားနိုင်ဖို့အတွက် ပညာသင်ဆုများကို ကမ်းလှမ်းထားပါတယ်။ ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံများထဲမှ နှစ်စဉ် ကျောင်းသား ၅၀၀၀ ကျော်ကို ရွေးချယ်ချီးမြှင့်ပေးလျက်ရှိတာကြောင့် မြန်မာနိုင်ငံသားများ ပိုမိုသိရှိလျှောက်ထားနိုင်ရန် မျှဝေရေးသားတင်ပြလိုက်ပါတယ်။**

## ဘယ်ဘာသာရပ်တွေ လျှောက်လို့ရလဲ

ပညာရေး၊ ကျန်းမာရေး၊ အင်ဂျင်နီယာ၊ ပြည်သူ့ရေးရာ၊ ဘောဂဗေဒ၊ နိုင်ငံတကာဆက်ဆံရေး စသည်ဖြင့်ဘာသာရပ်နယ်ပယ်အစုံနီးပါးကို တက္ကသိုလ်အလိုက် ရွေးချယ်လျှောက်ထားနိုင်ပါတယ်။ JJ/WBGS Program မှာ Preferred Program နဲ့ Partnership Program အတွက် တက္ကသိုလ် ၃၀ ကျော် သတ်မှတ်ထားတာဖြစ်တဲ့အတွက် မိမိလေ့လာလိုတဲ့ ဘာသာရပ်ကို ခွင့်ပြုထားတဲ့ တက္ကသိုလ်ကို ရှာဖွေလျှောက်ထားရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဟားဗတ်တက္ကသိုလ်အတွက် Public Adminstration ၊ Public Policy၊ Urban Planning၊ Public Health ၊ International Education Policy စတာတွေကို လျှောက်ထားခွင့်ရှိပြီး အင်ဂျင်နီယာဆိုင်ရာဘာသာရပ်တွေကို ဂျပန်နိုင်ငံ Ritshumeikan တက္ကသိုလ်၊ Saitama တက္ကသိုလ်၊ ထိုင်းနိုင်ငံ Asian Institute of Technology စတာတွေမှာ လျှောက်ထားလို့ရပါတယ်။ Preferred Program နဲ့ Partership Program အရ ခွင့်ပြုတက္ကသိုလ်များနှင့် ဘာသာရပ်နယ်ပယ်များကို ကမ္ဘာ့ဘဏ်ရဲ့ Scholarship web page (www.worldbank.org/wbi/scholarships) မှာ အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## သတ်မှတ်ချက်များ

အသက် ၄၅ နှစ်အောက်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ သုံးနှစ်နဲ့အထက်ရှိရပါမယ်။ အင်္ဂလိပ်စာ အရည်အချင်းသတ်မှတ်ချက်အနေနဲ့ သက်ဆိုင်ရာတက္ကသိုလ်အလိုက် ကွဲပြားပါတယ်။ တချို့တက္ကသိုလ်တွေအတွက် Official English Score တောင်းလေ့ရှိပြီး တချို့တက္ကသိုလ်တွေက နိုင်ငံခြားဘာသာတက္ကသိုလ် သို့မဟုတ် မိမိတက်ခဲ့တဲ့တက္ကသိုလ်တစ်ခုခုရဲ့အင်္ဂလိပ်စာဌာနက English Proficiency Certificate ကို လက်ခံလေ့ရှိပါတယ်။ ဥပမာ-Ritsumeikan University က လျှောက်ထားလိုသူနဲ့ ကြိုတင်ဆွေးနွေးပြီး လက်ခံပါတယ်။ တက္ကသိုလ်အလိုက် လမ်းညွှန်များကို အင်တာနက်မှတစ်ဆင့် ရှာဖွေပြီး လေ့လာနိုင်ပါတယ်။



ဓာတ်ပုံ-မြင့်မိုးညို

## ဘာကိုအခြေခံရွေးသလဲ

ပညာသင်ဆုအနေနဲ့ အချက်လေးချက်အပေါ်အခြေခံပြီး အမှတ်ပေးရွေးချယ်ပါတယ်။

(က) လုပ်ငန်းအတွေ့အကြုံ -၃၀%

(ခ) လုပ်ငန်းဆိုင်ရာအကြီးအကဲနှစ်ယောက်ထောက်ခံချက်- ၃၀ %

(ဂ) မိမိနိုင်ငံပြန်မည့်ခံဝန်ကတိ-၃၀%

(ဃ) ပညာအရည်အချင်းမှတ်တမ်း -၁၀% ဆိုပြီး သတ်မှတ်ထားပါတယ်။

ပညာသင်ဆုရွေးချယ်ရေးအဖွဲ့ဘက်က သတ်မှတ်ထားတဲ့သတ်မှတ်ချက်တွေဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်နဲ့ လုံးဝမဆိုင်ပါ။ တက္ကသိုလ်ဝင်ခွင့်က တက္ကသိုလ်အလိုက် ကွဲပြားပါလိမ့်မယ်။ လုပ်ငန်းအတွေ့အကြုံများပြီး လုပ်ငန်းအကြီးအကဲရဲ့ခိုင်မာတဲ့ထောက်ခံချက်ရသူများ အခွင့်ကောင်းပါလိမ့်မယ်။

## ဘယ်လိုလျှောက်ရလဲ

ပညာသင်ဆုလျှောက်ထားဖို့ ကမ္ဘာ့ဘဏ်အတွက် ပညာသင်ဆုနဲ့ မိမိတက်လိုတဲ့ တက္ကသိုလ်ဝင်ခွင့် နှစ်မျိုးလုံးကို လျှောက်ထားရမှာ ဖြစ်ပါတယ်။ Partner Program အတွက် ခွင့်ပြုထားတဲ့ ကျောင်းတွေနဲ့ Master Program အသီးသီးကို လျှောက်ထားမယ်ဆိုရင် တက္ကသိုလ်ဝင်ခွင့်ကို ပထမလျှောက်ထားရမှာဖြစ်ပြီး တက္ကသိုလ်ကနေ ပညာသင်ဆုလျှောက်ထားခွင့်ရသူများကို အောင်စာရင်းထုတ်ပြန်ပေးမှာဖြစ်ပါတယ်။ Preferred Program ကို လျှောက်ထားလိုသူတွေအတွက် တက္ကသိုလ်ဝင်ခွင့်နဲ့ ပညာသင်ဆုလျှောက်လွှာကို အပြိုင်လျှောက်ထားလို့ရပါတယ်။ ပညာသင်ဆုလျှောက်ထားတဲ့အချိန်မှာ ကျောင်းဝင်ခွင့် (Admission Letter) ပြစရာမလိုတဲ့ ရွေးချယ်မှုနောက်ဆုံးအဆင့်ရောက်မှ ဝင်ခွင့်ကိုတင်ပြရမှာဖြစ်ပါတယ်။

## JJ/WBGS လျှောက်ထားခြင်း

ပညာသင်ဆုအတွက် ၂၀၁၇၊ ဇန်နဝါရီ ၂၅ ရက်နေ့မှာ လျှောက်လွှာစတင်ခေါ်ယူမှာဖြစ်ပြီး ၂၀၁၇ ပညာသင်နှစ်အတွက် အသေးစိတ်ညွှန်ကြားချက်များ၊ သတ်မှတ်ချက်များကို ကမ္ဘာ့ဘဏ်ရဲ့ JJ/WBGS Page မှာ တင်ပေးမှာဖြစ်ပါတယ်။ လုပ်ငန်းဆိုင်ရာအထောက်အထား၊ ဘွဲ့လက်မှတ် တရားဝင်မိတ္တူ (Certified Copy) တို့ကို ပြင်ထားနိုင်ပါတယ်။ ပညာသင်ဆုလျှောက်ထားတဲ့ အခါ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားရမှာဖြစ်ပြီး အလုပ်ရှင်ထောက်ခံစာနှစ်စောင်အတွက် ထောက်ခံမည့်သူနှစ်ယောက်ရဲ့ email ပေးဖို့လိုပါတယ်။ ဖြစ်နိုင်ရင် gmail၊ yahoo mail တွေမဟုတ်တဲ့ လုပ်ငန်းသုံး email လိပ်စာပေးဖို့လိုပါတယ်။ တရားဝင်လုပ်ငန်းသုံး email မရှိခဲ့ဘူးဆိုရင် ထောက်ခံသူရဲ့လုပ်ငန်းအဖွဲ့အစည်းကို သုံးသပ်မှုလုပ်ပါလိမ့်မယ်။ ထောက်ခံစာတွေကို ကမ္ဘာ့ဘဏ်မှ ပညာသင်အဖွဲ့က ထောက်ခံပေးမည့်သူတွေဆီ တိုက်ရိုက်ဆက်သွယ်တောင်းမှာပါ။ အွန်လိုင်းကနေ လိုအပ်တာတွေတင်ပြီးလို့ ပညာသင်ရွေးချယ်ရေးအဖွဲ့က ဆန်ခါတင်စာရင်းထုတ်ပြန် ရွေးချယ်ပြီးတဲ့အခါမှာ တက္ကသိုလ်မှ လက်ခံစာ (Letter of Acceptance)၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံသားဖြစ်ကြောင်းသက်သေ၊ ကျန်းမာရေးထောက်ခံစာတို့ကို တင်ပြရပါမယ်။

## ကျောင်းလျှောက်ထားခြင်း

တက္ကသိုလ်မှ လက်ခံစာ ( Letter of Acceptance) အတွက် တက္ကသိုလ်ရဲ့ ဝင်ခွင့်လမ်းညွှန်တွေအတိုင်း လျှောက်ထားရပါမယ်။ ကမ္ဘာ့ဘဏ်ရဲ့ ပညာသင်ဆု web page မှတစ်ဆင့် သက်ဆိုင်ရာကျောင်းတွေကို Link ချိတ်ထားတာဖြစ်တဲ့အတွက် အလွယ်တကူ ရှာဖွေနိုင်ပါတယ်။ ကျောင်းအလိုက် ဆက်သွယ်ရန်လိပ်စာတွေကိုလည်း ဖော်ပြထားပြီးဖြစ်တဲ့အတွက် သိချင်တာများ မေးမြန်းစုံစမ်းနိုင်ပါတယ်။

လုပ်ရမယ့်အဆင့်လေးတွေများတယ်လို့ထင်ရပေမယ့် စိတ်ရှည်ရှည်ထားပြီး လျှောက်ထားမယ်ဆို ရနိုင်ခြေများတဲ့ ပညာသင်ဆုတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းအတွေ့အကြုံလုပ်သက် သတ်မှတ်ချက်ကိုက်ညီသူများအနေဖြင့် မိမိနှင့်သင့်လျော်မည့် တက္ကသိုလ်၊ ဘာသာရပ်ကို ရွေးချယ်ပြီး လျှောက်ထားပါက အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ■

**အုန်းဇင်လင်း (ပညာရေး)**

**အသေးစိတ်လေ့လာရန်**

**www.worldbank.org/wbi/scholarships**

**http://en.ritsumei.ac.jp/admissions/world-bank/**

**https://www.hks.harvard.edu/degrees/masters/mpa-id/jjwbgsp**

# Scholarship Info




## University of Oulu Master Degree Scholarships

ဖင်လန်နိုင်ငံ University of Oulu မှာ ၂နှစ်ကြာ တက်ရောက်နိုင်ရမယ့် မဟာဘွဲ့သင်တန်းကို အပြည့်အဝ ထောက်ပံ့ပေးတဲ့ ပညာသင်ဆုဖြစ်ပါတယ်။

ဗိသုကာ၊ ဇီဝဆေးပညာ၊ ကွန်ပျူတာသိပ္ပံ၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်၊ ဘောဂဗေဒ၊ ပညာရေး၊ ဘဏ္ဍာရေး၊ နည်းပညာ၊ မားကက်တင်းစတဲ့ ဘာသာရပ်ပေါင်းများစွာကို ရွေးချယ်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုနဲ့ တက္ကသိုလ်က ဘွဲ့တစ်ခုခု ရထားဖို့လိုပြီး နောက်ဆုံးလျှောက်ထားရမယ့်ရက်က ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့ ဖြစ်ပါတယ်။

အသေးစိတ်ကို http://www.oulu.fi/university/masters/scholarships မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



## Master Degree Scholarships at University of Edinburgh

စကော့တလန်မှာရှိတဲ့ သက်တမ်းရင့် အီဒင်ဘာ့ဂ်တက္ကသိုလ်က School of Engineering ကျောင်းကပေးအပ်တဲ့ ပညာသင်ဆုဖြစ်ပါတယ်။

မဟာဘွဲ့သင်တန်းတက်ရောက်မယ့်သူတွေအတွက် တစ်နှစ်စာ ပညာသင်စရိတ်ကို ထောက်ပံ့မှာဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ကောင်းမွန်ဖို့ လိုပါတယ်။

ဒီပညာသင်ဆုကို အွန်လိုင်းကတစ်ဆင့်လျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမယ့်ရက်က ၂၀၁၇ ခုနှစ် မေလ ၁ ရက်နေ့ ဖြစ်ပါတယ်။

အသေးစိတ်ကို http://www.ed.ac.uk/student-funding/postgraduate/international/science-engineering/engineering/engineering မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## Scholarships for Master Program in Russia

ရုရှားနိုင်ငံက National Research University မှာ မဟာဘွဲ့သင်တန်းတက်ရောက်နိုင်ဖို့ ရုရှားအစိုးရက ပေးအပ်တဲ့ ပညာသင်ဆု ဖြစ်ပါတယ်။

အင်္ဂလိပ်ဘာသာစကားနဲ့ သင်ကြားပို့ချမှာဖြစ်ပြီး ကွန်ပျူတာသိပ္ပံ၊ ဘောဂဗေဒ၊ လူမှုသိပ္ပံ၊ သင်္ချာ၊ နိုင်ငံတကာရေးရာ၊ စီမံခန့်ခွဲမှု စတဲ့ ဘာသာရပ်တွေကို ရွေးချယ်သင်ယူနိုင်မှာဖြစ်ပါတယ်။

ဒီပညာသင်ဆုက ပညာသင်နှစ် ၂နှစ်စာအတွက် ထောက်ပံ့ပေးမှာဖြစ်ပြီး ဘွဲ့ဒီဂရီတစ်ခုခုနဲ့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုရှိဖို့ လိုပါတယ်။

အသေးစိတ်ကို https://www.hse.ru/admissions/financial-aid မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး နောက်ဆုံး လျှောက်ထားရမယ့်ရက်က ၂၀၁၇ ခုနှစ် မေလ ၁ ရက်နေ့ ဖြစ်ပါတယ်။

# News in Brief


ဓာတ်ပုံ-မြင့်မိုးညို

## ဘဏ္ဍာရေးဆန်းစစ်မှု ဝေါဟာရနှင့် တွက်ချက်မှု သင်တန်းဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

ကုမ္ပဏီကြီးများ၏ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးဆိုင်ရာ လေ့လာဆန်းစစ်မှု ဝေါဟာရများနှင့် တွက်ချက်မှုများကို ကာလတိုသင်တန်းအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း Myanmar Institute of Finance (MIF) မှ သင်တန်းတာဝန်ရှိသူက ပြောကြားသည်။

ကုမ္ပဏီ၏တန်ဖိုးကို တွက်ချက်ခြင်း၊ လေ့လာသုံးသပ်ခြင်း၊ ဘဏ္ဍာရေး အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်၊ ငွေသားစီးဆင်းမှုအကြောင်းများကို တွက်ချက်၊ အသုံးပြုခန့်မှန်းနိုင်ရန်သင်ကြားသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စတင်သင်ကြားမည်ဖြစ်ပြီး Corporate Finance နယ်ပယ်တွင် နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိ ဆရာမက သင်ကြားပို့ချမည်ဖြစ်ကြောင်း အဆိုပါသင်တန်းထံမှသိရသည်။

အသေးစိတ်ကို MIF သင်တန်းကျောင်း၊ MAPCO အဆောက်အအုံ၊ မော်တင်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၀၉ ၉၇၆ ၅၂၈ ၇၈၃၊ ၀၉ ၉၇၃ ၇၀၃ ၃၃၇ တို့ထံ ဆက်သွယ်စုံစမ်းနိုင်သည်။

## ဆိုရှယ်မီဒီယာမားကက်တင်းသင်တန်းဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

ကိုယ်ပိုင်စီးပွားရေးလုပ်နေသူများသာမက လုပ်ငန်းခွင်ဝင်ရောက်နေသူများ၊ အိုင်တီကျွမ်းကျင်ပြီး မားကက်တင်းဘာသာရပ်ကို တတ်ကျွမ်းလိုသူများအတွက် ဆိုရှယ်မီဒီယာ မားကက်တင်းသင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း Panna Institute ထံက စုံစမ်းသိရှိရသည်။

မားကက်တင်းဘာသာရပ်၊ ဒီဂျစ်တယ်နည်းပညာ၊ ဖေ့စ်ဘွတ်ခ်၊ တွစ်တာကဲ့သို့ လူမှုကွန်ရက်များအသုံးပြုကာ မားကက်တင်းပြုလုပ်ပုံ၊ မီဒီယာနှင့် စီးပွားရေးလုပ်ငန်း အကြောင်းစသည်တို့ကို ဝါရင့်အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်တို့က သင်ကြားမည်ဖြစ်ကြောင်း သင်တန်းတာဝန်ခံကဆိုသည်။

သင်တန်းကာလ ၁၀ ပတ်နှင့် သင်တန်းကြေးကျပ်တစ်သိန်းဖြစ်ပြီး အသေးစိတ်ကို Panna Institute၊ အမှတ် - ၆၊ သလ္လာဝတီလမ်း၊ (၇)ရပ်ကွက်၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း - ၀၉ ၇၇၇၇ ၃၁၃၂၇၊ ၀၁ ၆၆၂၈၈၃ တို့ထံ ဆက်သွယ်စုံစမ်းနိုင်သည်။

## လူမှုကွန်ရက်ပေါ်မှ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

လူမှုကွန်ရက်ပေါ်မှ တိုက်ရိုက်သင်ကြားပေးသော အင်္ဂလိပ်စကားပြောသင်တန်း အပတ်စဉ်(၁၁) ကို ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း နတ်မောက်စင်တာမှ သင်တန်းတာဝန်ရှိသူက ပြောကြားသည်။

ယင်းသင်တန်းတွင် အင်္ဂလိပ်စာစကားပြော(ရေး၊ ဖတ်၊ ပြော)၊ Critical Thinking နှင့် Grammar စသည့် Skill များကို ဝါရင့်အတွေ့အကြုံရှိ ဆရာ၊ ဆရာမများက လူမှုကွန်ရက်ပေါ်မှ တိုက်ရိုက်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလတစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းကြေးမှာ English Level 1 အတွက် ကျပ် ၂၀,၀၀၀ နှင့် English Level 3 အတွက် ကျပ် ၂၅,၀၀၀ ဖြစ်ကြောင်း ယင်းသင်တန်းထံမှသိရသည်။

သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များကို အွန်လိုင်းမှ တစ်ဆင့်ပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက တိုက်အမှတ် (၁/၃)၊ ၅ လွှာ၊ ကွမ်းခြံ ၇ လမ်း၊ လှည်းတန်း ၄ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း ၀၉-၄၄၀၄၃၄၄၉၅ နှင့် ၇၇၉၈၆၀၀၄၅ တို့ထံ ဆက်သွယ်မေးမြန်းနိုင်သည်။


ဓာတ်ပုံ-ဆု

# “Music Creation နည်းနည်းလေးကွဲပြီး အခုနားထောင်နေတဲ့ ဒီဇိုင်းမဟုတ်တဲ့ဟာမျိုးလုပ်နိုင်ရင် အဲဒီအခွေကပေါက်မှာပဲ။ ပရိသတ်က ဝယ်မှာအသေအချာပဲ”

မကြာခင်မှာစတင်မယ့် Let's Go ခရီးစဉ်အတွက် စိတ်ခံစားချက်၊ ဒုတိယတေးအယ်လ်ဘမ် ပြင်ဆင်မှုအပိုင်း၊ ပါဝင်တဲ့ သီချင်းအကြောင်းအရာတွေ၊ Underground က လူငယ်တွေအတွက် ရွေးချယ်မှုပုံစံနဲ့ ကိုယ်တိုင်ထုတ်လုပ်ရိုက်ကူးမယ့် ဇာတ်ကားအကြောင်းတွေကို သရုပ်ဆောင်လွှမ်းပိုင်နဲ့ တွေ့ဆုံပြီး The Voice က မေးမြန်းထားတာ ဖြစ်ပါတယ်။

ဆုအိမ်ငြိမ်းဦး

**Voice : Let's Go ခရီးစဉ်က လွှမ်းပိုင်အတွက်ဘယ်လိုအမှတ်တရတွေရှိခဲ့လဲ။**

**HP :** အမှတ်တရတွေ အများကြီးပါ။ ပြန်ပြောရရင် အမှတ်တရအဖြစ်ဆုံးက ဘာရာဇီးနဲ့ ဥရောပခရီးစဉ်က တော်တော်ပျော်ဖို့ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ လုံးဝမဆိုင်တဲ့ ကမ္ဘာတစ်ခု ရောက်သွားသလိုခံစားရတယ်။ ဘာရာဇီးက ကမ္ဘာ့ဖလား၊ ဘာရာဇီးရဲ့ ပတ်ဝန်းကျင်က ကျွန်တော်တို့နဲ့ လုံးဝမတူဘူး။ ပြီးတော့ဥရောပဆိုရင် လူနေမှုစရိုက်၊ အဆောက်အအုံ၊ ပတ်ဝန်းကျင်ရော ဘာမှမဆိုင်တဲ့ နေရာတစ်ခု တော်တော်လည်း ဗဟုသုတရတယ်။ ပျော်ဖို့လည်းကောင်းတယ်။

**Voice : Let's Go လေးနှစ်ပြည့်အနေနဲ့ တရုတ်သွားမှာဆိုတော့ အဲဒီအပေါ် စိတ်ခံစားချက် ဘယ်လိုမျိုးဖြစ်နေလဲ။**

**HP :** တရုတ်မြို့က အကြီးကြီးလေ။ နောက်ပြီးတော့ စီးပွားရေးအနေနဲ့ တိုးတက်တဲ့မြို့ထဲမှာပါတယ်။ ယဉ်ကျေးမှု အရမ်းထွန်းကားတယ်။ သူငယ်ချင်းတွေနဲ့အတူ တူသွားရမှာဆိုတော့ အဲဒီအတွက်တော်တော်ကို ပျော်နေပါတယ်။

**Voice : ဒုတိယတေးအယ်လ်ဘမ်အတွက် ဘယ်လောက်ထိပြင်ဆင်ပြီးပြီလဲ။**

**HP :** ခုနစ်ပုဒ်လောက် အချောပြီးပါပြီ။ ကျန်တာတွေက ကျွန်တော်လုပ်ဆဲ။

**Voice : အရင်တေးအယ်လ်ဘမ်တွေနဲ့ ဘယ်လိုကွာခြားသွားလဲ။**

**HP :** အရင်အခွေနဲ့အဓိကကွာခြားတာက ဂီတစတိုင်။ ပြီးရင် သီချင်းရေးတဲ့ပုံစံ ကွာသွားတယ်။

**Voice : အသက်အရွယ်အရအကြောင်းအရာတွေ ကွာသွားတာလား၊ ဘယ်လိုမျိုးကွာသွားတာလဲ။**

**HP :** အကြောင်းအရာလေးတွေ တော်တော်ကွာသွားတယ်။ ကျွန်တော်က အမြဲတမ်း အတည်ရေးတာ သိပ်မရှိဘူး။ သရော်ရေးတာ သဘောကျတယ်။ နောက်အခွေမှာ ကျွန်တော်အံ့သြလို့ပါ။ ဘာအံ့သြလဲဆို တော့ ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်းတွေ တော်တော်များများ အိမ်ထောင်ပြုသွားကြတယ်။ အဲဒါကို ဟာသလေးလုပ်ပြီး သရော်ရေးထားတာပါ။ အကြောင်းအရာတော်တော်များများက ဟာသလေးတွေ ပါမယ်။

**Voice : ဘယ်အချိန်လောက် အခွေထွက်ဖြစ်မလဲ၊ အခွေခေါင်းစဉ်ပေးပြီးပြီးလား။**

**HP :** နှစ်လပိုင်းလောက်ထွက်မယ်။ သီချင်းအခွေနာမည်က ဂီတဗေဒလို့ ပေးထားတယ်။ ဒီအခွေက ဒီနာမည်နဲ့အလိုက်ဆုံးလို့ထင်တယ်။ ပြီးတော့ လိုတိုရှင်းနဲ့ မှတ်လို့လည်းကောင်းတယ်။

**Voice : ကိုယ်တိုင်ထုတ်လုပ်တဲ့EMC ထုတ်လုပ်ရေးက ဘာတွေလုပ်နေလဲ။**

**HP :** ဒီလထဲမှာ Little Chan ကို ပထမဦးဆုံး တစ်ခွေထုတ်ပေးထားတယ်၊ Little Chan ရဲ့Music Creation သူ့သီချင်းတွေကြိုက်လို့ ထုတ်ပေးထားတာပါ။

**Voice : Undergroundကလူငယ်တွေရွေးချယ်ပြီး တေးအယ်လ်ဗမ်ထွက်ဖို့ ဘယ်အခြေအနေရှိပြီလဲ။**

**HP :** ကျွန်တော်တို့ အခုလုပ်နေပါတယ်။ လုပ်နေတယ်ဆိုတာက အခုရွေးနေတုန်းပေါ့။ ဘာဖြစ်လဲဆိုတော့ အဆိုတော်တစ်ယောက်ကို မွေးထုတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ တစ်ယောက်တောင် လွယ်တာမဟုတ်ဘူးဆိုတော့ အုပ်စုဆိုတော့ပိုဆိုးတာပေါ့။ သေချာလေးဖြစ်ချင်တယ်။ တကယ်ကောင်းပြီး မပါသွားဘဲ ကျန်ခဲ့မယ့်သူတွေ အခွင့်အရေး ဆုံးရှုံးသွားမှာစိုးလို့ နည်းနည်းကြာနေတာ။

**Voice : ဘယ်လိုအကြောင်းအရာတွေနဲ့ အဓိကရွေးချယ်ဖြစ်သွားမလဲ။**

**HP :** ကျွန်တော်တို့အဓိကရွေးတာ လူရဲ့Music Creation၊ Talent၊ သီချင်းရေးတာ၊ တီးတာ၊ ဆိုတာ၊ အဲဒါတွေအားလုံး ကြည့်ရွေးတယ်။ အဆိုကောင်းတာ တစ်ခုတည်းနဲ့ မရွေးချယ်ဘူး။ ရွေးလည်း မရွေးဘူး။ ဒါက Talent တစ်ခုတော့ ဟုတ်ပေမယ့် ကျွန်တော်တို့ HipHop ဘက်မှာ သီချင်းဆိုတတ်ရုံနဲ့ အဆင်မပြေဘူးထင်တယ်။ နောက်တစ်ခုက Music Creation ပေါ့။

**Voice : အခုအချိန်မှာ ထုတ်လုပ်ရေးတွေက အဆိုတော်သစ်တွေကို တေးအယ်လ်ဘမ်ထုတ်ဖို့ စဉ်းစားနေချိန်မှာ Underground လူငယ်တွေကို ဘယ်လောက်ထိယုံကြည်လို့ ကိုယ်တိုင်ထုတ်ဖြစ်တာလဲ။**

**HP :** အဓိက ကျွန်တော့်တစ်ကိုယ်ရည်အမြင်က အခွေရောင်းရဖို့ခက်ခဲခြင်းက သီချင်းပေါ်ပဲ မူတည်တယ်။ သီချင်းကောင်းရင်တော့ ဘယ်အဆိုရှင်အသစ်ပဲဖြစ်ဖြစ်၊ အဟောင်းပဲဖြစ်ဖြစ် ပရိသတ်လည်း နားမထောင်ရသေးတဲ့စတိုင်၊ နားမထောင်ရသေးတဲ့စတိုင်ဆိုတာ အထူးအဆန်းခွဲထွက်စရာမလိုဘူး။ Music Creation နည်းနည်းလေးကွဲပြီး အခုနားထောင်နေတဲ့ ဒီဇိုင်းမဟုတ်တဲ့ဟာမျိုးလုပ်နိုင်ရင် အဲဒီအခွေက ပေါက်မှာပဲ။ ပရိသတ်က ဝယ်မှာအသေအချာပဲ။

**Voice : မကြာခင်ကရိုက်ကူးထားတဲ့ ကြွေဇာတ်ကားကို ဘယ်လိုအချက်တွေကြောင့် လက်ခံဖြစ်တာလဲ။**

**HP :** ကြွေက ကျွန်တော် သဘောအရမ်းကျတယ်။ ကြွေကားရဲ့ကာရိုက်တာ၊ ဝတ္ထု၊ ပြီးတော့ စာရေး ဆရာ မင်းလူက ကျွန်တော့်စိတ်ထဲမှာ တက္ကသိုလ် Mood အပြည့်ရှိတဲ့စာရေးဆရာလို့ ကျွန်တော် ခံစားရတယ်။ ဝတ္ထုလေးအရမ်းကောင်းတော့ ရိုက်ဖြစ်တယ်။

**Voice : ကာရိုက်တာက ဘယ်လိုမျိုးလဲ။**

**HP :** ကာရိုက်တာက ကောင်မလေးကို ကြွေဆိုတဲ့အတိုင်းဝတ္ထုမှာ ပြောတိုင်းယုံတဲ့ပုတ်သင်ညို ကောင်မလေး ပြောတိုင်းလိုက်လုပ်တယ်။ ကောင်မလေးကို အရမ်းကြိုက်တယ်၊ ကျွန်တော်ကတော့ အကောင်းဆုံးလုပ်ခဲ့တယ်။ ကျန်တာတော့ ပရိသတ်က ဆုံးဖြတ်ပေးမှာပါ။

**Voice : ဂျာကင်ပောင်းကားနဲ့ ပတ်သက်ပြီး ပရိသတ်ဆီက ဘယ်လိုဝေဖန်သံတွေကြားရလဲ။**

**HP :** ကျွန်တော့်ပထမဦးဆုံးကားပေါ့နော်။ အရမ်းအဆိုးကြီးတော့ မကြားခဲ့ရဘူး။ နည်းနည်းလိုတယ်လို့ ကြားခဲ့ရတယ်။ဘာပဲဖြစ်ဖြစ်ပြန်ကြည့်တဲ့အခါ ကိုယ့်ဘာသာသိပါတယ်။ လိုအပ်တဲ့နေရာတွေရှိတယ်။ အများကြီးလိုသေးတယ်ဆိုတာ မြင်ပါတယ်။

**Voice : ဆရာမင်းလူပရိသတ်တွေက ဝတ္ထုကိုပြန်ရိုက်မယ်ဆိုတော့ အမျိုးမျိုးဝေဖန်ကြတာဆိုတော့ ရိုက်တဲ့အခါကျတော့ ဘယ်လောက်ထိတာဝန်ကြီးလဲ။**

**HP :** ဝတ္ထုကိုကျွန်တော်တို့စမရိုက်ခင်တည်းက ရိုက်မယ်လို့ပြောကတည်းက တော်တော်များများ ဆရာ့စာဖတ်ပရိသတ်တွေက ဒေါသဖြစ်ကြတယ်။ ဒါကတော့ ကျွန်တော်တို့လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လည်း ဝတ္ထုတစ်ခုကို ကျွန်တော်တို့ဖတ်ထားတုန်းက အိုင်ဒီယာ၊ အတွေး၊ စိတ်ကူးလေးနဲ့ ရုပ်ရှင်က တအားပေါ့နေတဲ့အခါကျရင် ဒေါသအရမ်းထွက်တယ်။ စာအုပ်ပျက်ပါတယ်ပေါ့။ အဲဒါမျိုးမဖြစ်အောင် အဓိက ကိုယ်ချင်းစာပြီး ရိုက်ကူးထားပါတယ်။

**Voice : အောင်မြင်နေတဲ့စာအုပ်တွေဆိုရင် တချို့က ဒီအတိုင်းပဲရှိစေချင်တယ်၊ ပြန်ရိုက်တဲ့အခါ ကြိုက်တဲ့ပရိသတ်ရှိတယ်၊ မကြိုက်တဲ့ပရိသတ်ရှိတယ်။ အဲဒီအပေါ် ဘယ်လိုမြင်လဲ။**

**HP :** အရင်တုန်းက စာရေးဆရာနီကိုရဲ့ဝတ္ထုကို ပြန်ရိုက်ထားတဲ့ကားလေးတွေရှိတယ်။ ကိုသားကြီး ကားတွေပေါ့။ ဝတ္ထုလည်းကောင်းတယ်၊ ရိုက်တော့လည်း တကယ်ကောင်းတယ်။ အဲဒီလိုမျိုးပေါ့ တကယ် ကောင်းအောင် ရိုက်ရင်တော့ ဘာပဲဖြစ်ဖြစ် သူ့ Taste က တစ်မျိုးပေါ့။ စာတွေရေးတုန်းက စာလေးနဲ့ Taste ရသလို ရုပ်ကျတော့ အရုပ်၊ အသံ၊ အမြင်အားလုံး Taste ရတာ အရသာတွေမတူဘူးပေါ့နော်။ ကောင်းအောင် လုပ်ရင် ကောင်းမှာပဲ။

**Voice : မကြာခင်ရိုက်ကူးမယ့် ငါ့ရဲ့ကိုယ်စောင့်နတ်ရုပ်ရှင်ဇာတ်ကားကို ကိုယ်တိုင်ထုတ်လုပ်ရိုက်ကူး ဖြစ်တာ ဘာကြောင့်လဲ။**

**HP :** ကားကဟာသကားလေးပါပဲ၊ ကျွန်တော်စဉ်းစားတာက လက်ရှိကျွန်တော်တို့မြန်မာ့ရုပ်ရှင်မှာ သိပ်မတွေ့ရသေးတဲ့ စတိုင်လေးတစ်မျိုးနဲ့ ရိုက်ချင်တယ်။ ဇာတ်လမ်းကိုဦးစားပေးပြီး သွက်သွက်လက်လက်လေး ရိုက်ချင်တဲ့စိတ်ကူးတွေရှိတယ်။ ပြောလိုက်ရင် ကျွန်တော့်ကို အမြင်ကပ်စရာကြီး ဖြစ်နေမှာစိုးလို့ မပြောတော့ဘူး။

**Voice : ရိုက်ထားသမျှကားတွေမှာ ဘယ်ကားတွေက ကိုယ့်အတွက်စိန်ခေါ်မှုကြီးတဲ့ကားဖြစ်မလဲ။**

**HP :** ကျွန်တော်အရမ်းဟဲဗီးကြီး ရိုက်ခဲ့ရတာ ငါ့ကိုနမ်းတဲ့မုန်တိုင်းပဲ ရှိတယ်။ ကျန်တာက သိပ်ပြီးတော့ ကြီးကြီးမားမား မရှိသေးတဲ့အတွက် စိန်ခေါ်မှုက အရမ်းကြီး မကြီးသေးပါဘူး။ ဒါပေမဲ့ ကားတွေထွက်လာတဲ့ အခါကျရင် ပရိသတ်ရဲ့အသံတွေက ကျွန်တော့်အတွက် အတွေးတွေပြောင်းသွားနိုင်ပါတယ်။

**Voice : တစ်နှစ်လုံး ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်တဲ့အခါ အားရကျေနပ်မှု ဘယ်လောက်ထိရှိလဲ။**

**HP :** အားရပါတယ်။ ဘာပဲဖြစ်ဖြစ် ဂီတကို ၂၀၁၆ မှာ သိပ်မလုပ်ဖြစ်ပေမယ့် ရုပ်ရှင်ဘက်မှာ ဇာတ်ကားတွေ ရိုက်ထားတာဆိုတော့ ကျေနပ်ပါတယ်။

**Voice : သူငယ်ချင်းတွေက အိမ်ထောင်တွေပြုသွားကြပြီဆိုတော့ ကိုယ့်ရဲ့အိမ်ထောင်ရေး ဘယ်တော့ လောက်မှန်းထားလဲ။**

**HP :** ကျွန်တော်အခုမစဉ်းစားသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကိုယ် ကျွန်တော် တာဝန်မယူနိုင်သေးဘူး။

**Voice : လွှမ်းပိုင်ရဲ့တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဘယ်တော့လောက်လုပ်ဖြစ်မလဲ။**

**HP :** ၂၀၁၇ မှာတော့ ကျွန်တော်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ဖြစ်မှာပါ။ ပွဲအတွက်အများကြီး ပြင်ဆင်ထားပါတယ်။■



## ဒေါ်နယ်လ်ထရမ့်နဲ့ တွေ့ဆုံခဲ့သည့်အတွက် ကန်ယေးဝက်စ်ကို စိတ်ပျက်မိသည်ဟု ဂျွန်လီဂျင်ပြော

**နယူးယောက်၊ ဒီဇင်ဘာ ၁၅**

နာမည်ကျော်အမေရိကန်လူမည်း အဆိုတော်တစ်ယောက်ဖြစ်တဲ့ ဂျွန်လီဂျင်က ရွေးကောက်ပွဲမှာအနိုင်ရရှိထားတဲ့ အမေရိကန်သမ္မတသစ် ဒေါ်နယ်လ်ထရမ့်နဲ့ တွေ့ဆုံခဲ့တဲ့ သူ့ရဲ့သူငယ်ချင်း လူမည်း ရက်ပ်အဆိုတော် ကန်ယေးဝက်စ်ကို စိတ်ပျက်မိတယ်လို့ ပြောကြားလိုက်ကြောင်း contact music.com မှာ ဖော်ပြထားပါတယ်။

ဒေါ်နယ်လ်ထရမ့်နဲ့တွေ့ဆုံခဲ့တဲ့ ကန်ယေးဝက်စ်ရဲ့လုပ်ရပ်ဟာ လူအာရုံစိုက်ခံရအောင်စတန့်ထွင်တဲ့ လုပ်ရပ်တစ်ခုလို့ ယူဆမိပြီး အဲဒီလိုလုပ်ခဲ့တဲ့အတွက် စိတ်ပျက်ခဲ့ရတယ်လို့ ဂျွန်လီဂျင်က ပြောကြားခဲ့တာပါ။

ရွေးကောက်ပွဲမဲဆွယ်ကာလမှာ ထရမ့်ပြောခဲ့တဲ့စကားတွေဟာ အမေရိကန်ပြည်ထောင်စုအတွင်းက လူအများအပြားကို စိုးရိမ်ပူပန်စေပြီး ကန်ယေးအနေနဲ့ ဒီစကားတွေကိုထောက်ခံကြောင်း ဖော်ပြတာမျိုး မလုပ်သင့်ဘူးလို့ထင်ကြောင်း ဂျွန်လီဂျင်ကပြောပါတယ်။

ကန်ယေးအနေနဲ့ ထရမ့်ကို လုံးဝ မတွေ့သင့်ဘူးလို့ ဆိုလိုတာမဟုတ်ဘဲ လူအာရုံစိုက်ခံရအောင် စတန့်ထွင်တဲ့ အနေနဲ့တွေ့တာမျိုးတော့ မလုပ်သင့်ဘူးလို့ ဆိုလိုတာဖြစ်ကြောင်းလည်း ဂျွန်လီဂျင်က ရှင်းလင်းခဲ့ပါသေးတယ်။ ■

## မန္တလေး အခြေပြုရိုက်ကူးမည့် ရတနာပုံဇာတ်လမ်းတွဲကို Charm ဇာတ်လမ်းတွဲထက် ပိုရင်ခုန်သည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

ယခုပြသနေတဲ့ Charm (Season 2) ရုပ်သံဇာတ်လမ်းတွဲထက် မကြာခင် ရိုက်ကူးတော့မယ့် မန္တလေးမြို့အခြေပြု ရတနာပုံရုပ်သံဇာတ်လမ်းတွဲကို ပိုရင်ခုန်တယ်လို့ ဒါရိုက်တာသားညီက The Voice ကို ပြောကြားပါတယ်။

"Charm တုန်းက ပွင့်ပွင့်လင်းလင်းပြောရရင် ပရိသတ်အကြိုက်ကျွန်တော်တို့ ဟာသ (Comedy) ရိုက်ခဲ့ကြတာပါ။ ဒီရတနာပုံကျတော့ ဇာတ်လမ်းတွဲ အရှည်ကြီးဆွဲရတယ်။ အရင်ဟာတွေထက် အားစိုက်ရပါတယ်" လို့ ၎င်းကဆိုပါတယ်။

ဒီဇာတ်ကားက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေရဲ့ ငယ်ရွယ်စဉ်အချစ်နဲ့ အချစ်ကို ရူးသွပ်ရင်ခုန်နေချိန်မှာ ဖြစ်တတ်တဲ့သဘာဝတွေကို ပုံဖော်ရိုက်ကူးထားတဲ့ ဒရမ်မာဇာတ်လမ်းဖြစ်ပါတယ်။

"ဒီကားမှာ ကျွန်တော့်အခန်းတွေက တော်တော်များတယ်။ ၁၀၀ ကျော်ပါတယ်။ ဘယ်အခန်းမှာ ဘယ်လိုမျိုးလုပ်မလဲဆိုတာ ချိန်နေရတယ်။ မန္တလေးသားတွေနဲ့ တူအောင် လေယူလေသိမ်းကအစ လေ့လာပြီး ရိုက်ကူးသွားမှာပါ" လို့ ရတနာပုံရုပ်သံဇာတ်လမ်းတွဲမှာ အဓိကဇာတ်ဆောင်အဖြစ်ပါဝင်မယ့် သရုပ်ဆောင်ဟိန်းဝေယံက ပြောကြားပါတယ်။



ဓာတ်ပုံ-ဆု

ရတနာပုံရုပ်သံဇာတ်လမ်းတွဲကို မန္တလေး တက္ကသိုလ်မှာ အဓိက ရိုက်ကူးသွားမှာဖြစ်ပြီး မန္တလေးတောင်၊ ရက်ကန်းရုံ၊ ဦးပိန်တံတား၊ ကုသိုလ်တော်ဘုရား၊ ကောင်းမှုတော်ဘုရား၊ စစ်ကိုင်းနဲ့ မင်းကွန်းတို့မှာ ရိုက်ကူးသွားမှာဖြစ်ပါတယ်။

"အမှန်တကယ်ဆိုရင် ရတနာပုံတက္ကသိုလ်မှာ ရိုက်ရမှာ။ အခုလက်ရှိရတနာပုံတက္ကသိုလ်မှာ ကျောင်းတက်နေကြတုန်း။ တည်နေရာသွားကြည့်တော့ ဇာတ်လမ်းနဲ့ပတ်သက်ပြီး အခက်အခဲရှိတာနဲ့ မန္တလေး Main တက္ကသိုလ်ပြောင်း ရိုက်လိုက်ရတာ။ အဲဒါတွေကို ဇာတ်လမ်းတွဲထဲမှာ တောင်းပန်စာထိုးထားမှာပါ" လို့ ဒါရိုက်တာသားညီက ဆိုပါတယ်။

ရတနာပုံရုပ်သံဇာတ်လမ်းတွဲမှာ အပိုင်း ၂၀ ပါဝင်ပြီး ဖေဖော်ဝါရီလတွင် MNTV ရုပ်သံလိုင်းကနေ အပတ်စဉ် တနင်္ဂနွေနေ့ ည ၇ နာရီနဲ့ Channel 9 မှာ သောကြာနေ့ ည ၇ နာရီမှာ Replay ပြန်လည်ပြသသွားမှာ ဖြစ်ပါတယ်။ ■

## ပဲရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေကို အရင်ကားထက် ဇာတ်အိမ်ပိုကောင်းအောင် ဖန်တီးထားဟု ဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄**

ပရိသတ်အားပေးမှု အများအပြား ရခဲ့တဲ့ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဇာတ်ကားရဲ့အဆက် ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ ဇာတ်ကားမှာ ဇာတ်လမ်း၊ ဇာတ်အိမ်ပို ကောင်းအောင် ဖန်တီးထားတယ်လို့ ဒါရိုက်တာ ခင်စောမျိုး (အဖေ့ပညာ) က The Voice ကို ပြောကြားပါတယ်။

"ဒီကားမှာ လက်စားချေမှုက မကောင်းဘူး။ တစ်နေ့ကိုယ်ပဲ ဒုက္ခရောက်တတ်တယ်ဆိုတဲ့အတိုင်း အဓိက ပရိသတ် ကို Message ပေးချင်လို့ ရိုက်ကူးပြတာပါ" လို့ ၎င်းကဆိုပါတယ်။

ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ရုပ်ရှင်ဇာတ်ကားက ဆိတ်ဖွားရဲ့သီအိုရီတွေကိုပြောပြီး အခြေခံရိုက်ကူးထားတာဖြစ်ပြီး ယခုဇာတ်ကားမှာတော့ ဇာတ်လမ်း၊ ဇာတ်အိမ်ကို အဓိကအသားပေးရိုက်ကူးထားတာ ဖြစ်ပါတယ်။

"လူရွေးချယ်မှုအပိုင်းမှာ ဆိတ်ဖွားက ကိုကျော်သူပဲ။ တာတေအတွက် ရွေးဖို့ စဉ်စားတဲ့အခါ ကိုလူမင်းက အသက်အရွယ်အရ၊ သရုပ်ဆောင်အရ တာတေနဲ့ အလိုက်ဖက်ဆုံးလို့မြင်တယ်။ အေးမြတ်သူက ထုံးစံအတိုင်း အဲဒီနေရာမှာ ဆိုပိုင်ပြီးသားပဲလေ။ ကိုဇေက ဟာသနေရာနဲ့ အကိုက်ဆုံးပဲ ဆိုတော့ ရွေးချယ်လိုက်တာ" လို့ ဒါရိုက်တာ ခင်စောမျိုး (အဖေ့ပညာ) က ဆက်လက်ပြောကြားပါတယ်။

စာရေးဆရာ မင်းသိင်္ခရဲ့ဝတ္ထုကို အခြေခံရိုက်ကူးထားတဲ့ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားနဲ့ မြိုင်ရာဇာတာတေ ဇာတ်ကားကို ဒီဇင်ဘာ ၂၃ ရက်နေ့မှာ ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

"ဒီကားက ဘယ်အရာမဆို တစ်ဖက်စွန်းမရောက်ဖို့နဲ့ ကလဲ့စားချေတာ တစ်ဖက်စွန်းရောက်သွားတဲ့အခါ ဆိုးကျိုးတွေ ဖြစ်လာတယ်။ တစ်ဖက်လူက နောင်တရသွားတယ်၊ သင်ခန်းစာရသွားတယ်ဆိုရင် ကလဲ့စားချေတာတော်သင့်ပြီ" လို့ သရုပ်ဆောင် ဦးကျော်သူက ဆိုပါတယ်။

ဒီဇာတ်ကားကို ဒါရိုက်တာ ခင်စောမျိုး (အဖေ့ပညာ) က ရိုက်ကူးထားပြီး သရုပ်ဆောင် ကျော်သူ၊ လူမင်း၊ ဇေလုဝနဲ့ အေးမြတ်သူတို့က အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ ■



## Billboard အရောင်းရဆုံး သီချင်း ၁၀၀ စာရင်းမှာ နီကီမင်းနက်ချ်အကြိမ် ၇၀ မြောက် စာရင်းဝင်

**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ ၁၅**

နာမည်ကျော် အမျိုးသမီးရက်ပ်အဆိုတော်တစ်ယောက်ဖြစ်တဲ့ နီကီမင်းနက်ချ်ဟာ Billboard ရဲ့အရောင်းရဆုံး သီချင်း ၁၀၀ စာရင်းမှာ အကြိမ် ၇၀ မြောက်အဖြစ် စာရင်းဝင်နိုင်ခဲ့တယ်လို့ contact music.com မှာဖော်ပြထားပါတယ်။

နီကီမင်းနက်ချ်ဟာ သူမရဲ့သီချင်းအသစ် Black Barbies နဲ့ ယခုတစ်ပတ် Billboard အရောင်းရဆုံးသီချင်း ၁၀၀ စာရင်းရဲ့ နံပါတ် ၆၅ နေရာမှာ ရပ်တည်နိုင်ခဲ့ပြီးနောက် ယင်းစာရင်းမှာ အကြိမ် ၇၀ ထိပါဝင်နိုင်တဲ့ အမျိုးသမီးအဆိုတော် တစ်ယောက်ဖြစ်လာခဲ့တာပါ။

အခုလို အရောင်းရဆုံးသီချင်း ၁၀၀ စာရင်းမှာ အကြိမ် ၇၀ ထိပါဝင်နိုင်ခဲ့တာကြောင့် နီကီမင်းနက်ချ်ဟာ ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ်ကို ကျော်ဖြတ်ပြီး အဆိုပါစာရင်းမှာ ဒုတိယမြောက်အကြိမ်ရေအများဆုံး ပါဝင်နိုင်တဲ့ အမျိုးသမီးအဆိုတော်လည်း ဖြစ်လာခဲ့ပါတယ်။

Billboard အရောင်းရဆုံးသီချင်း ၁၀၀ စာရင်းမှာ အကြိမ်ရေ အများဆုံးပါဝင်နိုင်တဲ့ အမျိုးသမီးအဆိုတော်အဖြစ် ရပ်တည်နေတာကတော့ အေရီသာဖရန်ကလင်ဖြစ်ပြီး ၇၃ ကြိမ်အထိ ပါဝင်ထားနိုင်တာဖြစ်ပါတယ်။ ■

# ကန်ထရိုက်စနစ်ဖျက်ပြီးနောက် ကျိုက်ထီးရိုးဘုရားတွင် ၄၆ ရက်အတွင်း အလှူငွေကျပ်သန်း ၁၈၀ ကျော်ပိုရ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

ကန်ထရိုက်စနစ်ဖြင့် အလှူငွေကောက်ခံသည့်စနစ်ကိုဖျက်သိမ်းပြီးနောက် သမိုင်းဝင် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်တွင် ယခုနှစ် ၄၆ ရက်အတွင်းဘက်စုံအလှူခံငွေမှာ ယခင်နှစ်ကထက် ကျပ်သန်း ၁၈၀ ကျော်ပိုရကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၅ ခုနှစ် ပွဲတော်ဖွင့်ပွဲနေ့ အောက်တိုဘာ ၁၆ မှ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ ဘက်စုံအလှူငွေရရှိမှုနှင့် ယခုနှစ် ပွဲတော်ဖွင့်ပွဲနေ့ အောက်တိုဘာလ ၁၆ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ၄၆ ရက်အတွင်း ဘက်စုံအလှူငွေ ပိုမိုရရှိခြင်းဖြစ်ကြောင်း အဆိုပါဌာနက ဒီဇင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ထားသည်။

ယခင်နှစ်က အဆိုပါ ၄၆ ရက်တာကာလ


ဓာတ်ပုံ-မြင့်မိုးညို

အတွင်း အလှူငွေကျပ် ၁၄၇,၃၇၉,၉၁၀ (ကျပ် ၁၄၇ သန်းကျော်) ရရှိပြီး ယခုနှစ်တွင် ကျပ် ၃၃၂,၉၅၂,၈၂၅ (ကျပ် ၃၃၂ သန်းကျော်) ရရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ကျိုက်ထီးရိုးစေတီတော် ပရဝုဏ်နှင့် ဆက်စပ်ဧရိယာအတွင်း အလှူခံဌာနများ၊ အလှူခံပုံးများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ကန်ထရိုက်ပေး၍ အလှူငွေကောက်ခံနေသည့်စနစ်ကို NLD အစိုးရသစ်တာဝန်ယူပြီး ခုနစ်လခန့်အကြာတွင် ဖျက်သိမ်းခဲ့သည်။

ယင်းသို့ ဖျက်သိမ်းပြီးနောက် ကျိုက်ထီးရိုးစေတီတွင် ယခုနှစ် ၂၅ ရက်စာ အလှူခံငွေရရှိမှုပင်လျှင် ယခင်နှစ် တစ်နှစ်လုံးစာထက် ၁၃ သိန်း ပိုရရှိခဲ့သည်။

စေတီတော်ရင်ပြင်တော်တွင်ရွှေသင်္ကန်းကပ်လှူရန်၊ ရွှေစင်ရွှေပြားကပ်လှူရန်၊ ဘက်စုံမွမ်းမံရန်၊ လျှပ်စစ်မီးပူဇော်ရန်၊ ရေသွယ်တန်းရန်၊ ဝေယျာဝစ္စသုံးရန် စသည်ဖြင့် အလှူခံပုံး ၂၈ ပုံးထားရှိပြီး အောက်တိုဘာလလယ်မှ နိုဝင်ဘာ ၉ ရက် နေ့အထိ ၂၅ ရက်အတွင်း ကျပ် ၄၂၂ သိန်းကျော်၊ ဒေါ်လာ ၁,၁၃၅ နှင့် ဘတ် ၄၄,၁၄၀ ရရှိခဲ့သည်။

ယခင်နှစ်က ဇန်နဝါရီမှ ဒီဇင်ဘာ တစ်နှစ်လုံးစာအတွက် အလှူခံရငွေ ကျပ် ၄၀၈ သိန်းရှိပြီး ယခုနှစ် ၂၅ ရက်စာ အလှူခံရငွေမှာ ယင်းပမာဏထက် ၁၃ သိန်း ပိုမိုရရှိခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကန်ထရိုက်ပေးထားသည့် အလှူခံဌာနများကို ဖျက်သိမ်းခြင်း၊ စေတီတော်နှင့်သက်ဆိုင်သည့် အလှူခံပုံးများတွင် လှူဒါန်းရန် နှိုးဆော်ခြင်း၊ စေတီတော်နှင့် မသက်ဆိုင်သည့် အလှူခံပုံး ၃၁ ခုကို ဖျက်သိမ်းလိုက်ခြင်းတို့ကြောင့် အလှူငွေများ ပိုရလာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။ ■

# စစ်ရှောင်စခန်းမှဒေသခံအချို့ တိုက်ပွဲပါးချိန် နေရပ်ပြန်အလုပ်လုပ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်မြောက်ပိုင်းတွင် လက်နက်ကိုင်မဟာမိတ်တပ်များနှင့် တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားနေခြင်းကြောင့် ကျောက်မဲ၊ နောင်ချို၊ သီပေါ၊ နမ္မတူ၊ မန်တုံ၊ လားရှိုး၊ မူဆယ်စသည့် မြို့နယ်များရှိ စစ်ရှောင်စခန်းများအနက်မှ အချို့မှာနေရပ်ပြန်အလုပ်လုပ်နေကြကြောင်း ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းက ပြောကြားသည်။

"မူဆယ်မှာကတော့ အရင် စစ်ရှောင်စခန်း ငါးခုကနေအခု နှစ်ခုပဲကျန်တော့တယ်။ လားရှိုးမှာလည်း ခုရက်လျော့တယ်။ သက်ကြီးရွယ်အိုနဲ့ ကလေးတွေလောက်ပဲကျန်တယ်။ တိုက်ပွဲပါးတဲ့နေရာလေးတွေဆို အရဲစွန့်ပြီး အလုပ်ပြန်လုပ်ကြတာ။ နမ္မတူတို့ ကျောက်မဲတို့ဘက်မှာတော့ ခုရက်ပိုင်းပိုဖြစ်နေတယ်။ အဲဒီဘက်ကတော့ မလျော့သေးဘူး" ဟု ၎င်းက ဆိုသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် KIA၊ AA၊ TNLA၊ MNDAA ပူးပေါင်းမဟာမိတ်တပ်များက မူဆယ်ကုန်သွယ်ရေးဇုန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ တပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားနေသည့် ရှမ်းမြောက်ဒေသတစ်ဝိုက်တွင် အထက်ပါ စစ်ရှောင်စခန်းများ ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခင်ကလည်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် တပ်မတော်တို့ တိုက်ပွဲများ မကြာခဏဖြစ်ခြင်းကြောင့် ကွတ်ခိုင်မြို့နယ်၊ မုံးကိုးမြို့နယ်တို့တွင် စစ်ရှောင်စခန်းများ ရှိနေသည်။

"နမ္မတူမှာ စစ်ရှောင်စခန်းသုံးခုရှိသေးတယ်။ ကျောင်းခုနစ်ကျောင်းပိတ်ထားရတယ်။ ကလေး ၁၄၀ ခုထိပြေးနေရတယ်။ အတိုင်ပင်ခံရုံးက ထုတ်တာက စခန်းသေးတွေပါ ထည့်ထားတယ်ထင်တယ်။ ခုထိ နယ်မြေလုံခြုံရေးက ဆိုးဆိုးဝါးဝါးရှိနေသေးတယ်" ဟု မန်တုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက ပြောသည်။

ကျောက်မဲမြို့နယ်တွင် စစ်ရှောင်စခန်းတစ်ခု၊ နောင်ချိုမြို့နယ်တွင် စစ်ရှောင်စခန်းတစ်ခု၊ သီပေါမြို့နယ်တွင် စစ်ရှောင်စခန်းတစ်ခု၊ နမ္မတူမြို့နယ်အတွင်း စစ်ရှောင်စခန်း ငါးခု၊ မန်တုံမြို့နယ်တွင် စစ်ရှောင်စခန်း သုံးခု၊ လားရှိုးမြို့နယ်တွင် စစ်ရှောင်စခန်း ခုနစ်ခု၊ မူဆယ်မြို့နယ်တွင် စစ်ရှောင်စခန်း ငါးခုတို့တွင် အိမ်ထောင်စု ၇၃၅ စုမှ လူဦးရေ ၂၅၉၇ ဦး ခိုလှုံနေကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၏ လူမှုကွန်ရက် စာမျက်နှာတွင် ဒီဇင်ဘာလ ၁၃ ရက်နေ့က ထုတ်ပြန်ထားသည်။ ■

# ရှယ်ယာများကို အွန်လိုင်းမှရောင်းဝယ်ခွင့် မပြုထားဟု SECM ကော်မရှင် တာဝန်ရှိသူပြောကြား

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

စတော့ရှယ်ယာများကို အွန်လိုင်းမှ တစ်ဆင့် ရောင်းဝယ်ခြင်းကို လက်ရှိအချိန်ထိ ခွင့်မပြုထားကြောင်း မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) အဖွဲ့ဝင် ဦးဌေးချွန်က The Voice သို့ ပြောကြားသည်။

ယခုလဆန်းပိုင်းတွင်အရောင်းအဝယ် အမှန်တကယ်ပြုလုပ်သည့် အချိန်မတိုင်မီ အဝယ်အမှာစာတင်ထားပြီး အရောင်းအဝယ်ပြုလုပ်ချိန် (Matching Time) ရောက်ခါနီး စက္ကန့်ပိုင်းအလိုတွင် အမှာစာရုပ်သိမ်းမှု (Order Cancel) က အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သွားခဲ့ကြောင်း ၎င်းက ဆိုသည်။

"အွန်လိုင်းကနေ Order Cancel လုပ်သွားတာ တစ်ကြိမ်တည်းနဲ့ အောင်မြင်သွားတာတွေ့ရတယ်။ အွန်လိုင်းက တရားဝင်ခွင့်မပြုသေးပါဘူး။ အဲဒီကိစ္စကို ကျွန်တော်တို့ စိစစ်ဖို့လိုနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာရင်းဝင်ကုမ္ပဏီတစ်ခု၏ ရှယ်ယာကို အဝယ်အမှာစာတင်ပြီးနောက် နေ့လယ် ၁ နာရီ အရောင်းအဝယ်ပြုလုပ်ချိန် မတိုင်မီ စက္ကန့် ၂၀ ခန့်အလိုတွင် အွန်လိုင်းမှ တစ်ဆင့် အမှာစာရုပ်သိမ်းမှု ဒီဇင်ဘာလ လဆန်းပိုင်းက ဖြစ်ပွားခဲ့သည်။

အရောင်းအဝယ်ပြုလုပ်ချိန်နှင့် မိနစ်အနည်းငယ်ခြားကာ အမှာစာရုပ်သိမ်းခြင်းကို ဈေးကွက်ကိုပုံပျက်စေသည့် အပြုအမူအဖြစ် ယူဆမည်ဖြစ်ပြီး မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ယခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ရှယ်ယာရောင်းဝယ်သူကတော့ နောက်ဆုံးမိနစ်အထိ သူလုပ်နိုင်တာ အကုန်လုပ်မှာပဲ။ ဒီလိုမဖြစ်စေချင်ရင် Matching Time များများ တိုးလိုက်ရုံပဲ။ ဒါမှ ရောင်းသူဝယ်သူ Match ဖြစ်ပြီး ဘယ်သူမှ Cancel မလုပ်တော့မှာပေါ့။ နိုင်ငံတကာမှာဆို Real Time Matching သုံးနေတာ။ ခုဒီမှာက Matching Time နှစ်ကြိမ်ဆိုတော့ Cancel လုပ်ကြတာပေါ့" ဟု ရင်းနှီးမြှုပ်နှံသူတစ်ဦးက မှတ်ချက်ပြုသည်။

ရှယ်ယာရောင်းဝယ်သည့် အွန်လိုင်းစနစ်ကို ဖွင့်ထားချိန်တွင် ရှယ်ယာအရောင်းအဝယ်လုပ်သူတစ်ဦးက စမ်းသပ်လိုက်ချိန်နှင့် တိုက်ဆိုင်သွားခြင်းဖြစ်ကြောင်း Securities ကုမ္ပဏီတစ်ခုထံမှ စုံစမ်းသိရှိရသည်။

"ခုချိန်ထိအွန်လိုင်းကို SECM က တရားဝင်ခွင့်မပြုထားသေးဘူး။ တချို့ Securities ကုမ္ပဏီတွေကတော့ အွန်လိုင်းတင်နေကြပြီ၊ ဒါပေမဲ့ အရောင်းအဝယ်တော့ လုပ်လို့မရသေးပါဘူး။ ကျွန်တော်တို့မှာလည်း အွန်လိုင်းက အဆင်သင့်ဖြစ်နေပြီ SECM ရဲ့ခွင့်ပြုချက်ကို စောင့်နေတာ" ဟု CB Securities မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းဟန်ကဆိုသည်။

အွန်လိုင်းမှတစ်ဆင့် ရှယ်ယာများ ရောင်းဝယ်ခြင်းကို ခွင့်ပြုနိုင်ရန် ဆွေးနွေးလျက်ရှိပြီး အွန်လိုင်းကိုခွင့်ပြုလျှင် ဖြစ်လာနိုင်သည့် အကျိုးအပြစ်၊ Securities ကုမ္ပဏီများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ရင်းနှီးမြှုပ်နှံသူတို့ အဆင်သင့် ဖြစ်၊ မဖြစ်ကို စောင့်ကြည့်နေခြင်းဖြစ်ကြောင်း ဦးဌေးချွန်ကဆိုသည်။ ■



ဓာတ်ပုံ-မြင့်မိုးညီ

# သမ္မတဦးထင်ကျော်နှင့်ဇနီး ကျန်းမာရေး စစ်ဆေးရန် စင်ကာပူသို့ ၁၀ ရက်ကြာသွားရောက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ပုံမှန်ကျန်းမာရေး စစ်ဆေးမှုပြုလုပ်ရန် ဒီဇင်ဘာလ ၁၄ ရက်နေ့က စင်ကာပူနိုင်ငံသို့ ၁၀ ရက်ကြာခရီး သွားရောက်ကြောင်း သမ္မတရုံးနှင့် နီးစပ်သူများထံမှ သိရသည်။

နိုင်ငံတော်သမ္မတ၏ စင်ကာပူခရီးစဉ်ကိုအစိုးရကတစ်စုံတစ်ရာသတင်းထုတ်ပြန်ခြင်းမရှိပေ။

သမ္မတရုံးအသိုင်းအဝိုင်း၏အဆိုအရသမ္မတဦးထင်ကျော်မှာ ရောဂါလက္ခဏာကြီးကြီးမားမားမရှိသော်လည်း ကျန်းမာရေး အနည်းငယ်ချို့ယွင်းနေကြောင်း၊ လမ်းကောင်းကောင်းမလျှောက်သဖြင့် လမ်းလျှောက်စက်တစ်လုံးမှာယူ တပ်ဆင်ထားရကြောင်း The Voice က စုံစမ်းသိရှိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှာ မျက်လုံးခွဲစိတ်ခြင်း အပါအဝင်ကျန်းမာရေး စစ်ဆေးမှုများကို နေပြည်တော်တွင်သာပြုလုပ်လေ့ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်စစ်ဆေး ကုသခြင်းမရှိပေ။

နိုင်ငံ့ခေါင်းဆောင်များ၏ စရိတ်အဆောင်အယောင် ဥပဒေတွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံအတွက် ပြည်ပသို့ နိုင်ငံတော်စရိတ်ဖြင့် ဆေးကုသခွင့်များမပါဝင်ပေ။ ဒေါ်အောင်ဆန်းစုကြည် အနေနှင့် ပြည်ပသို့ နိုင်ငံတော်စရိတ်ဖြင့် သွားရောက်ဆေးကုသလိုလျှင် အဆောင်အယောင် ဥပဒေကိုပြင်ဆင်ရမည်ဖြစ်ကြောင်း သမ္မတရုံး အသိုင်းအဝိုင်းက ဆိုသည်။

နှလုံးတွင်စက်တပ်ဆင်ထားရသော သမ္မတဟောင်းဦးသိန်းစိန်သည်လည်း စင်ကာပူနိုင်ငံသို့ ဆေးစစ်ရန် ပုံမှန်သွားရောက်လေ့ရှိသည်။ ယခုနှစ်အတွင်းသွားရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ပြည်ထောင်စု ခရီးစဉ်တွင် ကျန်းမာရေးချို့ယွင်းသဖြင့် ယင်းနိုင်ငံ၌ပင် ဆေးကုသမှုခံယူရန် နီးစပ်သူများက အကြံပြု တိုက်တွန်းသော်လည်း လက်မခံဘဲ ဘီးတပ်ကုလားထိုင် အသုံးပြုကာ ပြန်လာခဲ့ကြောင်း နီးစပ်သူများထံမှ သိရသည်။ ■

## Voice Of The Week

"အခုရေးဆွဲတဲ့ဘတ်ဂျက်က ပြည်သူကိုဗဟိုပြုဖို့နေနေသာသာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍကိုပါ မေးမှိန်အောင်လုပ်နေတဲ့ အနေအထားပဲ။ ဒီဘတ်ဂျက်လျာထားချက်ဟာ အစိုးရသစ်ရဲ့ မူဝါဒကို မထင်ဟပ်ဘူးလို့ထင်တယ်။ ဘာမှ မပြောင်းလဲဘူးလို့လည်းမြင်တယ်"

**အတွဲ ၃၊ အမှတ် ၃၉ ၊ ဒီဇင်ဘာ ၁၃ ရက်နေ့ထုတ် Tomorrow ဂျာနယ်ပါ 'ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲသူများသည် လက်ရှိအစိုးရ၏ မူဝါဒအား သိက္ခာချနေဟု NLD ကိုယ်စားလှယ် ဦးနေဘုန်းလတ်ဝေဖန်' သတင်းမှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ် ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"နိုင်ငံအတွက်လိုအပ်သည့် အခြေခံအဆောက်အဦများအား ထောက်ပံ့ကြေးများ၊ ချေးငွေများဖြင့် ဖြေရှင်းပေးနိုင်လိမ့်မည်မဟုတ်"

**အတွဲ ၁၂၊ အမှတ် ၄၈၊ ဒီဇင်ဘာ ၁၅-၂၀ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ပါ 'လိုအပ်ချက်များကို ချေးငွေများဖြင့် ဖြေရှင်းပေးနိုင်မည်မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်ပြော' သတင်းမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဦးဖြိုးမင်းသိန်းနဲ့တွေ့တုန်းက ဝန်ကြီးချုပ်က ရန်ကုန်ရဲ့တောင်ဘက်ခြမ်းမှာ အထူးစီးပွားရေးဇုန်တစ်ခု ဖော်ဆောင်မယ်ဆိုပြီးပြောပါတယ်။ လေဆိပ်ရော၊ ရေနက် ဆိပ်ကမ်းလည်းပါမယ်လို့ ဝန်ကြီးချုပ်က ပြောခဲ့ပါတယ်"

**အတွဲ ၄၁၊ အမှတ် ၈၀၅၊ ဒီဇင်ဘာ ၁၅- ၂၀ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်ပါ 'ရန်ကုန်မြို့ တောင်ဘက်ဧရိယာတွင် အထူးစီးပွားရေးဇုန် ဖော်ဆောင်မည်' သတင်းမှ ကွမ်းခြံကုန်းလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မင်းမင်းပြောကြားချက်မှ ကောက်နုတ်ချက်**

---

"ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပုဂံဘုရားများအားပြန်လည်ပြုပြင် ဆောင်ရွက်ရာတွင် နိုင်ငံတကာပညာရှင်များ၏ အကြံပြုချက်ကို အလေးထား ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ငလျင်ဒဏ်ခံနိုင်ရေးပါ ထည့်သွင်း စဉ်းစားသင့်"

**အတွဲ ၁၂၊ အမှတ် ၄၈၊ ဒီဇင်ဘာ ၁၃- ၁၉ ရက်နေ့ထုတ် The Flower News ဂျာနယ်ပါ 'ပုဂံဘုရားများပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ကြောင်း ဒုတိယသမ္မတပြောကြား' သတင်းမှ ဒုတိယသမ္မတ ဦးမြင့်ဆွေပြောကြားချက်မှ ကောက်နုတ်ချက်**

# ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုမူကြမ်း ၂၀၁၇ နှစ်စပိုင်းထွက်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုမူကြမ်းကို ရေးဆွဲနေရာ ပစ္စည်းအမျိုးအစားများ သတ်မှတ်သည့် အဆင့်များပြီးသွားသောကြောင့် လာမည့် ၂၀၁၇ နှစ်စပိုင်းတွင် မူကြမ်းထွက်နိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်က ပြောကြားသည်။

လက်ရှိအချိန်တွင် မူကြမ်းမှာ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို သတ်မှတ်ရာတွင် မည်သည့်ပစ္စည်းက ဘေးအန္တရာယ်ရှိကြောင်းကို ထည့်သွင်းရေးဆွဲနေရာ နောက်ဆုံးအပိုင်းကို ရောက်နေသဖြင့် မကြာခင် မူကြမ်းထွက်ပေါ်လာမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ဘာတွေက အန္တရာယ်ရှိတယ်ဆိုတာ လူတွေကမသိဘူးလေ။ အဲဒါအတွက်ပါ အသေးစိတ် ထည့်ရေးနေရတယ်" ဟု ၎င်းကဆိုသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများတွင် ဓာတုဗေဒသုံးပစ္စည်းများ၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ အဓိကပါဝင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါစီမံကိန်းကိုမြန်မာနှင့် နော်ဝေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှု သုံးနှစ်စီမံကိန်း အစီအစဉ်အရ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ပြုလုပ်နေခြင်းဖြစ်သည်။ ■

# ဂရိတ်ဟော်ခမ်းကုမ္ပဏီ လာမည့်နှစ်မေတွင် ရှယ်ယာအသစ်များ ဈေးကွက်တင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

စတော့အိတ်ချိန်းစာရင်းဝင်ဖြစ်လာမည့် အများပိုင်ကုမ္ပဏီခြောက်ခုစာရင်းတွင်ပါဝင်သော ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီသည် လာမည့်နှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်ရန် ပြင်ဆင်ထားပြီး ရှယ်ယာအသစ်ထုတ်ဝေကာ အများပြည်သူသို့ ရောင်းချမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအုန်းမြင့်က The Voice သို့ ပြောကြားသည်။

လက်ရှိအချိန်ထိ စတော့အိတ်ချိန်းတွင် အများပြည်သူသို့ရှယ်ယာအသစ်များ ကမ်းလှမ်းထုတ်ဝေရောင်းချသည့်အများပိုင်ကုမ္ပဏီမရှိသေးဘဲ ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီသည် ပထမဦးဆုံးဖြစ်သည်။

"IPO(အများပြည်သူသို့ရှယ်ယာအသစ် ကမ်းလှမ်းရောင်းချခြင်း) က နောက်နှစ်မေလဝန်းကျင်လောက်ဖြစ်ကောင်းဖြစ်နိုင်တယ်။ မေလမှာစီးပွားရေးကမိုးတွင်းမှာအေးတဲ့အနေအထားဆိုတော့ အဲဒီအချိန် ဝင်ချင်မှဝင်မယ်။ ဒါပေမဲ့ မေလလောက်ဆိုအဆင်သင့်တော့ဖြစ်နေပြီ" ဟု ဦးစိုင်းအုန်းမြင့်က ဆိုသည်။

ဂရိတ်ဟော်ခမ်းကုမ္ပဏီသည်တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ်ရှိမည့် နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းအတွက် ငွေကြေးလိုအပ်ချက်ကိုဖြည့်ဆည်းရန် ရှယ်ယာအသစ်များ ထုတ်ဝေရောင်းချမည်ဖြစ်သည်။

ထုတ်ဝေရောင်းချမည့် ရှယ်ယာအသစ်စုစုပေါင်းပမာဏမှာ ကျပ် ၂၀ ဘီလီယံ (ကျပ်သန်းပေါင်း ၂၀,၀၀၀) ဖြစ်ပြီး လေးကြိမ်ခွဲထုတ်ဝေရောင်းချရန် စီစဉ်ထားကြောင်း ဂရိတ်ဟော်ခမ်းဒါရိုက်တာအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ IPO လုပ်ငန်းစဉ်ကို KBZSC ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့်အတူ VDB Loi၊ Deloitte၊ BDO နှင့် Excellence Choice တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ်အထိ ကုမ္ပဏီတွင် အစုရှယ်ယာရှင် ၅၀၀ ကျော်ရှိပြီး ထည့်ဝင်မတည်ရင်းနှီးငွေ ကျပ်သန်း ၅၄၀၀ ကျော်ရှိသည်။ ■

# အဖြေရှာဆဲ မီးလင်းရေးမူဝါဒ

ဉမ္မာလွင်

**ကမ္ဘာ့နိုင်ငံတော်တော်များများ လျှပ်စစ်မီးထိန်ထိန်ညီးနေချိန်တွင် မြန်မာနိုင်ငံတွင်မူ နိုင်ငံ၏ဧရိယာ ၇၀ ရာခိုင်နှုန်းမှာ မဲမှောင်နေသည်။ အာဆီယံနိုင်ငံများထဲ၌ လျှပ်စစ်မီးသုံးစွဲမှုတွင် မြန်မာနိုင်ငံသည် အနိမ့်ဆုံးအဆင့်တွင်ရှိနေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို လူထုအခြေပြု ပြန်ပြည့်မြဲ စွမ်းအင်ဖြင့် တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်နေပြီဖြစ်သည်။**


ဓာတ်ပုံ-မိုးကျော်လွင်

မြန်မာနိုင်ငံရှိ လူဦးရေ ၅၂ သန်းတွင် လျှပ်စစ်မီးသုံးစွဲနိုင်သူမှာ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ ရှိသေးသည်။ ကျေးလက်ဒေသများတွင် နေထိုင်သည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများမှာ လျှပ်စစ်မီးကို မသုံးစွဲနိုင်ကြသေးပေ။

"ရွာမှာ မီးမရသေးဘူး။ ကြာလှပြီ။ အစိုးရ မီးမရသေးတော့ ဆိုလာပဲသုံးကြတာ၊ တစ်ခါတလေ မီးစက်နှိုးတယ်။ မီးမရှိတော့လည်း ဒီလိုပဲ" ဟု အူးကျွန်းရွာမှ ဒေသခံ အမျိုးသမီးတစ်ဦးက ဆိုသည်။

မဟာဓာတ်အားလိုင်းအပြည့်ရရှိသည့် ရန်ကုန်မြို့တော်နှင့် တစ်ရာနှစ်မိုင်သာ ကွာဝေးသည့် ထိုဒေသတွင် လျှပ်စစ်မီးမရရှိသေးပေ။ ယင်းဒေသမှာ မြန်မာနိုင်ငံ၏ စပါးကျီမြို့တော် မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အတွင်းရှိ အူကျွန်းကျေးရွာဖြစ်သည်။

အဆိုပါရွာကဲ့သို့ မဟာဓာတ်အားလိုင်းမရောက်သည့် နေရာများစွာ ကျန်ရှိနေသေးသည်။ အထူးသဖြင့် လောပိတရေအားလျှပ်စစ်တည်ရှိရာ ကယားပြည်နယ်တွင်လည်း မြို့ပေါ်တွင်သာ လျှပ်စစ်မီးရရှိပြီး ကျန်ရှိနေသည့် ကျေးရွာများတွင် လျှပ်စစ်မီးမရရှိသေးဘဲ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်မီးရရှိနိုင်သော ဆိုလာကိုသာ အဓိကထားသုံးနေသည်။

မြန်မာနိုင်ငံ၏ တောင်ပိုင်းဒေသ တနင်္သာရီတိုင်းဒေသကြီးတွင်လည်း မဟာဓာတ်အားလိုင်း မရောက်ရှိပေ။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မြို့ကြီးများသာ လျှပ်စစ်မီးရရှိသည့် အခြေအနေဖြစ်သည်။

မြန်မာနိုင်ငံသည် စွမ်းအင်နှင့် ပတ်သက်ပြီး လွန်စွာနောက်ကျနေပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးမှာလည်း စွမ်းအင်ရရှိမှုပေါ်တွင် မူတည်သည်။ စွမ်းအင်အသုံးချမှုလည်း လွန်စွာနည်းနေသေးသည်။ စွမ်းအင်ထုတ်လုပ်မှုစနစ်မှာ အောက်ဆုံးတွင် ရှိနေသည်။

"အစိုးရသစ်လက်ထက်မှာ အဲဒါကို ပြုပြင်ဖို့လိုတယ်။ အစိုးရသစ်လက်ထက်မှာ ဒါကိုပြုပြင်ဖို့နဲ့ နိုင်ငံဖွံ့ဖြိုးရေးက စွမ်းအင်ပေါ်မှာ မူတည်တာမလို့စနစ်တကျနဲ့မှန်ကန်တဲ့လမ်းကြောင်းပေါ်ကနေ လုပ်ဖို့ အရေးအကြီးဆုံး အချိန်ရောက်ပြီ" ဟု မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ဆိုသည်။

အရင်အစိုးရလက်ထက်ကတည်းက ရေးဆွဲသည့် စွမ်းအင်ဆိုင်ရာမူဝါဒတွင် ပြည်သူပါဝင် ဆွေးနွေးသည့်လမ်းကြောင်း မပါခဲ့ပေ။ လက်ရှိ အစိုးရမူဝါဒမှာ ပြည်သူဗဟိုပြုစနစ်ဖြစ်သည့်အတွက် အောက်ခြေလူတန်းစားများ ပါဝင်သော စွမ်းအင်မူဝါဒအသစ် ရေးဆွဲရန် လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

လက်ရှိအစိုးရသွားနေသည့်စွမ်းအင်မူဝါဒသည် ယခင်အစိုးရ လက်ထက် က ရေးဆွဲထားသည့် စွမ်းအင်မူဝါဒ ကိုးချက်အတိုင်း သွားနေခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါ်ခင်ခင်အေးက ဆိုသည်။

"အရင်က စွမ်းအင်မူဝါဒကိုးချက်နဲ့ပဲ သွားနေပါတယ်။ အသစ်ထပ်ရေးဖို့လည်း မရှိပါဘူး" ဟု ၎င်းကဆိုသည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုနေသည်။ မြန်မာနိုင်ငံအနေနှင့် ပြန်ပြည့်မြဲ စွမ်းအင်ကို အသုံးပြုလျက်ရှိရာ ယင်းနှင့်ပတ်သက်သည့် ဥပဒေခိုင်ခိုင်မာမာလိုအပ်သည်။ နည်းပညာပိုင်းနှင့် နည်းစနစ်ပိုင်း ဆိုင်ရာတွင်လည်း လိုအပ်ချက်များရှိနေသည်ဟုမြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ဆိုသည်။

မဟာဓာတ်အားလိုင်းမရောက်သည့် နေရာများကို ဒေသပိုင်အသေးစားဓာတ်အားလိုင်းပေးနိုင်ရန်အတွက် စွမ်းအင်မူဝါဒအသစ်ရေးဆွဲပြီး ထည့်သွင်းရန်လိုအပ်ကြောင်း ၎င်းကတိုက်တွန်းသည်။

နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းဆောင်ရွက်ရာတွင် ဒေသခံများကို ဦးဆောင်အဖြေရှာခိုင်းခြင်းသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ လက်ရှိလျာထားသော မဟာဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်မှု လုပ်ငန်းများမှာ တိုင်းရင်းသားများအတွက် အကျိုးအမြတ် ခံစားရမည်မဟုတ်ကြောင်း လူမှုအဖွဲ့အစည်းများက ကြေငြာချက်ထုတ်ပြန်ထားသည်။

မဟာဓာတ်အားလိုင်းဆောက်လုပ်ရာတွင် နေရာမလွတ်သည့်အတွက် ဒေသခံများပိုင်သည့် လယ်ယာမြေများကို လျော်ကြေးမရဘဲ ဖယ်ပေးလိုက်ရသည်များရှိသည်။

သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို ထိခိုက်နိုင်သည့် အကြီးဆုံးရေအား လျှပ်စစ်စီမံကိန်းနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ထုတ်ယူပြီး မဟာဓာတ်အားလိုင်းကိုပို့သည့် နည်းလမ်းတစ်ခုတည်းကို မစဉ်းစားဘဲ အခြားသော နည်းလမ်းဖြစ်သည့် ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုနိုင်ရန် လိုအပ်ကြောင်း ကရင်မြစ်ချောင်းများကွန်ရက်မှ ပြောရေးဆိုခွင့်ရှိသူ စောသာဖိုးက ဆိုသည်။

မဟာဓာတ်အားလိုင်းမရရှိသည့် ဒေသများမှ ပြည်သူများသည် ကိုယ်ထူကိုယ်ထ မီးလင်းရေးအဖြစ် စပါးခွံ၊ ဒီဇယ်မီးစက်၊ ဆိုလာ၊ အသေးစား ရေအားလျှပ်စစ်များကို အသုံးပြုနေကြသည်။ သို့ရာတွင် ညဘက်အလင်းရောင်ရသည့်အနေအထားသာရှိသည်။ ထမင်း၊ ဟင်းချက်ပြုတ်နိုင်ခြင်းမရှိသေးကြောင်း ဆိုလာအသုံးပြုသည့် ကျေးရွာများမှ ဒေသခံများက ဆိုသည်။

လျှပ်စစ်မီးမရသေးသည့် ကျေးရွာများကို အစိုးရအနေနှင့် အားပေးကူညီရာတွင် ပြည်သူကလုပ်ဆောင်နေသည့် လုပ်ငန်းများကို မူဝါဒပိုင်းတွင် ထည့်သွင်းအသိအမှတ်ပြုပြီး နည်းပညာပိုင်းကိုလည်း အားပေးကူညီရန် လိုအပ်ကြောင်း မြန်မာ ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ဆိုသည်။

မဟာဓာတ်အားလိုင်း တိုးချဲ့ဆောက်လုပ်ခြင်းများထက် တန်ဖိုးကုန်ကျစရိတ်နည်းသည့်ဒေသပိုင်အသေးစားဓာတ်အားလိုင်း ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးကူညီသင့်ကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများက တောင်းဆိုလျက်ရှိသည်။

မြန်မာ့စွမ်းအင်မူဝါဒ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး အစိုးရထံကို စာတမ်းများ အကြိမ်ကြိမ်တင်သွင်းသော်လည်း အစိုးရဘက်မှ ယင်းအချက်အလက်များကို လက်ရှိအချိန်ထိ အရေးကြီးမှန်း မသိသေးကြောင်း ဦးအောင်မြင့် ထောက်ပြပြောဆိုသည်။

နိုင်ငံတော်က လိုအပ်သည့်စွမ်းအင်အတွက် အစီအစဉ်ရေးဆွဲ ဆုံးဖြတ်ရာတွင်လည်း လျှပ်စစ်သုံးစွဲသူများ ဖြစ်သည့် ဒေသခံပြည်သူများကို အဓိကပါဝင်လိုပြီး ပြည်သူ့ဗဟိုပြုမူဝါဒဖြင့်တက်လာသော ဒီမိုကရေစီ အစိုးရဖြစ်၍ ပြည်သူ့လိုလားချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း တိုင်းဒေသကြီး နှင့်ပြည်နယ်များရှိ ဒေသခံများကို ကိုယ်စားပြုသောလူမှုအဖွဲ့အစည်း သုံးရာကျော်က တောင်းဆိုထားသည်။

နိုင်ငံမငြိမ်းချမ်းသည့် အခြေအနေတွင် မြန်မာ့စွမ်းအင်နှင့် လျှပ်စစ်အနာဂတ်သည် ဝေဝေဝါးဝါးအခြေအနေတွင် ဖြစ်နေသည်။ ပြည်သူလိုလားသည့် လျှပ်စစ်ထုတ်လုပ်မှုပုံနှင့် အစိုးရကထုတ်လုပ်မည့် လျှပ်စစ်ထုတ်လုပ်မှုကြား ဘုံသဘောတူညီချက် တစ်ခုရရှိရန်လိုအပ်လှပေသည်။

**ဉမ္မာလွင်**

**၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃၁ ရက်နေ့ထုတ် The Voice Weekly တွင်ပါရှိသောဆောင်းပါးကို ယနေ့ ပြည်တွင်းပြည်ပအခြေအနေများနှင့် ကိုက်ညီနေသဖြင့် ပြန်လည်ဖော်ပြပါသည်။**

**အယ်ဒီတာ**



# ကဏန်းနှင့် မိအေး

**ဇေယျာသူ**

ကဏန်းနှင့်မိအေးကိုသဘောမပေါက်လျှင် လောကတွင် နိုင်ငံရေး လုပ်လုပ်၊ စီးပွားရှာရှာ၊ ပညာယူယူ ပေါက်မြောက်နိုင်မည်မဟုတ်။ ကဏန်းနှင့် မိအေးကို မသိသောသူများ ခေါင်းဆောင်ဖြစ်နေလျှင်၊ နောက်လိုက်ထဲတွင် များနေလျှင် တိုင်းပြည်၊ အဖွဲ့အစည်း ရှေ့မတက်နိုင်။ နောက်ပြန်လန်မကျလျှင်ပင် ကံကောင်းဟု ပြောရမည်။

မိအေးနှင့် ကဏန်းဇာတ်လမ်း သံတူကြောင်းကွဲများကို ကြားဖူး ကြပေမည်။ မိအေးသည်ဆော့ရင်းကစားရင်း ကဏန်းတစ်ကောင်ဖမ်းလိုက် သည်။ ထိုစဉ် မိဘများက အိမ်အနီးမှ တရားပွဲသွားရန် လှမ်းခေါ်သဖြင့် ကဏန်းကို ထမီအထက်ဆင်နှင့် ကမန်းကတမ်းလိမ်လိုက်ရပြီး ပါသွား သည်။ တရားပွဲသို့ရောက်တော့ မိအေး ကဏန်းကို မေ့သွားပြီး ရွှေပွဲလာ ပရိသတ်များကို ငေးမောနေမိသည်။ ဘုန်းတော်ကြီးဝင်လာပြီး တရားနာ ပရိသတ်များ ငြိမ်နေကြသည့်အချိန်၊ ကဏန်းက မိအေး၏ ဗိုက်သားကို အားရပါးရညှပ်လိုက်တော့ မိအေး၏ စူးစူးဝါးဝါးအော်သံကြောင့် ထရပ် သူရပ်၊ ပြေးသူ ပြေး၊ မှင်သက်သူနှင့် အတော်ဗရုတ်ဗရက်ဖြစ်သွားသည်။ ရှက်လည်းရှက် အားလည်းနာနှင့် အမေက မိအေးကျောပြင်ကို ဗျောတင် တော့သည်။

ကဏန်းညှပ်ခြင်းသည် Context 'နောက်ခံအခြေအနေ၊ မိအေးအော်အောင် တွန်းပို့ခဲ့သောအကြောင်းများ' ဖြစ်သည်။ မည်သည့် ကိစ္စတွင်မဆို မိအေးအော်ခြင်းနှင့်သာ ရပ်မထားဘဲ ကဏန်းကို ရအောင် ရှာဖို့လိုသည်။ ကဏန်းကို မရှာနိုင်သရွေ့မိအေးကို ဘယ်လောက်ရိုက်ရိုက် အဖြေထွက်မည်မဟုတ်။

ပြဿနာရပ်များကို မောင်းဖြုတ်သောဖြစ်ရပ်များသည် မိအေး အော်ခြင်းဖြစ်ပြီး တကယ့်အကြောင်းရင်း၊ နောက်ခံအခြေအနေသည် ကဏန်းဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးကို ဖြစ်ပွားခဲ့ခြင်းမှာ ဆာဗီးယားတော်လှန်ရေး သမားက ဩစတြီးယားဟန်ဂေရီ အိမ်ရှေ့စံဖာဒီနန်ကို လုပ်ကြံသတ်ဖြတ် ခဲ့ခြင်းကြောင့်ဟုဆိုလျှင် မိအေးအော်ခြင်းကိုသာ အာရုံစိုက်နေခြင်းနှင့် တူမည်။ တကယ်တော့ အမျိုးသားစိတ်ဓာတ်များ ပြင်းထန်နေချိန်၊ ပြိုင်ဘက်နိုင်ငံကြီးများအကြား တင်းမာမှုအမြင့်ဆုံးသို့ ရောက်နေချိန် တွင် ခလုတ်ဖြုတ်မည့် ဖြစ်ရပ်ပေါ်လာသောကြောင့်သာဖြစ်သည်။ ဆာဗီးယား တော်လှန်ရေးသမားကြောင့်သာဟုဆိုပါက ထိုသူ မနက် အိပ်ရာထမည့်နှိုးစက်ကို တစ်နာရီ နောက်ရွှေ့ထားလိုက်လျှင် ပထမ ကမ္ဘာစစ်ကြီးကို ရှောင်လွှဲလိုက်နိုင်မည်ဟု ပြောသလိုဖြစ်သွားမည်။

၁၉၈၈ အရေးအခင်း ဖြစ်ပွားခဲ့ခြင်းသည် အင်းစိန်ကြို့ကုန်း ရန်ကုန် စက်မှုတက္ကသိုလ်အနီး လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားနှင့် ရပ်ကွက် သား သီချင်းလုဖွင့်ခိုင်းရာမှ ဖြစ်ပွားသည်ဟုဆိုလျှင် မိအေးအော်ခြင်းနှင့် ရပ်ထားရာရောက်မည်။ နိုင်ငံစီးပွားရေးချွတ်ခြုံကျနေခြင်း၊ ငွေစက္ကူတရား မဝင်ကြေညာခြင်းကြောင့် ပြည်သူအများစု စုဆောင်းငွေများ လုယူခံ လိုက်ရခြင်း၊ အဘက်ဘက်တွင် ကျဆင်းနေသောနိုင်ငံကြောင့်အထွေထွေ မကျေနပ်မှုများ ကိန်းအောင်းစုပုံနေခြင်းတို့ကြောင့်ဆိုလျှင် ကဏန်းကို မြင်ပြီဟုဆိုနိုင်သည်။

လွတ်လပ်ရေးရအပြီး အချင်းချင်းသဲကြီးမဲကြီး ချခဲ့ခြင်းကို သိလို လျှင် နယ်ချဲ့တိုင်း ကျင့်သုံးလေ့ရှိသော သွေးခွဲအုပ်ချုပ်ခြင်း Divide and Rule၊ သွေးခွဲစိုးမိုးခြင်း Divide and Conquer ကိုလည်းကောင်း မြင်အောင်ကြည့်တတ်ဖို့လိုသည်။ ဗြိတိသျှခေတ် တပ်ထဲသို့တိုင်းရင်းသား လူနည်းစုများကိုသာ ဝင်စေခဲ့ပြီး တိုင်းရင်းသားလူများစုကို ပေးမဝင်ခဲ့ခြင်း၊ ပြည်နယ်ပြည်မခွဲခြားထားခြင်းတို့ကြောင့် အရောက်အပေါက်နည်းပြီး သံသယမျိုးစေ့များ အမြစ်တွယ်ခဲ့ရခြင်းတို့သည် ကဏန်းပင်ဖြစ်သည်။

အပြင်တွင် မြင်နေရသော အကြောင်းအရာများထက် ပိုပြီးမြင်နိုင် ရန်လိုသည်။ အသွင်သဏ္ဍာန်တို့သည် လူတို့၏ စိတ်ကိုလှည့်ဖျားတတ် သည်ဖြစ်ရာ အနှစ်သာရကိုမြင်နိုင်ရန်လိုသည်။ မျက်စိနှင့်မြင်နေရတာပဲဟု ကိုယ်တွေ့ကို အားကိုးလိုသူများသည် ပေတံကိုရေထဲနှစ်ကြည့်လျှင် ကောက်နေသည်ကို မြင်ရလိမ့်မည်။ သိပ္ပံသဘော၊ အလင်းသဘောအရ ထိုသို့ဖြစ်သွားခြင်းကိုသိလျှင်မူ ပေတံကောက်ခြင်းကို နားလည်နိုင်ပြီး မျက်စိကိုပင် မယုံသင့်ကြောင်း သဘောပေါက်နိုင်မည်။ ခါးပြတိုက်သွား သောလူဆိုး၊ ဆွဲကြိုးဖြတ်သွားသူတို့ကိုမိရန် မသင်္ကာသူတို့ကို တန်းစီပြသ သည့်အခါ တကယ်လုပ်သူကို ဘေးဖယ်ထားလျှင်ပင် တန်းစီသူတို့ထဲမှ ရွေးထုတ်ပြခြင်းသည်လည်း မျက်စိ၊ စိတ်တို့၏ လှည့်စားတတ်ခြင်းကို ပြသနေသည်။

တံလျှပ်ကို ရေထင်ပြီး ရွှေသမင်အလိုက်မှားခြင်းသည်ကဏန်းကို မမြင်သောကြောင့်ဖြစ်သည်။ မယောင်ရာဆီလူးခြင်းသည် မိအေးကို သာ မဲခြင်းကိုဆိုလိုသည်။

မိအေးအော်ခြင်းကို 'ဘာ့ကြောင့်လဲ' ဟု Why လုပ်ကြည့်မှသာ ကဏန်းကို ရှာတွေ့နိုင်မည်ဖြစ်သည်။ ကဏန်းညှပ်ခြင်းကို အရင်မဖြုတ် ဘဲ ရိုက်မောင်းပုတ်မောင်းလုပ်လျှင် မိအေးသာ နှစ်ခါနာပေလိမ့်မည်။

ကဏန်းကို မြင်ခြင်းသည် ကဏန်းကိုရှာလိုစိတ်နှင့် တိုက်ရိုက် သက်ဆိုင်သည်။ မိအေးအပြင် ကဏန်းရှိနိုင်သေးတယ်ဟူသော အမြော် အမြင်လိုအပ်သည်။ မိအေးပဲဟု တစ်ထစ်ချတွက်လိုက်လျှင်မူ စိတ်ကို အပိတ်စဉ်းစားလိုက်သဖြင့် ကဏန်းကိုရှာတွေ့ရန် ခဲယဉ်းသွားပြီဖြစ် သည်။ ကဏန်းကိုမရှာနိုင်လျှင် အဖြေမည်မျှထုတ်ထုတ် တစ်ပွဲတိုး ဆေးမြီးတိုဖြင့် ကုခြင်းသာဖြစ်ပေလိမ့်မည်။ မိအေးသည် တစ်ခါပြီး တစ်ခါ ထပ်ငိုပြီး တရားပွဲလည်း ပျက်သည်ထက် ပျက်ပေဦးမည်။

ကမ္ဘာနှင့် ချိတ်ဆက်လာပြီဖြစ်သည့် ယနေ့အချိန်တွင် ကဏန်းတို့ သည် အရေအတွက်များပြားလာခဲ့ပြီ။ ပြည်တွင်းကဏန်းလည်းပါနိုင်သလို ပြည်ပကဏန်းတို့လည်း ကျူးလာနိုင်သည်။ ကဏန်းသည် တစ်ကောင် တည်းလည်း ဟုတ်ချင်မှဟုတ်လိမ့်မည်၊ အုပ်နှင့်သင်းနှင့်လည်း ဖြစ်နိုင် သည်။ ကိုယ်တွေ့ပြီဟုထင်သော ကဏန်းသည်လည်း မိအေးကိုအော်စေ သော ကဏန်း ဟုတ်ချင်မှဟုတ်ပေလိမ့်မည်။ တကယ့်ကဏန်းက တစ်နေရာ၊ အမိခံရသောကဏန်းက တစ်နေရာတွင် ရှိနေကောင်း ရှိနေနိုင်သည်။ လက်သည်ကဏန်းကို ရှာနိုင်ဖို့လိုသည်။

မြန်မာနိုင်ငံရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းရာတွင်၊ နောက်ကျနေသည့် နိုင်ငံကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာတွင် မိအေးနှင့် ကဏန်းခွဲနိုင်ရေးသည် အဓိကကျသည်။ ပြည်တွင်းပြည်ပ ဗဟုသုတကြွယ်ဝ၊ မြန်မာ့ရေမြေ လူတို့အကြောကိုသိ၊ စဉ်းစားဆင်ခြင်နိုင် ပြီး ဝါဒအစွဲကင်းသူ၊ ဘေးမှရပ်ကြည့်သည့်အမြင် (Third Person View) ရှိသူတို့နှင့် တိုင်တိုင်ပင်ပင်လုပ်နိုင်မှ ကဏန်းကို မြင်ရမည်။

ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေရသည့် သာမန် ပြည်သူတို့ ကဏန်းကိုမမြင်လျှင် ဖြေသာသေးသော်လည်း ပြည်သူ့ အကျိုးကို ထမ်းဆောင်မည်ဟုဆိုသည့်ထိပ်သီးခေါင်းဆောင်များအဆင့်၊ နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြား၊ ဩဇာရှိ၊ အာဏာရှိ၊ အပေါင်း အသင်း ရောင်းရင်းအားကောင်းသူတို့ ကဏန်းကို မမြင်ခြင်းသည် အန္တရာယ်ကြီးသည်။ ကဏန်းကို မမြင်ခြင်းမှာ လုပ်ရည်ကိုင်ရည်အား နည်းသေးသောကြောင့်ဟု စာနာနိုင်သော်လည်း ကဏန်းကို မရှာလိုခြင်း ကိုမူ ခွင့်လွှတ်ရန် ခဲယဉ်းသည်။

ကဏန်းကို ရှာစေလိုသည်။ မြင်စေလိုသည်။ ■

**ဇေယျာသူ**

---

**စာမျက်နှာ ၁၃ | အစပ်နှင့် ဆီချစ်သူတို့အတွက် လက်ဆောင် မှအဆက် ...**

မကြည့်နေနိုင်ဘူး'' ဟု မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ဆိုသည်။

ဌာနဆိုင်ရာများ အနေနှင့်လည်း ထိုသို့သော အများပြည်သူသို့ အဆိပ်ဖြစ် သော ထုတ်ကုန်များကို ထိထိရောက် ရောက် အရေးယူခြင်းမရှိဘဲ ပညာပေး ခြင်း၊ ပစ္စည်းသာပြန်သိမ်းစေခြင်းတို့ ပြုလုပ်လေ့ရှိသည်။

ပြစ်မှုထင်ရှားသည့်တိုင် အရေးယူ သည့် ပြစ်ဒဏ်မှာ ပေါ့လွန်းကြောင်း FDA တာဝန်ရှိသူတို့က ဆိုလေ့ရှိသည်။

"ဒဏ်ငွေလောက်ကတော့ ပြုံးပြုံး ကြီးဆောင်တယ်လေ။ ဥပဒေပြင်နေ တာလည်း ခုထိထွက်မလာသေးဘူး'' ဟု ရန်ကုန်တိုင်းဒေသကြီး အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းလွင်က ဆိုသည်။

အရေးယူသည့်အပိုင်းတွင်လည်း အဓိကအနေနှင့် စားသောက်ကုန်၊ ဆေး ဝါးနှင့် အလှကုန်များကို FDA က တာဝန်ယူထားပြီး စားသုံးသူရေးရာဦးစီး ဌာနက စံချိန်စံညွှန်းနှင့် ဘေးကင်းလုံခြုံမှု ကို သီးခြားစီတာဝန်ယူထားသည်။

"စားသုံးရန် သင့်မသင့်ဆိုတာ ကတော့ FDA က သတ်မှတ်တယ်။ နစ်နာလို့တိုင်ချင်ရင်လည်း ခရိုင်တွေမှာ ကျွန်တော်တို့ဌာနတွေ ဖွင့်ထားပါတယ်။ ဥပမာ ဒီဆီစားလို့နစ်နာရင် ကျွန်တော်တို့ ဆီမှာတင်ပါ'' ဟု စီးပွားရေးနှင့် ကူးသန်း



ဓာတ်ပုံ-မြင့်မိုးညို

ရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူ ရေးရာဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ဆိုသည်။

သို့သော် ဈေးများထဲတွင် ဈေး အထပ်ထပ်တက်နေသည့် ငရုတ်ဆုံများ ၌ အခြောက်ခံထားသည့် ငရုတ်တောင့် များကို ထုထောင်းရောင်းချနေဆဲ။ တံဆိပ် တပ်ငရုတ်မှုန့်ထုပ်များကလည်း လက်လီ လက်ကားဈေးကြီးရှိ ကုန်ခြောက်ဆိုင်၏ အပြင်မျက်နှာစာတွင် တန်းလန်း ချိတ်ဆွဲ ရောင်းချထားမြဲ။

ဆီအချို့လည်း ထိုအတိုင်း။

ဝင်ငွေနည်းပါးသော၊ မိသားစုဦးရေ များသော လူတန်းစားများအတွက်မူ ကျန်း မာသော၊ စိတ်ချရသော ဘေးကင်းသော အစားအစာများနှင့် လူသုံးကုန်ပစ္စည်း များကိုလက်လှမ်းမီနိုင်ရေး ဝေးနေဦးမည်။

"ဒီကိစ္စတွေက တိုင်းပြည်ဆင်းရဲ ခြင်းရဲ့ အကျိုးဆက်ကို ဆက်ခံနေရဦး မှာပဲ'' ဟု ဒေါက်တာဝင်းလွင်က ဆိုလေ သည်။ ■

## TRADEMARK CAUTION

KOSE CORPORATION a company incorporated in Japan at 6-2, Nihonbashi 3-chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**SPAWAKE**

Reg : No.4/13284/2013

In respect of : Int'l Class 3 : Cosmetics; Perfumes; Cosmetic soaps; Cotton for cosmetic use and Hair care preparations.

In respect of : Int'l Class 21 : Eyebrow brushes; Cheek brushes; Eye shadow brushes; Eye shadow chips; Mascara combs; Compacts, Lip brushes; Toilet sponges and Puffs.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint-ip-law@myanmar.com.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 162, 1st Floor, 35th Street
Kyauktada Township, Yangon,
Myanmar, P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990, 95 1 296 848

19 December 2016

## TRADEMARK CAUTION

GEOX S.P.A. a company incorporated in Italy at VIA FELTRINA CENTRO 16, MONTEBELLUNA LOC. BIADENE (TREVISO), ITALY is the Owner and Sole Proprietor of the following Trademark:-

Reg:No.4/15301/2016

In respect of : Int'l Class 3: Perfumes; personal deodorants; essential oils for personal use: air fragrancing preparations; body lotions; aftershave lotions; shaving cream; shower gel; bath pearls; skin soaps; eye shadows; cosmetic pencils; foundation make-up; face powders; talcum powder; rouges: lipsticks; mascaras; skin cleansing creams; skin cleansing lotions; sunscreen preparations: nail polish; facial scrubs; face creams; body creams; cosmetic creams; creams and gels all for weight reduction and slimming purposes; creams and gels all for the prevention, reduction and elimination of cellulite; shoe cream; shoe polish; shoe wax; boot wax; leather polishes; creams for leather; shoe polish applicators containing shoe polish; cleaning preparations; polishing preparations; scouring solutions; abrasive paper; hair shampoos; hair sprays; hair lotions; hair dye; hair rinses; hair lighteners; hair conditioners; hair moisturizers; hair styling foam and gels.

In respect of : Int'l Class 18: Leather, unworked or semi-worked; imitation leather; fur-skins; luggage; handbags; shoulder bags; garment bags for travel; shoe bags for travel; travelling bags; duffel bags; beach bags; clutch bags; waist bags; all purpose sports bags; attache cases; school bags; shopping bags; card cases [notecases]; vanity cases, not fitted; keycases; pouches of leather; rucksacks; briefcases; purses; wallets; boxes of leather or leather board; travelling trunks; suitcases, animal skins and hides; shoulder straps; leather laces; leather leashes, leather straps; leather thread; umbrellas; parasols; walking sticks; whips.

In respect of : Int'l Class 25: Clothing: coats; raincoats; jackets; shirts; vests; track suits; jeans; trousers; sweaters; T-shirts; sweatshirts; suits; dresses; socks; stockings; skirts; singlets, corsets; pajamas; dressing gowns; bath robes; bathing suits; gloves [clothing]; neckerchiefs; scarves; underpants; bermuda shorts; pareus; belts for clothing; shoes; sports shoes; boots; sandals; slippers; golf shoes; cycling shoes; athletic shoes; running shoes; ski boots; moccasins; sneakers; footwear uppers; soles for footwear; tips for footwear; welts for footwear; insoles for shoes and boots; heel pieces for shoes; shoe straps; fittings of metal for boots and shoes; non-slipping devices for footwear; hats; caps [headwear].

Any fraudulent imitation, passing off or unauthorized use or other infringements of the said trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 162, 1st Floor 35th Street
Kyauktada Township, Yangon,
Myanmar, P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990, 95 1 296 848

19 December 2016


# Voice From Abroad

**ယခုကဏ္ဍမှာ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှပညာရှင်များ၊ လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာအသီးသီး၏ ရေးသားထုတ်လွှင့်ချက်များကို ဘာသာပြန်ဖော်ပြခြင်းဖြစ်ပြီး The Voice ၏ အာဘော်မဟုတ်ကြောင်း ဖော်ပြလိုပါသည်။**

## ဘင်္ဂါလီပြဿနာဇာစ်မြစ်ကို အာဆီယံအဖွဲ့ဝင်တွေအားလုံးရှာကြပါ

မြန်မာပြည်တွင်း ဘင်္ဂါလီမွတ်ဆလင်များ လူမျိုးတုံးသတ်ဖြတ်ခံနေရသည်ဟုဆိုကာ နိုဘယ်လ်ငြိမ်းချမ်းရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်ဝေဖန်ခဲ့သည့် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏လုပ်ရပ်ကို နိုင်ငံရေးအခွင့်ကောင်းယူမှုအဖြစ် ဒေသတွင်းမီဒီယာအတော်များများက ရေးသားဖော်ပြခဲ့ကြသည်ကို သတိပြုမိပါလိမ့်မည်။ သို့သော် နာဂျစ်၏ ဆင်ခြင်တုံတရားမဲ့လှသည့် အပြုအမူက အာဆီယံခေါင်းဆောင်များသာမက အာဆီယံအဖွဲ့တစ်ဖွဲ့လုံးကိုပါ ထိခိုက်စေသည့်သဘောတွင်ရှိသည်။ အထူးသဖြင့် အာဆီယံခေါင်းဆောင်များအနေနှင့် ရခိုင်ပြည်နယ်က ဘင်္ဂါလီကိစ္စကို အလေးထားမှုမရှိခဲ့ပါက ပိုမိုထိခိုက်စေမည့် သဘောတွင်ရှိနေသည်။ အကြောင်းမှာ ပြည်သူလူထုကို ဗဟိုပြုသည့်အသိုင်းအဝိုင်းကြီးတစ်ခုဖြစ်အောင် တည်ဆောက်မည်ဟုဆိုထားသည့် အာဆီယံအဖွဲ့တွင် လူမျိုးနွယ်စုတစ်ခု သေလောက်အောင်နှိပ်စက်ခံနေရချိန်တွင် မည်သည့်အဖွဲ့ဝင်ကမျှ ငြိမ်၍နေနိုင်မည်မဟုတ်သောကြောင့်ပင်။ သို့သော်လည်း တစ်ဖက်တွင် အာဆီယံ၏ ခိုင်မာသောမူဝါဒမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားအဖွဲ့ဝင်က ဝင်ရောက်စွက်ဖက်မှုမပြုရေးဟုရှိထားပြန်ရာ ဘင်္ဂါလီပြဿနာကို အဖွဲ့ဝင်များအနေနှင့် မည်သို့မည်ပုံဖြေရှင်းနိုင်မည်နည်းဟူသော မေးခွန်းကားထွက်ပေါ်လာရပြန်သည်။ ဘင်္ဂါလီကိစ္စသည် ကာလကြာရှည်စွာဖြစ်ပေါ်ခဲ့သည့် ရှုပ်ထွေးလှသော ပြဿနာဖြစ်နေပေရာ မည်သည့်အာဆီယံအဖွဲ့ဝင်ကမျှ ပြေလည်အောင်ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။ တရားဝင်တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စု ရှိသည့် မြန်မာနိုင်ငံတွင် အစိုးရက ဘင်္ဂါလီများကို မိမိတို့တိုင်းရင်းသားနွယ်ဖွားအဖြစ် မသတ်မှတ်သလို နိုင်ငံသားဖြစ်ခွင့်လည်းမပေးပေ။ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူများသာဖြစ်သည်ဟု မြန်မာအစိုးရကသတ်မှတ်သည်။ ဘင်္ဂါလီတို့သည် ဘင်္ဂါလားဒေ့ရှ်နိုင်ငံတွင်လည်း နှိမ်ချဆက်ဆံခံရသလို နိုင်ငံသားဖြစ်ခွင့်လည်းမရကြပေ။ မြန်မာဟူသည် ပဋိပက္ခများနှင့် စိမ်းသည့်နိုင်ငံတော့မဟုတ်ပေ။ ကချင်၊ ကရင်၊ ကိုးကန့် ဝ အစရှိသောတိုင်းရင်းသားလက်နက်ကိုင်များနှင့် အချိန်တိုင်းလိုလို စစ်မက်ဖြစ်နေခဲ့သည့်နိုင်ငံဖြစ်သည်။ သို့သော်ယခု ရခိုင်ပြည်နယ်က ဘင်္ဂါလီကိစ္စမှာ ဘာသာရေးနှင့် လူမျိုးရေးဆက်နွယ်သော ပြဿနာအသစ်တစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ် သို့တည်းမဟုတ် ဘင်္ဂလားဒေ့ရှ်ကို စွန့်ခွာကာ အာဆီယံဒေသတွင် ရေကြည်ရာမြက်နုရာ နေရာရှာကြသော ဘင်္ဂါလီတို့သည် အန္တရာယ်အခက်အခဲများစွာနှင့်တွေ့ခဲ့ကြသည်။ သို့သော် အာဆီယံနိုင်ငံများက ၎င်းတို့ကို အလေးတယူပြုဆက်ဆံမှုမပြုကြပေ။ ဒေသတွင်းနိုင်ငံများအားလုံးအတွက် ကြီးမားသည့်ပြဿနာဟု မရှုမြင်ကြပေ။ ဘင်္ဂါလီပြဿနာ၏ ဇာစ်မြစ်ကိုဖြေရှင်းခြင်းထက် အပေါ်ယံအရေးကိစ္စများကိုသာ ဖြေရှင်းခဲ့ကြသည်။ ရောဂါဖြစ်ရသည့်အကြောင်းအရင်းကိုရှာဖွေခြင်းထက် ရောဂါလက္ခဏာပျောက်ကင်းအောင်သာ ကြိုးပမ်းနေသည့်သဘောတွင်ရှိသည်။ ■

**(The Nation သတင်းစာ၏ Solution to Rohinghya crisis simple- it's called citizenship မှကောက်နုတ်ချက်)**

## ငြိမ်းချမ်းရေးလိုချင်ရင် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ ရပ်ပစ်ပါ

မြန်မာအစိုးရအနေနှင့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ဒေသများတွင် ရေအားကျောက်မီးသွေးစက်ရုံများနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ၊ ဆည်ကြီးများ တည်ဆောက်မည့် အစီအစဉ်များကို လုံးဝစွန့်လွှတ်သင့်သည်ဟု တိုင်းရင်းသားအဖွဲ့အစည်းများကဆိုပြီး ယင်းစီမံကိန်းကြီးများက ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေမှုများကို ထိခိုက်စေနိုင်သည်ဟု အခိုင်အမာထောက်ပြပြောဆိုလိုက်သည်။ တိုင်းရင်းသားအဖွဲ့အစည်းပေါင်း ၄၂ ဖွဲ့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် အာဏာရ NLD ပါတီသည် ဒေသခံပြည်သူများကို ဦးစားပေးတိုင်ပင်မှုမပြုဘဲ အဆိုပါစီမံကိန်းကြီးများကို ခွင့်ပြုပေးလျက်ရှိသည်ဟု စွပ်စွဲထားသည်။ ယင်းစီမံကိန်းကြီး အများစုသည် စစ်မက်ပဋိပက္ခများဖြစ်ပွားနေသည့် ကျေးရွာဒေသများတွင်တည်ရှိရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဟူသည့်ကိစ္စထက်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ အလုပ်လုပ်ကိုင်ရာတွင် အဟန့်အတားများစွာဖြစ်ပေါ်စေသည်ဟု ၎င်းတို့ကထောက်ပြသည်။ "ပြည်တွင်းစစ်ကြီး အမှန်တကယ်ပြီးဆုံးလိုသည်ဆိုပါက အဆိုပြုတင်ပြထားသော ရေအားလျှပ်စစ်စီမံကိန်းကြီးများအားလုံးကို NLD အနေနှင့် ရပ်ဆိုင်းပစ်သင့်သည်" ဟု ၎င်းတို့ကဆိုသည်။ မြန်မာပြည်တွင် လူဦးရေသုံးပုံတစ်ပုံမျှသာ လျှပ်စစ်မီးရရှိကြသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဟူသည့်ကိစ္စကို နားလည်သဘောပေါက်ကြောင်း၊ သို့သော်လည်း ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်စွမ်းအင်ကို အာရုံစိုက်ခြင်းထက် ပြန်ပြည့်မြဲစွမ်းအင်ကို အလေးပေးသင့်ကြောင်း ၎င်းတို့က ဆက်လက်ဖော်ပြသည်။ ■

**(Asian Correspondent ၏ Burma govt's energy projects stalling peace efforts, groups claim မှကောက်နုတ်ချက်)**

# လူတစ်ဦး၏ ကမ္ဘာကြီးအပေါ် သဘောထားအမြင်

## အမေရိက

ကောင်းထက်ဝင်း(ရန်ကုန်တက္ကသိုလ်)

### ပြဿနာစုံကြုံနေရသည်။ သို့သော် ထိပ်ဆုံးမှာရှိနေဆဲ နောက်ဆုံးရင်ဆိုင် ယှဉ်ပြိုင်ပွဲ။




အမေရိကသည် လူများကို ဆွဲဆောင်ပြီး မြဲအောင်ထိန်းထားတတ်သည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အာရှမှ အတော်ဆုံးလူတော်လူချွန်များကို သူတို့က ဝင်ရောက်နေထိုင်ခွင့်ပေးနေခဲ့ကြသည်။ သူတို့ဘဏ်များနှင့် တက္ကသိုလ်များရှိ အိန္ဒိယများ၏အရေအတွက်ကို ကြည့်လိုက်ပါ။ ဥပမာ - စီးတီးဘဏ်၏ စီအီးအိုဟောင်း ဝိကရန်ပန်ဒစ် (Vikran Pandit)။ စင်ကာပူနိုင်ငံသားအချို့လည်း ထိုမှာပညာသင်ပြီးနောက်ပိုင်း ယူအက်စ်တွင် ဆက်နေထိုင်ဖို့ဆုံးဖြတ်နေကြသည်။ ထိုအကြောင်းကြောင့်ပင် ပညာတော်သင်ကျောင်းသားများ ဗြိတိန်ကိုပဲလွှတ်ဖို့ ကျွန်တော် ပိုသဘောကျခြင်းဖြစ်သည်။ သူတို့ပြန်လာမှာ ကျွန်တော်အသေအချာသိသောကြောင့်ဖြစ်သည်။ မိမိကိုလက်မခံသောကြောင့် ယူကေတွင် မိမိနေရစ်ခဲ့၍မရပါ။ ထို့ပြင် စီးပွားရေးက တိုးတက်ပြောင်းလဲမှုနည်းပါးပေရာ မိမိအတွက် အလုပ်ကပိုရှားသောကြောင့်ဖြစ်သည်။

တရုတ်နိုင်ငံအနေနှင့် လူတော်လူချွန်များအတွက် အမြဲတမ်းဆွဲဆောင်နိုင်စွမ်းနည်းသည့် နေရာဖြစ်နေမည့် အကြောင်းရင်းတစ်ချက်မှာ ဘာသာစကားဖြစ်သည်။ တရုတ်ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားထက် သင်ယူဖို့ အများကြီးပိုခက်သော ဘာသာစကားတစ်ခုဖြစ်သည်။ အလွန်ငယ်သောအသက်အရွယ်ကစပြီး မသင်ခဲ့လျှင် ပြောစကားက အလွန်ခက်ပါသည်။ တစ်သံအဓိပ္ပာယ်တစ်မျိုးထွက်သော ဘာသာစကားဖြစ်ပြီး စကားလုံးတိုင်းတွင် အသံနေအသံထား လေးမျိုး ငါးမျိုးရှိသည်။ မိမိက ဘာသာစကားကို နားမလည်မှုတော့ မိမိသည် ဆက်သွယ်ပြောဆိုနိုင်စွမ်းရှိမည်မဟုတ်တော့ပေ။ ဘာသာစကားမှာ ရေးမအတားအဆီးကြီးဖြစ်သွားသည်။ အတွေ့အကြုံအရ ကျွန်တော်ပြောခြင်းဖြစ်သည်။ နှစ်ပေါင်း ၅၀ ကြာအောင် ကြိုးစားအားထုတ်ခဲ့ရပြီး ယနေ့ ကျွန်တော် တရုတ်စကားပြောနိုင်၊ ပင်းယင်းခေါ်ရောမအက္ခရာနှင့် တရုတ်စာရေးနိုင်သော်လည်း ဓလေ့သုံး တရုတ်စကားများကို ယခုထက်တိုင် ကျွန်တော်နားမလည်သေးပါ။ ကြိုးစားမှုလိုနေသောကြောင့်လည်း မဟုတ်ပါ။ အနာဂတ်တွင် တရုတ်နိုင်ငံ ကြီးစိုးလွှမ်းမိုးလာခြင်းက တရုတ်ဘာသာစကားသည် သင်ယူရန်အလွန်အမင်းခက်သည်ဆိုသော အခြေခံအချက်ကို ပြောင်းလဲပေးလိမ့်မည်မဟုတ်ပါ။ တရုတ်နိုင်ငံဆိုင်ရာ အထူးကျွမ်းကျင်သူများဖြစ်လာကြသည့် တရုတ်တွေ၊ ဥရောပသားတွေ၊ အမေရိကန်တွေမှအပ လူတွေ ဘယ်လောက်များများက တရုတ်နိုင်ငံသွား၊ ထိုမှာနေ၊ ထိုမှာ စီးပွားရေးလုပ်ခဲ့ကြပါသလဲ။ ကမ္ဘာအနှံ့ ကွန်ဖြူးရှပ်စ်အင်စတီကျူးရှင်းများ ထူထောင်ခြင်းအားဖြင့် နိုင်ငံခြားသားများအကြား သူတို့ဘာသာစကား လူသိများတွင်ကျယ်လာစေရန် တရုတ်တွေကြိုးစားခဲ့ကြပါသည်။ သို့သော် အသက်ညှာဆုံးဆိုရလျှင် ရလဒ်များမှာ မညီမညာ ကွက်တိကွက်ကျားသာ ဖြစ်ခဲ့ကြသည်။ လူတွေက ဗြိတိသျှကောင်စီ (British Council) နှင့် အမေရိကန်အဖွဲ့များဆီ သွားနေကြဆဲပါ။ အမေရိကန်အစိုးရအနေနှင့်ကြိုးစားဖို့တောင် မလိုပါ။ တစ်ချိန်က သူတို့မှာ အမေရိကန်သတင်းပြန်ကြားရေးဝန်ဆောင်အဖွဲ့ (United States Information Service) ရှိခဲ့သည်။ သို့သော် ထိုအဖွဲ့ကိုတောင် မလိုအပ်တော့သောကြောင့် ပိတ်ပစ်ခဲ့ပါသည်။ ထိုလုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးကြသည့် စာအုပ်စာတန်းများ၊ တယ်လီဗီရှင်းဖျော်ဖြေပွဲများ၊ ရုပ်ရှင်များက လိုအပ်သည်ထက် ပိုရှိနေနှင့်ပြီးဖြစ်သည်။ သို့ဖြစ်ရကား ပါဝါအပျော့အရာတွင် တရုတ်တွေအနိုင်ရလိမ့်မည်မဟုတ်ပါ။

အမေရိကန်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု အခြားအရင်းအမြစ်တစ်ခုမှာ နိုင်ငံတစ်ဝန်း ယှဉ်ပြိုင်နေကြသော ထူးချွန်စွမ်းရည် စင်တာပေါင်းများစွာပင်ဖြစ်သည်။ အရှေ့ဘက် ပင်လယ်ကမ်းခြေမှာဆိုလျှင် ဘော်စတွန်၊ နယူးယောက်နှင့် ဝါရှင်တန်ကို သင်သွားလိုက်ပါ။ အနောက်ဘက် ပင်လယ်ကမ်းခြေမှာဆိုလျှင် ဘာကလေ၊ ဆန်ဖရန်စစ္စကို သွားလိုက်ပါ။ အမေရိက အလယ်ပိုင်းမှာဆိုလျှင် ရှီကာဂိုနှင့် တက္ကဆက်ကို သွားလိုက်ပါ။ အမျိုးအစား ထွေပြားစုံလင်ပုံနှင့် မျက်စိမှိတ် လိုက်လုပ်လိုစိတ်မရှိဘဲ စင်တာများအချင်းချင်း ယှဉ်ပြိုင်စိန်ခေါ်နေကြပုံကို သင်တွေ့ရပါလိမ့်မည်။ သူတို့မှာ ရေနံကြွယ်ဝကြောင်း တက္ကဆက်နယ်သားတွေ သိသွားကြသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဟောင်း တက္ကဆက်နယ်သားတစ်ဦးဖြစ်သူ ဂျိမ်းမ်စ်ဘေကာက ဟူစတန်မြို့တွင် ဘော်စတွန် သို့မဟုတ် နယူးယောက်နှင့်အပြိုင်ဖြစ်မည့် စင်တာတစ်ခုတည်ထောင်ဖို့ ကြိုးစားခဲ့သည်။ အခြားသော ဥပမာတစ်ခုမှာ အလုပ်နှင့်မပတ်သက်သော ကျွန်တော်၏ ပုဂ္ဂလိကမိတ်ဆွေတစ်ယောက်ဖြစ်သည့် စင်ကာပူနှင့် တရုတ်နိုင်ငံဆိုင်ရာ သံအမတ်ဟောင်း ဂျွန်ဟန့်စ်မန်း (John Huntsman) ဖြစ်သည်။ သူ့မိသားစုတွင်ဆီးကျိတ်ကင်ဆာပြဿနာများရှိခဲ့သည်။ ထို့ကြောင့် သူ့ဖခင်၏ စည်းစိမ်ဥစ္စာများကို သူအမွေရလိုက်သည့်အခါ ဤပြဿနာကိုဖြေရှင်းဖို့ ဆီးကျိတ်ကင်ဆာအကြောင်း သုတေသနလုပ်နေကြသော အတော်ဆုံးသိပ္ပံပညာရှင်များအား ထိုပြဿနာကိုလေ့လာစေရန် သူ့ဇာတိပြည်နယ်သို့ ခေါ်လာခဲ့သည်။

အခြားမည်သည့်စင်တာလိုမဆိုကောင်းသည် တော်သည်ဟု စင်တာတိုင်းက ယုံကြည်သည်။ လိုအပ်သမျှ အရာများက ငွေနှင့် လူတော်လူချွန်ဖြစ်သည်။ ယင်းတို့ကိုလည်း တစ်နေရာရာမှ ရယူနိုင်ပါသည်။ မည်သူကမျှ ဝါရှင်တန် သို့မဟုတ် နယူးယောက်ကို မဖြစ်မနေ နာခံဖို့တွေးမနေကြပါ။ သင့်မှာငွေရှိသည်ဆိုလျှင် နောက်ထပ်စင်တာတစ်ခု ထူထောင်ပေရော့ပဲ။ ထိုအကြောင်းကြောင့်ပင် အချိန်၏ စမ်းသပ်မှုကိုကျော်လွှားနိုင်သော အိုင်ဒီယာ စိတ်ကူးအသစ်များ၊ ထုတ်ကုန်အသစ်များ ဖော်ထုတ်နိုင်စွမ်းရှိသည့် ထိုထိုသော အမျိုးအစား ထွေပြားစုံလင်မှုနှင့် ယှဉ်ပြိုင်အနိုင်ရလိုသော စိတ်ဓာတ်တို့ လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံကတော့ တကယ့်ကို လုံးဝ မတူသော ချဉ်းကပ်ဖြေရှင်းနည်းကို သုံးပါသည်။ ဗဟိုအင်အား တောင့်တင်းနေသောအခါ တရုတ်နိုင်ငံကြီးပွားချမ်းသာသည်ဟု တရုတ်တွေက ယုံကြည်ကြသည်။ လူမှုရေးအရ တစ်စုံတစ်ရာသော ကျင့်ဝတ်က ရှိနေပါသည်။ လူတိုင်းတစ်ခုတည်းသော ဗဟိုနှင့် တစ်သားတည်းဖြစ်ရမည့် ပညတ်ချက်။ လူတိုင်းကို တစ်ခုတည်းသော ခေါင်းဆောင်မှုနောက် မလွဲမသွေ လိုက်စေလိုပါသည်။ ဤကိစ္စတွင် ပြင်သစ်နှင့် ဗြိတိန်တို့တောင် အမေရိကန်တွေကို မယှဉ်နိုင်ကြပါ။ ပြင်သစ်တွင် ထူးချွန်ထက်မြက်သူတိုင်း (Grandes Ecoles) မဟာကျောင်းတော်ကြီးများသို့ရောက်သွားကြတော့သည်။ ထိုနေရာမျိုးမှာ ဗြိတိန်တွင် အောက်စ်ဘရစ်ဂျ် (Oxbridge) (အောက်စ်ဖို့ + ကိန်းဘရစ်) ဖြစ်သည်။ ဤတိုင်းပြည်များသည် အတော်အသင့်သေးငယ်သည်။ ကျစ်ကျစ်လျစ်လျစ်ရှိကြသည်။ ထို့အပြင် သို့အတွက်ကြောင့်ပင် ပိုပြီးပုံစံတူနေကြခြင်းဖြစ်သည်။

■

**ကောင်းထက်ဝင်း**
**(ရန်ကုန်တက္ကသိုလ်)**
**၁၄-၁၂-၂၀၁၆**

The VOICE Weekly
The Product of Myanmar Partners
Think Tank Group
(A Sister Publication of
Living Color Magazine)

Publisher - Daw Khin Kywe Oo (4099), Finance - Pe Aung Zin(Genernal Manager), San Thida (Manager), Htet Htet Nyein (Deputy Manager),
Marketing - Kyaw Than (Manager), Min Aung, Pyae Phyo Aung, Nu Nu Nge, Shwe Sin Tun,
Production - Soe Win Zaw, DTP - Khin Mar Myint, Distribution - Khin Myo Chit (Deputy Manager),
Receptionist - Lai Yee Oo, Web Administrator - Kyaw Htun Khine,
Office - No (458-460), 4th Floor (E), Corner of 31st Street and Mahabandula Road, Pabaedan Township, Yangon. Tel: 01 - 242424, 389206, 389207, 09 977204248
Marketing - 01 242424, 09 51 76835, 09 421107770, Distribution - 09 42 1006579
E-mail - Admin; Chief Editor : c-editor@thevoicemyanmar.com, News Room : newsroom@thevoicemyanmar.com, Publisher - U Zeya Thu (00943),
**Press** - Daw Win Kalayar Swe- Hnit Thit Oo Press (00601), 27(A), Conor of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone



AFP

# အရှေ့တောင်အာရှ မီးခိုးရောင်ဇုန်က ISIS

ချမ်းမြေ့

**၂၀၁၄ ခုနှစ်မှ စတင်ပြီး အစ္စလာမ္မစ်နိုင်ငံတော် စစ်သွေးကြွအဖွဲ့ (ISIS) နယ်မြေသိမ်းပိုက်မှုများနှင့် ဩဇာလွှမ်းမိုးမှု သိသိသာသာကြီးထွားလာခြင်းကို ကြည့်ပါက ISIS သည် ၎င်း၏ရှေ့က အယ်ကေဒါနှင့်မတူ သိသိသာသာကွဲပြားသည့် အင်အားစုဖြစ်သည်ကို သိနိုင်သည်။ ISIS အဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ရှင်းပြရန် ကြိုးပမ်းရာတွင် ကပြားစစ်ဆင်မှုပုံစံ (Hyrid Warfare) နှင့် မီးခိုးရောင်ဇုန် ပဋိပက္ခ (Grey Zone) ဆိုသည့် အယူအဆများသည် အသုံးဝင်သည်။ ကပြားစစ်ဆင်မှုရန်သူသည် သမားရိုးကျ စစ်ဆင်ရေးပုံစံ၊ ပုံမှန်မဟုတ်သည့် စစ်ဆင်ရေးပုံစံနှင့် ရာဇဝတ်မှုပိုင်းဆိုင်ရာ နည်းလမ်းများကို အသုံးပြုပြီး နိုင်ငံရေးရည်မှန်းချက်ရရှိအောင် လုပ်ဆောင်မည်ဖြစ်သည်။ ယင်းကပြားစစ်ဆင်မှုရန်သူသည် နိုင်ငံတော်အုပ်ချုပ်မှုပုံစံမှသည် စစ်ရှိန်မြင့် စစ်ပွဲပုံစံမဟုတ်သည့် စစ်ဆင်ရေးနယ်မြေထိ ပါဝင်နေသည့်နယ်မြေကို လွှမ်းခြုံထားသော မီးခိုးရောင်ဇုန်တွင် လှုပ်ရှားကြီးထွားမည်ဖြစ်သည်။**

ISIS နှင့်ကပြားနိုင်ငံတော် Actors များကြား အဓိကကွာခြားသည်မှာ နယ်မြေများကို စွန့်လွှတ်မှုဖြစ်ပြီး ယင်းကြောင့်ပင် စစ်သွေးကြွအဖွဲ့သည် ပိုမိုရှန်းထမှု အားကောင်းနေခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပယ်မီရာနှင့် ရာမာဒီတိုက်ပွဲများကို ကြည့်ပါက အခိုင်အမာစခန်းများကို အသေခံခုခံမည့်အစား ပိုမိုလက်တွေ့ကျသည့် နယ်မြေနှင့်အချိန်ကို လဲယူရေးနည်းလမ်းကို ISIS စစ်သွေးကြွအဖွဲ့အသုံးပြုခဲ့သည်ကို တွေ့နိုင်သည်။ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့တွင် သော့ချက်မြို့များစွာကို ဆုံးရှုံးခဲ့သော်လည်း မိုဆိုးမြို့ကဲ့သို့သော မဟာဗျူဟာမြောက်နေရာများတွင် ISIS အဖွဲ့တင်းတင်းမာမာ ခုခံခဲ့သည်။ ပို၍ အရေးကြီးသည်မှာ အရှေ့အလယ်ပိုင်းဒေသတွင် ISIS အရေးနိမ့်လာမှုသည် အခြားသော ကမ္ဘာ့ဒေသများ အထူးသဖြင့်အရှေ့တောင်အာရှတွင် ISIS အဖွဲ့အင်အားကုန်ခန်းနေသည်ဟု ယူဆနိုင်မည်မဟုတ်ခြင်းဖြစ်သည်။

အာရှ-ပစိဖိတ် နယ်မြေတွင်းရှိ အခြားသော မည်သည့် ဒေသများထက်မဆို အရှေ့တောင် အာရှဒေသအပေါ် ISIS ခြိမ်းခြောက်မှုသည် အကြီးမားဆုံးဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြားတွင် ရှိနေသည့် ဆူလူနှင့် ဆူလာဝေစီပင်လယ်များအတွင်း အလွယ်တကူ ဖြတ်ကျော်နိုင်သော ကြီးမားကျယ်ပြန့်သည့် ရေကြောင်းနယ်နိမိတ်တွင်း၌ ခရီးသွားများနှင့် သင်္ဘောသားဒါဇင်ပေါင်းများစွာကို အဘူဆေယက်စစ်သွေးကြွအုပ်စုက ဓားစာခံအဖြစ် ဖမ်းဆီးထားသည်။ ယင်းနယ်မြေတွင် ရာဇဝတ်သားများနှင့် ISIS နောက်လိုက်များ ပူးပေါင်းဆက်နွယ်နေပြီး ISIS ၏ ခြိမ်းခြောက်မှုကြီးမားနေသည်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဓားစာခံ အီဘရာဟန် မာဒီ သေဆုံးမှုက ဖော်ပြလျက်ရှိသည်၊ အစိုးရထိန်းချုပ်မှုများ လျော့တိလျော့ရဲရှိနေသည့် ယင်းကဲ့သို့သော မီးခိုးရောင်နယ်မြေတွင် ISIS နှင့် ၎င်း၏ အရှေ့တောင်အာရှနောက်လိုက်များက ၎င်းတို့၏ဩဇာနှင့် ရုပ်ပိုင်းအရ တည်ရှိမှုကိုတိုးချဲ့နိုင်ရန် ကြိုးပမ်းနိုင်သည်။

တိုက်ခိုက်ရေးသမားများ ပြန်လည်ရောက်ရှိလာသည် နှင့် အရှေ့တောင်အာရှဒေသတွင်းရှိဒေသဆိုင်ရာ စစ်သွေးကြွများ၏ အင်အားကောင်းလာမည်ဖြစ်သလို ကပြားအဖွဲ့အစည်းဆိုသည့် လက္ခဏာများကို ISIS ၏ အရှေ့တောင်အာရှနောက်လိုက်များက ပြသလာတော့မည်ဖြစ်သည်။ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့သို့မလေးရှား

စာမျက်နှာ ၃၉ သို့

စာမျက်နှာ ၃၈ | အရှေ့တောင်အာရှ မီးခိုးရောင်ဇုန်က ISIS မှအဆက် ...

နှင့် အင်ဒိုနီးရှားနိုင်ငံသား ၇၀၀ ခန့်အထိ သွားရောက်ခဲ့ကြပြီး ခါတီဘတ်နျူဆန်တရာဟု ခေါ်ဆိုထားသည့် အရှေ့တောင်အာရှတိုက်ခိုက်ရေး ယူနစ်တွင် အတူတကွ ပူးပေါင်းတိုက်ပွဲဝင်လျက်ရှိသည်။ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေသည့်တိုက်ခိုက်ရေးသမားများနှင့် ၎င်းတို့၏ နိုင်ငံခြားသားရဲဘော်များ အလုံးအရင်းဖြင့် ပြန်ရောက်လာပါက မူလရှိပြီး အဖွဲ့အစည်း၏ နည်းဗျူဟာများနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်တက်လာမည်ဖြစ်သည်။ ယင်းအပြင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်တို့ရှိ အဖွဲ့အစည်းများကြားတွင် ပြည်တော်ပြန်တိုက်ခိုက်ရေးသမားများ၊ နိုင်ငံခြားတိုက်ခိုက်ရေးသမားများ၊ ဒေသတွင်း ဂျီဟတ်များနှင့် ရာဇဝတ်အဖွဲ့များကြား ရှုပ်ထွေးသည့် ချိတ်ဆက်မှု ပေါ်ပေါက်လာနိုင်သည်။ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှရှိ နယ်မြေများအပေါ် ထိန်းချုပ်မှု ISIS အဖွဲ့ဆုံးရှုံးလျှင်ပင် အုပ်ချုပ်၍မရသေးသော မီးခိုးရောင်ဇုန်တွင် လှုပ်ရှားနေသည့် တိုက်ခိုက်ရေးသမားများသည် လုံခြုံရေးအဖွဲ့အစည်းများနှင့် အစိုးရ အေဂျင်စီများကို ဆက်လက်အနှောင့်အယှက်ပေးနိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်တောင်ပိုင်းဒေသ၌ ISIS အလံတော်အောက်တွင် တိုက်ပွဲဝင်လျက်ရှိသည့် တိုက်ခိုက်ရေးတပ်ရင်း ၁၀ ရင်းကျော်ရှိသည်ဟု ကြွေးကြော်လျက်ရှိသည်။ ယင်းအပြင် ရှိရင်းစွဲအကြမ်းဖက် ကွန်ရက်များအတွင်းတွင် အစွန်းရောက်အောင် လုပ်ဆောင်ရေးနှင့် လူသစ် စုဆောင်းနိုင်ရေးအတွက် အရှေ့တောင်အာရှ ISIS နောက်လိုက်များက ဆိုက်ဘာဒိုမိန်းကို ထိထိရောက်ရောက်အမြတ်ထုတ် အသုံးပြုလျက်ရှိသည်။ မလေးရှားနိုင်ငံတွင် အထူးကွန်မန်ဒိုများအပါအဝင် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ် ၇၀ ခန့်သည် ISIS နှင့် ဆက်နွယ်မှုရှိသည်ကို ဖော်ထုတ်နိုင်ထားသည်။ ယင်း စစ်ဘက်ဆိုင်ရာအဖွဲ့များမှ လူသစ် စုဆောင်းခံထားရသူများသည် ဆီးရီးယားနိုင်ငံသို့သွားရောက်ရန် ခက်ခဲခြင်းကြောင့် မူရင်းနိုင်ငံတွင်ပင် တိုက်ခိုက်မှုလုပ်ဆောင်ရန် အကြံပြုထားသည်။ စစ်ရေးလေ့ကျင့်မှု ကောင်းစွာရှိသည့် ယင်းပုဂ္ဂိုလ်များက ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာများကို အရှေ့တောင်အာရှရှိ အခြားသော တိုက်ခိုက်ရေးသမားများထံသို့ လွှဲပေးမည်ကို စိုးရိမ်လျက်ရှိသည်။

အရှေ့တောင် အာရှဒေသရှိ ISIS တို့သည် အရှေ့အလယ်ပိုင်းဒေသတွင် ၎င်းတို့လုပ်ဆောင်ခဲ့သည့်အတိုင်း နိုင်ငံတော် တစ်စိတ်တစ်ပိုင်း ပုံစံအဖွဲ့အစည်း တစ်ရပ် တည်ထောင်ရန် လိုအပ်နေသေးသည်။ ISIS နှင့် ဆက်နွယ်နေသည့် လက်နက်ကိုင် အကြမ်းဖက်မှုများစွာသည် လက်ရှိအချိန်ထိမူ တောင်ပိုင်း ဖိလစ်ပိုင်နှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် သုံးနိုင်ငံကြားရှိ ရေကြောင်းနယ်မြေတွင်သာ ရှိနေသေးသည်။ သို့သော်လည်း အရှေ့အလယ်ပိုင်းဒေသတွင်း မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကြောင့် အရှေ့တောင်အာရှ ရှိ အခြေအနေများ ပြောင်းလဲလာနိုင်သည်။ အရှေ့အလယ်ပိုင်း တိုက်ပွဲများတွင် ISIS အဖွဲ့ဆက်တိုက်ရှုံးနိမ့်လာမှုသည် ISIS ကို နိုင်ငံတော်တစ်စိတ်တစ်ပိုင်းအဖွဲ့အစည်းအဖြစ် ရပ်တည်နေမှု၊ အခြားသော ကမ္ဘာ့ဒေသများထံသို့ လက်တံဆန့်နိုင်မှုကို နိဂုံးချုပ်စေမည်မဟုတ်ပေ။ အရှေ့အလယ်ပိုင်းဒေသတွင်းရှိ ဆုံးရှုံးမှုများကို အခြားသော ကမ္ဘာ့အစိတ်အပိုင်းဒေသများရှိ ရောတိရောရဲ့အုပ်ချုပ်မှုရှိသည့် နယ်မြေများ ဥပမာ - အရှေ့တောင်အာရှ အစိတ်အပိုင်းများတွင် အောင်ပွဲရအောင် လုပ်ဆောင်ခြင်းဖြင့် ပြန်ထေနိုင်မည်ဖြစ်သည်။

## မီးခိုးရောင်ဇုန်ရှိ ကပြားရန်သူများကို ထိတွေ့ကိုင်တွယ်ခြင်း

ကပြားရန်သူ သည် ၂၁ ရာစုတွင်မှ ထူးထူးခြားခြား ပေါ်ပေါက်လာသည်မဟုတ်သော်လည်း ကပြားခြိမ်းခြောက်မှု လက္ခဏာများ နှင့် မီးခိုးရောင်ဇုန်တွင် လျင်မြန်သည့် အပြောင်းအလဲများ ပေါ်ပေါက်လာခြင်းကြောင့် တိကျစွာတုံ့ပြန်နိုင်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ယင်း မီးခိုးရောင်ဇုန်သည် နိုင်ငံတော်တစ်စိတ်တစ်ပိုင်း အုပ်ချုပ်မှုမှသည် မြို့ပြဗရိယာတိုက်ပွဲ နယ်မြေများထိ ကျယ်ပြန့်စွာ လွှမ်းခြုံထားသည်။ အနိုင်နှင့် အရှုံးရှင်းလင်းစွာ သတ်မှတ်ထားသည့် သမားရိုးကျစစ်ပွဲများနှင့် မတူဘဲ မီးခိုးရောင်ဇုန် ပဋိပက္ခတွင် တည်ငြိမ်မှု အနည်းငယ်သာရှိသည်။ မီးခိုးရောင်ဇုန် ပဋိပက္ခတွင် အသားကျပြီးသည့် စည်းမျဉ်းများ မရှိခြင်းကြောင့်ပင် ISIS ကဲ့သို့သော နိုင်ငံတော်တစ်စိတ်တစ်ပိုင်း အဖွဲ့အစည်းများကို ဆွဲဆောင်နေခြင်းဖြစ်သည်။

ကပြားရန်သူနှင့် မီးခိုးရောင် ပဋိပက္ခကို ကြုံတွေ့နေသည့် နိုင်ငံများအနေနှင့် ခြိမ်းခြောက်မှုကို အချိန်မီနှင့် အချိုးညီစွာ တုံ့ပြန်နိုင်ရေး မူဝါဒများကို ဖော်ထုတ်သင့်သည်။ ယင်းမူဝါဒမှာလည်း စစ်ရှိန်မြင့်စစ်ပွဲ သတ်မှတ်ချက်အောက် တုံ့ပြန်မှုများသာဖြစ်ရမည်ဖြစ်သော်လည်း ကပြားရန်သူကို အရေးယူရေးတွင် သက်ဆိုင်ရာ နိုင်ငံတော်တွင် စိတ်ပိုင်းဖြတ်မှုနှင့် စွမ်းဆောင်ရည်ရှိသည်ကို ရှင်းလင်းစွာ အချက်ပြနိုင်မည်ဖြစ်သည်။ အဆိုပါ မူဝါဒများသည် နိုင်ငံပေါင်းစုံ ပူးပေါင်းထားသည့် တုံ့ပြန်မှုများ ဥပမာ- မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ဆူလူနှင့် ဆူလာဝေစီပင်လယ်တို့နှင့် ပူးပေါင်း ရေကြောင်းကင်းလှည့်ခြင်းမှသည် ကပြားခြိမ်းခြောက်မှုကို တန်ပြန်ရေး အမျိုးသားစစ်တပ်နှင့် ပြည်တွင်းလုံခြုံရေး အဖွဲ့အစည်းများကို ကိရိယာများ ပြန်လည်တပ်ဆင်ပေးမှုအထိ ပါဝင်သည်။

ကပြားရန်သူကို တားဆီးရန် မဖြစ်နိုင်သည့် အခြေအနေများ ဥပမာအားဖြင့် အစွန်းရောက် ISIS နောက်လိုက်များ အသေခံနည်းဗျူဟာများကို အသုံးချလာပါကလည်း ဆုံးရှုံးမှုများမှ အလျင်အမြန် ပြန်လည်ထူထောင်နိုင်သည့်စနစ် တည်ဆောက်ရေး အာရုံစိုက် လုပ်ဆောင့်သင့်သည်။ ISIS နှင့် ၎င်း၏ နောက်လိုက်များ၏ ရိုင်းစိုင်းသည့် အကြမ်းဖက်မှုများသည် အရှေ့တောင်အာရှဒေသတွင်းရှိအနည်းငယ်သော လူများကိုဆက်လက်ဆွဲဆောင်နိုင်ဦးမည်ဖြစ်သည်။ သို့သော်လည်း ဒေသဆိုင်ရာ လူ့အဖွဲ့အစည်း၏ ပြန်လည် ရုန်းထနိုင်မှုက ပစ်မှတ်ထားခံရသည့် နိုင်ငံတော်များ ISIS လှုံ့ဆော်အကြမ်းဖက်မှုမှ အလျင်အမြန် ပြန်လည် ရုန်းထနိုင်ရေး လုပ်ဆောင်ပေးနိုင်သည်။ ကမ္ဘာလုံးချီနှင့် ဒေသဆိုင်ရာ အကြမ်းဖက်မှုများ၏ မောင်းနှင်အားမှာ ကပြားရန်သူ ဖြစ်သော်လည်း ၎င်း၏ သက်ရောက်မှုအများအားဖြင့် မီးခိုးရောင်ဇုန်တွင်သာ ကန့်သတ်ခံနေရအောင် ပူးပေါင်းကြိုးပမ်းရမည်ဖြစ်သည်။

■

**ချမ်းမြေ့**

**ကိုးကား-The Diplomat**


BBC



# အာဆင်နယ်ကိုအနိုင်ယူပြီး ချန်ပီယံပြေးလမ်းထက်ကို မန်စီးတီး ပြန်တက်နိုင်မလား

## ပရီးမီးယားလိဂ် ပွဲစဉ်(၁၇)ပွဲကြိုသုံးသပ်ချက်




## မန်စီးတီး - အာဆင်နယ်

အာဆင်နယ်ဟာ ဒီဇင်ဘာပွဲအကြိုကာလမှာ အဲဗာတန်၊ မန်စီးတီးတို့နဲ့ နှစ်ပွဲဆက်ကစားလိုက်ရတာကြောင့် ပွဲပန်းမှုတွေ အများကြီးဖြစ်သွားနိုင်ပါတယ်။ ရာသီကြိုပြင်ဆင်မှုကာလတုန်းက ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြရာမှာ အာဆင်နယ်က မန်စီးတီးကို သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမယ့် အဲဒီပွဲစဉ်တုန်းက နှစ်သင်းလုံးဟာ ရလဒ်ထက် ကစားသမားတွေ၊ နည်းဗျူဟာတွေ စမ်းသပ်ဖို့အတွက်သာ အာရုံရှိခဲ့ကြတယ်ဆိုတာကို မမေ့သင့်ပါဘူး။ အာဆင်နယ်ဟာ အဓိကဗဟိုခံစစ်မှူးနှစ်ဦးဖြစ်တဲ့ မာတီဆက်ကာနဲ့ မူစတီဖီတို့ကို ဒဏ်ရာပြဿနာတွေကြောင့် အနားပေးထားရတဲ့အတွက် မန်စီးတီးတိုက်စစ်ကို ဟန့်တားထိန်းချုပ်တဲ့နေရာမှာ အခက်အခဲတချို့တော့ ရှိလာနိုင်ပါတယ်။ အဲဗာတန်ကို အရေးနိမ့်ခဲ့တဲ့ပွဲတုန်းက ကော့စီရယ်လ်နီကို ဂါဘရီရယ်လ်နဲ့တွဲပြီး ဗဟိုခံစစ်မှာ အထိုင်ချခဲ့ပေမယ့် အဲဒီကစားသမားနှစ်ဦးအကြားမှာ နားလည်မှုတိုးတက်ဖို့ လိုအပ်နေသေးတဲ့ပြဿနာကို နည်းပြအာစင်ဝင်းဂါး ဖြေရှင်းထားနိုင်မှ တော်ကာကျမှာပါ။ ကော့စီရယ်လ်နီဟာ သူ့တွဲဖက်ကစားသမားကောင်းရင်ကောင်း သလောက် သူပါအစွမ်းပြတတ်လေ့ရှိပေမယ့် သူ့တွဲဖက်ညံ့ရင်တော့ သူပါအမှားတွေလိုက်လုပ်တတ်လေ့ရှိပါတယ်။ မန်စီးတီး နည်းပြဂွါဒီယိုလာဟာ ပွဲပယ်ခံထားရတဲ့ အဂူရိုနဲ့ ဖာနန်ဒင်ညိုအစား အဲ့ဒီနေရာတွေမှာ နိုလီတိုနဲ့ ယာယာတိုရေးကို ကစားခိုင်းခဲ့ရင် အာဆင်နယ်ကို အသာမရနိုင်စရာ မရှိပါဘူး။ အိမ်ရှင်အခွင့်အရေးကို ပိုင်ဆိုင်ရရှိထားတဲ့ မန်စီးတီးကို ယုံကြည်လိုက်ကြရအောင်လား။

### ဘုန်းမောက် VS ဆောက်သမ်တန်

**ထိပ်တိုက်တွေ့ဆုံမှု**

| ဘုန်းမောက်နိုင် | သရေ | ဆောက်သမ်တန်နိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၀ | ၃ | ၄ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဘုန်းမောက် | ၂ - ၀ | ဆောက်သမ်တန် |
| ဘုန်းမောက် | ၀ - ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၂ - ၀ | ဘုန်းမောက် |

**ဂိုးခန့်မှန်း** 1-1
အင်တာနက်အကြိုက် ဆောက်သမ်တန်
The Voice အကြိုက် ဘုန်းမောက်

**ဘုန်းမောက်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဘုန်းမောက် | ၁ - ၀ | လက်စတာ |
| ဘုန်းမောက် | ၄ - ၃ | လီဗာပူး |
| ဘုန်းမောက် | ၁ - ၂ | ဆန်းဒါးလန်း |

**ဆောက်သမ်တန်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| စတုတ်စီးတီး | ၀ - ၀ | ဆောက်သမ်တန် |
| ခရစ္စတယ်ပဲလေ့စ် | ၃ - ၀ | ဆောက်သမ်တန် |
| အာဆင်နယ် | ၀ - ၂ | ဆောက်သမ်တန် |

ဘုန်းမောက်က အိမ်ကွင်းပွဲစဉ်တွေကိုအားထည့်ကစားပြီး အမှတ်ရှာတတ်လေ့ရှိလို့ ဆောက်သမ်တန် ဒုက္ခများ သွားနိုင်ပါတယ်။ ဆောက်သမ်တန်ရဲ့ အဝေးကွင်းရလဒ်တွေဟာ သိပ်ပြီးအားရစရာမကောင်းလှတာမို့ အမြင့်ဆုံးရခဲ့ရင် သရေတစ်မှတ်ပါပဲ။ ဘုန်းမောက်ကို အကြိုက်တွေ့မိတယ်။

### ဝက်စ်ဘရွန်း VS မန်ယူ

**ထိပ်တိုက်တွေ့ဆုံမှု**

| ဝက်စ်ဘရွန်းနိုင် | သရေ | မန်ယူနိုင် | ပေါင်း |
|---|---|---|---|
| ၃၇ | ၂၆ | ၅၀ | ၁၁၃ |

**ဝက်စ်ဘရွန်းအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၁ - ၀ | မန်ယူ |
| ဝက်စ်ဘရွန်း | ၂ - ၂ | မန်ယူ |
| ဝက်စ်ဘရွန်း | ၀ - ၃ | မန်ယူ |

**ဂိုးခန့်မှန်း** 1-2
အင်တာနက်အကြိုက် မန်ယူ
The Voice အကြိုက် မန်ယူ

**ဝက်စ်ဘရွန်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၃ - ၁ | ဆွမ်ဆီး |
| ဝက်စ်ဘရွန်း | ၃ - ၁ | ဝက်ဖို့ဒ် |
| ဝက်စ်ဘရွန်း | ၄ - ၀ | ဘန်လေ |

**မန်ယူ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၂ | မန်ယူ |
| ဇော်ယာ | ၀ - ၂ | မန်ယူ |
| အဲဗာတန် | ၁ - ၁ | မန်ယူ |

ဝက်စ်ဘရွန်းရဲ့အိမ်ကွင်းမှာ ဘောလုံးရာသီနှစ်ရာသီဆက်တိုက် မန်ယူ ရလဒ်မကောင်းခဲ့ပါဘူး။ ဒီနှစ်မှာလည်း ဝက်စ်ဘရွန်းက အိမ်ကွင်းရလဒ်တွေအတိုင်းအတာတစ်ရပ်အထိ စိတ်ချရမှု ရှိနေပါတယ်။ ဒါပေမဲ့ မန်ယူ အမှတ် လိုအပ်ချက်ပြင်းထန်နေတာကို ထည့်မတွက်လို့မရပါဘူး။ မန်ယူကပ်နိုင်သွားပါလိမ့်မယ်။

### စပါး VS ဘန်လေ

**ထိပ်တိုက်တွေ့ဆုံမှု**

| စပါးနိုင် | သရေ | ဘန်လေနိုင် | ပေါင်း |
|---|---|---|---|
| ၂၉ | ၁၉ | ၃၀ | ၇၈ |

**စပါးအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| စပါး | ၄ - ၂ | ဘန်လေ |
| စပါး | ၂ - ၁ | ဘန်လေ |
| စပါး | ၅ - ၀ | ဘန်လေ |

**ဂိုးခန့်မှန်း** 2-0
အင်တာနက်အကြိုက် စပါး
The Voice အကြိုက် စပါး

**စပါး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၃ - ၀ | ဟားလ်စီးတီး |
| စပါး | ၅ - ၀ | ဆွမ်ဆီး |
| စပါး | ၃ - ၂ | ဝက်စ်ဟမ်း |

**ဘန်လေ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၁ - ၀ | ဘန်လေ |
| စတုတ်စီးတီး | ၂ - ၀ | ဘန်လေ |
| ဝက်စ်ဘရွန်း | ၄ - ၀ | ဘန်လေ |

ဘန်လေဟာ အဝေးကွင်းပွဲစဉ်တွေဆိုရင် ဂိုးတစ်ဂိုးရဖို့အတွက် အသည်းအသန် ရုန်းကန်ရလေ့ရှိပါတယ်။ အမှားများလှန်းတဲ့ ဘန်လေခံစစ်ဟာ စပါးတိုက်စစ်ကိုထိန်းနိုင်ဖို့ သိပ်မလွယ်လှပါဘူး။ ဟယ်ရီကိန်းဦးဆောင်လာမယ့် စပါးတိုက်စစ် ဂိုးမျိုးတဲ့ပွဲစဉ်ဖြစ်သွားနိုင်ပါတယ်။ စပါးကိုအားပေးလိုက်ပါ။

### ခရစ္စတယ်ပဲလေ့စ် VS ချယ်လ်ဆီး

**ထိပ်တိုက်တွေ့ဆုံမှု**

| ခရစ္စတယ်ပဲလေ့စ်နိုင် | သရေ | ချယ်လ်ဆီးနိုင် | ပေါင်း |
|---|---|---|---|
| ၄ | ၉ | ၁၆ | ၂၉ |

**ခရစ္စတယ်ပဲလေ့စ်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၀ - ၃ | ချယ်လ်ဆီး |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၂ | ချယ်လ်ဆီး |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၀ | ချယ်လ်ဆီး |

**ဂိုးခန့်မှန်း** 1-2
အင်တာနက်အကြိုက် ချယ်လ်ဆီး
The Voice အကြိုက် ခရစ္စတယ်ပဲလေ့စ်

**ခရစ္စတယ်ပဲလေ့စ်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၂ | မန်ယူ |
| ခရစ္စတယ်ပဲလေ့စ် | ၃ - ၀ | ဆောက်သမ်တန် |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၂ | မန်စီးတီး |

**ချယ်လ်ဆီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဆန်းဒါးလန်း | ၀ - ၁ | ချယ်လ်ဆီး |
| မန်စီးတီး | ၁ - ၃ | ချယ်လ်ဆီး |
| မစ်ဒယ်ဘရော့ | ၀ - ၁ | ချယ်လ်ဆီး |

မန်ယူပြီးတဲ့နောက် ချယ်လ်ဆီးနဲ့ဆက်လက်ရင်ဆိုင်ရဖို့အကြောင်းဖန်လာတာက ခရစ္စတယ်ပဲလေ့စ် အတွက် ကြီးစွာသောကံဆိုးမှုလို့ ဆိုရပါလိမ့်မယ်။ ခရစ္စတယ်ပဲလေ့စ်ဟာ အသင်းကစားအားအနည်းငယ် ပြန်တက်လာပေမယ့် ခံစစ်က လုံးဝကိုစိတ်မချရသေးပါဘူး။ ချယ်လ်ဆီး ကပ်နိုင်သွားပါလိမ့်မယ်။

### စတုတ်စီးတီး VS လက်စတာ

**ထိပ်တိုက်တွေ့ဆုံမှု**

| စတုတ်စီးတီးနိုင် | သရေ | လက်စတာနိုင် | ပေါင်း |
|---|---|---|---|
| ၁၉ | ၁၇ | ၁၇ | ၅၃ |

**စတုတ်စီးတီးအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| စတုတ်စီးတီး | ၂ - ၂ | လက်စတာ |
| စတုတ်စီးတီး | ၀ - ၁ | လက်စတာ |
| စတုတ်စီးတီး | ၂ - ၁ | လက်စတာ |

**ဂိုးခန့်မှန်း** 1-0
အင်တာနက်အကြိုက် လက်စတာ
The Voice အကြိုက် စတုတ်စီးတီး

**စတုတ်စီးတီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| စတုတ်စီးတီး | ၀ - ၀ | ဆောက်သမ်တန် |
| စတုတ်စီးတီး | ၂ - ၀ | ဘန်လေ |
| စတုတ်စီးတီး | ၀ - ၁ | ဘုန်းမောက် |

**လက်စတာ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဘုန်းမောက် | ၁ - ၀ | လက်စတာ |
| ပေါ်တို | ၅ - ၀ | လက်စတာ |
| ဆန်းဒါးလန်း | ၂ - ၁ | လက်စတာ |

ဒီနှစ်ဘောလုံးရာသီမှာ လက်စတာရဲ့အဝေးကွင်းရလဒ်တွေက သုံးစားမရအောင် ဖြစ်လို့နေပါတယ်။ လက်စတာတိုက်စစ်ရဲ့အမာခံတွေဖြစ်ကြတဲ့ ဗာဒီ၊ မာရက်ဇ်၊ အိုကာဇာကီနဲ့ဆလီမာနီတို့ဟာ အဝေးကွင်းမှာဆိုရင် ယုံကြည်အားကိုးချင်စရာ ကောင်းလောက်တဲ့ ခြေစွမ်းမျိုးပြသနိုင်ခြင်းမရှိပါဘူး။ စတုတ်စီးတီးကိုရွေးမယ်။

### ပွဲစဉ်(၁၆)အပြီး ဂိုးဖန်တီးမှုအများဆုံးပြုလုပ်ထားသူများ

| | | |
|---|---|---|
| ၁။ ဒီဘရိုင်နေး | မန်စီးတီး | ၈ ကြိမ် |
| ၂။ မာတစ် | ချယ်လ်ဆီး | ၆ ကြိမ် |
| ၃။ လယ်လာနာ | လီဗာပူး | ၆ ကြိမ် |
| ၄။ ဇာဟာ | ခရစ္စတယ်ပဲလေ့စ် | ၆ ကြိမ် |
| ၅။ ကော်တင်ညို | လီဗာပူး | ၅ ကြိမ် |
| ၆။ ပါယက် | ဝက်စ်ဟမ်း | ၅ ကြိမ် |

### ပွဲစဉ်(၁၆)အပြီး ဂိုးအများဆုံးသွင်းထားကြသူများ

| | | |
|---|---|---|
| ၁။ ဒီယေဂိုကော်စတာ | ချယ်လ်ဆီး | ၁၂ ဂိုး |
| ၂။ ဆန်းချက်ဇ် | အာဆင်နယ် | ၁၂ ဂိုး |
| ၃။ အဂူရို | မန်စီးတီး | ၁၀ ဂိုး |
| ၄။ အီဘရာဟီမိုဗစ် | မန်ယူ | ၉ ဂိုး |
| ၅။ လုကာကု | အဲဗာတန် | ၉ ဂိုး |
| ၆။ ဟားဇတ် | ချယ်လ်ဆီး | ၈ ဂိုး |

### ဝက်စ်ဟမ်း VS ဟားလ်စီးတီး

**ထိပ်တိုက်တွေ့ဆုံမှု**

| ဝက်စ်ဟမ်းနိုင် | သရေ | ဟားလ်စီးတီးနိုင် | ပေါင်း |
|---|---|---|---|
| ၆ | ၂ | ၂ | ၁၀ |

**ဟားလ်စီးတီးအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဟားလ်စီးတီး | ၂ - ၂ | ဝက်စ်ဟမ်း |
| ဟားလ်စီးတီး | ၁ - ၀ | ဝက်စ်ဟမ်း |
| ဟားလ်စီးတီး | ၀ - ၂ | ဝက်စ်ဟမ်း |

**ဂိုးခန့်မှန်း** 1-0
အင်တာနက်အကြိုက် ဝက်စ်ဟမ်း
The Voice အကြိုက် ဝက်စ်ဟမ်း

**ဝက်စ်ဟမ်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၁ - ၀ | ဘန်လေ |
| ဝက်စ်ဟမ်း | ၁ - ၅ | အာဆင်နယ် |
| ဝက်စ်ဟမ်း | ၁ - ၁ | စတုတ်စီးတီး |

**ဟားလ်စီးတီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၃ - ၀ | ဟားလ်စီးတီး |
| မစ်ဒယ်ဘရော့ | ၁ - ၀ | ဟားလ်စီးတီး |
| ဆန်းဒါးလန်း | ၃ - ၀ | ဟားလ်စီးတီး |

ဝက်စ်ဟမ်းဟာ တန်းဆင်းဇုန်ပတ်ဝန်းကျင်ကနေ ရုန်းထွက်ချင်ရင် ဒီလိုပွဲမျိုးကို အနိုင်ကစားနိုင်ဖို့လိုပါတယ်။ အဓိကကစားသမားအများအစုကိုဒဏ်ရာပြဿနာတွေကြောင့် လက်လွှတ်ထားရတဲ့ ဟားလ်စီးတီးက သရေတစ်မှတ်ကိုမျှော်လင့်ပြီး တိုက်ပွဲဝင်သွားမှာပါ။ ဝက်စ်ဟမ်းကို အကြိုက်တွေ့မိတယ်။

### အဲဗာတန် VS လီဗာပူး

**ထိပ်တိုက်တွေ့ဆုံမှု**

| အဲဗာတန်နိုင် | သရေ | လီဗာပူးနိုင် | ပေါင်း |
|---|---|---|---|
| ၅၉ | ၆၅ | ၇၆ | ၂၀၀ |

**အဲဗာတန်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| အဲဗာတန် | ၁ - ၁ | လီဗာပူး |
| အဲဗာတန် | ၀ - ၀ | လီဗာပူး |
| အဲဗာတန် | ၃ - ၃ | လီဗာပူး |

**ဂိုးခန့်မှန်း** 1-1
အင်တာနက်အကြိုက် အဲဗာတန်
The Voice အကြိုက် အဲဗာတန်

**အဲဗာတန်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| အဲဗာတန် | ၂ - ၁ | အာဆင်နယ် |
| အဲဗာတန် | ၁ - ၁ | မန်ယူ |
| အဲဗာတန် | ၁ - ၁ | ဆွမ်ဆီး |

**လီဗာပူး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| မစ်ဒယ်ဘရော့ | ၀ - ၃ | လီဗာပူး |
| ဘုန်းမောက် | ၄ - ၃ | လီဗာပူး |
| ဆောက်သမ်တန် | ၀ - ၀ | လီဗာပူး |

မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်ပါပဲ။ အဲဗာတန်ဟာ ဘယ်အခြေအနေရောက်ရောက် လီဗာပူးကို အသေအကျေခံကစားတတ်လေ့ရှိပါတယ်။ အာဆင်နယ်ကို အနိုင်ရထားတဲ့အရှိန်လေး အဲဗာတန်ဆီမှာရှိနေနိုင်တာကိုသတိပြုကြရမှာပါ။ သရေဟာ အမျှတဆုံးသော ရလဒ်ပါပဲ။ အဲဗာတန်ကို သဘောကျမိတယ်။

### မစ်ဒယ်ဘရော့ VS ဆွမ်ဆီး

**ထိပ်တိုက်တွေ့ဆုံမှု**

| မစ်ဒယ်ဘရော့နိုင် | သရေ | ဆွမ်ဆီးနိုင် | ပေါင်း |
|---|---|---|---|
| ၂ | ၂ | ၃ | ၇ |

**မစ်ဒယ်ဘရော့အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| မစ်ဒယ်ဘရော့ | ၃ - ၄ | ဆွမ်ဆီး |
| မစ်ဒယ်ဘရော့ | ၁ - ၁ | ဆွမ်ဆီး |
| မစ်ဒယ်ဘရော့ | ၁ - ၁ | ဆွမ်ဆီး |

**ဂိုးခန့်မှန်း** 2-1
အင်တာနက်အကြိုက် ဆွမ်ဆီး
The Voice အကြိုက် မစ်ဒယ်ဘရော့

**မစ်ဒယ်ဘရော့၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| မစ်ဒယ်ဘရော့ | ၀ - ၃ | လီဗာပူး |
| မစ်ဒယ်ဘရော့ | ၁ - ၀ | ဟားလ်စီးတီး |
| မစ်ဒယ်ဘရော့ | ၀ - ၁ | ချယ်လ်ဆီး |

**ဆွမ်ဆီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၃ - ၁ | ဆွမ်ဆီး |
| စပါး | ၅ - ၀ | ဆွမ်ဆီး |
| အဲဗာတန် | ၁ - ၁ | ဆွမ်ဆီး |

မစ်ဒယ်ဘရော့က အသင်းလိုက်ကစားပုံမဆိုးလှပါဘူး။ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် မစ်ဒယ်ဘရော့ဟာ ထိပ်သီးအသင်းကြီးတွေကိုတောင် သူတင်ကိုယ်တင်ခံကစားပြလေ့ရှိပါတယ်။ ဆွမ်ဆီးရဲ့အဝေးကွင်းစွမ်းဆောင်ရည်က အတက်အကျမမှန်ပါဘူး။ မစ်ဒယ်ဘရော့ ကပ်နိုင်သွားပါလိမ့်မယ်။

### ဆန်းဒါးလန်း VS ဝက်ဖို့ဒ်

**ထိပ်တိုက်တွေ့ဆုံမှု**

| ဆန်းဒါးလန်းနိုင် | သရေ | ဝက်ဖို့ဒ်နိုင် | ပေါင်း |
|---|---|---|---|
| ၅ | ၅ | ၄ | ၁၄ |

**ဆန်းဒါးလန်းအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဆန်းဒါးလန်း | ၀ - ၁ | ဝက်ဖို့ဒ် |
| ဆန်းဒါးလန်း | ၄ - ၂ | ဝက်ဖို့ဒ် |
| ဆန်းဒါးလန်း | ၂ - ၀ | ဝက်ဖို့ဒ် |

**ဂိုးခန့်မှန်း** 2-1
အင်တာနက်အကြိုက် ဆန်းဒါးလန်း
The Voice အကြိုက် ဆန်းဒါးလန်း

**ဆန်းဒါးလန်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဆန်းဒါးလန်း | ၀ - ၁ | ချယ်လ်ဆီး |
| ဆန်းဒါးလန်း | ၃ - ၀ | ဟားလ်စီးတီး |
| ဆန်းဒါးလန်း | ၁ - ၄ | အာဆင်နယ် |

**ဝက်ဖို့ဒ်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၂ - ၀ | ဝက်ဖို့ဒ် |
| ဝက်စ်ဘရွန်း | ၃ - ၁ | ဝက်ဖို့ဒ် |
| လီဗာပူး | ၆ - ၁ | ဝက်ဖို့ဒ် |

ဆန်းဒါးလန်းဟာ တန်းဆင်းဇုန်ထဲကနေ ရုန်းထွက်ဖို့အတွက် အမှတ်အမဲလိုက်ရပါတော့မယ်။ အိမ်ကွင်းမှာ နိုင်သင့်နိုင်ထိုက်တဲ့ပြိုင်ဘက်တွေကို အနိုင်ရအောင် ကစားနိုင်စွမ်းရှိလာတဲ့ ဆန်းဒါးလန်းရဲ့တိုးတက်မှုကိုအသိအမှတ်ပြုကြရမှာပါ။ ဆန်းဒါးလန်း ကပ်နိုင်သွားပါလိမ့်မယ်။


Myanmar
THE EVOLUTION
THE TRINITY
FEEL THE AIR
LYNN LYNN, WAI LA (RUNNER), G LATT, WANA, NI NI KHIN ZAW, EINT CHIT
ပြည်သူ့အားကစားကွင်း ၊ မုံရွာမြို့
25.12.2016(Sunday)
5:00 PM - 12:00 PM
1 Ticket
8,000 ks
လက်မှတ်ရရှိနိုင်သော နေရာများ
Mobile One (1) &, Warr Taw Ma Store, Stylist Fashion, K Mart Store, Two Elephant, Sin Min 2 & 3



# ကတ်တလန်ဒါဘီမှာ အောင်ပွဲခံသွားမယ့်အသင်းက ဘာစီလိုနာပဲဖြစ်လိမ့်မယ်

## စပိန်လာလီဂါ ပွဲစဉ်(၁၆) ပွဲကြိုသုံးသပ်ချက်

### စပို့တင်းဂီဂွန် - ဗီလာရီးရဲလ်

ဗီလာရီးရဲလ်ဟာ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ရမှုကို အက်သလက်တီကိုနဲ့ပွဲစဉ်မှာ သုံးဂိုးပြတ်ရလဒ်နဲ့အနိုင်ယူပြီး ပြည်ဖုံးကားချနိုင်လိုက်ပါပြီ။ လက်ရှိပိုင်ဆိုင်ထားတဲ့ အဆင့်လေးနေရာကို ဆက်လက်ထိန်းသိမ်းဖို့အတွက်ဆိုရင် နိုင်သင့်နိုင်ထိုက်တဲ့အသင်းတွေကို ဗီလာရီးရဲလ် အနိုင်ကစားနိုင်ဖို့ လိုပါတယ်။ စပို့တင်းဂီဂွန်က တန်းဆင်းဇုန်ထဲကနေ ရုန်းထွက်ဖို့ကြိုးပမ်းနေတာကြောင့် ဗီလာရီးရဲလ်အတွက် ပွဲတစ်ပွဲဖြစ်လာပါလိမ့်မယ်။ စပို့တင်းဂီ ဂွန်အနေနဲ့ သရေတစ်မှတ်ကိုသာ အမြင့်ဆုံးထားပြီး မျှော်လင့်ရမှာပါ။ ဗီလာရီးရဲလ် ကပ်နိုင်သွားပါလိမ့်မယ်။

### အက်သလက်တီကို - လားစ်ပါးလ်မားစ်

လားစ်ပါးလ်မားစ်က အိမ်ကွင်းရလဒ်တွေ မဆိုးလှပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ဗွေဖောက်တတ်တဲ့ အကျင့်ဆိုးရှိပါတယ်။ တိုက်စစ်ကိုအလွန်အကျွံဖွင့်ကစားတတ်လို့ ခံစစ်ကြောင်းပွင့်ထွက်သွားလေ့ရှိတာက လားစ်ပါးလ်မားစ်ရဲ့အားနည်းချက်ပါ။ အက်သလက်တီကိုဟာ ဒီနှစ်ဘောလုံးရာသီမှာ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့နဲ့အပြိုင် ချန်ပီယံပြေးလမ်းထက်မှာ တက်ရောက်ရပ်တည်နိုင်ဖို့က အရမ်းပဲခက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အက်သလက်တီကို ရုန်းကန်ကစားပါလိမ့်မယ်။ အက်သလက်တီကိုကို ကြိုက်တယ်။

### ဂရန်နာဒါ - ဆိုစီဒက်

ဆိုစီဒက်ဟာ နည်းပြအူဆီဘီယိုလက်အောက်မှာ တဖြည်းဖြည်းချင်း တက်ရိပ်ပြလာခဲ့ပါပြီ။ ဘာစီလိုနာ(ခ)အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးတဲ့ အူဆီဘီယိုဟာ လူငယ်ကစားသမားတွေကို ဝါရင့်တွေနဲ့ရန်ပြီး အသင်းကို စုဖွဲ့ထားတာပါ။ ဆိုစီဒက်ဟာ အဝေးကွင်းရလဒ်တွေတော့ သိပ်မကောင်းလှပါဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ သူတို့ရင်ဆိုင်ရမှာက တန်းဆင်းဇုန်ထဲက ဂရန်နာဒါဖြစ်လို့နေပါတယ်။ ဥရောပပြိုင်ပွဲတွေ ပါဝင်ကစားခွင့်ရချင်တယ်ဆိုရင် ဒီလိုပွဲမျိုးဆီက ရမှတ်သုံးမှတ် အရယူနိုင်ဖို့ကို ဆိုစီဒက် ကြိုးပမ်းရမှာပါ။ ဆိုစီဒက်ပဲ ရွေးထားလိုက်ချင်တယ်။

### ဒီပို့တီဗို - အိုဆာဆူနာ

တန်းဆင်းဇုန်တိုက်ပွဲတစ်ပွဲဖြစ်ပါတယ်။ ဒီပို့တီဗိုရဲ့အသင်းလိုက်ကစားအားက မနှစ်တုန်းကလောက် ကောင်းမွန်ခြင်း မရှိတော့ပါဘူး။ ဒါပေမဲ့ အိမ်ကွင်းပွဲစဉ်တွေကနေ အမှတ်တွေရယူပြီး လာလီဂါမှာ အသက်ဆက်ခွင့်ရနိုင်ဖို့အတွက် ဒီပို့တီဗို တိုက်ပွဲဝင်နေတာကို သတိပြုသင့်ပါတယ်။ အိုဆာဆူနာက အမှတ်ပေးဇယားအောက်ခြေဆီရောက်နေသလို လက်ရှိခြေစွမ်းနဲ့က အလုပ်ဖြစ်နိုင်ဖို့ သိပ်မလွယ်လှသေးပါဘူး။ သရေတစ်မှတ်ကို ဦးတည်ရှာဖွေသွားမယ့် အိုဆာဆူနာကို မေ့ထားလိုက်ပါ။ ဒီပို့တီဗိုကို သဘောကျမိတယ်။

### ဘာစီလိုနာ - အက်စ်ပန်ညို

ကတ်တလန်ဒါဘီပွဲစဉ်ဖြစ်ပေမယ့် အတိတ်ကာလတုန်းကလို ဒါဘီရသစစ်စစ်ကို မြင်တွေ့ရဖို့က သိပ်မလွယ်လှတော့ပါဘူး။ အက်စ်ပန်ညိုရဲ့ ထည့်ဝါမှုတွေဟာ တာမူဒိုတို့၊ အော့စ်ဗယ်လ်ဒိုတို့ခေတ်မှာ ကျန်နေရစ်ခဲ့ပါပြီ။ ဒီတစ်ပတ်မှာ ရီးရဲလ်မက်ဒရစ်က ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲသွားရောက်ကစားနေလို့ ရီးရဲလ်မက်ဒရစ်နဲ့ ဗလင်စီယာပွဲစဉ်ပွဲရွှေ့ထားတာကို ဘာစီလိုနာ အခွင့်ကောင်းယူပြီး အမှတ်ကွာဟချက်တွေကို ခဏလောက်ဖြစ်ဖြစ် လျှော့ချထားဖို့ ကြိုးပမ်းလာပါလိမ့်မယ်။ ဘာစီလိုနာအောင်ပွဲခံသွားမယ့် ကတ်တလန်ဒါဘီပါ။

### ဘီလ်ဘာအို - ဆဲလ်တာဗီဂို

တိုက်စစ်အားကောင်းတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့တဲ့ပွဲစဉ်ပါပဲ။ ဘီလ်ဘာအိုက အိမ်ကွင်းရလဒ်တွေကောင်းမွန်သလို ဆဲလ်တာဗီဂိုကလည်း ပြိုင်ပွဲအရပ်ရပ် အဝေးကွင်းပွဲစဉ် သုံးပွဲဆက်တိုက် ရှုံးပွဲမရှိ ဖြတ်သန်းထားပါတယ်။ ဆဲလ်တာဗီဂိုတိုက်စစ်မှူး အက်စ်ပတ်စ်ကိုသာ ဘီလ်ဘာအိုခံစစ်မှူးတွေ အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့ရင် ဒီပွဲရဲ့အနိုင်သုံးမှတ်က ဘီလ်ဘာအိုအတွက်ပဲ ဖြစ်သွားမှာပါ။ အိမ်ကွင်းပွဲစဉ်တွေဆိုရင် တိုက်စစ်မှူးတွေ ဂိုးမြူးခြေမြူးဖြစ်တတ်လေ့ရှိတဲ့ ဘီလ်ဘာအိုကို အားပေးလိုက်ကြရအောင်။

### လီဂါနက်စ် - အိုင်ဘား

လီဂါနက်စ်ကို သဘောမတွေ့တာက အိမ်ကွင်းနဲ့ အဝေးကွင်း မှားနေတာပါပဲ။ လီဂါနက်စ်ဟာ အဝေးကွင်းပွဲစဉ်တွေဆိုရင် အစွမ်းပြတတ်လေ့ရှိသလောက် အိမ်ကွင်းမှာတော့ ယောင်ချာချာနိုင်လွန်းလှပါတယ်။ နောက်ဆုံးကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားတာကလည်း လီဂါနက်စ်အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိုးနှက်ချက်တစ်ရပ်ဖြစ်လို့နေမှာပါ။ အိုင်ဘားရဲ့အဝေးကွင်း စွမ်းဆောင်ရည်က သိပ်အကောင်းကြီး မဟုတ်လှပေမယ့် သရေလောက်တော့ ခံကစားသွားနိုင်မယ်လို့ ယူဆမိပါတယ်။ အိုင်ဘားကို အကြိုက်တွေ့မိတယ်။

### ဆီဗီလာ - မာလာဂါ

ဆီဗီလာဟာ နည်းပြဆမ်ပါအိုလိုလက်ထက်မှာ အိမ်ကွင်းရော အဝေးကွင်းရလဒ်တွေပါ တက်ရိပ်ပြနေပါတယ်။ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ်ခုနစ်ပွဲမှာ ဘာစီလိုနာကို ရှုံးခဲ့ရတဲ့တစ်ပွဲလွဲပြီး ကျန်တဲ့ခြောက်ပွဲကို ဆီဗီလာက အမှားအယွင်းမရှိ ဖြတ်သန်းနိုင်ခဲ့တာပါ။ မာလာဂါဟာ ကစားသမားကောင်းတွေကို တစ်နှစ်ပြီး တစ်နှစ် လက်လွှတ်လိုက်ရခြင်းနဲ့အတူ သာမန်အလယ်အလတ်အသင်းတစ်သင်းဘဝကို တဖြည်းဖြည်းချင်း လျှော့ပါးရောက်ရှိသွားခဲ့ပါပြီ။ ဆီဗီလာနဲ့ပဲ လက်တွဲထားလိုက်သင့်တဲ့ပွဲစဉ်ပါပဲ။

## ယခုသီတင်းပတ်အတွင်း ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၁၇-၁၂-၂၀၁၆(စနေနေ့)** | |
| **အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၇)** | |
| ည ၇း၀၀ နာရီ | ခရစ္စတယ်ပဲလေ့စ် - ချယ်လ်ဆီး |
| ည ၉း၃၀ နာရီ | မစ်ဒယ်ဘရော့ - ဆွမ်ဆီး |
| ည ၉း၃၀ နာရီ | ဆန်းဒါးလန်း - ဝက်ဖို့ဒ် |
| ည ၉း၃၀ နာရီ | ဝက်စ်ဟမ်း - ဟားလ်စီးတီး |
| ည ၉း၃၀ နာရီ | စတုတ်စီးတီး - လက်စတာ |
| **စပိန်လာလီဂါ ပွဲစဉ်(၁၆)** | |
| ည ၆း၃၀ နာရီ | စပို့တင်းဂီဂွန် - ဗီလာရီးရဲလ် |
| ည ၉း၄၅ နာရီ | အက်သလက်တီကို - လားစ်ပါးလ်မားစ် |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၇)** | |
| ည ၈း၃၀ နာရီ | အမ်ပိုလီ - ကက်ဂလီယာရီ |
| ည ၁၁း၃၀ နာရီ | အေစီမီလန် - အတ္တလန္တာ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၅)** | |
| ည ၉း၀၀ နာရီ | ရှော်ကေး - ဖရိုင်းဘတ် |
| ည ၉း၀၀ နာရီ | မိန့်ဇ် - ဟမ်းဘတ် |
| ည ၉း၀၀ နာရီ | အော့စ်ဘတ် - မိုချင်ဂလက်ဘတ် |
| ည ၉း၀၀ နာရီ | ဝါဒါဘရီမင် - ကိုလုံး |
| ည ၉း၀၀ နာရီ | လိုက်ပ်ဇစ်ဂျ် - ဟာသာဘာလင် |
| **ပြင်သစ်လီဂူး ပွဲစဉ်(၁၈)** | |
| ည ၁၀း၃၀ နာရီ | ဂူအင်ဂမ့် - ပီအက်စ်ဂျီ |
| **အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၂)** | |
| ည ၉း၃၀ နာရီ | ဝီဂန် - အစ်ဆွစ်ချ် |
| ည ၉း၃၀ နာရီ | ကာဒစ်ဖ် - ဘန်စလေ |
| ည ၉း၃၀ နာရီ | နော်တင်ဟမ် - ဝုလ်ဗာဟမ်တန် |
| ည ၉း၃၀ နာရီ | ဘလက်ဘန်း - ရက်ဒင်း |
| ည ၉း၃၀ နာရီ | ရှက်ဖီးဝမ်းနက်စ်ဒေး - ရိုသာဟမ် |
| ည ၉း၃၀ နာရီ | ဖူလ်ဟမ် - ဒါဘီ |
| ည ၉း၃၀ နာရီ | လိဒ်စ်ယူနိုက်တက် - ဘရန့်ဖို့ဒ် |
| ည ၉း၃၀ နာရီ | ဘာတန် - နယူးကာဆယ် |
| ည ၉း၃၀ နာရီ | ဘရစ္စတိုးစီးတီး - ပရက်စတန် |
| **၁၈-၁၂-၂၀၁၆(တနင်္ဂနွေနေ့)** | |
| **အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၇)** | |
| နံနက် ၀၀း၀၀ နာရီ | ဝက်စ်ဘရွန်း - မန်ယူ |
| ည ၈း၀၀ နာရီ | ဘုန်းမောက် - ဆောက်သမ်တန် |
| ည ၁၀း၃၀ နာရီ | မန်စီးတီး - အာဆင်နယ် |
| ည ၁၀း၃၀ နာရီ | စပါး - ဘန်လေ |
| **စပိန်လာလီဂါ ပွဲစဉ်(၁၆)** | |
| နံနက် ၀၀း၀၀ နာရီ | ဂရန်နာဒါ - ဆိုစီဒက် |
| နံနက် ၂း၁၅ နာရီ | ဆီဗီလာ - မာလာဂါ |
| ည ၉း၄၅ နာရီ | လီဂါနက်စ် - အိုင်ဘား |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၇)** | |
| နံနက် ၂း၁၅ နာရီ | ဂျူဗင်တပ် - ရိုးမား |
| ည ၆း၀၀ နာရီ | ဆက်ဆူအိုလို - အင်တာမီလန် |
| ည ၈း၃၀ နာရီ | အူဒီးနီးစ် - ခရိုတုန်း |
| ည ၈း၃၀ နာရီ | ချီယေဗို - ဆမ်ဒိုးရီးယား |
| ည ၈း၃၀ နာရီ | ပက်စ်ကာရာ - ဘိုလော့ဂ်နာ |
| ည ၈း၃၀ နာရီ | နာပိုလီ - တိုရီနို |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၅)** | |
| နံနက် ၀၀း၀၀ နာရီ | ဝုဖ်ဘတ် - ဖရန့်ဖတ် |
| ည ၉း၀၀ နာရီ | ဒရမ်းစတတ်ဒ် - ဘိုင်ယန်မြူးနစ် |
| ည ၁၁း၀၀ နာရီ | လေဗာကူဆင် - အင်ဂေါလ်စတတ်ဒ် |
| **ပြင်သစ်လီဂူး ပွဲစဉ်(၁၈)** | |
| နံနက် ၁း၃၀ နာရီ | မောင့်ပဲလီယာ - ဘော်ဒိုး |
| နံနက် ၁း၃၀ နာရီ | ရန်းနက်စ် - ဘတ်စ်တီးယား |
| နံနက် ၁း၃၀ နာရီ | လိုရီးယန့် - စိန့်အက်တီယန် |
| နံနက် ၁း၃၀ နာရီ | တူးလော့စ် - နန့်စီ |
| နံနက် ၁း၃၀ နာရီ | ကာအန် - မက်ဇ် |
| ည ၈း၃၀ နာရီ | နိုက်စ် - ဒီဂျွန် |
| ည ၁၀း၃၀ နာရီ | မာဆေး - လိုင်လီ |
| **အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၂)** | |
| နံနက် ၀၀း၀၀ နာရီ | ဘာမင်ဂမ် - ဘရိုက်တန် |
| ည ၆း၃၀ နာရီ | ကျူပီအာ - အက်စတွန်ဗီလာ |
| **ဖီဖာကလပ်ကမ္ဘာ့ဖလား တတိယနေရာလုပွဲ** | |
| ညနေ ၃း၃၀ နာရီ | ဆီမီးဖိုင်နယ်(၁)ရှုံး - ဆီမီးဖိုင်နယ်(၂)ရှုံး |
| **ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲ** | |
| ညနေ ၅း၀၀ နာရီ | ဆီမီးဖိုင်နယ်(၁)နိုင် - ဆီမီးဖိုင်နယ်(၂)နိုင် |


FAME
Honokiol
Chronic Hepatitis C
တောင်စကားဖြူခေါက်
No (30), Mingyi Maha Min Gaung Road, Industrial Zone (8)
Hlaing Tharyar City of Industry, Yangon
www.famepharma.com
FAME Pharmaceuticals
GMP Certified


ASAHI NURSING AND WELFARE TRAINING CENTER
အာဆာဟိ
သူနာပြုနှင့် ကူညီစောင့်ရှောက်ရေးသင်တန်းကျောင်း
ASAHI NURSING & WELFARE TRAINING CENTER
Seminar On Mandalay - Mandalay Sedona Hotel, 17/12/2016 at 9 am to 11 am
Seminar On Yangon - Central Hotel, 24/12/2016 at 9 am to 11 am
Seminar On Mawlamyine - Mawlamyine Strand Hotel 8/1/2017 at 2 pm to 4 pm
ASAHI NURSING & WELFARE TRAINING CENTER
No 62, Minnandar Road, Botunzan Wd, Dawbon Township.
Ph- 01450994,09261197997


KBZ BANK
STRENGTH OF MYANMAR
ATM ပေါင်း
၈၀၀
ကျော်
အချိန်တိုင်း ... သင်နှင့် အနီးဆုံး ATM များ
01-2306219
/Kanbawzabank
kbzbank.com

The VOICE Saturday

Vol. 12 / No. 47 | Established in 2004 | ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် (Saturday, December 17, 2016)

# KIA ဂိဒ္ဒုန်စခန်းကို တပ်မတော်သိမ်းပိုက်

ရန်ကုန်၊ ဒီဇင်ဘာ ၁၆

ကချင်လွတ်လပ်ရေးအဖွဲ့ (KIA) ဌာနချုပ် လိုင်ဇာအနီးရှိ ဂိဒ္ဒုန်တောင်ကုန်းစခန်းကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တပ်မတော်က သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကချင်ပြည်နယ်အခြေစိုက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ထံမှ သိရသည်။

အဆိုပါစခန်းကုန်းကို တပ်မတော်က ထိုးစစ်ဆင်နေခြင်းမှာ လချီကြာမြင့်နေပြီဖြစ်ကြောင်း KIA သတင်းရင်းမြစ်များက ထုတ်ဖော်ပြောဆိုထားပြီး တပ်မတော်သား အရာရှိစစ်သည်အချို့ကျဆုံးသည့် သတင်းများလည်း တပ်မတော်အသိုင်းအဝိုင်းမှ ထွက်ပေါ်ခဲ့သည်။

“ဒီနေ့ နေ့လယ် ၂ နာရီလောက်က ဂိဒ္ဒုန်စခန်းကုန်းကိုတပ်မတော်ရောက်သွားပြီ”ဟု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးတစ်ဦးက The Voice သို့ ပြောဆိုသည်။

ဂိဒ္ဒုန်ကုန်းကို တပ်မတော်က သိမ်းပိုက်ခဲ့သော်လည်း လိုင်ဇာသို့ ထိုးစစ်ဆင်ခြင်းမရှိကြောင်း၊ ဂိဒ္ဒုန်နှင့် ဆက်စပ်နယ်မြေများကိုမူ နယ်မြေရှင်းလင်းရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ထံမှ ထပ်မံသိရှိရသည်။

ဂိဒ္ဒုန်စခန်းရှိရာတောင်ကုန်းသို့ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ စတင်ကာ လက်နက်ကြီးဖြင့် ညလုံးပေါက် ပစ်ခတ်ခဲ့ပြီး နေ့လယ် ၁ နာရီကျော်တွင် တပ်မတော်ခြေလျင်တပ်များ ယင်းစခန်းအနီးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း KIA မှ ဗိုလ်မှူးကြီးတစ်ဦးက ပြောဆိုသည်။

“တိုက်ပွဲက ပြင်းထန်ပါတယ်။ ရဟတ်ယာဉ်နဲ့ တရစပ်လာပစ်ခတ်နေတဲ့အတွက် ဌာနချုပ်က ထိထိရောက်ရောက် တုံ့ပြန်တိုက်ခိုက်ဖို့ ညွှန်ကြားချက်ပေးထားတာရှိပါတယ်”ဟု အဆိုပါ ဗိုလ်မှူးကြီးက ထပ်မံပြောဆိုသည်။

သို့သော် မြန်မာ့တပ်မတော်က ဂိဒ္ဒုန်စခန်းကို သိမ်းပိုက်ရရှိသွားသည့်သတင်းကိုမူ KIA က အတည်မပြုပေ။ စာ 3

## ၂၁ ရာစု ပင်လုံတွင် လက်နက်ကိုင်အားလုံး ပါလာရေး အရေးကြီးအဆို ပယ်ချခံရ

စာ 2

## လူအများဆုံး တစ်ပြိုင်တည်းခုန်၍ လက်ဝါးရိုက်ခြင်းဖြင့် မြန်မာ ဂင်းနစ်စံချိန်တင်

စာ 2

## ရုပ်လုံးပေါ်လာသည့် မောင်တောလက်သည်

စာ 12


Photo by Senior General Min Aung Hlaing Facebook

မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် သီပေါမင်းနတ်ရွာစံသက် နှစ်တစ်ရာပြည့်အခမ်းအနားကို ဒီဇင်ဘာလ ၁၆ ရက်နေ့က အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းတရားကြီး အုတ်နန်းပြဿဒ်ဆောင်၌ ကျင်းပရာ ဗန်းမော်ဆရာတော်၊ သီတဂူဆရာတော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ သီပေါမင်း၏မြစ်တော် ဦးစိုးဝင်းနှင့် ဆွေတော်မျိုးတော်များနှင့် အိန္ဒိယအစိုးရ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၃၇ ကျပ်ဖြင့် သမိုင်းတွင်အမြင့်ဆုံးငွေလဲနှုန်းအဖြစ် စံချိန်တင်

ရန်ကုန်၊ ဒီဇင်ဘာ ၁၆



ဓာတ်ပုံ-မြင့်မိုးညို

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးနိုင်ငံခြားငွေလဲနှုန်းအဖြစ် ဒီဇင်ဘာလ ၁၆ ရက်နေ့၌ အမေရိကန်တစ်ဒေါ်လာကို ၁၄၃၇ ကျပ်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ပြင်ပဒေါ်လာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ငွေလဲနှုန်းမြင့်တက်မှုကြောင့် ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲကောင်တာအချို့သည် ငွေလဲနှုန်းဈေးဖွင့်ထားသော်လည်း ဒေါ်လာအရောင်းရပ်ထားကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ စာ 3

## မောင်တောတွင် ပြည်တွင်း၊ ပြည်ပသတင်းသမား ၁၃ ဦးကို သတင်းယူရန် အစိုးရခွင့်ပြုမည်

ရန်ကုန်၊ ဒီဇင်ဘာ ၁၆

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာသမား ၁၃ ဦးပါဝင်သည့် လွတ်လပ်သော သတင်းမီဒီယာအဖွဲ့ကို ယင်းဒေသသို့ ပထမဆုံးအကြိမ် အစိုးရက သတင်းယူခွင့်ပြုမည်ဖြစ်သည်။

ယင်းအဖွဲ့သည် မောင်တောသို့ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ဒီဇင်ဘာလ ၁၆ ရက်နေ့က သတင်းထုတ်ပြန်သည်။

အဆိုပါမီဒီယာသမား ၁၃ ဦးကို နိုင်ငံတော်သမ္မတရုံး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ညှိနှိုင်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက ရွေးချယ်ထားခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောကြားသည်။ စာ 3

# ၂၁ ရာစုပင်လုံတွင် လက်နက်ကိုင်အားလုံးပါလာရေး အရေးကြီးအဆိုပယ်ချခံရ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံး ပါဝင်လာရေး ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ပေးရန် တိုက်တွန်းမည့် အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်က ပယ်ချလိုက်ကြောင်း အဆိုရှင်နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိုင်းဝင်းထူးက ပြောဆိုသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်း ဗဟိုဌာန (NRPC) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသား လက်နက်ကိုင်အားလုံး ၂၁ ရာစုပင်လုံတွင် ပါဝင်လာရေး ဦးဆောင်ပေးရန် အရေးကြီးအဆိုကို လွှတ်တော်သို့ တင်ရန် ဒီဇင်ဘာလ ၁၅ ရက်နေ့က ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောဆိုသည်။

တိုင်းရင်းသားလ က်နက်ကိုင်အားလုံးပါလာရေး အစိုးရက လုပ်ဆောင်နေပြီဖြစ်၍ အရေးမကြီးဟုဆိုကာ အရေးကြီးအဆို တင်သွင်းမည့် အဆိုပြုချက်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့ညနေတွင် ချက်ချင်း ပယ်ချခံလိုက်ရခြင်းဖြစ်ကြောင်း မိုင်းဝင်းထူးက ရှင်းပြသည်။

"ငြိမ်းချမ်းရေးအတွက် အားလုံးပါဝင်ဖို့ တိုက်တွန်းတဲ့အဆိုကိုတောင် ပယ်ခံရလို့ စိတ်မကောင်းဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

ငြိမ်းချမ်းရေးတွင် အားလုံးပါဝင်ရေး တိုက်တွန်းကြောင်းအဆိုကို ပယ်ချခဲ့ခြင်းသည် တိုင်းရင်းသားပါတီများ၏ ပြောဆိုခွင့်ကို ပိတ်ပင်ခံရခြင်းဖြစ်ကြောင်း ယင်းအဆိုကို ထောက်ခံဆွေးနွေးရန် ပြင်ဆင်ထားသည့် မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောက မှတ်ချက်ပြုသည်။

"လမ်းတောင်းတာ တံတားတောင်းတာလည်းမဟုတ်ဘူး။ တိုင်းပြည်အတွက် အသက်တမျှ အရေးကြီးတဲ့ ငြိမ်းချမ်းရေးမှာ အားလုံးပါဝင်ဖို့ တိုက်တွန်းတဲ့အဆိုကို ပယ်ချတာဆိုတော့ တရားမမျှတဘူးလို့ပဲ ပြောရမှာပဲ" ဟု ဦးဦးလှစောက ပြောဆိုသည်။

၂၁ရာစုပင်လုံညီလာခံ ဒုတိယအကြိမ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ကျင်းပမည်ဖြစ်ကြောင်း အစိုးရက ကြေညာထားပြီး တိုင်းရင်းသားလက်နက်ကိုင်အားလုံးပါဝင်လာရေး ဖိတ်ခေါ်ကြောင်းလည်း ထုတ်ပြန်ပြောဆိုထားသည်။

ညီလာခံကျင်းပချိန် နီးကပ်လာသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် လက်နက်ကိုင် ပဋိပက္ခများ နေ့စဉ်နီးပါးဖြစ်ပွားနေပြီး ရှမ်းမြောက်တိုက်ပွဲများကို စတင်သူ လက်နက်ကိုင်လေးဖွဲ့ကို အကြမ်းဖက်အဖွဲ့များအဖြစ် ရှမ်းပြည်နယ်လွှတ်တော်က ကြေညာခဲ့သည်။

အဆိုပါကြေညာချက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပျက်စီးသွားပြီဖြစ်ကြောင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIA) တာဝန်ရှိသူအချို့က ထုတ်ဖော်ပြောဆိုထားသည်။ ■

# မုံရွာသတင်းထောက်၏သားကို တက္ကသိုလ်ပြီးသည်အထိ ရေဝတီဖောင်ဒေးရှင်း ထောက်ပံ့မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

လွန်ခဲ့သည့် ရက်ပိုင်းက အသတ်ခံရသည့် မုံရွာအခြေစိုက် သတင်းထောက် ကိုစိုးမိုးထွန်း၏ သားဖြစ်သူကို တက္ကသိုလ်ကျောင်းပြီးသည်အထိ ရေဝတီဖောင်ဒေးရှင်းက ကျောင်းစရိတ်ထောက်ပံ့မည်ဖြစ်ကြောင်း အဆိုပါ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးမောင်ခိုင်က ပြောကြားသည်။

ကိုစိုးမိုးထွန်းတွင် ဇနီးနှင့် အသက်ရှစ်နှစ်အရွယ် သားတစ်ဦးကျန်ရစ်ခဲ့သည်။ ကိုစိုးမိုးထွန်း၏သားဖြစ်သူကို လက်ရှိတက်နေသည့်ပထမတန်းမှစ၍ တက္ကသိုလ်ကျောင်းပြီးသည်အထိ တာဝန်ယူမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"အခုတော့ တက္ကသိုလ်ကျောင်းပြီးတဲ့အထိ ပညာသင်စရိတ်ထောက်ပံ့ပေးဖို့ လုပ်ထားတာပါ။ နောက်ပိုင်း ဘယ်လိုကူညီဖြစ်မလဲတော့ မသိသေးဘူး" ဟု ဦးမောင်ခိုင်က ဆိုသည်။

ယင်းသို့ကူညီမည့် အကြောင်းကို ကိုစိုးမိုးထွန်း၏ မိသားစုဝင်များထံသို့ ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"ရည်ရွယ်ချက် ထူးထူးခြားခြားတော့ မရှိပါဘူး။ ဥက္ကဋ္ဌ (ဦးဇော်ဇော်)က ကလေးပုံကို Facebook မှာတွေ့ရင်း လှူဖြစ်သွားတာ" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

Eleven Media Group ၏ မုံရွာအခြေစိုက် သတင်းထောက်ဖြစ်သူ ကိုစိုးမိုးထွန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်ကြား မုံရွာဂေါက်ကွင်းအနီး ပြည်ထောင်စုလမ်းပေါ်တွင် ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက် ၁ နာရီခန့်က အသတ်ခံရခြင်းဖြစ်သည်။ ■




# လူအများဆုံး တစ်ပြိုင်တည်းခုန်၍ လက်ဝါးရိုက်ခြင်းဖြင့် မြန်မာဂင်းနစ်စံချိန်တင်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

လူအများဆုံး တစ်ပြိုင်နက်တည်းခုန်၍ လက်ဝါးချင်းရိုက်သည့် အစီအစဉ်ဖြင့် ဂင်းနစ်ကမ္ဘာ့စံချိန် ချိုးနိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါအစီအစဉ်ကို ပြုလုပ်ခဲ့သည့်Unilever Myanmar (Lifebuoy) ထံမှ သိရသည်။

အလုံမြို့နယ်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာလ ၂၅ ရက်နေ့က ပြုလုပ်သည့် ကမ္ဘာ့လက်ဆေးရေးနေ့ အခမ်းအနားတွင် ကျောင်းသားပေါင်း ၉၈၂ ဦးက ငါးစက္ကန့်အတွင်း လေထဲသို့ခုန်၍ လက်ဝါးချင်းရိုက်သည့် အစီအစဉ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာကျောင်းသားများ ဂင်းနစ်စံချိန်တင်ခြင်းကို GUINNESS WORLD RECORDSTM တရားဝင်ကြေညာခဲ့ကြောင်း Unilever Myanmar (Lifebuoy) ထံမှ သိရသည်။

ယင်းစံချိန်ကို ယခင်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် လူပေါင်း ၆၆၄ ဦးက လက်ဝါးရိုက်၍ ဂင်းနစ်မှတ်တမ်းတင်ထားခြင်းဖြစ်ပြီးမြန်မာကျောင်းသားများက လူဦးရေ ၁၁၈ ဦးအသာဖြင့် စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း Unilever Myanmar (Lifebuoy) က ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ■

# မောင်တောတွင် ငါးဖမ်းစက်လှေတစ်စင်းနှင့်အတူ ဘင်္ဂလာဒေ့ရှ် ရှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

မောင်တောမြို့နယ် နတ်မြစ်အတွင်း ငါးဖမ်းစက်လှေတစ်စင်းနှင့်အတူ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားရှစ်ဦးကို ဒီဇင်ဘာ လ ၁၆ ရက်နေ့က ဖမ်းမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန် ထားသည်။

၎င်းတို့နှင့်အတူ တစ်ကီလိုခန့်ပါဝင်သည့် ဆေးခြောက် ၂၈ထုပ်ကိုလည်းဖမ်းမိကြောင်း ယင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

နတ်မြစ်အတွင်း တပ်မတော်ရေယာဉ်များဖြင့် လုံခြုံရေးကင်းလှည့်နေစဉ် မသင်္ကာဖွယ် လှေတစ်စီးအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ တောင်ဘက်သို့ထွက်ပြေးသွားသောကြောင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဖမ်းဆီးရမိသည့်စက်လှေပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဖ်မြို့ တနာဂ ရွာတွင် နေထိုင်သည့် နူကာဆင်၊ မူဟာမတ်ရှူဒစ်၊ ဆွာလင်း၊ စုစဉ်တန်၊ ဘာလ်ဘူ၊ အေမာန်ဟူစွန်၊ မူဂျူလာနှင့် ဆာ့ဒစ်တို့ ရှစ်ဦးတို့ကို ဖမ်းမိကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အဆိုပါ ငါးဖမ်းစက်လှေသည် တက္ကနပ်ဖ်မြို့မှ ထွက်ခွာလာခဲ့ပြီး ဖမ်းဆီးရမိသည့်နေရာတစ်ဝိုက်တွင် ပိုက်ချ ငါးဖမ်းသည့် ပုံစံဟန်ဆောင်၍ စစ်တွေမြို့မှ လာရောက်ခေါ်ဆောင်မည့် လှေကို စောင့်ဆိုင်းစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီထံမှ သိရှိရသည်။

ဖမ်းဆီးရမိသူရှစ်ဦးကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူမည်ဖြစ်ကြောင်း အဆိုပါ ကော်မတီထံမှ သိရှိရသည်။ ■

**မျက်နှာဖုံး – နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၃၇ ကျပ်ဖြင့် သမိုင်းတွင်အမြင့်ဆုံးငွေလဲနှုန်းအဖြစ် စံချိန်တင် မှအဆက်...**

"သဘော်ာရုံးကို ငွေသွင်းဖို့လိုလို့ ဒေါ်လာလိုက်ဝယ်တာ ဘယ်မှာမှဝယ်လို့မရဘူး၊ ဘဏ်တွေလည်း မရဘူး၊ ကောင်တာတချို့ကလည်း လိုသလောက်မရောင်းပေးနိုင်ဘူး" ဟု သဘော်ာတက်ရန် ပြင်ဆင်နေသူတစ်ဦးက ဆိုသည်။

ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲနှုန်း ရည်ညွှန်းနှုန်းမှာလည်း ငါးရက်အတွင်း ၄၅ ကျပ် ခုန်တက်သွားပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ၁၃၆၅ ကျပ်အထိရှိခဲ့ကာ ပြည်တွင်း ပုဂ္ဂလိကဘဏ်များတွင် ၁၃၇၆ ကျပ်နှင့် ငွေလဲကောင်တာအချို့တွင် ၁၄၃၅ ကျပ်အထိ ဈေးမြင့်တက်ခဲ့သည်။

အမေရိကန်ဗဟိုဘဏ်သည် ဒီဇင်ဘာ ၁၅ ရက်တွင် အတိုးနှုန်း ၀ ဒသမ ၂၅ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်လိုက်ပြီးနောက် ယင်းနေ့ဈေးကွက်ပိတ်ချိန်တွင် ဒေါ်လာအညွှန်းကိန်းမှာ ၁၀၃ ဒသမ ၁၅ အထိ မြင့်တက်ခဲ့သည်။

နိုင်ငံခြားငွေလဲနှုန်းမှာ ယခုအစိုးရလက်ထက် ကိုးလအတွင်း ၁၅၅ ကျပ် မြင့်တက်ခဲ့ပြီး ယင်းမှာ မြန်မာကျပ်ငွေတန်ဖိုး ၁၃ ရာခိုင်နှုန်းခန့် ကျဆင်းသွားခြင်းဖြစ်သည်။

နိုင်ငံခြားငွေလဲနှုန်းကို ထိန်းချုပ်နှုန်းရှင်အဖြစ် စတင်ပြောင်းလဲသည့် ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်နေ့ ဈေးဖြင့်ယှဉ်လျှင် ၅၄၇ ကျပ် ငွေလဲနှုန်းမြင့်တက်သွားပြီး လေးနှစ် ကိုးလအတွင်း ကျပ်ငွေတန်ဖိုး ၆၇ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။

ငွေလဲနှုန်းမှာ ဒီဇင်ဘာ ၁၆ ညနေတွင် ပုဂ္ဂလိကဘဏ်များတွင် ၁၃၇၆ ကျပ်၊ ငွေလဲကောင်တာများတွင် ၁၄၃၀ မှ ၁၄၃၅ ကျပ်အတွင်းနှင့် ပြင်ပဈေးကွက်တွင် ၁၄၃၇ ကျပ်အထိ ပေါက်ဈေးရှိနေသည်။ ■

**မျက်နှာဖုံး – KIA ဂီဒွန်စခန်းကို တပ်မတော်သိမ်းပိုက် မှအဆက်...**

"အင်ခမ်စခန်းနဲ့ ဂီဒွန်လို ဗဟိုလုံခြုံရေးစခန်းတွေကိုအသေအကျေပစ်နေတာ သုံးလနီးပါးရှိပြီ။ ခဏနားလိုက် တိုက်လိုက်ပေါ့။ ဗဟိုလုံခြုံရေးစခန်းမပြောနဲ့ ကာကင်းအသေးလေးတွေကအစ KIA အတွက်တော့အသက်တမျှ အရေးကြီးတယ်"ဟု KIAအဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးကပြောသည်။

ဂီဒွန်စခန်းရှိရာနယ်မြေတွင် စက်တင်ဘာလ ၁၃ ရက်နေ့မှစတင်ကာ တပ်မတော်နှင့် KIA တပ်များ တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး တိုက်ပွဲဖြစ်ပွားစဉ်ကာလတွင်း KIA အဖွဲ့၏ ရှေ့တန်းကာကင်းအချို့ ဆုံးရှုံးခဲ့သည်။ ■

**မျက်နှာဖုံး – မောင်တောတွင် ပြည်တွင်း၊ ပြည်ပ သတင်းသမား ၁၃ ဦး ကို သတင်းယူရန် အစိုးရခွင့်ပြုမည် မှအဆက်...**

လွတ်လပ်သည့် သတင်းမီဒီယာအဖွဲ့ဆိုသည်ကို ဝန်ကြီးဌာန၏ ထိပ်ပိုင်းအကြီးအကဲများက ဆုံးဖြတ်ရွေးချယ်ခြင်းဖြစ်ပြီး မည်သည့်စံနှုန်းဖြင့် ရွေးချယ်သည်ကိုမသိကြောင်း ၎င်းကပြောဆိုသည်။

"ဘယ်မီဒီယာတွေပါတယ်ဆိုတာ ပြောလို့မရသေးဘူး" ဟု ဦးရဲနိုင်က ပြောကြားသည်။

ပြည်ပမီဒီယာများမှ မီဒီယာသမားများကို ရွေးချယ်ရန် Foreign Correspondents Club of Myanmar (FCCM) နှင့်လည်း ညှိနှိုင်းခဲ့ကြောင်း ၎င်းကပြောဆိုသည်။

သတင်းသွားယူမည့် ပြည်တွင်းပြည်ပမှ သတင်းသမား ၁၃ ဦးကို ရွေးချယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းကိုမေးမြန်းရာ ပြန်ကြားရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၁၆ ရက်နေ့ ညနေ ၆နာရီခန့်အထိ တိုင်ပင်ညှိနှိုင်းခဲ့ခြင်းမရှိကြောင်း ပြောကြားသည်။ ■

## News Photo




ရန်ကုန်တက္ကသိုလ် (၉၆) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကဗျာရွတ်ပွဲကို ဒီဇင်ဘာလ ၁၆ ရက် ညနေပိုင်းက အဆိုပါတက္ကသိုလ် သစ်ပုတ်ပင်အနီးရှိ မြက်ခင်းပြင်၌ ပြုလုပ်ခဲ့ရာ ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင် ပါဝင်ကဗျာရွတ်ဆိုခဲ့သည်။

# အစိုးရ၏ ပထမခြောက်လ၌ သုံးနှစ်အတွင်းရငွေ အနည်းဆုံးဖြစ်ပေါ်မှုကို လွှတ်တော်သို့ရှင်းလင်း

**နေပြည်တော်၊ ဒီဇင်ဘာ ၁၆**

NLDအစိုးရလက်ထက်တာဝန်ယူခဲ့သော ၂၀၁၆-၂၀၁၇ နှစ်၏ပထမခြောက်လပတ်တွင်ရငွေမျှော်မှန်းချက်သည် ယခင်အစိုးရတာဝန်ယူခဲ့သော (၂၀၁၄ - ၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆) နှစ်များထက် ရငွေအနည်းဆုံးဖြစ်ပေါ်နေကြောင်း ပြည်သူ့ငွေစာရင်းကော်မတီက ဒီဇင်ဘာ ၁၃ ရက်တွင် တင်ပြလိုက်ခြင်းအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်သို့ လာရောက်ရှင်းလင်းခဲ့သည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်ရာတွင် ယခုနှစ် ဩဂုတ်လရောက်မှသာ အတည်ပြုလိုက်ခြင်းကြောင့် အစိုးရ၏ တင်ဒါလုပ်ငန်းများကို အရှိန်မြှင့်တင်လုပ်ကိုင်ခဲ့ရခြင်း၊ ရငွေလျော့နည်းရခြင်းမှာလည်း မြန်မာရုပ်ရှင်လုပ်ငန်း၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ အသေးစားငွေရေးကြေးရေး ကြီးကြပ်ရေးလုပ်ငန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆားနှင့် အဏ္ဍာဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့ကို ဦးစီးဌာနအဖြစ်သို့ပြောင်းလဲခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဒုဝန်ကြီးက ပြောကြားသည်။

ယင်းအပြင် ကမ်းလွန်သဘာဝဓာတ်ငွေ့ဈေးနှုန်း လျော့ကျခြင်းကြောင့် မြန်မာ့ကျောက်မျက်လုပ်ငန်းတွင် အကျိုးတူကျောက်ရောင်းရငွေကို ၄၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်သို့ လျှော့ချပေးရခြင်း၊ ကျောက်မျက်ဥပဒေအရ ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ ဝန်ဆောင်မှုအခွန် ၃ ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ပြုလိုက်ခြင်း၊ သစ်လုပ်ငန်းမှ ပြည်ပသို့ အလုံးလိုက်တင်ပို့ရောင်းချမှုရပ်ဆိုင်းလိုက်ခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ADDI ကုမ္ပဏီနှင့် ချုပ်ဆိုသည့် လုပ်ငန်းစာချုပ်တွင်လည်း အမြတ်ဝေစု၏ ၅၀ ရာခိုင်နှုန်းသာရရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းတွင်လည်း မန္တလေးတိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးကို လျှပ်စစ်ကော်ပိုရေးရှင်းအဖြစ်သို့ ပြောင်းခြင်း၊ ရေနံထွက်ပစ္စည်းရောင်းဝယ်မှု လျော့နည်းရခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ငွေစာရင်းကော်မတီ၏ သုံးသပ်ချက်တွင် ရငွေ နည်းသည့်အပြင် သုံးငွေတွင်လည်း ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်ကို ပြည့်မီခြင်းမရှိဟုလည်း ပြောဆိုထားသည်။

ဒုဝန်ကြီး၏ရှင်းပြချက်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်နိုင်ရန် တစ်ခုချင်းစီ၏ ပကတိအခြေအနေမှန်များကို စနစ်တကျစိစစ်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပထမခြောက်လပတ်တွင် အကောင်ထည်ဖော်ရမည့်ကိစ္စတွင်လည်း လျာထားချက်၏ တစ်ဝက်သာ အကောင်ထည်ဖော်ထားကြောင်း၊ ယင်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ပါက လက်ရှိဒေါ်လာဈေးတက်လာမှုကြောင့် ပြည်ပမှ ဝယ်ယူမည့် စက်ပစ္စည်းများ ဝယ်ယူမှုတွင် အခက်အခဲတွေ့နိုင်မည်ဖြစ်ကြောင်း ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်က ဆွေးနွေးပြောကြားသည်။

ယင်းအပြင် မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းဆွေးနွေးသော အခွန်ကောက်ခံမှုများတွင် ယိုပေါက်ဖြစ်နေသည်မှာ မှန်ကန်သောကြောင့် စနစ်တကျဖြစ်စေရေးနှင့် အခွန်တိမ်းရှောင်မှုများကို စစ်ဆေးဖော်ထုတ်နေပြီဖြစ်ကြောင်း ဒုဝန်ကြီးဦးမောင်မောင်ဝင်းက ဆိုသည်။

ယခုနှစ်၏ ပြည်ထောင်စု၏ခန့်မှန်းခြေစာရင်းတွင် ရငွေသည် ၁၆၉၇၈ ဒသမ ၉၉၁ ဘီလီယံဟု ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင်ပါရှိသော်လည်း ယခုနှစ်ခြောက်လပတ်တွင် ကျပ် ၆၂၆၂ ဒသမ ၁၂၆ ဘီလီယံ (၃၆ ဒသမ ၈၈ ရာခိုင်နှုန်း) သာ ရရှိနေသောကြောင့် ဒုတိယခြောက်လပတ် (ယခုနှစ်နှစ်ကုန်) တွင် အစိုးရအနေနှင့် ပိုမိုကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ကော်မတီကဆိုသည်။

ယင်းအတွက်ကြောင့် ယခုဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးနိုင်မည့်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာပြီးစီးနိုင်ရန်၊ ပြီးစီးနိုင်ခြင်းမရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သုံးစွဲနိုင်ခြင်းမရှိသည့် အသုံးစရိတ်များကို အချိန်မီပြန်လည်အပ်နှံရန် လိုအပ်ကြောင်း ကော်မတီက သဘောထားမှတ်ချက် ပြုထားခဲ့သည်။

ကော်မတီ၏ သဘောထားမှတ်ချက် တင်ပြချက်များကို ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်မှ အထက်ပါ ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီး မှတ်တမ်းတင်ကြောင်း လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာခဲ့သည်။ ■

| စဉ် | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ ပထမ (၆) လ | ၂၀၁၅-၂၀၁၆ ပထမ (၆) လ | ၂၀၁၆-၂၀၁၇ ပထမ (၆) လ |
|---|---|---|---|---|
| (၁) | ရငွေ | ၇,၀၀၃.၇၁၀ | ၆,၅၂၄.၄၀၆ | ၆,၂၆၂.၁၂၆ |
| | သာမန် | ၆,၈၁၂.၃၀၃ | ၅,၉၄၄.၆၃၃ | ၆,၀၄၂.၇၉၄ |
| | ငွေလုံးငွေရင်း | ၄၂.၂၀၂ | ၁၃၉.၂၇၇ | ၆၈.၄၈၁ |
| | ကြွေးမြီ | ၁၄၉.၂၀၅ | ၄၄၀.၄၉၅ | ၁၅၀.၈၆၁ |
| (၂) | သုံးငွေ | ၆,၄၁၃.၇၅၈ | ၈,၂၃၀.၅၄၂ | ၆,၉၁၃.၈၈၅ |
| | သာမန် | ၅,၁၅၀.၁၀၅ | ၆,၄၂၀.၉၇၁ | ၅,၉၇၅.၄၄၃ |
| | ငွေလုံးငွေရင်း | ၁,၀၆၅.၄၆၃ | ၁,၃၀၇.၆၂၆ | ၆၆၉.၅၃၁ |
| | ကြွေးမြီ | ၁၉၈.၁၉၀ | ၅၀၁.၉၄၆ | ၂၆၈.၉၁၁ |
| (၃) | ပိုငွေ (+)/လိုငွေ (-) | (+) ၅၈၉.၉၅၂ | (-) ၁၀,၇၀၆.၁၃၆ | (-) ၆၅၁.၇၅၉ |

# တရုတ်စာသင်ရန် လွှတ်တော်ကိုယ်စားလှယ် တစ်ရာဝန်းကျင် စာရင်းပေး

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

အမျိုးသားနှင့်ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များကို တရုတ်ဘာသာစကား သင်ကြားပေးရန်စီစဉ်နေပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ရာဦး ဝန်းကျင် စာရင်းပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကံတုန်ဆေးတက္ကသိုလ်) က ပြောကြားသည်။

"သင်ကြားပေးမှာ ဟုတ်ပါတယ်။ အခမဲ့သင်ကြားပေးမှာပါ။ ကိုယ်စားလှယ‌တွေ သာမက လွှတ်တော်ရုံး ဝန်ထမ်းတွေလည်း သင်ချင်ရင် သင်လို့ရပါတယ်။ လောလောဆယ်တော့ နေပြည်တော်မှာ အရင်စီစဉ်ထားပါတယ်။ ဘယ်အချိန် စသင်မယ်တော့ အချိန်ဇယားမဆွဲရသေးပါဘူး" ဟု ၎င်းက ပြောဆိုသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များလည်း တရုတ်ဘာသာစကား သင်ကြားလိုလျှင် စီစဉ်ပေးမည်ဖြစ်သော်လည်း လတ်တလောတွင် အမျိုးသားနှင့်ပြည်သူ့လွှတ်တော်မှလွှတ်တော်ကိုယ်စားလှယ်များကိုသာ သင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါ သင်တန်းကိုပြည်ထောင်စုလွှတ်တော်ဝန်း၌ ၂၀၁၇ ခုနှစ်တွင် သင်ကြားရန် စီစဉ်နေသော်လည်း အချိန်ကာလနှင့် နေရာအတိအကျကို ပြောဆို၍ မရသေးကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ဘာသာစကားသည် ကုလသမဂ္ဂတွင် အသုံးပြုသည့် ဘာသာစကား ငါးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတကာသို့ သွားရောက်ကြရသည်ဖြစ်၍ သင်ကြားထားသင့်သဖြင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံပြန်မြန်မာပညာတော်သင်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်သူဒေါက်တာကျော်သန်းထွန်း က ပြောဆိုသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကိုတရုတ်စာ သင်ကြားပေးရန်အစီအစဉ် မသိရှိရသေးကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးကပြောကြားသည်။

"အဲဒီသတင်း မကြားရသေးပါဘူး။ ကျွန်တော်တို့ဆီ တရားဝင်မလာသေးပါဘူး။ တကယ်လို့ လာခဲ့ရင်လည်း ကိုယ်စားလှယ်တွေက ဘတ်ဂျက်ကိစ္စနဲ့ အလုပ်တွေရှုပ်ပြီးမှာမို့ လက်ခံလို့ မရသေးပါဘူး" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် လွှတ်တော်နှင့်သက်ဆိုင်သည့်အကြောင်းအရာများကို လေ့လာနေရသည့်အတွက် တရုတ်ဘာသာစကား သင်ကြားရန် မအားသေးကြောင်း၊ အကယ်၍တရုတ်နိုင်ငံ၊ တရုတ်လူမျိုးများနှင့် ပြောဆိုရမည်များ ရှိလာပါက စကားပြန်များမှတစ်ဆင့်ပြောဆို၍လည်း ရသည့်အတွက် လက်ရှိတွင် အချိန်မပေးနိုင်သေးကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကော်မတီဥက္ကဋ္ဌပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကိုက ပြောဆိုသည်။ ■

# မုန့်ဖတ်တွင် ဖော်မလင်ပါဝင်နေမှု ရန်ကုန်တိုင်းရှိ ခရိုင်လေးခုတွင် တစ်ပြိုင်နက်စစ်ဆေး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

မုန့်ဟင်းခါးဖတ်တွင် ဖော်မလင်ပါဝင်နေမှုကို ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုလုံးတွင် မုန့်ဖတ်ဖိုများနှင့် မုန့်ဖတ်လက်ကားဆိုင်များတွင် ဒီဇင်ဘာလ ၁၆ ရက်နေ့က တစ်ပြိုင်နက်တည်း စစ်ဆေးခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနက လက်ထောက်ဌာနမှူး ဒေါက်တာမြင့်သန်းထွန်းက The Voice သို့ ပြောကြားသည်။

ယင်းကဲ့သို့စစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးဌာနနှင့်ကျန်းမာရေးဌာနတို့က တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။

"ပဲပြား၊ ခေါက်ဆွဲတွေကိုပါ တစ်ခါထဲ စစ်ခဲ့တယ်။ ဒီနေ့အကုန်လုံးစစ်တယ်။ သေချာစစ်ဖို့ FDA ကိုထပ်ပို့ထားတဲ့ အခြေအနေပဲရှိသေးတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် ဒီဇင်ဘာလ ဒုတိယအပတ်အတွင်းကလည်း လမ်းဘေးဆိုင်များတွင် ရောင်းချနေသည့် မုန့်ဖတ်များတွင် ဖော်မလင်ပါဝင်မှုရှိမရှိကိုနမူနာကောက်ယူ စစ်ဆေးခဲ့ကြောင်း ဒေါက်တာ မြင့်သန်းထွန်းက ဖြည့်စွက်ပြောကြားသည်။

ဖော်မလင်ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အန္တရာယ်ပေးခြင်း၊ ပိုက်အောင့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ သတိလစ်မေ့မြောခြင်း၊ သေဆုံးခြင်းတို့ ခံစားရနိုင်ပြီး ရေရှည်စားသုံးမှုကြောင့် ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများဖြစ်စေနိုင်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထံက သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့က မုန့်ဖတ်နှင့် ပဲပြားများနမူနာများကို စျေးကွက်မှကောက်ယူ စစ်ဆေးခဲ့ရာ ဖော်မလင်ပါဝင်မှုများရှိနေကြောင်း ၂၀၁၆ ခုနှစ် မေလက စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)ကထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မုန့်ဖတ်ဖိုပေါင်း ၆၆ ဖိုရှိသည်။ ■

# ၂၂၇ နှစ် သက်တမ်းရှိ အောင်ပင်လယ်ကန် ကျောက်စာများ ထိန်းသိမ်းထားဟုဆို

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

မန္တလေးမြို့တော်ထက် သက်တမ်းပိုကြာရှည်ပြီး နှစ်ပေါင်း ၂၂၇ နှစ် ရှိပြီဖြစ်သည့်အောင်ပင်လယ်ကန်ကျောက်စာများကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့က ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာကျော်ဦးက မြန်မာသက္ကရာဇ် ၁၁၅၁ ခုနှစ်၊ ဘိုးတော်ဘုရားလက်ထက်က စိုက်ထူခဲ့သော အောင်ပင်လယ်ကန် ရှေးနားသတ်ကြိုးကျောက်စာသုံးခုကို အဆင့်မြင့်ပြုပြင်ထိန်းသိမ်းရန် မေးခွန်းနှင့် ပတ်သက်၍ ယင်းသို့ ပြန်လည် ဖြေကြားခဲ့သည်။



ဓာတ်ပုံ-မြတ်(ကလေး)

"အောင်ပင်လယ်ကန်လို အောင်ပင်လယ်သမိုင်းကျောက်စာတွေ အပျောက်ခံလို့မဖြစ်ပါဘူး။ ကျောက်စာကို လေ့လာသူတွေ အလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်ပြီး ကျောက်စာပါ အကြောင်းအရာတွေကိုမြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ဖော်ပြထားသင့်ပါတယ်" ဟုဒေါက်တာ ကျော်ဦးက ပြောဆိုသည်။

မန္တလေးတောင်ခြေ အရှေ့ဘက် မဟာမြိုင်ကျောင်းတိုက်ရှိကျောက်စာရုံကို နိုဝင်ဘာလ ၆ ရက်နေ့တွင် လည်းကောင်း၊ ပြင်ဦးလွင်အထက် မိုင်တိုင် (၆/၂)တွင်ရှိသည့် ကျောက်စာရုံကို ခြံဝင်းအတွင်း ထည့်သွင်း ဝင်းခတ်ထားသည့် အိမ်ရှင်နှင့် ညှိနှိုင်း၍ မူလကျောက်စာရုံပတ်ပတ်လည် ၁၅ ပေကို ခြံစည်းရိုးတံခါးအပါအဝင် ခြံစည်းရိုးကာရံခြင်းကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင်လည်းကောင်း လုပ်ဆောင်ခဲ့ကြောင်း ဒေါက်တာဇော်မြင့်မောင်က ရှင်းပြသည်။

မန္တလေး- ပြင်ဦးလွင်လမ်းမကြီး အနီး နန်းဦးလွင် ကျေးရွာရှိကျောက်စာရုံကို ဝင်းခြံစည်းရိုး ပြုလုပ်နိုင်ရန် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး ဌာနခွဲ)တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ဆိုသည်။

နှစ်ပေါင်းများစွာ ချောင်ထိုးခံ၊ အထိန်းသိမ်း မခံခဲ့ရသည့်ယင်းကျောက်စာ သုံးခုမှာ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များ ဖြစ်ပြီး ရှေးမြန်မာမင်းတို့ တောတောင်ရေမြေ ကျေးငှက်တိရစ္ဆာန်များအပေါ် သနားကြင်နာမှု၊ ပြည်သူများအပေါ် စေတနာထားမှု၊ တန်ဖိုးထားမှုတို့ကို သိရှိစေနိုင်ပြီး နိုင်ငံတကာ ခရီးသွားများအတွက်လည်း လေ့လာစရာ နေရာသစ်ဖြစ်စေနိုင်ကြောင်း ဒေါက်တာကျော်ဦးက ပြောဆိုသည်။ ■

# ရိုက်နှက်ခံရသည်ဆိုသော သတင်းထောက်တိုင်ချက် လက်ခံအမှုဖွင့်ပေးမည်ဟုဆို

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

လူလေးဦးက ဝိုင်းရိုက်သည်ဟုဆိုသော The Farmer ဂျာနယ် မန္တလေးသတင်းတာဝန်ခံ ဦးကျော်သူရမျိုး၏ တိုင်တန်းချက်ကိုလက်ခံ၍ အမှုဖွင့်ပေးသွားမည်ဖြစ်ကြောင်း အမှတ် (၃) နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ထိုက်လင်းစိုးက ပြောကြားသည်။

"အခုတိုင်ချက်လာပေးနေပါတယ်။ လက်ခံပြီး အမှုဖွင့်ပေးပါမယ်။ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့နေရာ ပတ်ဝန်းကျင်ကို စုံစမ်းချက်အရ အရိုက်ခံရတယ်လို့ သံသယဖြစ်စရာ မတွေ့ဘူး" ဟု ၎င်းကပြောဆိုသည်။

ဒီဇင်ဘာလ ၁၄ ရက် ည ၉ နာရီခွဲခန့်က နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာသည့် ဦးကျော်သူရမျိုးကို လမ်း ၇၀၊ ၃၂ × ၃၃ လမ်းကြား၊ စံပယ်ဖြူလမ်းသွယ် အနီးတွင် လူလေးဦးက ဝိုင်းရိုက်ကြောင်း ကာယကံရှင်ဖြစ်သူက အဆိုပါနေ့တွင် ပြောဆိုခဲ့သည်။

"ကျွန်တော် အရိုက်ခံရတာကို သက်သေမပြနိုင်ပေမယ့် တရားဥပဒေက အဆုံးအဖြတ်ပေးမှာပါ" ဟု ၎င်းကပြောကြားသည်။

ဖြစ်ပွားချိန်သည် ညဖြစ်သဖြင့် သက်သေမရှိသည့်အပြင် ယင်းနေရာတွင် CCTV လည်း တပ်ဆင်ထားခြင်းမရှိကြောင်း၊ သတင်းထောက် ထွက်ဆိုချက်နှင့် ရဲသုံးသပ်ချက် လွဲနေသော်လည်း ရိုက်နှက်ခံရခြင်းဖြစ်သည်ဟု ဆရာဝန်က စစ်ချက်ထွက်ထားသည်ကို The Farmer ၏ လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားကြောင်း ယင်းဂျာနယ်အယ်ဒီတာချုပ် ဦးဝင်းညွန့်လွင်က ပြောကြားသည်။

ဦးကျော်သူရမျိုး ရရှိခဲ့သည့်ဒဏ်ရာမှာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ပြီး သူပြောသကဲ့သို့ အရိုက်ခံရခြင်း၊ သို့မဟုတ် ဆိုင်ကယ်မှောက်လဲခြင်းကြောင့် ဖြစ်နိုင်ကြောင်း၊ အရိုက်ခံရသည်ဆိုလျှင် ဖူးယောင်၊ ညိုမဲ၊ အသားကြေ စသည့် ဒဏ်ရာများရရှိမည်ဖြစ်သော်လည်း ၎င်းရရှိသည့်ဒဏ်ရာမှာ ပွန်းခြစ်၊ သွေးထွက်သာဖြစ်ကြောင်း ရဲအုပ်ထိုက်လင်းစိုးက ပြောကြားသည်။

ဦးကျော်သူရမျိုးကို လိမ်လည်တိုင်တန်းမှုဖြင့် ရဲတပ်ဖွဲ့က အမှုပြန်လည်ဖွင့်လှစ်မည်ဟု သတင်းများ ထွက်ပေါ်နေမှုအပေါ် မဟုတ်မှန်ကြောင်း ၎င်းက ထပ်မံပြောဆိုသည်။ ■

# အရောင်းအဝယ်အပါးဆုံး စံချိန်သစ်ထပ်တင်သည့် ရန်ကုန်စတော့အိတ်ချိန်း

## စတော့အနှစ်ချုပ် (ဒီဇင်ဘာ ၁၂ မှ ဒီဇင်ဘာ ၁၆ ရက်နေ့အထိ)

ကိုးလကျော်သက်တမ်းအတွင်း ရှယ်ယာအရောင်းအဝယ် အနည်းဆုံး သီတင်းပတ်အဖြစ် စံချိန်သစ် ထပ်တင်ခဲ့သည်။

စာရင်းဝင်ကုမ္ပဏီသုံးခုလုံး၏ ရှယ်ယာ အရောင်းအဝယ် ကျဆင်းသွားပြီး မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာမှာ ဈေးကွက်ဖွင့်ချိန်ငါးရက်တွင် သုံးရက်တိတိ Zero Matching (အရောင်းအဝယ် လုံးဝမဖြစ်) ဖြစ်ခဲ့သည်။

စတော့အညွှန်းကိန်းမှာလည်း သီတင်းပတ် ၁၁ ပတ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပြီး သောကြာနေ့တွင် ၆၁၇ ဒသမ ၁၇ ဖြင့် ဈေးကွက်ပိတ်ခဲ့သည်။

ယခုသီတင်းပတ်တွင် ရှယ်ယာအစုပေါင်း ၄၈,၀၉၃ စု၊ တန်ဖိုး ကျပ်သန်း ၂၉၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ်ထက် အရောင်းအဝယ် ၂၆ ရာခိုင်နှုန်း ကျဆင်းသွားသည်။

### FMI ရှယ်ယာ

ယခင်သီတင်းပတ်ထက် အရောင်းအဝယ် ၂၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး သောကြာနေ့ ဈေးကွက်ပိတ်ချိန်တွင် ကျပ် ၁၅,၅၀၀ ဖြင့် ပထမဆုံးအကြိမ် ဈေးပိတ်ခဲ့သည်။

ရှယ်ယာအစုပေါင်း ၆,၄၀၄ စု၊ တန်ဖိုးကျပ်သန်း ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အဖွင့်ဈေး၊ အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေးနှင့် အပိတ်ဈေးတို့မှာ ကျပ် ၁၆,၀၀၀ ဖြစ်သည်။

အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း အမြင့်ဆုံး ကျပ် ၁၇,၀၀၀၊ အနိမ့်ဆုံး ကျပ် ၁၅,၅၀၀ အတွင်းတွင် ဈေးနှုန်းလှုပ်ရှားမှုရှိသည်။

### MTSH ရှယ်ယာ

သီတင်းပတ် ခုနစ်ပတ်အတွင်း အရောင်းအဝယ် အနည်းဆုံးဖြစ်ပြီး ယခင်သီတင်းပတ်ထက် ရှယ်ယာအရောင်းအဝယ် ၂၅ ရာခိုင်နှုန်းခန့် လျော့ကျသွားသည်။

ရှယ်ယာအစုပေါင်း ၄၁,၀၆၄ စု၊ တန်ဖိုးကျပ်သန်း ၁၈၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အဖွင့်ဈေး ကျပ် ၄,၅၀၀၊ အမြင့်ဆုံး ဈေး ကျပ် ၄,၆၀၀၊ အနိမ့်ဆုံး ဈေးကျပ် ၄,၅၀၀ နှင့် အပိတ်ဈေး ကျပ် ၄,၆၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

ကုမ္ပဏီသည် ဘဏ္ဍာနှစ်ဝက် အစီရင်ခံစာကို သောကြာနေ့တွင် ထုတ်ပြန်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အသားတင်အမြတ်ငွေ ၄၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ရှယ်ယာတစ်စုဝင်ငွေ (EPS) မှာ ယခုဘဏ္ဍာနှစ်ဝက်တွင် ၂၈၄ ကျပ်ရှိသည်။

ရှယ်ယာဈေးမှာ နိုဝင်ဘာလတွင် ကျပ် ၅,၃၀၀ နှင့် ၄,၆၀၀ အတွင်းရှိခဲ့ပြီး ဒီဇင်ဘာလတွင် ကျပ် ၄,၇၀၀ နှင့် ၄,၅၀၀ အတွင်း ရှိနေသည်။

### MCB ရှယ်ယာ

အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် အရောင်းအဝယ်အနည်းငယ်ရှိခဲ့ပြီး ကျန်သုံးရက်မှာ အရောင်းအဝယ်မရှိ (Zero Matching) ဖြစ်ခဲ့သည်။

သီတင်းပတ် ၁၇ ပတ်တွင် ရှယ်ယာ အရောင်းအဝယ် အနည်းဆုံး သီတင်းပတ်ဖြစ်ပြီး ရှယ်ယာအစု ၆၂၅ စု၊ တန်ဖိုး ကျပ်သိန်း ၆၀ ခန့်သာ အရောင်းအဝယ်ရှိခဲ့သည်။

ကုမ္ပဏီသုံးခု၏ ရှယ်ယာအရောင်းအဝယ်ဖြစ်မှုကို ယှဉ်ကြည့်လျှင် MTSH နှင့် အဆ ၃၀၊ FMI နှင့် ၁၇ ဆ နည်းပါးနေသည်။

ယခင်သီတင်းပတ်ထက် ရှယ်ယာရောင်းဝယ်မှု ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဖွင့်ဈေး ကျပ် ၉,၄၀၀၊ အမြင့်ဆုံး ကျပ် ၉,၅၀၀၊ အနိမ့်ဆုံး ကျပ် ၉၄,၀၀ နှင့် အပိတ်ဈေး ကျပ် ၉,၅၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။




# HIV ပိုး ရှိသူများ လုပ်ငန်းခွင်ခွဲခြားဆက်ဆံခံရမှုများ ရှိဆဲဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

HIV ပိုင်းရပ်စ်ပိုးရှိသူများအနေဖြင့် ရောဂါစရှိ သည့်အချိန်မှစ၍ ခွဲခြားဆက်ဆံခံရမှုများရှိခဲ့ရာ လုပ်ငန်းခွင်ဝင်ရောက်ရာတွင်လည်း ခွဲခြားဆက်ဆံခံရမှုများ ရှိနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗီနှင့် နေထိုင်သူများ အသင်း (MPG)၏ အကြီးတန်း စီမံကိန်း အရာရှိ ဦးမင်းစန်းထွန်းက ပြောကြား သည်။

ယနေ့ ရန်ကုန်မြို့ Central Hotel တွင်ပြုလုပ်သည့် ၂၀၁၆ နိုဝင်ဘာလတွင်းက ပြုလုပ်ခဲ့သည့် အိပ်ချ်အိုင်ဗီနှင့် အသက်ရှင်နေထိုင်သူများ လူထုတွေ့ဆုံပွဲ ၂၀၁၆ က ထုတ်ပြန်ခဲ့သည့် သဘောထားထုတ်ပြန်ချက်ကို မီဒီယာများထံ အသိပေးသည့်အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

လုပ်ငန်းခွင်ဝင်ခြင်း၊ အလုပ်လုပ်ကိုင်စဉ်အတွင်းနှင့် နိုင်ငံခြားသို့စေလွှတ်ရာတို့တွင် သွေးစစ်နေခြင်းကြောင့် HIV ပိုးရှိသူများမှာ လုပ်ငန်းခွင်ဝင်ရန် ခက်ခဲနေကြောင်းလည်း Alliance in Myanmar က Executive Director ဒေါက်တာစိုးနိုင် ကဖြည့်စွက်ပြောကြားသည်။

"MPG ကိုတိုက်ရိုက်ချိတ်ဆက် အကြံဉာဏ်တောင်းတဲ့ သူတွေလည်းရှိပါတယ်။ လာမယ့် ၂၀၁၇ မှာ MPG အဖွဲ့တွေက ဖြစ်နေတဲ့ လုပ်ငန်းရှင်ဆီ တိုက်ရိုက်တွေ့မယ်။ ဌာနဆိုင်ရာတွေနဲ့တွေ့ပြီး အကူအညီပေးနိုင်အောင် ဆောင်ရွက်သွားမယ်" ဟု MPG ၏ ဥက္ကဋ္ဌ ဦးသော်တာထွန်းက ဆိုသည်။

ယင်းအပြင် HIV ပိုးရှိသူများမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကပေးသည့်ကျန်းမာရေးဝန်ဆောင်မှုများကို ရယူရာတွင်လည်း အခက်အခဲများ ရှိနေသေးကြောင်း မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗီနှင့် နေထိုင်သူများအသင်း၏ အကြီးတန်း စီမံကိန်းအရာရှိ ဦးမင်းစန်းထွန်းက ထပ်လောင်းပြောကြားသည်။

HIV ပိုး ရှိသူများ၏ လိုအပ်နေမှုများနှင့် တောင်းဆိုချက်များကို ဖော်ပြထားသည့် စာရွက်စာတမ်းများကို အများပြည်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို အသိပေးသွားမည်ဖြစ်ပြီး ယင်းသို့ အသိပေးခြင်းကို ယခုနှစ်တွင် ပထမဆုံးပြုလုပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗီနှင့် နေထိုင်သူများအသင်းထံမှ သိရသည်။

၂၀၁၀ ပြည့်နှစ်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗီနှင့် နေထိုင်သူများအသင်း၏ စစ်တမ်းတစ်ခုအရ လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခံရမှုမှာ ၁၀ ရာခိုင်နှုန်းကျော်ရှိကြောင်း အဆိုပါအသင်းထံမှ သိရသည်။ ■



ဓာတ်ပုံ-မြင့်နိုင်ညီ

# ငါန်းမြော မြေနုကျွန်းအငြင်းပွားမှု ဟန့်တားနှောင့်ယှက်လျှင် ဥပဒေအရအရေးယူမည်

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်အတွင်း အငြင်းပွားမှုဖြစ်နေသော ငါန်းမြောမြေနုကျွန်း မြေခွဲဝေချထားမှုကို ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပြီး ဟန့်တားနှောင့်ယှက်မှုများကို ဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြုလုပ်သော ဌာနဆိုင်ရာများ၊ တောင်သူများနှင့်တွေ့ဆုံပွဲတွင် ၎င်းက ယင်းသို့ ပြောဆိုခဲ့သည်။

"မြေနုကျွန်း ခွဲဝေရေးဟာ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွေကနေ အကြိမ်ကြိမ် ဖြေရှင်းပေးခဲ့ပေမယ့် ပြေလည်မှုမရသေးတာကိုတွေ့ရပါတယ်" ဟု ဒေါက်တာစိုးသန်းက ပြောကြားသည်။

ယင်းမြေနုကျွန်းကိစ္စကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်ယာမြေဥပဒေပုဒ်မ ၁၁၁ အရ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သဖြင့် ဥပဒေအရ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြို့နယ်၊ ကျေးရွာ လယ်ယာ မြေစီမံခန့်ခွဲရေးအဖွဲ့အနေနှင့် နှစ်ဖက် တောင်သူများအကြားတွင် အကြိမ်ကြိမ် ညှိနှိုင်းပေးခဲ့သော်လည်း တစ်ဖက်တောင်သူများ၏ ဟန့်တားနှောင့်ယှက်မှုများ ရှိခဲ့ကြောင်း ငါန်းဇွန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး ပြောကြားသည်။

မိမိတို့တောင်သူ ၁၀၀၀ ကျော် အနေနှင့်ဥပဒေအညီ ခွဲဝေခြင်းကို လက်ခံသွားမည်ဖြစ်ကြောင်း ငါန်းမြောကျေးရွာဒေသခံတောင်သူ ဦးအောင်ကျော်ပွေ့က ပြောကြားသည်။

ယင်းမြေနုကျွန်းမှာ ယခုနှစ်တွင် ၁၉၁၅ ဧကကျော်ရှိကာ တန်းစီဇယားအရ တောင်သူ ၁၈၇၇ဦး လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ကာ တောင်သူ ၁၄၀၀ကျော်မှာ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေအတိုင်း ဖြစ်စေလိုပြီး အနည်းစုမှာ မခွဲလိုကြဘဲ သက်ဆိုင်ရာဌာနများ၏ မြေခွဲဝေမှုကို ဟန့်တားနှောင့်ယှက်မှုများရှိကြောင်း ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။

ငါန်းဇွန်မြို့နယ် ငါန်းမြောမြေနုကျွန်းသည် ၁၉၆၄-၆၅ ခုနှစ်ခန့်က ဖြစ်တည်ခဲ့ပြီး ဧရာဝတီမြစ်အတွင်းရှိသက်နုအမျိုးအစားကျွန်းတစ်ကျွန်းဖြစ်သည်။ ■

## ဦးပိန်တံတားပြုပြင်ထိန်းသိမ်းရေး ပညာရှင်များ အကြံဉာဏ်ယူရန် ယနေ့ဆွေးနွေးမည်

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

အမရပူရမြို့နယ် တောင်သမန်အင်းကိုဖြတ်၍ ဆောက်လုပ်ထားသည့် နှစ်ပေါင်း ၁၆၀ကျော် သက်တမ်းရှိ ဦးပိန်တံတားကို ပြင်ဆင်ထိန်းသိမ်းနိုင်ရန် ပညာရှင်များထံမှ အကြံဉာဏ်များ ရယူရန် ဒီဇင်ဘာလ ၁၇ တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

မန္တလေးမြို့ ၆၆ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"မြန်မာဗိသုကာပညာရှင်များကောင်စီနဲ့ သမိုင်းပညာရှင်တွေ၊ ရပ်မိရပ်ဖတွေ၊ တံတားကိုပြုပြင်ဆင်နေတဲ့ကုမ္ပဏီတာဝန်ရှိသူတွေပါမယ်။ အကောင်းဆုံးဖြစ်အောင် ဘယ်လိုပြုပြင်ထိန်းသိမ်းမလဲဆိုတာကို ဆွေးနွေးသွားကြမှာပါ" ဟု ၎င်းက ပြောဆိုသည်။

တံတား ရေရှည်တည်တံ့နိုင်ရန် မြန်မာဗိသုကာပညာရှင်များ ကောင်စီက တံတားကြီးကို လက်ရှိအသုံးပြုနေမှုအား ကန့်သတ်၍ ရှေးဟောင်းအမွေအနှစ်အဖြစ်ထားရှိရန် သို့မဟုတ် လက်ရှိအတိုင်း အသုံးပြုနေပြီး ပြုပြင်ထိန်းသိမ်းရန် အချက်နှစ်ချက်ကို ဒီဇင်ဘာလဆန်းပိုင်းက အကြံပြုခဲ့သည်။

ယင်းအနက် တစ်မျိုးကို သာ ရွေးချယ်အသုံးပြုရန်အတွက် အဖွဲ့အစည်းအသီးသီး၏ အကြံပြုချက်များလိုအပ်သည်ဟု အဆိုပါဦးစီးဌာနထံမှ သိရှိရသည်။

လက်ရှိ အသုံးပြုမှုကို ကန့်သတ်လိုက်ပါက ဒေသခံများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်နိုင်သဖြင့် ကန်ပတ်လမ်း ဖောက်လုပ်ပေးရန် လိုအပ်ပြီး အသုံးပြု ခွင့်ပြုလျှင် ပြည်တွင်းပြည်ပ ခရီးသွားများကို ဝင်ကြေး သတ်မှတ်ကောက်ခံကာ တံတားထိန်းသိမ်းရန် ဝင်ငွေရရှိနိုင်ကြောင်း အဆိုပါကောင်စီက အကြံပြုထားသည်။

အသုံးပြုခွင့် ဆက်လက်ထားရှိပါက ရှေးဟောင်းအမွေအနှစ်ကို ထိခိုက်လာပြီး အခါကြီးရက်ကြီးများတွင်လူအများဖြတ်သန်းမှုကို မထိန်းချုပ်နိုင်လျှင် တံတားပျက်စီးမှုနှင့် ကြုံတွေ့နိုင်ကြောင်း အဆိုပါကောင်စီက ဆက်လက် အကြံပြုထားသည်။

ဦးပိန်တံတား ရှေးမူမပျက် ရေရှည်တည်တံ့စေရေးအတွက် Myanmar Teak Wook ကုမ္ပဏီက ဧပြီလအတွင်းက စတင်ပြင်ဆင်ခဲ့ပြီး ယင်းပြင်ဆင်မှုမှာ တရားဝင်ခွင့်ပြုချက် မရှိဟုဆိုကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဩဂုတ်လ ၁၅ရက်နေ့တွင် ရပ်ဆိုင်းထားခဲ့သည်။ ■

## မန္တလေးတွင် လောင်းကစားပြုလုပ်သူ ရှစ်ရာကျော်ကို ဖမ်းဆီး

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၇ ခုမှ ၁၁ လအတွင်း လောင်းကစားမှု ၃၅၀ ကျော်တွင် တရားခံပေါင်း ရှစ်ရာကျော်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်က ပြောကြားသည်။

ယခုနှစ်အတွင်း နှစ်လုံးထီလောင်းကစားမှု ၁၈၆ မှု၊ ချဲထီလောင်းကစားမှု ၂၅ မှု၊ ဖဲ လောင်းကစားမှု၄ မှု၊ ဘောလုံး/ အခြားလောင်းကစားမှု ၅၄ မှု၊ ဂျင်လောင်းကစားမှု ၅ မှု စုစုပေါင်း ၃၅၄ မှုဖြစ်ပြီး တရားခံ ၈၇၂ ဦးကို အရေးယူခဲ့ကာ လောင်းကြေးငွေ စုစုပေါင်း ကျပ်သိန်းငါးရာကျော်ကိုသိမ်းဆည်းခဲ့ကြောင်း ၎င်းကဆိုသည်။

တရားမဝင် ချဲထီနှစ်လုံးထီဘောလုံးလောင်းကစားသူများမှာ အခြေခံလူတန်းစားများနှင့် လူလတ်တန်းစားများ အများဆုံးဖြစ်ပြီး ယင်းကဲ့သို့ပြုလုပ်ကြခြင်းသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

"ဘယ်အရပ်ဒေသမှာပဲဖြစ်ဖြစ် လောင်းကစားပြုလုပ်နေတယ်လို့သတင်းအတည်ပြုချက်ရရှိရင် ဒိုင်ချုပ်၊ ဒိုင်လေး၊ ထိုးသား စသဖြင့် သတ်မှတ်ပြီးခွဲခြားဖမ်းဆီးခြင်း မလုပ်ပါဘူး။ သတင်းရရှိမှုအပေါ်မူတည်ပြီးတော့ပဲဖမ်းဆီးဆောင်ရွက်နေပါတယ်" ဟုဗိုလ်မှူးကြီးမျိုးမင်းအောင်က ပြောကြားသည်။

စက်တင်ဘာလ ၁၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည့် Hot Line နံပါတ် ၁၉၉သို့လည်း ဆက်သွယ်တိုင်ကြားနိုင်ရာ ဒီဇင်ဘာလ ၉ ရက်နေ့အထိ သုံးလအတွင်း တိုင်ကြားမှု ၁၇၁ ကြိမ်ရရှိကာ လောင်းကစားမှု ၈ မှုကို အရေးယူနိုင်ခဲ့ကြောင်း အဆိုပါဌာနမှတ်တမ်းအရ သိရှိရသည်။

"ဒီလောင်းကစားမှုတွေက ပြည်သူတွေကြား လွှဲမှားတဲ့ရေလိုက်ငါးလိုက်ထွက်ပေါက်ရှာတဲ့ စီးပွားရေးတစ်မျိုး ဖြစ်ပါတယ်။ ဒါတွေကို ရဲတင်းစွာနဲ့ကျူးလွန်နေကြပါတယ်" ဟု ပုသိမ်ကြီးမဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက ပြောဆိုသည်။

ဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်နေသော်လည်း အပြီးသတ်ချေမှုန်းနိုင်မှု အားနည်းနေသေးကြောင်း၊ တိုင်းဒေသကြီးအတွင်း ရပ်ကွက်ကျေးရွာများတွင် ရဲတင်းစွာ ကျူးလွန်နေကြသည့် လောင်းကစားမှုများအား အစီအမံများဖြင့် ပပျောက်အောင်ဆောင်ရွက်စေလိုကြောင်း ၎င်းကထပ်မံ ပြောဆိုသည်။ ■

## အကျဉ်းသားဦးရေ လက်ခံနိုင်သည်ထက်များပြားနေ၍ အခွင့်အရေးဆုံးရှုံးဟုဆို

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

ရာဇဝတ်မှုနှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေး အစီအမံများ ပိုမိုလုပ်ဆောင်လာမှုကြောင့် အကျဉ်းသားဦးရေ များပြားလာပြီး အကျဉ်းထောင်များတွင် လက်ခံနိုင်သည့်ပမာဏထက် များပြားနေခြင်းက ၎င်းတို့၏အခွင့်အရေး ဆုံးရှုံးစေကြောင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးက ပြောကြားသည်။

"လူဦးရေများလာတော့ နေရာထိုင်ခင်း ကျပ်တည်းလာပြီး အကျဉ်းသားတွေရဲ့လူ့အခွင့်အရေးကို ထိခိုက်လာနိုင်တယ်။ လူဦးရေထူထပ်တဲ့ တိုင်းနဲ့ပြည်နယ်က အကျဉ်းထောင်တွေမှာ လက်ခံနိုင်တာထက် ပိုမိုလက်ခံနေရတယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးမြို့တွင် ဒီဇင်ဘာလ ၁၅ ရက်နေ့က ပြုလုပ်ခဲ့သည့်အကျဉ်းထောင်အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဆင်းပွဲတွင် ယင်းသို့ ပြောဆိုခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၊ တရားရုံး၊ အကျဉ်းဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့ ညှိနှိုင်းကာ အကျဉ်းထောင်သို့ ပို့ဆောင်မည့် အကျဉ်းသား၊ အချုပ်သားဦးရေ လျှော့ချခြင်း၊ အာမခံပေးနိုင်သူများကို အာမခံပေးခြင်းအပြင် ထိုက်သင့် သည့် လျှော့ရက်များပေးကာ ဆောင်ရွက်လျှင် ထောင်အတွင်း အကျဉ်းသားကျပ်တည်းမှုကို ဖြေလျှော့နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။

အကျဉ်းထောင်များတွင် လက်ခံနိုင်သည့် လူဦးရေထက် ၅၀ ရာခိုင်နှုန်းကျော် များပြားနေပြီး လူတစ်ယောက် အတွက် နေရာထိုင်ခင်း ရရှိရန် ခက်ခဲသည့်အပြင် ကျန်းမာရေးကဏ္ဍတွင်လည်း ထောင်ဆေးရုံ၌ ဆရာဝန်နှင့် ဝန်ထမ်းအင်အားနည်းပါးခြင်း၊ ဆေးဝါးမပြည့်စုံခြင်းများ ရှိကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က ပြောကြားသည်။

ကော်မရှင်အနေနှင့် အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ လျှော့နည်းပပျောက်အောင် ဆောင်ရွက်နေကြောင်း ၎င်းက ပြောဆိုသည်။

"အကျဉ်းသားတွေရရှိရမယ့် စံနှုန်းဆိုတာရှိတယ်။ အားနည်းချက်အများဆုံးက နေရာကျဉ်းတာ၊ လူတစ်ယောက်အိပ်မယ်ဆိုရင် ချောင်ချောင်ချိချိ အိပ်ချင်ကြတယ်။ ကျဉ်းကျဉ်းကျပ်ကျပ် အိပ်ရမယ်ဆိုရင်တော့ ကြာရင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်လာမယ်။ ပြစ်မှုဖြစ်လို့ အကျဉ်းကျနေပေမယ့် မွေးရာပါ လူ့အခွင့်အရေးဆိုတာ ရှိလို့ ဖြည့်ဆည်းပေးဖို့က အကျဉ်းထောင်မှာ တာဝန်ရှိတယ်" ဟု ဦးစစ်မြိုင်က ပြောကြားသည်။

လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အကျဉ်းထောင် ၁၉ ခု၊ အကျဉ်းစခန်း ၁၁ ခု၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း ၁၇ ခုတို့ကိုစစ်ဆေးခဲ့ပြီး အကြံပြုချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားကြောင်း အဆိုပါကော်မရှင်ထံမှ သိရှိရသည်။ ■



ဓာတ်ပုံ-မြတ် (ကလေး)

## ပြည်တွင်းလုပ်ငန်းရှင်များနှင့်ပေါင်း၍ သီးနှံမျိုးစေ့အဆင့်မြှင့်ထုတ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စိုက်ပျိုးသီးနှံမျိုးစေ့ထုတ်လုပ်မှုကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (နည်းပညာ)မှ တာဝန်ခံ ဒေါ်နီလာထိုက်ထိုက်တင်က ပြောကြားသည်။

သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးကောင်း၍ အထွက်နှုန်းမြင့်မားသည့် မျိုးစေ့များ ဖြန့်ဖြူးနိုင်ရန် ယင်းသို့ စီစဉ်ခြင်းဖြစ်ပြီး နိုင်ငံတော်ပိုင်မျိုးစေ့ခြံ/စိုက်ကွင်းများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့အလိုက် ထူထောင်ထားသော မျိုးစေ့ထုတ်အသင်းများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှု တွင်တွင်ကျယ်ကျယ်ဖြစ်အောင်လုပ်တာပါ။ စိုက်ပျိုးရေးဦးစီးဌာနအောက်မှာ မျိုးစေ့ထုတ်နိုင်တဲ့စိုက်ကွေတွေလည်းရှိတယ်။ ပူးပေါင်းလုပ်ချင်တဲ့သူက တိုင်းနဲ့ ပြည်နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနတွေမှာ အဆိုပြုလွှာပုံစံဖြည့်စွက်ပြီး ပူးပေါင်းရမှာဖြစ်ပါတယ်" ဟု ဒေါ်နီလာထိုက်ထိုက်တင်က ဆိုသည်။

မျိုးစေ့ထုတ်လုပ်မှုနည်းပညာကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးမည့်အပြင် မျိုးစေ့ထုတ်လုပ်ငန်းများတွင်လိုအပ်သော ထွန် ယက်ကိရိယာ၊ အခြောက်ခံစက်၊ မျိုးစေ့သန့်စင်စက်၊ သိုလှောင်ရုံနှင့် ထုပ်ပိုးစက် များဝယ်ရန် ငွေကြေး အရင်းအနှီးကိုလည်း အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းကဲ့သို့ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ မျိုးစေ့ကဏ္ဍအဆင့်မြှင့်တင်ခြင်းသည် တောင်သူများအတွက် အကျိုးအမြတ်ပိုရှိနိုင်ပြီး ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်း ကြယ်ပဲစိုက်ပျိုးသူများအစုအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမောင်ဦးကြည်က ဆိုသည်။

"သာမန်မျိုးစေ့တွေစိုက်နေတာထက်စာရင် စနစ်တကျထုတ်လုပ်တာ ကောင်းတာပေ့ါ" ဟု ၎င်းက မှတ်ချက်ပြုသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရည်အသွေးမြင့်မျိုးစေ့ဖြန့်ဖြူးနိုင်ရန် မျှော်မှန်းထားပြီး အသေးစိတ်အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(နည်းပညာ) ဖုန်း ၀၆၇- ၄၁၀ ၂၃၉၊ ၄၁၀၅၆၈ သို့ဆက်သွယ်နိုင်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း အဓိကကျသည့် သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုကဏ္ဍမှာ နိမ့်ကျနေဆဲဖြစ်သဖြင့် စိုက်သီးနှံတစ်ဧကအထွက်နှုန်းတိုးမြှင့်ရန် အခက်အခဲများရှိနေဆဲဖြစ်သည်။ ■

## ပဲခူးဆားနဲ့ သူရဲ့ဗိုင်းရပ်စ်များ

ဟာသကားကြည့်ချင်သူတွေအတွက် ပဲခူးဆားနဲ့ သူရဲ့ဗိုင်းရပ်စ်များ ဇာတ်ကား ရုံတင်လာပြီဖြစ်ပါတယ်။ ဒီကားမှာ ထွန်းသစ်ဦး (ပြေတီဦး) က ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်လုပ်တာဖြစ်ပြီး ရပ်ကွက်ထဲနဲ့ ရုံးမှာဖြစ်လေ့ရှိတဲ့ ပြဿနာတွေကို သူနဲ့မဆိုင်ပေမယ့် ဝင်ရောက်ဆွေးနွေးညှိနှိုင်းတတ်တာကြောင့် ထွန်းသစ်ဦးနာမည်အစားပဲခူးဆားလို့အမည်တွင်နေခဲ့တယ်။ ရပ်ကွက်ထဲမှာ ပဲခူးဆားစိတ်ဝင်စားနေတာက လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ အော်ကြီး(ကျော်ရဲအောင်)ရဲ့ ညီမ စုလှနိုင် (ပက်ထရစ်ရှာ) ကို တစ်ဖက်သတ်ကြိုက်နေပြီး သူမက နေရာတကာပါတဲ့ ပဲခူးဆားကို ကြည့်မရဘူး။ စုလှနိုင်ကို စိတ်ဝင်စားတဲ့သူတွေက ပဲခူးဆားအပြင် ရပ်ကွက်ထဲမှာ ဝပ်ရှော့ဖွင့်ထားတဲ့ သတိုးရာဇာ (ရာဇာနေဝင်း) နဲ့ သူဇာမြတ် (စိုးမြတ်သူဇာ) ဘဲကွဲကလည်း စိတ်ဝင်စားနေကြတာပါ။ ကိုအော်ကြီး လက်ဖက်ရည်ဆိုင်မှာ စုလှနိုင်ကိုပိုးပန်းတဲ့သူတွေနဲ့ ကိုအော်ကြီးကို စိတ်ဝင်စားနေတဲ့ နတ်ကတော်မယ်ကင်း (ရန်အောင်)နဲ့ မိန်းမစိတ်ပေါက်နေတဲ့ ပေါက်ပန်းနု (Waiလျှံ) တို့ကြောင့် ဆိုင်ကအမြဲ လူစည်ကားနေခဲ့တယ်။ ညီမဖြစ်သူကို လာရောက် ပိုးပန်းတဲ့သူတွေကို ကိုအော်ကြီးကပညာတွေ အမျိုးမျိုးပြသလို သူ့ကိုကြိုက်နေတဲ့ မယ်ကင်းနဲ့ ပေါက်ပန်းနုတို့က ဆုံတွေ့တာနဲ့ အမြဲ ပဋိပက္ခတွေ ဖြစ်ပျက်တာကို ဟာသနှော ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာကျော်ဇော်လင်း (အတွေးပုံရိပ်) က ရိုက်ကူးထားတာဖြစ်ပြီး ရန်အောင်၊ ကျော်ရဲအောင်၊ ပြေတီဦး၊ ရာဇာနေဝင်း၊ စိုးမြတ်သူဇာနဲ့ပက်ထရစ်ရှာတို့က အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ ■



## Rogue One: A Star Wars Story (3D)



ဒီတစ်ပတ်တော့ Star Wars ပရိသတ်တွေအတွက် အဌမမြောက်ရုပ်ရှင် Rogue One: A Star Wars Story (3D) ပါ။ ရိုက်ကူးပြီးစီးတဲ့ ရုပ်ကားမြောက်ဆိုပေမယ့် Star Wars ရဲ့စကြဝဠာနှစ်အလိုက် ရေတွက်မယ်ဆိုရင်တော့ Rogue One က နံပါတ်ငါးနေရာမှာ ရှိပါတယ်။ ဒီဇာတ်ကားက ၁၉၇၇ ခုနှစ်က ထွက်ခဲ့တဲ့ Star Wars: A New Hope ရဲ့ Prequel ဖြစ်ပြီး ၂၀၀၅ ခုနှစ်က ထွက်ခဲ့တဲ့ Star Wars: Revenge of the Sixth ရဲ့ Sequel ဖြစ်ပါတယ်။

Yavin တိုက်ပွဲမဖြစ်မီ ၁၅ နှစ် (15 BBY) အချိန်ကာလကို အခြေတည်ထားပြီး ဂယ်လက်စီအင်ပါယာ ဧကရာဇ်ရဲ့ အဖျက်စွမ်းအားကြီးလွန်းတဲ့ Death Star လက်နက်ဒီဇိုင်းကို ဆန့်ကျင်ပုန်ကန်သူအချို့က ခိုးယူဖို့ ကြံစည်နေချိန်ဖြစ်ပါတယ်။ ဒီလက်နက်ဒီဇိုင်းကို အဆင့်မြင့်လုံခြုံရေးအမျိုးမျိုးနဲ့ ထိန်းချုပ်ကာကွယ်ထားတာကြောင့် ဒါကို ခိုးယူနိုင်ဖို့ဆိုတာ အန္တရာယ်အလွန်များပါတယ်။ ခိုးယူမယ့်သူတွေထဲမှာ Death Star ကို ဖန်တီးခဲ့သူရဲ့ သမီး Jyn Erso လည်းပါဝင်ပြီး သူ့ရဲ့ရည်ရွယ်ချက်က ပျောက်ချင်းမလှပျောက်ဆုံးနေတဲ့ သူ့အဖေကို ရှာဖွေဖို့နဲ့ ဒီဖျက်အားပြင်းလက်နက်ကို လုံးဝဖျက်ဆီးပစ်ဖို့ပါပဲ။ သြဇာ၊ အာဏာ၊ လက်နက်အစစအရာရာသာလွန်တဲ့ ဂလက်ဆီအင်ပါယာလက်ထဲကနေ Death Star ဒီဇိုင်းကို Jyn Erso တို့ ခိုးယူနိုင်မလားဆိုတာကို ကြည့်ရှုရမှာဖြစ်ပါတယ်။■

## တစ်ပတ်အတွင်းရုံတင်ပြသမည့် ရုပ်ရှင်ဇာတ်ကားများ

| ဇာတ်ကားအမည်နှင့် ဒါရိုက်တာ | ပါဝင်သည့် သရုပ်ဆောင်များ | ပြသမည့်ရုံ၊ ဖုန်းနံပါတ် |
|---|---|---|
| **ပဲခူးဆားနဲ့သူရဲ့ဗိုင်းရပ်စ်များ**<br>**ဒါရိုက်တာကျော်ဇော်လင်း (အတွေးပုံရိပ်)** | ရန်အောင်၊ ကျော်ရဲအောင်၊<br>ပြေတီဦး၊ ရာဇာနေဝင်း၊<br>စိုးမြတ်သူဇာ၊ ပက်ထရစ်ရှာ | သမ္မတ - ၀၁ ၂၄၆၉၆၂၊ ၀၁ ၂၄၆၉၆၃<br>Mingalar Cineplex - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂<br>Top Royal (စိန်ဂေဟာပါရမီ) - ၀၉ ၄၂၀၁၈၆၂၉၁၊ ၀၉ ၄၂၀၁၈၆၂၉၂<br>မြို့မ (မန္တလေး) - ၀၂ ၃၉၁၃၆၊ ၀၂ ၃၉၁၃၇<br>မင်္ဂလာ (၁) သိမ်ကြီးဈေး - ၂၄၃၀၅၇၊ ၂၄၃၀၅၈ |
| **Rouge One A Star Wars Story (3D)**<br>**Gareth Edwards** | Felicity Jones<br>Diego Luna<br>Ben Mendelsohn | နေပြည်တော် (၁) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>မင်္ဂလာဒဂုံစင်တာ (၂) မြေနီကုန်း - ၀၉ ၇၃၂၅၄၀၉၁၊ ၀၉ ၇၃၂၅၄၀၉၂<br>မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **Moana** | Dwayne Johnson<br>Rachel House<br>Temuera Morrison | နေပြည်တော် (၂) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂<br>မင်္ဂလာဒဂုံစင်တာ (၂) မြေနီကုန်း - ၀၉ ၇၃၂၅၄၀၉၁၊ ၀၉ ၇၃၂၅၄၀၉၂ |
| **မင်းလည်းဘိုကေ ငါလည်းဘိုကေ**<br>**ဒါရိုက်တာ ပြည့်ဟိန်းသီဟ** | မြင့်မြတ်၊ ကျော်ကျော်ဗို၊<br>သင်ဇာဝင့်ကျော် | ရွှေဆောင် (၁)<br>၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄ |
| **Dear Zindagi**<br>**Gauri Shinde** | Ali Bhatt<br>Shah Rukh Khan | နေပြည်တော် (၃) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>ရွှေဆောင် (၂) - ၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄ |

# Event Guide

### Junction 17th Anniversary အခမဲ့ဖျော်ဖြေပွဲ

ဂီတဖျော်ဖြေပွဲ အခမဲ့ကြည့်ချင်သူတွေအတွက် Junction 17th Anniversary ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၇ ရက်နေ့ ညနေ ၆ နာရီကနေ ည ၁၁ နာရီအထိ Junction Square မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာတေးသံရှင်ဇော်ဝင်းထွဋ်၊ ရင်ဂို၊ ဟန်ထူးလွင်၊ ကော်နီနဲ့ သျှီတို့က ပူးပေါင်းဖျော်ဖြေသွားမှာပါ။ လက်မှတ်တွေကို Junction V-aap App ကို Download ပြုလုပ်ပြီး Member အဖြစ်ဝင်ရောက်လိုက်တာနဲ့ Juction Centre နဲ့ Junction Square Customer Service Counter တွေမှာ လက်မှတ်တွေကို အခမဲ့ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် junction V-aap မှာ Member စဝင်လိုက်တာနဲ့ Point 500 ရရှိမှာဖြစ်ပြီး Point တွေကို အသုံးပြုကာ ရွှေပလ္လင်ဆိုင်တွေမှာ ကော်ဖီ၊ လက်ဖက်ရည်နဲ့ စတော်ဘယ်ရီဖျော်ရည်တွေကို အခမဲ့သုံးဆောင်နိုင်မှာဖြစ်ပါတယ်။

### Gospel Music Festival 2016 ဂီတဖျော်ဖြေပွဲ

နောက်ထပ်အခမဲ့ဖျော်ဖြေပွဲက Gospel Music Festival 2016 ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၆ ရက်နေ့ကနေ ဒီဇင်ဘာ ၁၈ ရက်၊ ညနေ ၅ နာရီကနေ ၉ နာရီအထိ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ တေးသံရှင် J-Me ၊ ဂျက်ဆန်ထွန်း၊ စံပီး၊ Dဖြိုး၊ ဆုန်သင်းပါရ်၊ L ဆိုင်းဇီနဲ့ Blue Berry စတဲ့ တေးသံရှင်တွေက ဖျော်ဖြေသွားမှာဖြစ်ပါတယ်။

### အိမ်၊ ခြံ၊ မြေအရောင်းပြပွဲ

အိမ်၊ ခြံ၊ မြေနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေအတွက် iMyanmar House.com ကစီစဉ်ကျင်းပတဲ့ အိမ်၊ ခြံ၊ မြေအရောင်းပြပွဲကို ဒီဇင်ဘာ ၁၆ ရက်နေ့ကနေ ၁၈ ရက်နေ့ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ၊ တပ်မတော်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ သိန်း ၁၀၀ အောက် တိုက်ခန်းတွေ၊ ကွန်ဒိုတွေ၊ အိမ်ရာစီမံကိန်းတွေကို တစ်နှစ်ကနေ ၁၀ နှစ်အထိ အရစ်ကျစနစ်တွေ ဝယ်ယူနိုင်မယ့် အစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ဝါရင့်ကျွမ်းကျင်တဲ့ ပညာရှင်တွေက ဆွေးနွေးပေးသွားမှာဖြစ်ပြီး ပြပွဲလာရောက်ကြည့်ရှုသူတွေကို သိန်း ၅၀ တန်ဖိုးရှိဆုမဲတွေကို ကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါတယ်။

### TMW Giant Sale အထူးဈေးရောင်းပွဲ

အိမ်အသုံးအဆောင်ပစ္စည်းတွေနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ ဝယ်ယူချင်သူတွေကို TMW Giant Sale အထူးဈေးရောင်းပွဲကို ဒီဇင်ဘာ ၁၆ ရက်နေ့ကနေ ၁၈ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ TMW Complex (မဟာစည်)နဲ့ Wai Yan Electronics ဆိုင်ခွဲတွေမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီပွဲမှာ Apple၊ Sony၊ LG၊ Hitachi စတဲ့ နာမည်ကြီး အမှတ်တံဆိပ်တွေကနေ ထုတ်လုပ်ထားတဲ့ ဖုန်းဟန်းဆက်တွေ၊ Accessories ပစ္စည်းတွေ၊ Projector & CCTV ၊ အိမ်သုံးအဆောင်ပစ္စည်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေနဲ့ ဖက်ရှင်အဝတ်အထည်တွေကိုဝယ်ယူနိုင်မှာဖြစ်ပါတယ်။

### ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ လျှော့ပေးရောင်းချသွားမယ့် မန္တလေးစာအုပ်ပွဲ

စာပေချစ်သူတွေအတွက် ရာပြည့်စာအုပ်တိုက်ရဲ့ မန္တလေးစာအုပ်ပွဲကို ဒီဇင်ဘာ ၁၆ ရက်နေ့ကနေ ၁၈ ရက်နေ့ နံနက် ၉ နာရီကနေ ညနေ ၅ နာရီ အထိ၊ အမှတ် ၁၂ (အေ)၊ 32 x 33 လမ်းနဲ့ 68 x 69 ကြား၊ မန္တလေးမြို့မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ရသစာပေ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ ဘာသာရေး စာပေ၊ သုတေသနလုပ်ဖို့အတွက် ကိုးကားစာအုပ်စတဲ့ စာအုပ်မျိုးစုံကို ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ လျှော့ပေးရောင်းချသွားမှာ ဖြစ်ပါတယ်။

# PHOTO SOCIAL

The Voice




Myanmar Green Energy Forum (စိမ်းလန်းစွမ်းအင်) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ရန်ကုန်မြို့ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမတွင် ဒီဇင်ဘာလ (၁၂-၁၃) နှစ်ရက်တာပြုလုပ်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။



ကနေဒါ မြန်မာ့လက်ဝှေ့သမား မောင်ဒွေဗ်လက်ဇုနှင့် မအိရီနာတယ်ရီဟိုဗာတို့၏ မြန်မာ့ရိုးရာမင်္ဂလာဧည့်ခံပွဲကို ဒီဇင်ဘာလ ၁၂ ရက်နေ့က ရန်ကုန်မြို့စင်ထရယ်ဟိုတယ်တွင် ကျင်းပခဲ့စဉ်။



တေးသံရှင် နီနီဝင်းရွှေနှင့် ဂန္ထဝင်အနုပညာရှင်ကြီးများ ပါဝင်သော မြန်မာသံတေးဂီတဖျော်ဖြေပွဲကို အမျိုးသားကဇာတ်ရုံတွင် ဒီဇင်ဘာလ ၃၀ ရက်နေ့ကျင်းပပြုလုပ်မည့်အကြောင်း သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာလ ၁၅ ရက်နေ့က တာမွေမြို့နယ် Sky Star ဟိုတယ်တွင် ပြုလုပ်ခဲ့စဉ်။




စတုတ္ထအကြိမ်မြောက် အိမ်ခြံမြေအရောင်းပြပွဲကြီးကို ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ကျင်းပခဲ့စဉ်။




ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်ပွဲတော်ကို ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေထွင့်တင်ကွင်းပြင်တွင် ကျင်းပပြုလုပ်မည့်အကြောင်း ဒီဇင်ဘာလ ၁၄ ရက်နေ့ တာမွေမြို့နယ် Sky Star ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့စဉ်။





ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်းတွင် ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြုလုပ်ခဲ့သော မွေးနေ့တော်ပွဲ( ခရစ္စမတ် )နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား။

# ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ အညာဒေသခရီးစဉ်



ဓာတ်ပုံ-ရလေး

ခြောက်သွေ့ပြီး အေးမြတဲ့ဆောင်းတွင်းမှာ အပူပိုင်းဒေသဖြစ်တဲ့ အညာဒေသကို ခရီးထွက်ချင်သူတွေအတွက် ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ အညာဒေသခရီးစဉ်ကို ညွှန်းပေးချင်ပါတယ်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်တဲ့ ပုဂံရဲ့ အလှက ဆောင်းမနက်ခင်းတွေမှာ အတော်လှတဲ့အပြင် အညာဒေသကပခုက္ကူဟာဆိုရင်လည်း ရာသီဥတုပူတယ်လို့ ထင်ရပေမယ့် ဆောင်း ရာသီမှာဆိုရင် နံနက်ခင်းမှာ အတော်အေးပြီး နေ့လယ်နေ့ခင်း နေမွန်းတည့်ချိန်မှာတောင် နေရိပ်ထဲမှာနေရင် အတော်အေးပါတယ်။

ပုဂံသွားရာလမ်းမှာတော့ အာလူးကြော်နာမည်ကြီးတဲ့ ကျောက်ပန်းတောင်းကို ဖြတ်ရမှာဖြစ်တဲ့အပြင် ကြက်ကြော်နာမည်ကြီးတဲ့ လက်ပံပျားရွာကိုလည်း ဖြတ်သွားရမှာပါ။ ခရီးတစ်ထောက်နားပြီး နေ့လယ်စာစားမယ်ဆိုရင်တော့ လက်ပံပျားရွာမှာ လက်ပံပျားကြက်ကြော်ကို မြည်းစမ်းခဲ့ဖို့ တိုက်တွန်းချင်ပါတယ်။ မြို့ကြီးပြကြီးမှာ စားနေကျ ကြက်ကြော်ပွပွမဟုတ်ဘဲ ရွာမှာမွေးထားတဲ့ ရွာကြက်အသားကျစ်ကျစ် ကြက်ကြော်လေးပါ။ လမ်းခရီးမှာစားဖို့ဖြစ်စေ၊ အိမ်ပြန်လက်ဆောင်ဖြစ်စေ လက်ပံပျားကြက်ကြော်ဝယ်မယ်ဆိုရင်တော့ ကြက်ကြော်ရဲ့ လတ်ဆတ်မှုကို ကြည့်တတ်ရမှာဖြစ်သလို အပြိုင်လုရောင်းကြတဲ့ ဈေးသည်တွေကိုလည်း ဈေးဆစ်တတ်ဖို့လိုပါတယ်။

ကျောက်ပန်းတောင်းအလွန် ပုဂံ၊ ညောင်ဦး ဘက်မရောက်ခင်မှာတော့ ထန်းရည်၊ ထန်းလျက်၊ ပဲဆီတို့ကို တဲကြီးတွေနဲ့ ခင်းကျင်းရောင်းချတဲ့ဆိုင်တွေကိုလည်း မြင်ရမှာပါ။

ပုဂံရောက်ရင်တော့ နေ့ချင်းဖူးရမယ့် စွယ်တော်လေးဆူကိုဖူးပြီး လိုရာဆုတောင်းဖို့မမေ့သင့်ပါဘူး။ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဆိုတဲ့အတိုင်းပဲ အလွန်များပြားလှတဲ့ ဘုရားတွေကို ဖူးဖို့ဆိုတာက အချိန်ပေးဖို့လိုသလို အေးအေးဆေးဆေး ဘုရားသမိုင်းတွေလေ့လာမယ်ဆိုရင်တော့ တစ်ညအိပ် နှစ်ရက်လောက် ပုဂံမှာ နေသင့်ပါတယ်။ ပုဂံမှာ နေဝင်ချိန် အလှကြည့်ရတာကလည်း မပျက်မကွက် စောင့်ကြည့်သင့်တဲ့ အခိုက်အတန့်လေးပါ။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ဘုရားတွေကို ပြန်လည် ထိန်းသိမ်းနေတဲ့ကာလ ဖြစ်တဲ့အတွက် တချို့ဘုရားတွေကို ဝင်ခွင့်ပိတ်ထားပြီး လမ်းပိတ်ထားရတဲ့ နေရာတွေလည်း ရှိနေပါသေးတယ်။ မထိရ၊ မတက်ရလို့ ပြောထားတဲ့နေရာတွေမှာတော့ စည်းကမ်းလိုက်နာဖို့ တိုက်တွန်းချင်ပါတယ်။

ပုဂံကနေ မျောက်ကလေးတွေနဲ့ သာယာတဲ့ ပုပ္ပါးတောင်ရှိရာကို ဆက်လည်ပတ်လို့ရသလို ပုပ္ပါးတစ်ခွင်အလှကို တောင်ပေါ်ကနေမျှော်ကြည့်ရတာ လွမ်းစရာကောင်းလှပါတယ်။ ပုပ္ပါးသွားရာ လမ်းမှာ အလှူခံစားတဲ့ ကလေး၊ လူကြီးတွေရှိတာကြောင့် ဒါနပြုချင်သူတွေအနေနဲ့ သူတို့အတွက်အန္တရာယ်ကင်းအောင် ကြည့်ပြီး ပိုက်ဆံ၊ မုန့်တွေကို ဝေငှစေချင်ပါတယ်။ တချို့ဒါနပြုသူတွေက ကားပေါ်ကနေ ပစ်ချတဲ့အခါ နောက်မှာပါတဲ့ကားနဲ့ ပစ်ချတဲ့ပစ္စည်းကို လိုက်ကောက်တဲ့သူတွေနဲ့ တိုက်မိတာတွေကြုံနိုင်တာကို သတိပြုသင့်ပါတယ်။

ပုဂံ၊ ပုပ္ပါးကနေ ပခုက္ကူကို ရောဝတီမြစ်ကို ဖြတ်ထိုးထားတဲ့ ပခုက္ကူတံတားကနေ ဆက်သွားရမှာဖြစ်ပြီး ကျယ်ပြောလှတဲ့ ဧရာဝတီမြစ်ကြီးမှာ ရေခန်းနေတာကိုလည်း မြင်တွေ့ရမှာပါ။

ပခုက္ကူမှာတော့ တကဲရွှေကူဘုရားနဲ့ သီဟိုဠ်ရှင်ဘုရားတို့က နာမည်ကျော်ပြီး ပခုက္ကူတက္ကသိုလ်နဲ့ ပခုက္ကူ ချည်မျှင်စက်ရုံရှိရာ လမ်းကလည်း ဖြောင့်ဖြူးလှပါတယ်။ ပခုက္ကူမှာ နာမည်ကြီးတာကတော့ ပခုက္ကူချည်ထည်တွေပါ။ ဈေးအလွန်ချိုသလို ဝတ်ရတာ ပေါ့ပေါ့ပါးပါးနဲ့ ချွေးစုတ်တာကြောင့် ဝယ်ယူသင့်တဲ့ ပစ္စည်းတစ်ခုအဖြစ် ပြောပြချင်ပါတယ်။ ပခုက္ကူမှာ နာမည်ကြီးတာကတော့ ရွှေပြည်စိုးဆိုတဲ့ ပခုက္ကူချည်ထည်ဆိုင်ပါ။ ဈေးနှုန်းမှန်ကန်သလို ကလေးကနေ လူကြီးအရွယ်ထိ ချည်ထည်အမျိုးမျိုးအပြင် လက်သုတ်ပဝါ၊ စားပွဲခင်းကအစ ချည်ထည်အားလုံးကို တစ်နေရာထဲမှာ ဝယ်နိုင်တဲ့ဆိုင်ပါ။

ပခုက္ကူဟာ အညာဒေသဖြစ်တဲ့အလျောက် အပွေးကောင်းကောင်း သနပ်ခါးတုံးကို ဈေးချိုချိုနဲ့ ရနိုင်တဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ မီးဖုတ်စားရင် အလွန်မွှေးပြီး အရသာရှိလှတဲ့ ထန်းမြစ်ထွက်ရာဒေသလည်းဖြစ်တဲ့အတွက် အိမ်ပြန်လက်ဆောင် ထန်းမြစ်တွေလည်း ဝယ်နိုင်ပါသေးတယ်။

နေ့လယ်စာဖြစ်စေ၊ ညစာဖြစ်စေ စားသုံးမယ့်သူတွေအတွက်တော့ ပခုက္ကူက နာမည်ကျော် ထိပ်တန်းယောဘူဖေးဆိုင်မှာ တစ်ယောက်ကို အဝစား ဟင်းအခွက်နှစ်ဆယ်ကျော်နဲ့ကိုမှ ကျပ်သုံးထောင်ပဲ ကျသင့်တဲ့အတွက် အလွန်တန်သလို အညာထမင်းဟင်းတွေကိုလည်း တစ်ဆိုင်ထဲမှာ မြည်းစမ်းနိုင်မှာ ဖြစ်ပါတယ်။ ပဲ၊ နှမ်း စိုက်ပျိုးရာ အရပ်ဖြစ်တာကြောင့် နှမ်းဖတ်ချဉ်သုတ်၊ ဝက်အူနှမ်းဖတ်ချဉ်ချက်ကိုလည်း မြည်းခဲ့ဖို့ပြောချင်ပါတယ်။

ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ အညာဒေသခရီးစဉ်အတွင်း မမေ့သင့်တာကတော့ အနွေးထည်ပါ။ လေအေးတိုက်တဲ့ ရာသီအတွက်လည်း အဆင်ပြေ၊ နေပူထဲထွက်ရင်လည်း နေကာနိုင်မှာဖြစ်ပါတယ်။ ခရီးစဉ်အတွင်း နေလောင်ဒဏ်မခံရအောင် အညာမြေကဆိုင်လေးတွေမှာလည်း သနပ်ခါးပေးလူးတဲ့အတွက် သနပ်ခါးလူးဖို့လည်း တိုက်တွန်းချင်ပါသေးတယ်။

အဝေးပြေးကားလတ်မှတ်က ရန်ကုန်ကနေ ပုဂံကိုတော့ တစ်ယောက်ကို တစ်သောင်းကျော်ကနေ ကျပ်နှစ်သောင်းဝန်းကျင်အထိ ကိုယ်စီးမယ့်ကားပေါ်မူတည်ပြီး ဈေးကွာခြားသလို ရန်ကုန်ကနေ ပခုက္ကူကိုတော့ ကျပ်တစ်သောင်းကနေ ကျပ်တစ်သောင်းသုံးထောင်ကြား ဈေးနှုန်းအစားစားရှိပါတယ်။

ခရီးစဉ်အတွက် ကားလက်မှတ်ကို Easy Ticketing Myanmar ရဲ့ဖေ့ဘုတ်လိပ်စာ https://www.facebook.com/easyticketing-myanmar သို့မဟုတ် ဖုန်း ၀၁ ၅၄၃၃၅၄ ကိုဆက်သွယ်ပြီး ကားလက်မှတ်ကို အိမ်တိုင်ရာရောက်မှာယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် https://bnfexpress.com Online ကနေ ကနေငွေချေပြီးလည်း ကားလက်မှတ်မှာယူနိုင်ပါတယ်။

ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ်အတွက် ကားခ၊ စားစရိတ်၊ တည်းခိုစရိတ်နဲ့ အိမ်ပြန်လက်ဆောင် စုံစုံလင်လင် ဝယ်မယ်ဆိုရင်တော့ လူတစ်ယောက်ကို ကျပ်တစ်သိန်းခွဲလောက်ရှိရင် သွားနိုင်တဲ့ခရီးစဉ် ဖြစ်ပါတယ်။ ■

YouTube TREND




## The Fate of the Furious - Official Trailer - #F8 In Theaters April 14 (HD)

Fast & Furious ပရိသတ်တွေအတွက် ရင်ခုန်စရာဇာတ်ကားနမူနာ YouTube ဗီဒီယိုကို ဒီနေ့အတွက် ညွှန်းပေးချင်ပါတယ်။ ရှစ်ကားမြောက် Fast & Furious ဇာတ်ကားဖြစ်လာမယ့် The Fate Of The Furious ဇာတ်ကားရဲ့နမူနာဗီဒီယိုပဲ ဖြစ်ပါတယ်။

ဇာတ်ကားနမူနာထဲမှာတင် စိတ်ဝင်စားသိချင်စရာတွေ ပါဝင်နေတာကြောင့် ကမ္ဘာတစ်ဝန်းက ရုပ်ရှင်ချစ်ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့တဲ့ဗီဒီယိုလည်း ဖြစ်ပါတယ်။

တစ်ရက်အတွင်းမှာတင် ကြည့်ရှုတဲ့အကြိမ်ရေ နှစ်သန်းနီးပါးရှိနေပြီဖြစ်ပါတယ်။

The Fate Of The Furious ကို ၂၀၁၇ ဧပြီလထဲမှာ ရုံတင်ပြသသွားမှာဖြစ်ပြီး ဇာတ်ကားနမူနာကြာမြင့်ချိန် သုံးမိနစ်ကျော်ရှိပါတယ်။ ■

YouTube TREND



## 10 Useless Body Parts You Have For No Reason!

လူ့ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတွေအားလုံးဟာ သူ့နည်းသူ့ဟန်နဲ့ တစ်နေရာမဟုတ်၊ တစ်နေရာ အသုံးဝင် လိုအပ်နေကြတာပါပဲ။

ဒါပေမဲ့ လက်ရှိအချိန်ထိ သိရှိထားသမျှ ဆေးပညာ၊ သိပ္ပံပညာတို့အရ ဘာအတွက်ရှိလို့ ရှိနေမှန်းမသိဘဲ အသုံးမဝင်သလို ဖြစ်နေတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေလည်း ရှိနေပါတယ်။

ဒီဗီဒီယိုမှာတော့ YouTuber တစ်ဦးဖြစ်တဲ့ မက်သရူးဆန်တိုရိုက လူ့ခန္ဓာကိုယ်ရဲ့အသုံး မဝင်တဲ့ အစိတ်အပိုင်း ၁၀ ခုကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းပြတင်ဆက်ထားတာကို တွေ့ကြရမှာပါ။ ရှစ်မိနစ်ကျော်ကြာမြင့်တဲ့ ဒီဗီဒီယိုဟာ ယခုတစ်ပတ် ရေပန်းအစားဆုံး YouTube ဗီဒီယိုတွေထဲမှာ နံပါတ် ၄ နေရာမှာရှိနေပြီး ကြည့်ရှုသူ လေးသိန်းကျော်ရှိနေပါပြီ။ ■



# Domestic Flight Schedules

### YANGON TO MANDALAY

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 105 | 1,2,3,4,5,7 | 06:00 | 08:00 |
| YH 909/910 | Daily | 06:00 | 07:40 |
| UB 561 | 4 | 06:00 | 06:55 |
| W9 201 | 7 | 06:15 | 07:40 |
| 6T 805 | 1,3,5 | 06:30 | 07:40 |
| UB 461 | 1,3,5 | 06:30 | 08:30 |
| UB 561 | 2,6 | 07:00 | 07:50 |
| UB 113 | Daily | 07:00 | 08:45 |
| W9 201 | Daily | 07:00 | 08:25 |
| W9 201 | Daily | 07:00 | 08:25 |
| Y5 511 | 1,3,5 | 07:00 | 08:25 |
| Y5 533 | 2,4,6 | 07:00 | 08:25 |
| Y5 522 | 7 | 07:00 | 08:25 |
| UB 103 | 1,3 | 07:15 | 08:05 |
| UB 683 | 7 | 07:15 | 08:35 |
| UB 581 | 1 | 07:30 | 08:50 |
| 7Y 161 | Daily | 07:40 | 08:10 |
| K7 244 | Daily | 08:15 | 09:40 |
| 7Y 131 | Daily | 08:25 | 08:55 |
| 8M 6603 | 4 | 09:00 | 10:10 |
| ND 301 | Daily | 09:55 | 11:05 |
| YH 505/506 | 2 | 10:15 | 11:55 |
| YH 826/827 | 1,3 | 10:15 | 11:55 |
| YH 543/544 | 4 | 11:00 | 12:40 |
| YH 729/730 | 6 | 11:00 | 12:40 |
| YH 727/737 | 1,3,5,7 | 11:15 | 13:10 |
| UB 683 | 1,3,5 | 11:30 | 12:50 |
| YJ 253 | 1,2,4 | 11:45 | 13:10 |
| 7Y 941 | 1,4 | 12:45 | 13:15 |
| 7Y 841 | 2,6 | 12:45 | 13:15 |
| 7Y 671 | 3,5 | 12:45 | 13:15 |
| 7Y 673 | 7 | 12:45 | 13:15 |
| YJ 263 | 1 | 13:00 | 14:25 |
| W9 211 | 4 | 15:30 | 16:55 |
| W9 211 | 5,7 | 15:30 | 16:55 |
| ND 115 | 7 | 15:30 | 17:40 |
| YH 731/732 | 1,3 | 16:00 | 17:40 |
| UB 131 | Daily | 16:00 | 16:50 |
| 7Y 243 | 1,2,3,5,7 | 16:35 | 17:05 |
| ND 335/365 | Daily | 16:40 | 18:50 |

### YANGON TO NAY PYITAW

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 111 | 7 | 06:30 | 7:05 |
| UB 101 | 1,2,3,4,5,6 | 06:30 | 7:35 |
| Y5 101/101 | Daily | 06:00 | 07:20 |
| ND 101 | 1,2,3,4,5 | 07:00 | 07:55 |
| ND 105 | 1,2,3,4,5 | 08:00 | 08:55 |
| Y5 102 | 2,4,6 | 10:50 | 12:10 |
| ND 107 | 1,2,3,4,5 | 11:00 | 11:55 |
| ND 113 | 1,2,3,4,5,6 | 15:00 | 15:55 |
| UB 103 | 1,2,3,4,6 | 15:30 | 18:00 |
| UB 201 | 5 | 16:00 | 16:50 |
| ND 117 | 1,2,3,4,5,7 | 17:00 | 17:55 |
| SO 102 | Daily | 18:00 | 18:50 |
| ND 123 | 1,2,3,4,5 | 19:30 | 20:25 |

### YANGON TO NYAUNG U

| Flight | Days | Dep | Arr |
|---|---|---|---|
| K7 262 | Daily | 06:00 | 07:20 |
| YH 917/918 | Daily | 06:10 | 07:45 |
| YJ 201 | 1,2,3,4 | 06:15 | 07:35 |
| 7Y 131 | Daily | 06:15 | 07:35 |
| W9 7891 | 3 | 06:50 | 08:10 |
| 6T 451 | Daily | 07:00 | 08:05 |
| K7 242 | Daily | 07:00 | 08:20 |
| Y5 104 | 6 | 08:00 | 09:20 |
| Y5 104 | 1,2,3,4,5,7 | 08:45 | 10:05 |
| K7 248 | Daily | 09:00 | 10:20 |
| W9 129 | 1,2,4,6,7 | 15:30 | 17:35 |
| W9 211 | 5,7 | 15:30 | 17:40 |
| ND 335 | Daily | 16:40 | 17:50 |
| W9 129 | 1,2,3,5,6 | 16:55 | 17:35 |
| UB 106 | Daily | 18:30 | 19:00 |

### YANGON TO MYITKYINA

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 835 | 1,3,4,6 | 07:00 | 09:50 |
| YH 831 | 5,7 | 07:00 | 09:25 |
| 6T 803 | Daily | 11:00 | 12:40 |
| 7Y 841 | 2,6 | 11:20 | 14:40 |
| W9 251 | 2,5 | 11:30 | 14:25 |

### YANGON TO PUTAO

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 835 | 1,3,4,6 | 07:00 | 10:45 |
| W9 251 | 2,5 | 11:30 | 15:25 |

### YANGON TO HEHO

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 06:20 | 08:35 |
| YH 915 | 2 | 06:30 | 08:45 |
| UB 481 | 1,3,7 | 06:30 | 08:40 |
| W9 201 | Daily | 07:00 | 09:10 |
| K7 266 | Daily | 08:00 | 09:10 |
| ND 601 | Daily | 09:35 | 10:40 |
| UB 417 | 4 | 08:00 | 09:10 |
| UB 425 | 2 | 08:05 | 09:10 |
| K7 266 | Daily | 10:15 | 10:50 |
| YH 505/506 | Daily | 10:30 | 11:55 |
| YJ 121 | 2,4 | 10:30 | 11:40 |
| UB 413 | 1,3,5 | 11:00 | 11:45 |
| UB 417 | 7 | 11:30 | 12:40 |
| W9 7761 | 1,2 | 11:15 | 12:25 |
| YH 729/730 | 2 | 11:15 | 12:40 |
| YH 737/738 | 7 | 11:15 | 12:40 |
| YH 727/728 | 1 | 11:15 | 12:40 |
| UB 461 | 1,3,5 | 11:50 | 13:00 |
| UB 419 | 3,7 | 13:30 | 14:35 |
| 7Y 241 | Daily | 14:30 | 15:40 |
| 6T 501 | Daily | 14:30 | 15:25 |
| Y5 201/201 | 1,3,5,7 | 14:40 | 15:50 |
| K7 264 | Daily | 15:00 | 16:10 |
| YH 731/732 | Daily | 15:30 | 16:55 |
| W9 129 | 1,2,3,5,6 | 15:30 | 16:40 |
| UB 481 | 2,4,6 | 15:30 | 17:40 |
| YH 731/732 | 2 | 16:00 | 17:25 |

### YANGON TO MYEIK

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 303 | 1,3,5 | 06:30 | 07:25 |
| UB 307 | 2 | 06:30 | 08:30 |
| K7 319 | 1,3,5,7 | 07:00 | 09:05 |
| UB 303 | 4 | 07:30 | 08:25 |
| UB 337 | 2 | 07:30 | 09:00 |
| UB 373 | 6 | 07:30 | 10:15 |
| UB 325 | 4,6 | 08:00 | 10:15 |
| UB 303 | 7 | 09:00 | 11:05 |
| UB 303 | 5 | 10:30 | 12:35 |
| SO 204 | Daily | 12:50 | 14:50 |
| UB 303 | 7 | 14:30 | 15:20 |

### YANGON TO SITTWE

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 221 | 3 | 07:30 | 09:55 |
| UB 241 | 1,3,5 | 08:00 | 11:00 |
| K7 422 | 2,4,6 | 08:00 | 09:55 |
| 6T 611 | Daily | 08:00 | 09:05 |
| YH 511 | 1,3,5 | 10:30 | 12:20 |
| Y5 403/403 | 5,7 | 10:50 | 12:10 |
| W9 309 | 1,3,5,6 | 11:30 | 12:55 |
| 7Y 417 | Daily | 11:30 | 13:20 |
| Y5 406 | 2 | 12:40 | 14:00 |
| UB 217 | 6 | 13:00 | 14:20 |
| UB 271 | 2 | 13:00 | 15:00 |
| ND 501 | 1,2,3,4,5 | 13:05 | 14:15 |
| UB 201 | 4 | 15:30 | 16:20 |
| UB 201 | 1,3,5 | 16:30 | 17:20 |
| UB 201 | 7 | 17:30 | 18:20 |

### YANGON TO THANDWE

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 06:20 | 09:50 |
| UB 209 | 1,2,5,7 | 6:45 | 7:35 |
| UB 209 | 3 | 7:15 | 8:05 |
| YH 511 | 1,3,5 | 10:30 | 11:20 |
| YH 505 | 2,4,6,7 | 10:30 | 12:55 |
| W9 311 | 2,4,7 | 11:30 | 13:20 |
| W9 309 | 1,3,5,6 | 11:30 | 13:50 |
| Y5 407 | 6 | 12:00 | 12:50 |
| W9 311 | 2,5,7 | 12:50 | 13:20 |
| 6T 601 | 1,3,5 | 12:00 | 12:40 |
| K7 422 | Daily | 13:00 | 13:50 |
| ND 511 | Daily | 14:00 | 14:55 |
| 6T 601 | 2,4,6,7 | 14:15 | 14:55 |
| W9 129 | 1,2,3,5,6 | 16:55 | 17:35 |

### YANGON TO DAWEI

| Flight | Days | Dep | Arr |
|---|---|---|---|
| K7 319 | 1,3,5,7 | 07:00 | 8:10 |
| SO 201 | Daily | 07:35 | 08:45 |
| UB 301 | 4 | 10:00 | 10:45 |
| UB 301 | 6 | 10:30 | 11:10 |
| UB 301 | 1,2,3,5,7 | 11:00 | 12:10 |
| 6T 707 | 1,3,5,7 | 11:25 | 12:15 |

### YANGON TO LASHIO

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 131 | 3 | 11:00 | 12:45 |
| YH 729/730 | 4 | 11:15 | 13:15 |
| 7Y 671 | 3,5 | 11:20 | 15:55 |

### MANDALAY TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| ND 362 | Daily | 07:00 | 09:10 |
| ND 332 | Daily | 07:00 | 09:10 |
| 7Y 161 | Daily | 08:25 | 11:15 |
| YH 918 | Daily | 08:30 | 10:45 |
| UB 104 | 1,3 | 08:35 | 09:25 |
| 7Y 151 | Daily | 08:40 | 10:35 |
| W9 201 | Daily | 08:40 | 10:35 |
| K7 223 | 1,3,5 | 08:55 | 11:00 |
| UB 462 | 1,3,5 | 09:00 | 10:55 |
| 7Y 131 | Daily | 09:10 | 11:05 |
| UB 114 | 2,4,5,6,7 | 09:25 | 10:20 |
| 6T 806 | 1,3,5 | 10:30 | 11:40 |
| UB 562 | 2,4,6 | 10:50 | 11:40 |
| UB 684 | 7 | 11:25 | 12:45 |
| ND 302 | Daily | 11:30 | 12:40 |
| Y5 523 | 7 | 12:00 | 13:25 |
| UB 684 | 1,3,5 | 15:45 | 17:05 |
| UB 516 | 7 | 16:05 | 17:25 |
| YJ 254 | 1,2,4 | 16:15 | 17:40 |
| Y5 512 | 1,3,5 | 16:30 | 17:55 |
| Y5 534 | 2,4,6 | 16:30 | 17:55 |
| K7 225 | 2,4,6,7 | 16:50 | 19:00 |
| YJ 256 | 7 | 17:00 | 18:25 |
| YH 727/728 | 1 | 17:00 | 18:25 |
| YJ 264 | 1 | 17:10 | 18:35 |
| W9 211 | 2,4,7 | 17:10 | 19:15 |
| 8M 6604 | 4 | 17:20 | 18:30 |
| 8M 903 | 1,2,4,5,7 | 17:20 | 18:30 |
| W9 7412 | 4,7 | 17:20 | 18:45 |
| 7Y 243 | 1,2,4,5,7 | 17:20 | 19:25 |
| YH 729/730 | 2,6 | 17:20 | 18:45 |
| YH 737/738 | 3 | 17:25 | 18:50 |
| UB 132 | Daily | 17:30 | 19:15 |
| 7Y 942 | 1,2 | 17:30 | 18:55 |
| W9 7414 | 5 | 17:30 | 18:55 |
| W9 7426 | 3 | 17:50 | 19:15 |
| YH 729/730 | 4 | 18:00 | 19:25 |
| W9 252 | 2,5 | 18:15 | 19:40 |
| W9 7252 | 2 | 18:25 | 19:50 |
| Y5 822/823 | 1,2,3,4,6,7 | 19:00 | 20:10 |
| 7Y 672 | 3,5 | 19:20 | 20:45 |
| 7Y 843 | 2,6 | 19:40 | 21:05 |
| 7Y 677 | 7 | 19:50 | 21:15 |
| Y5 822/823 | 5 | 20:00 | 21:10 |

### NAY PYI TAW TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| SO 101 | Daily | 06:20 | 07:10 |
| ND 100 | 1,2,3,4,5 | 06:30 | 07:25 |
| UB 102 | 1,2,3,4,5 | 07:05 | 08:10 |
| UB 102 | 6 | 07:45 | 08:35 |
| ND 102 | 1,2,3,4,5,6 | 08:30 | 09:25 |
| ND 104 | 1,2,3,4,5 | 09:30 | 10:25 |
| UB 104 | 1,2,3,4,5 | 09:30 | 10:25 |
| UB 112 | 7 | 11:55 | 12:30 |
| ND 110 | 1,2,3,4,5 | 13:30 | 14:25 |
| UB 202 | 5 | 17:20 | 18:10 |
| ND 118 | 1,2,3,4,5 | 17:30 | 18:25 |
| UB 104 | 1,2,3,4 | 18:25 | 19:15 |
| ND 122 | 1,2,3,4,5,7 | 18:30 | 19:25 |

### NYAUNG U TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| Y5 601/601 | 3,5,7 | 07:00 | 08:20 |
| Y5 601/601 | 1,2,4,6 | 07:20 | 08:40 |
| UB 105 | Daily | 07:25 | 8:30 |
| YJ 144 | 5,6 | 07:35 | 08:55 |
| W9 141 | Daily | 07:55 | 10:55 |
| ND 332 | Daily | 08:00 | 09:10 |
| YH 909/910 | Daily | 08:25 | 09:45 |
| K7 263 | Daily | 10:55 | 12:15 |
| W9 7416 | 6 | 17:20 | 17:50 |
| K7 265 | Daily | 17:20 | 18:40 |
| W9 129 | 1,2,3,5,6 | 17:50 | 19:10 |
| Y5 201/201 | 1,3,5,7 | 17:50 | 19:10 |
| W9 211 | 4,7 | 17:55 | 19:15 |
| W9 7211 | 4 | 17:55 | 19:15 |
| YH 543/544 | 4 | 18:15 | 19:35 |
| YH 731/732 | Daily | 18:25 | 19:45 |

### MYITKYINA TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 806 | 1,3,5 | 09:10 | 11:40 |
| YH 826/827 | 1,3 | 13:20 | 15:35 |
| YH 505/506 | 2 | 13:20 | 15:35 |
| Y5 506 | 3,5,7 | 14:40 | 15:50 |
| W9 252 | 2,5 | 16:45 | 19:40 |

### PUTAO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 252 | 2,5 | 15:45 | 19:40 |

### HEHO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 08:50 | 10:55 |
| 6T 452 | Daily | 09:05 | 10:00 |
| UB 482 | Daily | 09:05 | 10:15 |
| W9 7893 | 3,4,5,6 | 09:10 | 10:20 |
| YH 917/918 | 1,2,3,4,6 | 09:15 | 10:25 |
| 7Y 131 | Daily | 09:20 | 10:30 |
| Y5 101/101 | Daily | 09:20 | 10:30 |
| YJ 201 | 1,2,3,4 | 09:20 | 10:30 |
| W9 201 | Daily | 09:25 | 10:35 |
| W9 7893 | 2 | 10:05 | 11:15 |
| K7 267 | Daily | 11:05 | 12:15 |
| ND 661/ND 512 | Daily | 11:05 | 13:25 |
| UB 414 | 1,3,5 | 11:10 | 12:20 |
| Y5 104 | 1,2,3,4,5,7 | 11:15 | 12:25 |
| K7 249 | Daily | 11:30 | 12:40 |
| UB 456 | 6 | 11:50 | 13:00 |
| YH 505 | 2,6,7 | 11:55 | 14:00 |
| UB 418 | 4 | 12:15 | 13:25 |
| UB 426 | 2 | 14:55 | 16:00 |
| UB 418 | 7 | 15:45 | 16:55 |
| YH 728 | 1 | 16:00 | 18:10 |
| YJ 112 | 2 | 16:15 | 17:25 |
| YJ 122 | 4 | 16:15 | 17:25 |
| YH 912 | 2 | 16:15 | 17:25 |
| 6T 502 | Daily | 16:25 | 17:30 |
| YH 731/732 | Daily | 16:25 | 19:15 |
| YJ 132 | 3 | 16:45 | 17:55 |
| W9 129 | 1,3,4,5,6 | 16:55 | 19:10 |
| UB 420 | 3,7 | 17:30 | 18:35 |

### MYEIK TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 304 | 1,3,5 | 08:30 | 08:50 |
| UB 304 | 4 | 09:00 | 09:55 |
| UB 338 | 2 | 09:30 | 12:10 |
| K7 320 | 1,3,5,7 | 11:30 | 13:35 |
| UB 326 | 4,6 | 13:25 | 15:40 |
| SO 402 | Daily | 15:15 | 17:15 |
| 6T 804 | Daily | 15:25 | 17:05 |
| UB 304 | 7 | 15:50 | 16:40 |

### SITTWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 612 | Daily | 09:20 | 10:25 |
| UB 222 | 3 | 10:25 | 12:50 |
| UB 242 | 1,3,5 | 11:30 | 14:30 |
| 7Y 413 | Daily | 12:50 | 14:10 |
| W9 309 | 1,3,5,6 | 13:10 | 14:55 |
| Y5 405 | 7 | 14:50 | 16:10 |
| ND 502 | 1,2,3,4,5 | 14:45 | 15:55 |
| UB 218 | 6 | 14:45 | 16:50 |
| K7 423 | Daily | 15:05 | 16:25 |
| UB 272 | 2 | 15:30 | 16:50 |
| UB 202 | 4 | 16:55 | 17:45 |
| UB 202 | 1,3,5 | 17:55 | 18:45 |
| UB 202 | 7 | 18:50 | 19:40 |

### THANDWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 210 | 1,2,5,7 | 07:55 | 09:40 |
| W9 141 | Daily | 10:05 | 10:55 |
| 7Y 161 | Daily | 10:25 | 11:15 |
| ND 512 | Daily | 12:30 | 13:25 |
| 7Y 417 | Daily | 12:35 | 14:55 |
| 6T 602 | 1,3,5 | 12:55 | 13:35 |
| YH 505/506 | 6,7 | 13:10 | 14:00 |
| UB 105 | 2 | 13:15 | 16:00 |
| W9 311 | 2,4,7 | 13:35 | 14:25 |
| W9 7311 | 7 | 13:35 | 14:25 |
| W9 309 | 1,3,5,6 | 14:05 | 14:55 |
| Y5 102 | 2,4,6 | 14:50 | 15:40 |
| 6T 602 | 2,4,6,7 | 15:10 | 15:50 |
| ND 514 | Daily | 15:20 | 16:15 |
| Y5 408 | 6 | 16:05 | 16:55 |

### DAWEI TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| SO 202 | Daily | 11:15 | 12:25 |
| K7 320 | 1,3,5,7 | 12:25 | 13:35 |
| UB 302 | 6 | 14:05 | 14:45 |
| 6T 708 | 1,3,5,7 | 14:50 | 15:40 |
| UB 302 | 2 | 14:55 | 15:40 |
| UB 302 | 1,3,5,7 | 15:30 | 16:40 |

### LASHIO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 7Y 672 | 3 | 15:20 | 19:55 |
| 7Y 672 | 5 | 15:50 | 20:25 |

## DOMESTIC AIRLINES

**Air Bagan (W9)**
Tel: 514861, 504888, Fax: [+95-1] 513300

**Air KBZ (K7)**
Tel: [+95-1] 9670014~20, 533158-159(airport),
Hotline: [+95-1] 9670007, Counter: 09-8635287,
Reservation: 01-9670001~13.

**Asian Wings (YJ)**
Tel: 515261~264, 512140, 512473, 512640
Fax: 532333, 516654

**Golden Myanmar Airlines (Y5)**
Tel: 09400446999, 09400447999
Fax: 8604051

**Mann Yadanarpon Airlines (7Y)**
Tel: 656969, Fax: 656998, 651020

**Myanmar Airways International (8M)**
Tel: 255260, Fax: 255305

**Myanmar National Airline (UB)**
Tel: 378603, 377840

**Yangon Airways (YH)**
Tel: 383100, 383107, 700264, 533258
Fax: 383212

**FMI Air Charter (ND)**
Tel: 240363, 240373, 09421146545

**APEX Airlines (SO)**
Tel: 95(1) 533300 ~ 311,
Fax: 95 (1) 533312

**Air Mandalay (6T)**
Tel: [+95-1] 501520, 525488,
Fax: 532275

## AIRLINES CODES

W9 = Air Bagan
K7 = Air KBZ
6T = Air Mandalay
YJ = Asian Wings
SO = APEX Airlines
ND = FMI Air
Y5 = Golden Myanmar Airlines
7Y = Mann Yandanarpon Airlines
8M = Myanmar Airways International
UB = Myanmar National Airline
YH = Yangon Airways

## Day

1 = Monday
2 = Tuesday
3 = Wednesday
4 = Thursday
5 = Friday
6 = Saturday
7 = Sunday

# ကျောက်ပုထိုးရွှေစက်ရုံမှ စွန့်ပစ်ရေများ ဓာတ်ခွဲစစ်ဆေးမည်

**မန္တလေး၊ ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံရှိ အကြီးဆုံးရွှေလုပ်ကွက်ကို လုပ်ကိုင်နေသည့် ကျောက်ပုထိုးရွှေသန့်စင်စက်ရုံမှ စွန့်ပစ်ရေဆိုးများတွင် ဓာတုပစ္စည်းများ ပါဝင်နေမှုအခြေအနေကိုသိရှိရန် ရေနမူနာရယူကာ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ပြောကြားသည်။

ဆိုင်ယာနိုက်အသုံးပြုကာ ရွှေထုတ်လုပ်ခွင့်ကို နိုင်ငံတော်က တရားဝင်လုပ်ပိုင်ခွင့်ပေးထားသည့် ကျောက်ပုထိုးရွှေသန့်စင်စက်ရုံတွင်ဆိုင်ယာနိုက်နှင့်ပတ်သက်၍ ရေနမူနာရယူကာစစ်ဆေးမှု မရှိကြောင်း ၎င်းကဆိုသည်။

စက်ရုံမှ စွန့်ပစ်ရေဆိုးများနှင့် မြေစာများကြောင့် လယ်ယာစိုက်ပျိုးမြေအတွင်း ဝင်ရောက်သဖြင့် စိုက်ပျိုးမြေပျက်စီးမှုဖြင့် ကြုံတွေ့နေရကြောင်း စက်ရုံအနီးနားရှိကျေးရွာများက ဒေသခံတောင်သူများက ဆိုသည်။

“မြေစာတွေနဲ့အတူ ရေတွေဝင်လာတာ စပါးခင်းထဲမှာ ထုတစ်တောင်ကျော်လောက် ရှိတယ်။ ၂ နှစ်ရှိပြီ စိုက်မရတာ။ တစ်ဧက စပါးတင်း ၂၀ ကျော် (ယခင် တင်း ၇၀ မှ ၁၀၀ ဝန်းကျင်အထိရ) နဲ့ နေလိုက်ရတယ်” ဟု လယ် ၁၇ ဧကရှိသည့်စွယ်ရကျေးရွာ တောင်သူဒေါ်ဌေးက ပြောကြားသည်။

မိုးရွာသည့်အခါ ရေလွှမ်းခံရပြီး မြေစာများဖုံးသွားသဖြင့် စိုက်ပျိုးရေးကို ထိခိုက်လာသည့်အပြင် စိုက်ပျိုးရေးအတွက် အားထားရသည့် ကျောက်အိုးချောင်းအတွင်း စွန့်ပစ်ရေဆိုးများကြောင့်ရေမသန့်ရှင်းမှုများဖြစ်နိုင်ကြောင်း စက်ရုံအနီးဝန်းကျင်ရှိ ဒေသခံများက ပြောဆိုကြသည်။

ယင်းသို့ပျက်စီးနေမှုကိုဖြေရှင်းပေးရန် အောက်တိုဘာလက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တောင်သူများက တိုင်ကြားခဲ့ရာ ယင်းတိုင်ကြားမှုနှင့်ပတ်သက်၍ဒေသခံတောင်သူများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၃ ရက်နေ့က ကျင်းပခဲ့သည်။

“ဆိုင်ယာနိုက်သုံးပြီး ရွှေထုတ်လုပ်ပြီးတော့ ထွက်လာတဲ့ရေမှာကို ရွှေပါနေတုန်းဖြစ်တဲ့အတွက် အဲဒီရေကို ရေကြည်နဲ့ပြန်ရောပြီး ရွှေထုတ်လုပ်တဲ့နေရာမှာပြန်လည်သုံးစွဲပါတယ်” ဟု ကျောက်ပုထိုးရွှေသန့်စင်စက်ရုံ လုပ်ကိုင်ခွင့်ရရှိထားသည့် ထာဝရကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းမောင်အေးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ ကျောက်ပုထိုး ရွှေသန့်စင်စက်ရုံကို ၁၉၈၂ ခုနှစ်တွင် နိုင်ငံပိုင်စက်ရုံအဖြစ်လည်ပတ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်ကာ ပုဂ္ဂလိကစက်ရုံအဖြစ် လွှဲပြောင်းခဲ့ရာ ထာဝရကုမ္ပဏီလီမိတက်က ထုတ်လုပ်ခွင့်ရရှိခဲ့သည်။ ■

# သဘင်္ဘောသားအလုပ်အကိုင်အေဂျင်စီ ငွေကြေးတောင်းခံမှု နစ်နာသူများ တရားစွဲရန်လိုဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

သင်္ဘောသားအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီကုမ္ပဏီများက ဝန်ဆောင်ခအနေဖြင့် ငွေကြေးတောင်းခံမှုများအတွက် နစ်နာသူ သင်္ဘောသားများက သက်သေနှင့် တရားစွဲရန်လိုအပ်ကြောင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့်လက သင်္ဘောသားများ တိုးတက်ပြောင်းလဲရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့သူ သင်္ဘောသားများနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် တွေ့ဆုံစဉ်၌ ယခုကဲ့သို့ ပြောဆိုခဲ့ကြခြင်းဖြစ်သည်။

အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများကိုဌာနမှ လိုင်စင်ထုတ်ပေးထားသဖြင့် လိုင်စင်ပြန်ရုပ်သိမ်းခြင်းကိုသာ လုပ်ဆောင်နိုင်ပြီး တရားစွဲဆို၍ မရကြောင်း အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ပြောကြားသည်။

သင်္ဘောလိုက်ခွင့်ရရန် အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီအချို့ကို သင်္ဘောသားများက သိန်းလေးဆယ်ခန့် တရားမဝင်ပေးဆောင်နေရလျက်ရှိနေကြောင်း သင်္ဘောသားများထံမှ စုံစမ်းသိရှိရသည်။

“ဌာနဘက်က ထုတ်ပေးတဲ့လိုင်စင်ဖြစ်လို့ လိုင်စင်စည်းကမ်း ဖောက်ဖျက်တဲ့အခါမှာ သူတို့ကပဲ စွဲသင့်တယ်။ ဥပဒေမှာစွဲလို့ မရဘူးဆိုရင် ဥပဒေကို ပြင်ဖို့ ဝန်ကြီးဌာနကို တင်ပြသင့်တယ်” ဟု မြန်မာနိုင်ငံသင်္ဘောသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစံသိန်းက မှတ်ချက်ပေးသည်။

ကုန်သွယ်ရေကြောင်း ဥပဒေအရ သင်္ဘောလိုက်ခွင့်ရရန် သင်္ဘောသားများထံမှ ငွေကြေးယူပါက ထောင်သုံးနှစ် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ■

# News in Brief

## တတိယအကြိမ်မြောက် ဂျပန်-မြန်မာပွဲတော်ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ**

ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် တတိယအကြိမ်မြောက် ဂျပန်-မြန်မာပွဲတော် ၂၀၁၇ ကို လာမည့်နှစ် ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီ၌ ရန်ကုန်မြို့ ရွှေထွဋ်တင်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူထံမှ သိရသည်။

အဆိုပါပွဲတွင် ဂျပန်နိုင်ငံအဆိုတော် Hirahara Ayaka ၊ မြန်မာပြည်ဖွားအမျိုးသားတစ်ဦး ဂျပန် Dance vocal unit PrizmaX ၏သီဆိုဖျော်ဖြေမှု၊ ဂျပန်ယဉ်ကျေးမှုနှင့် Street Dance performer TRIASTAR(Da-Yoshi & Tsutom) တို့နှင့်အတူ မြန်မာနိုင်ငံမှ အနုပညာရှင်များစွာ ပူးပေါင်းဖျော်ဖြေသွားမည်ဖြစ်သည်။

ဂျပန်-မြန်မာပွဲတော်တွင် နေ့လယ်ပိုင်းအစီအစဉ်နှင့် ညပိုင်းအစီအစဉ် နှစ်ပိုင်းခွဲခြားထားပြီး အထူးအစီအစဉ်အနေနှင့် ဂျပန်အနုပညာရှင် Hirahara Ayaka နှင့် တေးသံရှင်နီနီခင်ဇော်တို့ သီဆိုဖျော်ဖြေမှု၊ တေးသံရှင်အမွန်းနှင့် ဂျပန်နိုင်ငံအဆိုအကအဖွဲ့ဖြစ်သော PrizamaX တို့၏ ပူးပေါင်းသီဆိုဖျော်ဖြေမှုတို့ ပါဝင်မည် ဖြစ်သည်။

ဂျပန်-မြန်မာချစ်ကြည်ရေးနှစ် (၆၀) ပြည့်အထိမ်းအမှတ်အနေနှင့် ဂျပန်- မြန်မာပွဲတော်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

---

## CASIO Edifice နာရီက တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်ကို Brand Ambassador ခန့်အပ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

CASIO Edifice နာရီမှ တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်ကို Brand Ambassador အဖြစ် ခန့်အပ်လက်တွဲလိုက်သည့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Micasa Hotel တွင်ပြုလုပ်ခဲ့သည်။

“CASIO နာရီက ကျွန်တော်သုံးတန်း၊ လေးတန်းလောက်ထဲက မိဘတွေကိုပူဆာပြီး စွဲစွဲလမ်းလမ်းနဲ့ ဝယ်ခိုင်းရတဲ့နာရီလေးဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အထိလည်း စင်ပေါ်မှာသီချင်းဆိုတိုင်း G-Shock အမျိုးအစားကို စွဲစွဲမြဲမြဲဝတ်ဆင်တာပါ။ CASIO ကနေ Brand Ambassador အဖြစ်ကြေညာခန့်အပ်ချိန်မှာ ဝမ်းမြောက်ဝမ်းသာနဲ့လက်ခံလိုက်တာပါ” ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ဆိုသည်။

ယင်းအထိမ်းအမှတ်အနေနှင့် G-Factory ဆိုင်၊ မြန်မာပလာဇာတွင် နာရီဝယ်ယူသူများကို ၁၅ ရာခိုင်နှုန်းလျှော့ပေးခဲ့ပြီး တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးမှုအစီအစဉ်များ ပြုလုပ်ခဲ့သည်။

---

## သီလဝါအထူးစီးပွားရေးဇုန်တွင် ကျပ်သန်းရှစ်ဘီလီယံကုန်ကျမည့် သတ္တုပုံဖော်စက်ရုံ ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ဩစတြေးလျအခြေစိုက် စတီး(လ်) ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော Bluescope Australia သည် ကျပ်သန်းရှစ်ဘီလီယံကုန်ကျမည့် သတ္တုပုံဖော်စက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း NS Bluescope Myanmar ၏ ဥက္ကဋ္ဌ Mr.Thian Aun  Gho က ပြောကြားသည်။

အဆိုပါစက်ရုံမှ အရည်အသွေးမြင့် သတ္တုလွှာဖုံးစတီး(လ်) အမိုးပြားနှင့် စတီး(လ်) နံရံကာများ ထုတ်လုပ်သွားမည့်အပြင် အဆောက်အအုံအလှဆင်လုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

စက်ရုံတည်ဆောက်မှုကို ယခုနှစ်ကုန်ပိုင်းတွင် စတင်လျက်ရှိပြီး ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးနိုင်ရန် မျှော်မှန်းထားကြောင်း NS Bluescope Myanmar ထံ စုံစမ်းသိရှိရသည်။

---

## အမေရိကန်တက္ကသိုလ် University of Massachusetts နှင့် University of New Hampshire တို့တွင် ကျောင်းလျှောက်ထားနိုင်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စုရှိ University of Massachusetts နှင့် University of New Hampshire တွင် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် နိုင်ငံတကာပညာရေး ၁၂ တန်းအောင်မြင်ထားသူများ SAT စာမေးပွဲဖြေဆိုရန်မလိုအပ်ဘဲ တက္ကသိုလ်ပထမနှစ်နှင့်ညီမျှသော Navitas USA ၏ University Pathway Program (UPP) မှတစ်ဆင့် အဆိုပါတက္ကသိုလ်များသို့ တက်ရောက်နိုင်မည်ဖြစ်ကြောင်း AT & S ပညာရေးဝန်ဆောင်မှုကုမ္ပဏီထံမှ သိရသည်။

အဆိုပါတက္ကသိုလ်များတွင် စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာ၊ ဆေးပညာနှင့် ဇီဝဆေးသိပ္ပံ၊ သိပ္ပံနှင့်နည်းပညာ၊ ICT၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အနုပညာနှင့်လူမှုရေးသိပ္ပံ၊ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်တို့ကို ရွေးချယ်သင်ယူနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ဖုန်း ၀၁-၅၂၁၁၂၅၊ ၊ ၀၉-၇၉၉၅၉၅၉၄၉၊ ၀၉-၅၁၂၇၄၆၁ နှင့် ၀၉-၅၀၆၂၁၇၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်သည်။

# ရုပ်လုံးပေါ်လာသည့် မောင်တောလက်သည်

**The Voice**

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲစခန်းများကို တိုက်ခိုက်သူတို့၏ ရုပ်လုံးပေါ်လာပြီဖြစ်သည်။**

ရဲတပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည့်အောက်တိုဘာလဆန်း အကြမ်းဖက်ခံရမှု ဖြစ်ပွားအပြီး ရက်ပိုင်းအတွင်း အစိုးရက မောင်တောတိုက်ခိုက်မှုကို ပြည်ပအစွန်းရောက်အဖွဲ့များနှင့် ချိတ်ဆက်ထားသော မွတ်ဆလင် ဂျီဟာတ်ဝါဒီ အကြမ်းဖက်အုပ်စုတစ်ခုက ကျူးလွန်သည်ဟု တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေးအစွန်းရောက်တစ်ဦးဖြစ်သည့် ဟာဗစ်တူဟာရ်ဆိုသူ ဦးဆောင်သည့် အကာလ်မူလ်အဖွဲ့က မောင်တောဒေသရှိနယ်ခြားစောင့်ရဲစခန်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သမ္မတရုံးက ရက်ပိုင်းအတွင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော် လက်သည်များ၏ နောက်ဆက်တွဲကို ယနေ့အထိ ထပ်မံပြောဆိုခြင်း မရှိပေ။

မောင်တောညလက်သည်များအကြောင်း အစိုးရက နှုတ်ဆိတ်နေချိန် နိုင်ငံတကာ ပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ICG) က မောင်တောပဋိပက္ခအကြောင်း လေ့လာသုံးသပ်ထားသည့် အစီရင်ခံစာတစ်စောင်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့က ထုတ်ပြန်လိုက်သည်။

ရခိုင်ပြည်နယ်မှ မူဆလင်ထကြွမှုအသစ်ဟု ခေါင်းစဉ်တပ်ထားသော ICG အစီရင်ခံစာကို မြန်မာအစိုးရ သာမက အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာလေ့လာသူများက အထူးအာရုံစိုက်ခဲ့ပြီး အစီရင်ခံစာပါ အကြောင်းအရာအများအပြားမှာလည်း မောင်တောအကြမ်းဖက်မှု၏ နောက်ကွယ်ကို အမှန်တကယ်ပုံဖော်ထားနိုင်သည်ဟု ယူဆရသည်။

ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းက ICG ၏ အစီရင်ခံစာကို အခြေခံ၍ 'မြန်မာနိုင်ငံတွင် ကမ္ဘာ့နောက်ဆုံးပေါ် မူဆလင်ပုန်ကန်ထကြွမှု ပေါ်ပေါက်' ဟု ခေါင်းစဉ်တပ်သည့် သတင်းဆောင်းပါးတစ်ပုဒ်ကို ဖော်ပြခဲ့ပြီး ထိုဆောင်းပါးသည်လည်း ပြည်တွင်းပြည်ပလေ့လာသူများ၏ အာရုံစိုက်ခံခဲ့ရသည်။

တပ်မတော်အရာရှိကြီးအချို့အပါအဝင် ရဲတပ်ဖွဲ့နှင့် အရပ်သားအများအပြား သေဆုံးခဲ့ပြီဖြစ်သော မောင်တောအကြမ်းဖက်မှုနှင့် နောက်ဆက်တွဲပဋိပက္ခများမှာ ရခိုင် ပြည်နယ်၌ ဆယ်စုနှစ်အတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် အရည်အသွေးပိုင်းအရ များစွာခြားနားကြောင်း ICG



ဓာတ်ပုံ-မြင့်မိုးညို

က ဖွင့်ဆိုထားသည်။

အစီရင်ခံစာ၏အဆိုအရ မောင်တောညလက်သည်မှာ Harakah al-Yaqin ဆိုသည့် အစွန်းရောက်အဖွဲ့ဖြစ်သည်။

Harakah al-Yaqin အဖွဲ့ကို ၂၀၁၂ ခုနှစ်က ဖြစ်ပွားသည့် ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်များနောက်ပိုင်းတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံ၏ ဘာသာရေးမြို့တော်ဟုဆိုနိုင်သော မက္ကာတွင်နေထိုင်သည့် ရိုဟင်ဂျာ (မူရင်းအသုံးအနှုန်းအတိုင်း) မွတ်ဆလင်အဖွဲ့က ထိန်းချုပ်နေခြင်း ဖြစ်ကြောင်း ICG က ဆိုထားသည်။

ယင်းအဖွဲ့၏ ညွှန်ကြားချက်များကို ရခိုင်ဒေသတွင် လက်တွေ့ဦးဆောင်နေသူမှာ ပါကစ္စတန်တွင်မွေးဖွားပြီး မက္ကာတွင် ကြီးပြင်းခဲ့သူ Ata Ullah ဖြစ်သည်။ ၎င်းသည် မောင်တောတိုက်ခိုက်မှု နောက်ပိုင်း ထွက်ပေါ်လာသည့် ဝါဒဖြန့်ဗီဒီယိုများတွင် ပါဝင်သူလည်းဖြစ်သည်။

သူနှင့်အတူ အဖွဲ့ဝင် ၂၀ ခန့်ပါဝင်ပြီး အစ္စလာမ် ပညာတတ် တစ်ဦးဖြစ်သူ Ziabur Rahman ဆိုသူလည်း ပါဝင်သည်။ ၎င်းတို့အားလုံးမှာ နိုင်ငံတကာ အတွေ့အကြုံများ ရှိထားပြီး ခေတ်သစ်အကြမ်းဖက်တိုက်ခိုက်မှု နည်းနာများကိုလည်း လေ့လာဆည်းပူးထားသည်။

ရခိုင်ပြည်နယ်တွင် al-Yaqin အဖွဲ့က လုပ်ဆောင်နေသည့် မွတ်ဆလင်ပုန်ကန်ထကြွမှုကို ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် ပါကစ္စတန်ရှိ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များက အစ္စလာမ်ဥပဒေများနှင့်အညီ အသိအမှတ်ပြုထောက်ခံထားကြောင်း ICG က ထုတ်ဖော်ထားသည်။

ထို့အပြင် al-Yaqin အဖွဲ့မှာ ပြည်ပနိုင်ငံများ၏ ငွေကြေးထောက်ပံ့မှုကောင်းစွာရထားသလို အဖွဲ့ကိုလည်း သေချာစုဖွဲ့ထားကြောင်း မောင်တောတိုက်ခိုက်မှုတွင် ပါဝင်သူအချို့ကို တွေ့ဆုံမေးမြန်းခဲ့သည့် ICG အဖွဲ့မှ သုတေသီအချို့က ဆိုထားသည်။

al-Yaqin အဖွဲ့ကို ဦးစွာအာရုံစိုက်မိသူများမှာ စင်ကာပူနိုင်ငံဖြစ်သည်။

စင်ကာပူနိုင်ငံ နန်းယန်တက္ကသိုလ်၊ နိုင်ငံတကာလေ့လာရေးကျောင်းမှ သုတေသီနှစ်ဦးက ဦးစွာပြောနှင့်ပြီးဖြစ်သည်။

ယင်းသုတေသီနှစ်ဦးက အောက်တိုဘာလအတွင်း ဆောင်းပါးတစ်စောင်ရေးသားခဲ့ပြီး ရခိုင်ပြဿနာသည် အရှေ့တောင်အာရှအကြမ်းဖက်အန္တရာယ်လည်း ဖြစ်ကြောင်း သတိပေးခဲ့သည်။ စင်ကာပူအစိုးရ ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို စိုးရိမ်တကြီး စောင့်ကြည့်လေ့လာနေသည်မှာ ကြာမြင့်ပြီဖြစ်သည်။

တိုင်းမ်မဂ္ဂဇင်း၏ ဆောင်းပါးထွက်လာပြီးနောက်ပိုင်း နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက နန်းယန်တက္ကသိုလ်မှ သုတေသီနှစ်ဦး၏ဆောင်းပါးနှင့် ICG အစီရင်ခံစာတို့မှာ ပင်လယ်သမုဒ္ဒရာထက်ထိုးထွက်နေသော ရေခဲတောင်၏ ထိပ်ပိုင်းများအဖြစ် တင်စားခဲ့သည်။

သူ၏ အဆိုအရ အထက်ပါသတင်းဆောင်းပါးနှင့် အစီရင်ခံစာတို့က မခြုံငုံသေးသော ရခိုင်ပြဿနာကို အစိုးရက ခြေရာကောက်မိထားဟန်တူသည်။ သို့သော် သတင်းထုတ်ပြန်ချက်များကို ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်နေဆဲဖြစ်သည်။

အစိုးရ၏ ထုတ်ပြန်ချက်များ၊ နိုင်ငံတကာလေ့လာသူများ၏ သတင်းအစီရင်ခံစာများအရ မောင်တောလက်သည်များမှာ ရုပ်လုံးပေါ်နေပြီဖြစ်သည်။ အလားတူ ပြဿနာ၏ သိမ်မွေ့နက်နဲမှုနှင့် အဖြေရှာရန် စိန်ခေါ်ချက်များကိုလည်း မီးမောင်းထိုးပြထားသည်။

နိုင်ငံတကာ၏ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့သော နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည်ပင် ရခိုင်ပြဿနာကြောင့် ထိုးနှက်တိုက်ခိုက်မှုများ ဆက်တိုက်ကြုံနေရသည်။ မလေးရှားဝန်ကြီးချုပ်ကဲ့သို့သော ပြည်ပခေါင်းဆောင်အချို့အပါအဝင် နိုင်ငံတကာသတင်းမီဒီယာနှင့် အဖွဲ့အစည်းများက ရခိုင်ပြဿနာတွင် မြန်မာအစိုးရကို ဆက်တိုက်ထိုးနှက်လျက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်တို့ သုံးဦးခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီကော်မရှင်များနှင့် ပါဝင်သည့် ပညာရှင်အများအပြားက ရခိုင်ပြဿနာကို မည်သို့ အဖြေထုတ်မည်မသိ။

မြန်မာ့ရုပ်မြင်သံကြားက ငြိမ်းချမ်းစွာဖြေရှင်းရမည့် မောင်တောအရေးဟုဆိုကာ မြေပြင်အခြေအနေများကို ရုပ်သံပြကွက်များဖြင့် အများပြည်သူသို့ရှင်းလင်းလျက်ရှိသည်။ တစ်ချိန်တည်း၌ မြန်မာ့သမိုင်းတွင် ရိုဟင်ဂျာမရှိကြောင်း သမိုင်းအထောက်အထားများ ထုတ်ပြန်ရန်လည်း အစိုးရက ပြင်ဆင်နေသည်။

သမိုင်းမှတ်တမ်း အရှုပ်အထွေးများ၊ အစိုးရအဆက်ဆက် ချန်ခဲ့သည့် အမွေဆိုးများ၊ နိုင်ငံတကာ၏ ပုံဖျက်တိုက်ခိုက်မှုများနှင့် ပုန်ကန်ထကြွမှုအန္တရာယ်သစ်အောက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏အစိုးရက ရခိုင်ပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ပဋိပက္ခများကို ဘက်လိုက်မှုနည်းပါးစွာဖြင့် လေ့လာသုတေသနပြုကာ ထုတ်ပြန်လေ့ရှိသည့် ICG က ဤသို့ တိုက်တွန်းသည်။

မွတ်ဆလင်လူနည်းစုများကိုကာလရှည်ကြာ ခွဲခြားဖိနှိပ်ထားခြင်းကို ရပ်တန့်ရန်၊ စစ်ရေးနည်းလမ်းကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်၊ မြန်မာမွတ်ဆလင်အဖွဲ့အစည်းများနှင့် ထိတွေ့ရန်နှင့် ရိုဟင်ဂျာများ၏ နိုင်ငံသားအခွင့်အရေးကို မပိတ်ပင်ရန်ဟူ၍ဖြစ်သည်။

အဓိက အကြံပြုချက်တစ်ခုလည်း ရှိသေးသည်။

ဗုဒ္ဓဘာသာဝင်အများစုဖြစ်သော ရခိုင်တိုင်းရင်းသားတို့၏ ခံစားချက်နှင့် စိုးရိမ်မှုကို မမေ့မလျော့ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ကမ္ဘာ့နောက်ဆုံးပေါ် မွတ်ဆလင်ပုန်ကန်ထကြွမှုအသစ်တစ်ခု ပေါ်ပေါက်လာကြောင်း ကမ္ဘာက တံဆိပ်ကပ်နေပြီဖြစ်သည်။ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ မွတ်ဆလင်ခွဲထွက်ရေးသူပုန်ပြဿနာနည်းတူ ရခိုင်ပြဿနာကို တန်းတူထားရှုမြင်ကြတော့မည်။ ■

**The Voice**

# "ဘေးကရပ်နေတာပဲ ကောင်းပါတယ်"

**မြတ်(ကလေး)**



ဓာတ်ပုံ-မြတ်(ကလေး)

**မန္တလေးမြို့တွင်ပြုလုပ်သည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် သတင်းမီဒီယာတို့ မေးမြန်းခဲ့မှုများကို ပြန်လည်ဖော်ပြအပ်ပါသည်။**

**Media - ၆၆(ဃ) ပြင်ဖို့အတွက် အခုဘယ်လိုဖြစ်နေပြီလဲ။**

**USM** - ၆၆ (ဃ) က ခုနပြောသလို သူ့မှာပါတဲ့ အသရေဖျက်မှု ကျူးလွန်ရင် ထောင်သုံးနှစ်အစား ပယ်ဖျက်ပြီးတဲ့အခါမှာ အများဆုံး ထောင်ဒဏ် ၂ နှစ်၊ အဲဒီလိုပြင်လိုက်တယ်ဆိုရင် အာမခံရနိုင်မယ်။

**Media - ဖွဲ့စည်းပုံပြင်ဖို့ကရော ဘယ်လိုပုံစံမျိုးရှိလဲ၊ လက်ရှိ လွှတ်တော်ကမှာ ဘာမှမကြားရသေးလို့။**

**USM** - ဒီကိစ္စက လွှတ်တော်ရဲ့တာဝန်၊ ပြည်ထောင်စုလွှတ်တော်ရဲ့တာဝန်၊ ပြည်ထောင်စုလွှတ်တော်ရဲ့လှုပ်ရှားမှုပေါ်မှာ မူတည်ပြီးတော့ အကယ်၍များ ပြုပြင်မယ်ဆိုလို့ရှိရင် အကြံတောင်းရင်တော့ အကြံပြုသွားမှာပေ့ါ။

**Media - ကလေးသူငယ်ကိစ္စနဲ့ပတ်သက်ပြီးတော့ ဥပဒေတွေထုတ်ပြီးတော့ ဘယ်လိုတွေလုပ်ဆောင်သွားမယ်ဆိုတာ သိပါရစေ။**

**USM** - ပြစ်ဒဏ် ဘယ်လောက်ထိပေးမယ်ဆိုတာ ဝိုင်းဝန်းစဉ်းစားနေပါတယ်။

**Media - ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်က လွှတ်တော်ရဲ့ရှစ်လအချိန်နဲ့ အခုလွှတ်တော်အသစ်မှာ ရှစ်လအချိန်နဲ့နှိုင်းယှဉ်ပြီးတော့ ဘယ်လိုမျိုးရှိမလဲခင်ဗျ။**

**USM** - အဲဒါတော့ ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ဘေးက ရပ်နေတာပဲ ကောင်းပါတယ်။

**Media - ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ NLD အစိုးရနဲ့ ဘယ်လိုကဏ္ဍတွေမှာ လက်တွဲပါဝင်သွားမလဲ။**

**USM** - ကော်မရှင်က ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ပါ။ ပြည်သူ့မျက်နှာကြည့်ပါတယ်။ တိုင်းပြည်မျက်နှာကြည့်ပါတယ်။ ပြည်သူနဲ့တိုင်းပြည်အတွက် ဥပဒေကောင်းများ၊ တရားမျှတတဲ့ဥပဒေကောင်းများ ပြင်ဖို့အတွက် ရေးရှုပါတယ်။ ပြီးလို့ရှိရင် လုပ်ငန်းဆောင်တာကိစ္စရပ်များ ဆောင်ရွက်ရာမှာ တရားဥပဒေစိုးမိုးရေးအတွက် နည်းဥပဒေများကို ကိုင်တွယ်အသုံးပြုသွားဖို့လည်း အဓိကစဉ်းစားပါတယ်။ ကော်မရှင်အနေနဲ့လူတစ်ယောက်အတွက်သော်လည်းကောင်း၊ အဖွဲ့တစ်ခုအတွက်သော်လည်းကောင်း၊ ပါတီအတွက်ကိုလည်းကောင်း ကိုယ်စားမပြုပါဘူး။ ပြည်သူကိုပဲ ကိုယ်စားပြုပါတယ်။ တိုင်းပြည်ကိုပဲ ကိုယ်စားပြုပါတယ်။ ■

**မြတ်(ကလေး)**

# နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာစာချုပ် မြန်မာလက်မှတ်ထိုးရန် တောင်းဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ကမ္ဘာ့နိုင်ငံပေါင်း ၁၆၈ နိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက အမြန်ဆုံးပါဝင်လက်မှတ်ထိုးရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ စာပို့တောင်းဆိုထားကြောင်း လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ညီမျှခြင်း မြန်မာ၏ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းက ပြောဆိုသည်။

ယင်းစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် လုပ်ပိုင်ခွင့်ရှိသဖြင့် နှစ်ဖက်လုံးသို့ တောင်းဆိုခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောဆိုသည်။

အသက်ရှင်ခွင့်၊ ညှဉ်းပန်းနှိပ်စက်မှု ကျွန်ပြုခြင်းမှ ကင်းလွတ်ခွင့်၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ ဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံပိုင်ခွင့်နှင့် တန်းတူညီခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အဖွဲ့ဖွဲ့ခွင့်၊ ကိုးကွယ်ခွင့်နှင့် မဲပေးခွင့်တို့ကို ယင်းစာချုပ်တွင် ထည့်သွင်းထားသည်။

"၆၆ (ဃ) ဆိုရင်လည်း ကာကွယ်ဖို့အတွက် လုပ်ထားပေမယ့် လုပ်ပုံကိုင်ပုံများသွားတဲ့အခါ လူတစ်ဦးရဲ့လွတ်လပ်စွာ ပြောဆိုခွင့်ကို ထိခိုက်စေတယ်" ဟု ဦးအောင်မျိုးမင်းက ဆိုသည်။

အဆိုပါစာချုပ်တွင် မြန်မာနိုင်ငံက လက်မှတ်ထိုးလိုက်မည်ဆိုလျှင် ပြည်တွင်းတွင် ပြဋ္ဌာန်းထားသော ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆၊ အသင်းအဖွဲ့ဥပဒေနှင့် စီတန်းလှည့်လည်ခွင့်ဥပဒေများကိုလည်း ပြင်ဆင်ရမည်ဖြစ်ကြောင်း ညီမျှခြင်း မြန်မာအဖွဲ့ထံမှ သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) ကို ပြဋ္ဌာန်းခဲ့ရာ ယခု ၂၀၁၆ ခုနှစ်တွင် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် နှစ်ပေါင်း ၅၀ ပြည့်ပြီဖြစ်သည်။

မြန်မာနိုင်ငံအပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့သည်လည်း အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ■

# ပေါင်းတည်တွင် သမီးရည်းစားနှစ်ဦး သတ်သေဟုဆို

**တောင်ငူ၊ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့တွင် သမီးရည်းစားနှစ်ဦး စိတ်ကတောက်ကဆ ဖြစ်ပွားပြီးနောက် မိမိကိုယ်ကိုယ် သတ်သေမှုများဖြစ်ပွားခဲ့ကြောင်း အဆိုပါမြို့ မြို့မရဲစခန်းမှ စုံစမ်းသိရှိရသည်။

မိမိကိုယ်ကိုယ် သတ်သေသည်ဟု ဆိုထားသော်လည်း အဆိုပါ ဖြစ်စဉ်တွင် မျက်မြင်သက်သေမရှိကြောင်း အဆိုပါ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကိုမေးမြန်းချက်များ အရသိရှိရသည်။

ဒီဇင်ဘာလ ၁၅ရက်နေ့တွင် အမျိုးသားဖြစ်သူက ကြိုးဆွဲချသေဆုံးခဲ့ပြီး ဒီဇင်ဘာလ ၁၆ရက်နေ့တွင် အမျိုးသမီးဖြစ်သူ ရေတွင်းထဲခုန်ချကာ သတ်သေခြင်းဖြစ်ကြောင်း အဆိုပါစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကြိုးဆွဲချသေဆုံးသူမှာ ပေါင်းတည်မြို့တွင် နေထိုင်သည့် အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဒီဇင်ဘာလ ၁၅ ရက်နေ့ ည ၁၁ နာရီခန့်က ပုဆိုးကို အသုံးပြုကာ နေအိမ်အနီးပတ်ဝန်းကျင်က သစ်ပင်တစ်ပင်တွင် ကြိုးဆွဲချသေဆုံးနေကြောင်း၊ အခင်းမဖြစ်ခင် ၎င်း၏ ရည်းစားဖြစ်သူနှင့် ချိန်းတွေ့ခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

ယင်းသို့ဖြစ်ပွားပြီး နောက်တစ်နေ့တွင် နံနက် ၇ နာရီဝန်းကျင်တွင် အမျိုးသမီးဖြစ်သူမှာ အများပြည်သူ အသုံးပြုသည့် ရေတွင်းတစ်ခု အတွင်းသို့ ပြုတ်ကျသေဆုံးနေသည်ကိုတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ရဲတပ်ဖွဲ့က အဆိုပါသမီးရည်းစားနှစ်ဦး မိမိကိုယ်ကိုယ် သတ်သေသည်ဟု ဆိုထားသော်လည်း အဆိုပါ ဖြစ်စဉ်တွင် မျက်မြင်သက်သေမရှိကြောင်း အဆိုပါ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကို မေးမြန်းချက်များအရ သိရှိရသည်။

"ကောင်မလေးက ဘယ်အချိန်ထဲက ရေတွင်းထဲပြုတ်ကျသေဆုံးနေတယ်ဆိုတာ မသိရသေးဘူး။ အလောင်းကိုတော့ ကနေ့မနက်မှာပဲ ဆယ်ယူပြီးဖြစ်ပါတယ်" ဟု ပေါင်းတည်မြို့မရဲစခန်းမှတာဝန်ကျ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

အဆိုပါ လူသေဆုံးမှုများနှင့် ပတ်သက်ပြီး ပေါင်းတည်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနေကြောင်း ပေါင်းတည်မြို့မရဲစခန်းမှ စုံစမ်းသိရှိရသည်။ ■

# ဒိန်းမတ်အမှတ်တံဆိပ် ကြိုးမဲ့နားကြပ်နှင့် Audio ပစ္စည်းများ ပြည်တွင်း၌စရောင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ဥရောပကုန် အမှတ်တံဆိပ်တစ်ခုဖြစ်သော ဒိန်းမတ်ကုမ္ပဏီ Jabra ၏ အရည်အသွေးမြင့် ကြိုးမဲ့နားကြပ်နှင့် Audio ပစ္စည်းများ မြန်မာနိုင်ငံဈေးကွက်၌ စတင်ရောင်းချနေပြီဖြစ်ကြောင်း ယင်းထုတ်ကုန် များ၏ အာရှ-ပစိဖိတ်ဒေသ ဈေးကွက်တာဝန်ခံနှင့် မြန်မာနိုင်ငံကိုယ်စားလှယ် Technoland တို့က ပူးတွဲထုတ်ပြန်သည်။

အိုင်ဖုန်း၊ အိုင်ပက်အပါအဝင် မိုဘိုင်းလ် ပစ္စည်းအများစုနှင့်ချိတ်ဆက်နိုင်မည့် Bluetooth နည်းပညာသုံး နားကြပ်၊ Audio Speaker နှင့် ဆက်စပ် Audio ပစ္စည်းများတွင် ကျန်းမာရေးအထောက်အကူပြုအဖြစ် နှလုံးခုန်နှုန်းကို နားကြပ်မှတစ်ဆင့် စစ်ဆေးနိုင်ခြင်း၊ အားကစားနည်းအချို့ကို နည်းစနစ်မှန်မှန်ဖြင့် ကစားနိုင်စေရန် လမ်းညွှန်ပေးခြင်းစသည့် လုပ်ဆောင်မှုများပါဝင်ကြောင်း Jabra ထံမှ သိရသည်။

"ထိုင်းမှာ ဆယ်နှစ်အတွင်း Jabra Bluetooth Headset တစ်သန်းကျော်လောက် ရောင်းနိုင်ခဲ့ပါတယ်။ မြန်မာဈေးကွက်မှာလည်း ဒီလိုရောင်းချနိုင်ဖို့ မျှော်မှန်းပါတယ်"ဟု Jabra ပစ္စည်းများကို မြန်မာသို့ တင်သွင်းရာတွင် မိတ်ဖက်အဖြစ်ပါဝင်သည့် ထိုင်းနိုင်ငံ RTB Tecnology မှ အုပ်ချုပ်မှုဒါရိုက်တာ ဂျိုးဝါတနာဆွမ်ဘပ်က ဆိုသည်။

Jabra အမှတ်တံဆိပ် Mobile Bluetooth ၊ ကြိုးမဲ့နားကြပ်နှင့် Audio ပစ္စည်း အမျိုးအစားပေါင်း ၃၀ ခန့်မှာ ဈေးနှုန်း ကျပ် ၂၅,၀၀၀ မှ ကျပ်နှစ်သိန်းဝန်းကျင်အထိ အစားစားရှိပြီး ပြည်တွင်းရှိ ကွန်ပျူတာနှင့် မိုဘိုင်းလ်ဖုန်း အရောင်းဆိုင်အများစုတွင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း Technoland ထံမှ သိရသည်။ ■

ကြော်ငြာကိစ္စဆက်သွယ်လိုပါက ဖုန်း - ၀၉၅၁၇၆၈၃၅၊ ၀၉၄ ၂၁၁၀၇၇၇၀




ကရိုင်းမီးယားကျွန်းဆွယ်တစ်နေရာတွင် စိုက်ထူထားသည့် ရုရှားသမ္မတပူတင်၏ ပုံပါဆိုင်းဘုတ်တစ်ခု

# ရုရှားအပေါ်အရေးယူမှု ၂၀၁၇ နှစ်လယ်ထိတိုးမြှင့်ရန် ဥရောပသမဂ္ဂသဘောတူ

ဘရက်ဆဲ၊ ဒီဇင်ဘာ ၁၆

ရုရှားနိုင်ငံအပေါ်စီးပွားရေး အရေးယူပိတ်ဆို့ထားမှုကို ၂၀၁၇ ခုနှစ် နှစ်လယ်ထိ တိုးမြှင့်ရန် ဥရောပသမဂ္ဂခေါင်းဆောင်များက သဘောတူညီလိုက်သော်လည်း အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်က မော်စကိုအပေါ် ဖိအားပေးမှု လျှော့ချသွားမည်ကို စိုးရိမ်ခြင်းကြောင့် ပိတ်ဆို့မှုသက်တမ်း ပိုတိုးရန် အချို့ကလိုလားနေကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ပိတ်ဆို့မှုသက်တမ်းတိုးလိမ့်မည်ဟု ယခင်ကတည်းက မျှော်မှန်းထားပြီးဖြစ်ပြီး ရုရှားကာကွယ်ရေး၊ စွမ်းအင်နှင့် ဘဏ္ဍာရေးနယ်ပယ်များအပေါ် ပိတ်ဆို့မှုတရားဝင်လုပ်ငန်းစဉ် လာမည့်ရက်သတ္တပတ် အစောပိုင်းတွင် ပေါ်ပေါက်လာမည် ဖြစ်သည်။

"ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက် တချို့က ၁၂ လ သတ်မှတ်လိုပေမယ့် ဖြစ်နိုင်တာက ဘာလဲဆိုတော့ လက်ရှိပုံစံကို ဆက်ထိန်းတာပါပဲ။ ဆိုလိုတာက ခြောက်လပါ" ဟု ဥရောပကောင်စီသမ္မတ ဒိုးတ်တက်က ပြောကြားသွားသည်။

ယူကရိန်းပိုင် ကရိုင်းမီးယားကျွန်းဆွယ်ကို ၂၀၁၄ ခုနှစ်တွင် ရုရှားက သိမ်းယူလိုက်ပြီးနောက် ဥရောပသမဂ္ဂအဖွဲ့က ရုရှားအပေါ်အရေးယူပိတ်ဆို့မှု စတင်လိုက်ပြီး ယူကရိန်းစက်မှုနယ်မြေဖြစ်သည့် အရှေ့ပိုင်းဒေသရှိ ခွဲထွက်ရေးသူပုန်များကို မော်စကိုက ထောက်ပံ့လိုက်ပြီးနောက် ပိတ်ဆို့မှုတိုးမြှင့်လိုက်သည်။

ယင်းနောက်တွင် ကရိုင်းမီးယားကျွန်းဆွယ်ကိုမည်သည့်အခါတွင်မျှပြန်လည်ပေးအပ်မည်မဟုတ်ဟု မော်စကိုကပြောကြားလိုက်ပြီးနောက် ပိတ်ဆို့မှုကိုဥရောပသမဂ္ဂအဖွဲ့က အချိန်တိုင်းတွင် ခြောက်လစီ သက်တမ်းတိုးမြှင့်လာခဲ့သည်။

"ကရိုင်းမီးယားအရေးအပါအဝင် ယူကရိန်းအချုပ်အခြာအာဏာနဲ့ နယ်မြေတည်မြဲမှုမှာ ဥရောပခေါင်းဆောင်တွေ ညီညီညွတ်ညွတ် မယိမ်းမယိုင် သွေးစည်းနေတာကို ကျွန်တော်တကယ်ကို ကျေးဇူးတင်ပါတယ်" ဟု ယူကရိန်းသမ္မတပီထရိုပိုရိုရှန်ကိုက ပြောကြားသွားသည်။

ပိတ်ဆို့မှုသက်တမ်းတိုးမြှင့်ပေးရန် ပိုလန်အပါအဝင် အခြားသော ဥရောပသမဂ္ဂနိုင်ငံများက တောင်းဆိုလျက်ရှိသော်လည်း မော်စကိုနှင့် စီးပွားရေးဆက်ဆံမှုပြန်လည်ထူထောင်ရန်အီတလီကဦးဆောင်တောင်းဆိုလျက်ရှိသည်။

ရုရှားနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ဆောင်မည်ဟု ကတိပြုထားသည့် အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသူ ထရမ့်ကိုလည်း လက်ရှိဆုံးဖြတ်ချက်က ဥရောပ၏ရပ်တည်ချက်ကိုအချက်ပြလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ပိတ်ဆို့မှု သက်တမ်းတိုးမြှင့်ရေးမှာ အမေရိကန်သမ္မတသစ်မည်ကဲ့သို့ လုပ်ဆောင်မည်ကို ခန့်မှန်းဆုံးဖြတ်ခြင်းမဟုတ်ဘဲ လက်ရှိအခြေအနေအပေါ် အခြေပြု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဂျာမန်ခေါင်းဆောင်မာကယ်လ်က မှတ်ချက်ပြုထားသည်။ ■

# ရေပိုက်ခေါင်းမှ ရေအသုံးမပြုရန် ကော့ပတ်ခရစ်စတီ မြို့ခံများကို သတိပေး

ဝါရှင်တန်၊ ဒီဇင်ဘာ ၁၆

ဓာတုဗေဒညစ်ညမ်းမှုကြောင့်ရေပိုက်ခေါင်းမှ ရေသောက်သုံးခြင်း၊ အသုံးပြုခြင်း မပြုရန် အမေရိကန် တက္ကဆက်မြို့တစ်မြို့ဖြစ်သည့် ကော့ပတ်ခရစ်စတီမြို့မှ မြို့ခံများကို အရာရှိများက သတိပေးထားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ကျိုချက်ခြင်း၊ အေးခဲခြင်း၊ စစ်ခြင်း၊ ကလိုရင်း သို့မဟုတ် အခြားသော ပိုးသတ်ဆေးများအသုံးပြုခြင်းဖြင့် ရေကို ဘေးအန္တရာယ်ကင်းရှင်းစေမည်မဟုတ်ဟု အရာရှိများက ပြောကြားသွားသည်။

မည်သည့်ပစ္စည်းကြောင့် ရေညစ်ညမ်းရကြောင်း နာမည်ဖော်ထုတ်ခြင်းမရှိသေးသော်လည်း ရေနံအခြေပြုပစ္စည်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

"သောက်သုံးခြင်း၊ အရည်ဖျော်ခြင်း၊ အစားအသောက်ပြင်ဆင်ခြင်း (ကလေးဖော်မြူလာနဲ့ ဖျော်ရည်) ရေခဲ၊ သွားတိုက်ခြင်း၊ ပန်းကန်၊ အဝတ်လျှော်ခြင်း၊ လက်ဆေးခြင်း၊ ရေချိုးခြင်းတွေအတွက် တခြားသော သတိပေးချက်မထွက်ခင်အထိ ရေသန့်ဘူးရေကိုပဲ အသုံးပြုသင့်ပါတယ်" ဟု မြို့မှထုတ်ပြန်သည့် သတင်းစာထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေသန့်ဝယ်ယူနိုင်ရေး ကုန်စုံဆိုင်များတွင် လူအများတန်းစီစောင့်ဆိုင်းနေသည်ကို ဗုဒ္ဓဟူးနေ့ညက တွေ့ရှိရသည်။

မြို့ရှိစက်မှုနယ်မြေတွင်းရှိ အဆို့ရှင်တစ်ခု ချို့ယွင်းရာမှတစ်ဆင့် ညစ်ညမ်းပစ္စည်းများ သောက်သုံးရေထောက်ပံ့မှုတွင်း ယိုစိမ့်ခဲ့ခြင်းဖြစ်မည်ဟု အရာရှိများက ယုံကြည်ထားသည်။

လက်ဆေးနေစဉ် ရေထဲတွင် ပြောင်လက်တောက်ပနေသည်ကို စက်မှုအလုပ်သမားတစ်ဦးက သတိပြုမိလိုက်ပြီးနောက် ယင်းကဲ့သို့ ညစ်ညမ်းနေသည်ကို ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စတင်စတိပြုမိလိုက်ခြင်းဖြစ်သည်။

ကော့ပတ်ခရစ်စတီမြို့သည် သောက်သုံးရေညစ်ညမ်းမှုဒဏ်ခံခဲ့ရသည့် တစ်ခုတည်းသော အမေရိကန်မြို့မဟုတ်ဘဲ ပြီးခဲ့သည့်နှစ်များအတွင်း ယင်းသို့သော ဖြစ်စဉ်များစွာ ပေါ်ပေါက်ခဲ့သည်။

ယခုအချိန်ထိ ဖြစ်ပွားလျက်ရှိသည့် ကြီးမားသော သောက်သုံးရေ ပြဿနာသည် ဖလင့်မြို့ မစ်ချီဂန်တွင် ပေါ်ပေါက်လျက်ရှိပြီး ရေအရင်းမြစ်ကို ဟူရွန်ရေကန်မှ ဖလင့်မြစ်ဆီသို့ ပြောင်းလဲလိုက်ပြီးနောက် ရေထဲသို့ ခဲသတ္တုများ ဝင်ရောက်လာခြင်းဖြစ်သည်။ ■




ကုန်စုံဆိုင်များတွင် ရေသန့်ဘူးများ ပြတ်လပ်လျက်ရှိသည်

# ရွှေ့ပြောင်းနေထိုင်သူများတားဆီးရေး နိုင်ဂျာကို ယူရိုသန်း ၆၁၀ ပေးအပ်မည်ဟု EU ကမ်းလှမ်း

ဘရက်ဆဲ၊ ဒီဇင်ဘာ ၁၆




၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင်း ဥရောပတိုက်သို့ ရွှေ့ပြောင်းနေထိုင်သူ နှင့် ဒုက္ခသည် ၁ ဒသမ ၄ သန်း ဝင်ရောက်ခဲ့သည်

အာဖရိကတိုက်မှတစ်ဆင့် မြေထဲပင်လယ်ကို ဖြတ်သန်းပြီး ဥရောပသို့ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို တားဆီးပေးပါက ယူရိုသန်း ၆၁၀ ပေးမည်ဟု နိုင်ဂျာနိုင်ငံကို ဥရောပ သမဂ္ဂ (EU) က ကမ်းလှမ်းလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

၂၀၁၆ နှင့် ၂၀၁၅ ခုနှစ်တွင်း ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည် ၁ ဒသမ ၄ သန်း ဝင်ရောက်လာပြီးနောက် ဥရောပသမဂ္ဂသည် ယင်းကဲ့သို့သော ဝင်ရောက်မှုလျော့နည်းလာစေရန် ရွှေ့ပြောင်းနေထိုင်သူများ လာရောက်ရာ မူရင်းနိုင်ငံများ၊ ခရီးလမ်းတွင် ဖြတ်သန်းလာရသည့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လစ်ဗျားနိုင်ငံမှတစ်ဆင့် ဥရောပသို့ ဝင်ရောက်ရေးလမ်းကြောင်းတွင် ဆာဟာရကန္တာရကိုဖြတ်ကျော်ရန်လိုအပ်ပြီး ယင်းကဲ့သို့ ဖြတ်ကျော်ရာတွင် အာဖရိကအနောက်ပိုင်း နိုင်ဂျာနိုင်ငံတွင်းရှိအဂါဒတ် ကန္တာရမြို့သည် လူသိများသည့်ကြားစခန်းတစ်ခုဖြစ်သည်။

နိုင်ဂျာနိုင်ငံကို ပေးအပ်မည်ဟု ထုတ်ပြန်လိုက်သည့် ငွေကြေးများသည် ဥရောပသမဂ္ဂအာဖရိက ရန်ပုံငွေ၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့မှ ရောက်ရှိလာခြင်းဖြစ်သည်။

ထို့အပြင် ရွှေ့ပြောင်းနေထိုင်သူနှင့် ငွေကြေးသဘောတူညီချက်များကိုဆီနီဂေါ၊ အီသီယိုပီးယား၊ နိုင်ဂျီးရီးယား၊ မာလီ၊ အာဖဂန်နစ္စတန်၊ ဂျော်ဒန်၊ လက်ဘနွန်၊ တူရကီနိုင်ငံများနှင့် EU လုပ်ဆောင်လျက်ရှိသည်။

ဥရောပသို့သွားရောက်ရေးပြည်သူများထွက်ခွာနေမှုတားဆီးပေးရန်သက်ဆိုင်ရာနိုင်ငံများကိုEU က တောင်းဆိုလျက်ရှိပြီး ဥရောပသို့ရောက်ရှိလာသူများကိုအလျင်အမြန်ပြန်ပို့ပေးသည်ကို လက်ခံပေးရန် တောင်းဆိုထားသော်လည်း ခိုလှုံခွင့်တောင်းခံသူများကို ယင်းသို့လုပ်ဆောင်မည်မဟုတ်ပေ။

ဆီးရီးယားစစ်ပွဲမှထွက်ပြေးလာသည့်ပြည်သူများ ဥရောပသို့ ရောက်ရှိလာပါက ကာကွယ်မှုရရှိရန်အလားအလာကောင်းနေသော်လည်း အာဖဂန် သို့မဟုတ် အာဖရိကနိုင်ငံတစ်ခုခု မှ လာရောက်သူများသည် ခိုလှုံခွင့်ရရှိရန် ခက်ခဲလျက်ရှိသည်။

ကြာသပတေးနေ့တွင် ဂျာမနီနိုင်ငံမှ ပြန်ပို့ပေးလိုက်သည့် ရွှေ့ပြောင်းနေထိုင်သူ ၃၈ ဦး အာဖဂန်နိုင်ငံသို့ပြန်လည်ရောက်ရှိလာသည်။ ■

# အလတ်ပိုမြို့သိမ်းပိုက်မှုသည် သမိုင်းဝင်ဖြစ်ရပ်ဟု ဆီးရီးယားသမ္မတအာဆတ်ပြောကြား

**ဒမတ်စကတ်၊ ဒီဇင်ဘာ ၁၆**



ဆီးရီးယားသမ္မတအာဆတ်

အလတ်ပိုမြို့ကို သိမ်းပိုက်မှုသည် သမိုင်းဝင်ဖြစ်ရပ်ဖြစ်ကာ ကမ္ဘာ့အခြေအနေများ ပြောင်းလဲသွားလိမ့်မည်ဟု ဆီးရီးယားသမ္မတအာဆတ်က ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

"ဒီနေ့ဖြစ်နေတာ ဘာတွေလဲဆိုတော့ ဆီးရီးယားနိုင်ငံသားတွေ အားလုံးပါဝင်ပြီး သမိုင်းကို ရေးနေတာတွေပါ။ ဒီရေးသားမှုက ဒီနေ့မှစခဲ့တာ မဟုတ်ပါဘူး။ ဆီးရီးယားကို ဆန့်ကျင်လုပ်ဆောင်တဲ့စစ်ပွဲနဲ့ အကျပ်အတည်းတွေ စတင်ခဲ့တဲ့ လွန်ခဲ့တဲ့ခြောက်နှစ်ကတည်းက စတင်ခဲ့တာပါ" ဟုဆီးရီးယားသမ္မတ အာဆတ်က သမ္မတ၏ Twitter တွင် ထုတ်ပြန်ထားသည့် ဗီဒီယိုတွင် ပြောကြားထားသည်။

ဆီးရီးယားနိုင်ငံ၏ အကြီးမားဆုံးမြို့ဖြစ်သည့် အလတ်ပိုမြို့ကို သူပုန်များနှင့် အစိုးရတပ်များ နှစ်ပေါင်းများစွာကြာ ပိုင်းခြားသိမ်းပိုက်ထားသော်လည်း လက်ရှိတွင် အလတ်ပိုတိုက်ပွဲအဆုံးသတ်ရန် နီးကပ်လာနေပြီဖြစ်ပြီး မြို့တွင်းနောက်ဆုံးကျန်ရှိနေသည့် သူပုန်ထိန်းချုပ်နယ်မြေမှ အရပ်သားများနှင့် တိုက်ခိုက်ရေးသမားများကိုကယ်ထုတ်ရေးအစီအစဉ် စတင်နေပြီဖြစ်သည်။

ယင်းကဲ့သို့ ကယ်ထုတ်မှုသည် အလတ်ပိုမြို့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တစ်စိတ်တစ်ဒေသဖြစ်ပြီး ယင်းအောင်ပွဲသည် အာဆတ်အတွက် အဓိကအောင်ပွဲ ဖြစ်မည်ဖြစ်သည်။

အလတ်ပိုမြို့ဖြစ်စဉ်ကို ပြောကြားရာတွင် ခရစ်တော်ဖွားမြင်ခြင်း၊ တမန်တော်မိုဟာမက်နှင့်ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုတို့ကို ကိုးကားပြီး အာဆတ်က ပြောကြားသွားသည်။

"သမိုင်းက ဖြစ်စဉ်တွေ မတိုင်ခင်နဲ့ ဖြစ်ပြီးတဲ့နောက်မှာ မတူတော့ပါဘူး။ ကျွန်တော်ထင်ပါတယ်။ အလတ်ပိုကို လွတ်မြောက်စေပြီးတဲ့နောက်မှာ ဆီးရီးယားအခြေအနေသာမကဘူး ဒေသတွင်းနဲ့ ကမ္ဘာ့အခြေအနေပါ ပြောင်းလဲလာလိမ့်မယ်" ဟုအာဆတ်က ပြောကြားသွားသည်။

အလတ်ပိုမြို့တွင်းရှိသူပုန်များသည် ၎င်းတို့၏ စုပြုံခဲယမ်းမီးကျောက်များကို ဖျက်ဆီးလျက်ရှိပြီး စာရွက်စာတမ်းများကိုလည်း မီးရှို့လျက်ရှိကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းတွင် ဖော်ပြထားသည်။

ရုရှား၊ အီရန်နှင့် အခြားသော မဟာမိတ်များ၏ အကူအညီကိုရယူပြီး ဆီးရီးယားအစိုးရတပ်များက အလတ်ပိုမြို့တွင်းရှိ သူပုန် ထိန်းချုပ်နယ်မြေများ အားလုံးနီးပါးကို ယခုရက်သတ္တပတ်တွင်း သိမ်းယူလိုက်ခြင်းဖြစ်သည်။ ■

---

# ယာဉ်မတော်တဆမှု လျှော့ချနိုင်ရန် အဝေးပြေးလမ်းအနီးရှိ အရက်ဆိုင်များပိတ်ရန် အိန္ဒိယအမိန့်ပေး

**နယူးဒေလီ၊ ဒီဇင်ဘာ ၁၆**

အရက်သောက်သုံးပြီး ယာဉ်မောင်းနှင်မှုနှင့် ယာဉ်မတော်တဆမှုများကို လျှော့ချနိုင်ရန် ပြည်နယ်နှင့် အမျိုးသားအဆင့် အဝေးပြေးလမ်းမကြီးများတစ်လျှောက်ရှိအရက်ဆိုင်အားလုံးပိတ်သိမ်းရန် အိန္ဒိယထိပ်တန်းတရားရုံးတစ်ခုက အမိန့်ပေးလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

မတ်လ ၃၁ ရက်နေ့နောက်ပိုင်းတွင် ရှိရင်းစွဲလိုင်စင်သက်တမ်းတိုးပေးမှုနှင့် လိုင်စင်သစ်ပေးမှုရပ်တန့်ရန် တရားရုံးက အစိုးရအဖွဲ့ကို ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၄၆,၀၀၀ ဦးကျော် အိန္ဒိယနိုင်ငံတွင် သေဆုံးခဲ့ပြီး သေဆုံးသူစုစုပေါင်း၏ ၅ ရာခိုင်နှုန်းသို့မဟုတ်၆၇၅၅ဦးသည် အရက်သို့မဟုတ်ဆေးသုံးထားသည့်ယာဉ်မောင်းများကြောင့်သေဆုံးရခြင်းဖြစ်သည်။

"အမျိုးသားနဲ့ပြည်နယ်အဆင့်အဝေးပြေးလမ်းမတွေပေါ်မှာ အရက်ဆိုင်မရှိသင့်ပါဘူး" ဟု တရားသူကြီးသုံးဦးပါအဖွဲ့ကိုဦးဆောင်သည့် တရားသူကြီးချုပ် TS Thakur က ပြောကြားသွားကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် အဝေးပြေးလမ်းမများပေါ်ရှိ အရက်ကြော်ငြာများအားလုံးကို ဖယ်ရှားရမည်ဖြစ်ပြီး အရက်ရောင်းသည့်ဆိုင်များသည်လည်း လမ်းမကြီးက မီတာ ၅၀၀ ထက်ဝေးသည့်နေရာတွင်ရှိရမည်ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။

လမ်းမကြီးများဘေးတွင် အရက်ဆိုင်များ များစွာရှိနေမှုသည် လမ်းအသုံးပြုသူများစိတ်ကို အာရုံပြောင်းစေသလို ကြီးစွာသော သွေးဆောင်ဖြားယောင်းမှုဖြစ်သည်ဟု အရက်ဆိုင်များ ပိတ်သိမ်းရေး လှုံ့ဆော်နေသူများက ပြောကြားသည်။

ဂူဂျာရက်၊ ဘီဟာ၊ မဏိပါနှင့် နာဂလန်း ပြည်နယ်များနှင့် သမ္မတနိုင်ငံ နယ်မြေ လက်ရှိတွင် အရက်ကို ပိတ်ပင်ထားပြီး တောင်ပိုင်းပြည်နယ် ကလာရတွင် အရက်ရောင်းချခွင့်ကို တစ်စိတ်တစ်ပိုင်း ပိတ်ပင်ထားသည်။ ■




ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၆၇၅၅ ဦးသည် အရက် သို့မဟုတ် ဆေးသုံးစွဲမှုနှင့် ပတ်သက်နေသည်

## GRAPH




၂၀၁၆ ခုနှစ်တွင်း ကမ္ဘာပေါ်ရှိ အာဏာအပြင်းဆုံး လူပုဂ္ဂိုလ်များကို **Forbes** မဂ္ဂဇင်းက ရွေးချယ်ထားသည်။ နံပါတ် ၁ မှာ ရုရှားသမ္မတ ဗလာဒီမာပူတင်ဖြစ်ပြီး နံပါတ် ၂ မှာ အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသူ ဒေါ်နယ်ထရမ့်ဖြစ်ကာ နံပါတ် ၃ မှာ ဂျာမနီခေါင်းဆောင် မာကယ်ဖြစ်သည်။ ဖေ့ဘွတ်စ်စတင်တည်ထောင်သူနှင့် CEO မတ် ဇူကာဘတ်သည် နံပါတ် ၁၀ ဖြစ်သည်။ ပုံတွင် နိုင်ငံရေးနှင့်ဆိုင်သူများကို အစိမ်းရောင်ဖြင့်ဖော်ပြထားပြီး ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ဆိုင်သူများကို ပန်းရင့်ရောင်၊ လူမှုရေးလုပ်ဆောင်သည့်သူကို အပြာနုရောင်၊ ဘာသာရေးနှင့်ဆိုင်သူကို လိမ္မော်ရောင်ဖြင့် ဖော်ပြထားသည်

The VOICE Saturday FOREIGN AFFAIRS
Vol. 12 / No. 47, Saturday, December 17, 2016

# တရုတ်တစ်နိုင်ငံတည်းမူ မည်သည့်နိုင်ငံကိုမျှ ခြွင်းချက်ထားမည်မဟုတ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**ဘေဂျင်း၊ ဒီဇင်ဘာ ၁၆**

တရုတ်တစ်နိုင်ငံတည်းမူသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအတွက် အခြေခံ ဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ယင်းမူနှင့် ပတ်သက်လျှင် ခြွင်းချက်ထားမည်မဟုတ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျင်းမတ်အားရော့ကို ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတအဖြစ်ရွေးကောက်ခံထားရသည့်ဒေါ်နယ်ထရမ့်သည် ကိုယ်ပိုင်အုပ်ချုပ်နေသည့် ထိုင်ဝမ်၏ သမ္မတနှင့် တယ်လီဖုန်းဆက်သွယ်ပြောကြားခဲ့သဖြင့် တရုတ်နိုင်ငံ ဒေါသထွက်ခဲ့သည်။

ထိုင်ဝမ်သည် တရုတ်၏ အစိတ်အပိုင်းဖြစ်သည်ဟု တရုတ်က ခံယူထားသလို တရုတ်တစ်နိုင်ငံတည်းမူကို အမေရိကန်က နှစ်ပေါင်း ၄၀ ခန့် ထောက်ခံခဲ့သော်လည်း ထိုင်ဝမ်သမ္မတနှင့် ထရမ့် တယ်လီဖုန်းပြောကြားမှုကြောင့်ဝါရှင်တန် ရပ်တည်ချက်ပေါ် သံသယ ပေါ်လာသည်။

ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးအား ပြောကြားရာတွင် ထိုင်ဝမ်အရေးသည် တရုတ်အချုပ်အခြာနှင့် နယ်မြေတည်မြဲမှုနှင့်ဆိုင်သည့် အရေးဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီက ပြောကြားသွားသည်။

"တရုတ်တစ်နိုင်ငံတည်းမူဟာ တခြားနိုင်ငံတွေ တရုတ်နဲ့ ဆက်ဆံတဲ့အခါ အခြေခံနဲ့ ကြိုတင်လက်ခံမယ့်မူပါ။ ဒီအရေးနဲ့ ပတ်သက်ရင် ဘယ်နိုင်ငံမျှ ခြွင်းချက်မရှိပါဘူး" ဟု ဝမ်က ပြောကြားသွားကြောင်း ကြေညာချက်တွင် ကိုးကား ဖော်ပြထားသည်။

ထို့အပြင် တရုတ်တစ်နိုင်ငံတည်းမူကို ပြင်သစ်က ရှင်းလင်းစွာ ရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်သည်ဟု ဝမ်က ပြောကြားသွားသည်။

ထိုင်ဝမ်သည် တရုတ်နိုင်ငံမှ ခွဲထွက်ထားသည့် ပြည်နယ်တစ်ခုဖြစ်သည်ဟု ဘေဂျင်းက ခံယူထားပြီး ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းရာတွင် စစ်အင်အားအသုံးပြုသည့်နည်းကို မကျင့်သုံးဟု ထုတ်ပြန်ခြင်း မရှိသေးပေ။ ■



တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီ

# ထိုင်းရှပ်နီခေါင်းဆောင် ၁၉ ဦးကို တရားစွဲ

**ဘန်ကောက်၊ ဒီဇင်ဘာ ၁၆**

နိုင်ငံရေး စုဝေးမှုမလုပ်ဆောင်ရဟု စစ်အာဏာပိုင်များ ပိတ်ပင်ထားခြင်းကို ချိုးဖောက်မှုဖြင့် ထိုင်းအတိုက်အခံ ရှပ်နီခေါင်းဆောင် ၁၉ ဦးကို စစ်တပ် ခန့်အပ်ထားသည့် ရှေ့နေချုပ်က တရားစွဲဆိုလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

၂၀၀၆ ခုနှစ် စစ်အာဏာသိမ်းမှုတွင် ရာထူးမှဖယ်ရှားခံလိုက်ရသည့်ဝန်ကြီးချုပ်သက်ဆင် ရှင်နာ၀ပ်အား ထောက်ခံသည့် စုဝေးမှုများကို ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင်လည်းကောင်း၊ သက်ဆင်၏ နှမ ဝန်ကြီးချုပ် ယင်းလပ်ရှင်နာ၀ပ် စစ်အာဏာသိမ်းရာထူးမှ ဖယ်ရှားမှုခံလိုက်ရသည့် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း ရှပ်နီဟု လူသိများသည့် 'အာဏာရှင်ဆန့်ကျင်ရေးညီညွတ်သော ဒီမိုကရေစီတပ်ဦး' က လူထုစုဝေးမှုများ လုပ်ဆောင်ခဲ့သည်။



ဂျတူပွန် ပရွန်ပွန်နှင့် နာတာဝတ်ဆိုင်ကူယာတို့နှစ်ဦး ၂၀၁၀ ပြည့်နှစ်တွင် ဘန်ကောက်မြို့တော်ရှိ ရာဇ၀တ်မှုတရားရုံးတွင် တွေ့ရစဉ်

သို့သော်လည်း သက်ဆင်၏ ဩဇာလွှမ်းမိုးမှုကို အမြစ်ဖြုတ်နိုင်ရန် ၂၀၁၄ ခုနှစ် မေလတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှစတင်ပြီး ထိုင်းစစ်အာဏာပိုင်များက လုပ်ဆောင်ခဲ့သလို တက်ကြွလှုပ်ရှားသူများ၊ ဂျာနယ်လစ်များနှင့် အတိုက်အခံများကိုလည်း ဖိနှိပ်လျက်ရှိသည်။

ထို့အပြင် လူငါးဦးထက်ပိုပြီး နိုင်ငံရေးအရ စုဝေးမှုကို စစ်အာဏာပိုင်များက ပိတ်ပင်ထားသလို မေးမြန်းစုံစမ်းရန်အတွက် ရာနှင့်ချီသောလူများကို ဆင့်ခေါ်ခဲ့သည်။

ရှင်နာ၀ပ်ကို လိုလားသည့် ရှပ်နီများကို စစ်အာဏာပိုင်များက အထူးသဖြင့် ပစ်မှတ်ထားလျက်ရှိသည်ဟု ရှပ်နီလှုပ်ရှားမှု ထောက်ခံသူများက ပြောကြားထားသော်လည်း စစ်တပ်က ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။

စစ်အစိုးရ ဦးဆောင်ပြုလုပ်သည့် အခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ စောင့်ကြည့်ရေးစင်တာကို ထူထောင်လိုက်ပြီးနောက် ဩဂုတ်လတွင် ရှပ်နီခေါင်းဆောင် ၁၉ ဦးကို လူမစုရန်ပိတ်ပင်မှုအား ချိုးဖောက်မှုဖြင့် ရဲတပ်ဖွဲ့က ထိန်းသိမ်းတရားစွဲလိုက်ခြင်းဖြစ်သည်။

"၁၉ ယောက်လုံးကို တရားစွဲဆိုဖို့ ဒီနေ့မှာ ရှေ့နေချုပ်က အမိန့်ပေးလိုက်ပြီး တရားစွဲဆိုမှုကို တရားရုံးကလည်း လက်ခံခဲ့ပါတယ်။ အာမခံရရေး ကျွန်တော်တို့ တောင်းဆိုသွားမှာပါ" ဟု ရှပ်နီလှုပ်ရှားမှုအတွက် ရှေ့နေဝင်ရက် ချက်မွန်ထရီက ပြောကြားသွားသည်။

စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်မှုဖြင့် ရှပ်နီခေါင်းဆောင်နှစ်ဦးဖြစ်သည့်နာတာဝတ်ဆိုင်ကူယာနှင့် ဂျတူပွန်ပရွန်ပွန်တို့နှစ်ဦးကို ၂၀၁၄ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း အကြိမ်ကြိမ်ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုင်းစစ်တပ် ဦးဆောင်ရေးဆွဲထားသည့် အခြေခံဥပဒေသည် လာမည့်နှစ်ပေါင်းများစွာအထိ စစ်တပ်အာဏာကို ကြီးမြတ်စေလိမ့်မည်ဟု ၎င်းတို့က ဝေဖန်ထားသည်။

အခြေခံဥပဒေသည် ထိုင်းစစ်တပ်၏ လမ်းပြမြေပုံတွင် အဓိက အစိတ်အပိုင်းဖြစ်ပြီး ယင်းနောက်တွင်မှ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဟု စစ်အာဏာပိုင်များက ပြောကြားထားသည်။ ■